

ဗျူး စင်တင်သည်
လရောင်ကျူးရှင့်

# အခန်း (၁)

"ဟား ... မေမေ ထောနေပါလား"

လွန်းအိမ် မေမေ့နားပြေးထိုင်ကာ စားပွဲပေါ်မှာ အထပ်လိုက်တွေရှိနေသည့် ထောင်တန်အုပ်တွေကို ကောက်ကိုင်လိုက်သည် ။

"ဟဲ့... ဟဲ့ ဒီမှာ မေမေ ရေနေတာ မှားကုန်လိမ့်မယ် သမီးရယ် ..."

ဒီနေ့ အိမ်ငှားကိစ္စ အဆင်ပြေသွားပြီမှန်း လွန်းအိမ် သိလိုက်သည် ။

"ဘယ်လောက်နဲ့ တည့်သွားတာလဲ မေမေ"

ဒေါ်ရွှေရည်က ငွေတွေကို ရေတွက်နေရာမှ

"တစ်လကို သုံးသိန်းနဲ့ တစ်နှစ်စာချုပ်လိုက်တယ်"

"ဟင် မေမေကလည်း တစ်နှစ်ကြီးတောင် ဘာလို့ ချုပ်လိုက်တာလဲ ခြောက်လလောက်ဆိုတော်ရောပေါ့ တော်ကြာ မကောင်းမကန်းဟာတွေဆိုရင် တစ်နှစ်ကြာတဲ့ အထိ ဆက်ဆံနေရဦးမယ်"

ဒေါ်ရွှေရည်က ရေတွက်ပြီးသည့် အုပ်တွေကို ဘေးကိုရွှေ့ပြီး မျက်မှန်ကိုချွတ်ကာ ...

"ခု မေမေတို့ အောက်ထပ်ကိုငှားတာ မိသားစုကြီး မဟုတ်ဘူး လေ ယောကျ်ားလေးနှစ်ယောက်တည်း"

"ဘာရယ် ယောကျ်ားတွေ ဟုတ်လား ... မေမေရယ် သားအမိနှစ်ယောက်တည်းရှိတဲ့ အိမ်ကို"

ဒေါ်ရွှေရည်က ပြုံးလိုက်သည်။

"မေမေက ညည်းရဲ့ အမေပါ ရွှေလွန်းအိမ်ရယ် ... တွေ့ရာလူငှားပ့ါမလား ... ကောင်လေးတွေက ချောချောသန့်သန့် လူရည်မွန်လေးတွေပါ။ သူတို့ က ရှေ့မျက်နှာစာမှာ ဆေးခန်းဖွင့်မယ်တဲ့ အဲဒီအတွက် ခြံကာထားတဲ့ တံတိုင်းကိုတော့ ဖျက်ပေးရမှာ ပဲ"

"အို သူတို့ ထွက်သွားတာနဲ့ လွန်းအိမ်တို့က ... ဒါကြီးနဲ့ ကျန်ခဲ့မှာ ပေ့ါ"

" မဟုတ်ဘူး ... တစ်နှစ်ပြည့်လို့ သူတို့ ထွက်သွားဖြစ်တယ်ဆိုရင်လည်း အားလုံးအရင်အတိုင်း ပြန်လုပ်ပေးခဲ့မယ် မဟုတ်လို့ နှစ်ဦးနှစ်ဖက် အစဉ်ပြေလို့ အကျိုးအကြောင်းလည်း ညီညွတ်နေတယ် ဆိုရင်တော့ ဆက်နေမယ်တဲ့ "

"သူတို့ က ဆရာဝန်တွေလား"

"တစ်ယောက်က ဆရာဝန် တစ်ယောက်က တော့ အကူနဲ့ တူပါတယ်"

ရွှေလွန်းအိမ်က လူကြီးလေးလို ခေါင်းတညိတ်ညိတ် လုပ်လိုက်သေးသည်။

"မေမေ"

"ဟင်"

"ဒီတစ်ခါ မေမေ ဘယ်စီးပွားထဲမှ ထည့်မရင်းနဲ့ တော့နော်၊ လွန်းအိမ်တို့ ဒီအတိုင်း ထိုင်စားနေလို့ လည်း ရနေတာပဲ မေမေရာ ဘယ်ထဲထည့်ရင်းရင်း ကုန်တာပဲ မြတ်တယ် ဆိုတာကို မရှိဘူး။ အဲဒီရှယ်ယာသမားတွေကိုလည်း လွန်းအိမ် မကျေနပ်ဘူး မေမေ့ကို လှည့်တိုင်းရတယ်ဆိုပြီး လာလိုက်ရင် အကြောင်းပြချက်လေးနဲ့ "

"မလှည့်ပါဘူး သမီးရယ် အတူရှယ်ယာလုပ်ကြတဲ့ ဟာ"

"ရှယ်ယာပေမယ့် မေမေက ငွေပဲစိုက်နိုင်တာ သူတို့ လုပ်ငန်း ဘာနားလည်လို့ လဲ၊ ပြောသမျှ ခေါင်းညိတ်နေရတဲ့ ဥစ္စာ လွန်းအိမ်သိတယ် သူတို့ မေမေ့ကို ရိုးကိုမရိုးသားဘူး"

"ကဲပါ မေမေကလည်း ဆက်လုပ်ဖို့ မရည်ရွယ်ပါဘူး ညနေ အောက်ထပ်ကို ရှင်းရမယ် သမီး အပြင်ထွက်လို့ လည်း မရဘူးနော်"

"ဟာ မေမေကလည်း နီလာ ရှိရက်သားနဲ့ ....."

"နီလာ တစ်ယောက်တည်းနဲ့ ရမလား သမီးရယ် ပစ္စည်းတွေအားလုံး ရှင်းပေးရမယ့်ကိစ္စ သမီးကိုလည်း မေမေ မပြောချင်ဘူးနော်၊ ဆယ်တန်းဆိုတာ ငယ်တော့တဲ့ အရွယ် မဟုတ်ဘူး စွန်လွှတ်တဲ့ အချိန် စွန်လွှတ်လိုက်၊ စက်ဘီးစီးလိုက် ပြေးလိုက် ပြီးတော့ ယောကျ်ားလေးအပေါင်းအသင်းတွေ ထားတာလည်း မေ

မေ မကြိုက်ဘူး"

"မေမေကလည်း ... ယောကျ်ားလေး အပေါင်းအသင်းထားတာ အရေးအကြောင်းဆို အားကိုးရပါတယ်။ ပြီးတော့ လွန်းအိမ်တို့ က ရိုးရိုးသားသားဥစ္စာ"

"ရိုးရိုး... မရိုးရိုး ... မိန်းကလေးချောချောလှလှကို ယောကျ်ားလေးက ရိုးရိုးသားသားပါဆိုတာ ယုံစရာလည်း မရှိဘူး ခုဆို အိမ်မှာ လည်း ယောကျ်ားလေးတွေ ရောက်လာတော့မယ် လူအထင်သေးစရာ မလုပ်နဲ့ "

"ရက်စ် မားသား"

လွန်းအိမ်တော့ အလေးပြုသလိုလုပ်တာ ရုတ်ခနဲ ထပြေးသွားလေသည် ။

"ဟဲ့... ဒါက ဘယ်လဲ"

"ရေချိုးမလို့ လေ ပြီးတော့ ထမင်းစားဖို့ ပြ

င်မယ်"

ဒေါ်ရွှေရည် သက်ပြင်းချလိုက်မိသည်။

ဖတဆိုးလေးမို့ အလိုလိုက်ထားခဲ့တာ ဒီပုံစံလေး မြင်လာအောင်တောင်မှ မနည်းကြိုးပြုပြင်ယူထားရသည်။

ငယ်ငယ်တုန်းကဆို ယောကျ်ားလေးလိုဝတ် ယောကျ်ားလေးတွေနဲ့ ဘောလုံးကန်၊ မိန်းမအင်္ကျီဆို နှစ်သက်စရာလို့ မမြင်ခဲ့တဲ့ ကလေး ။

ရှစ်တန်းကျောင်းသူဖြစ်တဲ့ အထိ ဘောလုံးကန်တဲ့ အကျင့်ကပါတုန်း ခုလည်း ...

ပုဆိုးမဝတ်တာ တမယ်ပဲရှိတာ တီရှပ်နဲ့ ဘောင်းဘီရှည်နဲ့ တစ်ခါတလေ ရှော့ပင်န်၊

လွှားခနဲ လွှားခနဲ အကျင့်ကမပျောက်၊

ဒါပေမဲ့ ရွှေလွန်းအိမ်က ပြောရင်တော့ နား

လည်လွှယ်သည် ။

အမေကိုလည်း ချစ်သည် ။

အိမ်မှာ ချက်ပြုတ်လျှော်ဖွတ်ဖို့ နီ လာလေး ရှိပေမယ့် ရွှေလွှန်းအိမ်က အိမ်မှာ ရှိနေတဲ့ အချိန်ဆို မီးဖိုချောင်မှာ သူ့လက်ချည်းပဲ ဖြစ်သည် ။

"နီလာ ... ကြမ်းတိုက်သွားချေသွား၊ ဒီနေ့ ငါချက်မယ်"

လက်သီးလက်မောင်းတန်း၍ တမနက်လုံး တကုပ်ကုပ် ချက်ပြုတ်နေတတ်တဲ့ အခါမျိုးကျတော့ တကယ့်လက်ရာကောင်း ...

"မအိမ်က ကျွန်မထက်တောင် ဟင်းချက်ကောင်းသေးတယ်"

နီလာကတောင် ထုတ်ဖော်ချီးကျူးရတဲ့ အထိ၊

နီလာ ဒီရောက်စက ရွှေလွန်းအိမ် ဘာမှ မယ်မယ်ရရ မချက်တတ်သေး ...

နီလာရောက်လာမှ ကိုယ်နဲ့ ရွယ်တူမိန်းကလေးက ချက်တဲ့ ပြုတ်တဲ့ ပညာနဲ့ ဝင်ငွေတောင် ရအောင်ရှာနိုင်နေပြီ... ငါ ဘာလို့ မတတ်ရမှာ လဲ ဆိုသည့် စိတ်ကလေးဝင်လာကာ ရွှေလွန်းအိမ် နီလာ့ဆီက ပညာကို သင်ခဲ့တာ...

အဲဒီလို သင်ပေးဖို့ လည်း ရွယ်တူချင်းပေမယ့် ရွှေလွန်းအိမ်က ပွင့်လင်းစွာ ဆရာတင်ရဲ့ တဲ့ သူ...

ခုတော့ နီလာ ကျန်ခဲ့ပြီဖြစ်သည်။

အစစအရာရာ ဘာကိစ္စပဲရှိရှိ သားအမိနှစ်ယောက်ထဲဆိုတော့ ဒေါ်ရွှေရည် ဒီသမီးကိုပဲ လူကြီးလုပ်ပြီး တိုင်ပင်ခဲ့ရသည်။

အဲဒီလိုကျတော့လည်း ရွှေလွန်းအိမ်ပါးစပ်

က တန်ဖိုးရှိသော အကြံအဉာဏ်ကောင်းလေး တွေ ထွက်လာတတ်သည် ပင်။

ခင်ပွန်းဆုံးသွားကတည်းက ကျန်ခဲ့သည့် စီးပွားရေးလေးတွေက မလုပ်တတ် မကိုင်တတ်သော ဒေါ်ရွှေရည်လက်ထဲမှာ တစ်စတစ်စ ပွန်းပဲ့၍ သာသွားသည် ... တိုးတက်သည် မရှိခဲ့ ။

ခင်ပွန်းသည် နှင့် တွဲဖော်တွဲဖက်တွေက သာပေးသည့် ဘာလုပ်ပါလား ညာလုပ်ပါလား နှင့် တွဲခေါ်မည်လို့ ပြောလာတိုင်း ခေါင်းညိတ် ငွေထည့် အဖြေထွက်လာတော့ အရှုံးပေါ်...

ရှိတာလေးတွေကုန်တာပဲ အဖတ်တင်ခဲ့သည် ။

သွားလေသူ ခင်ပွန်းကို တမ်းတ၍ အိပ်ရာထဲမှာ ညစဉ် ငိုခဲ့ရတဲ့ ရက်တွေနည်းသလား...

သမီးလေး အားငယ်မှာ စိုး၍ ရှိုက်သံမထွ

က်ရဲခဲ့ ...

နောက်ဆုံး ကြံရာမရဖြစ်လွန်းလို့ အိမ်ငှားဖို့ စီစဉ်ရခြင်း ဖြစ်သည် ။

ဒါလည်း သူတော်ကောင်းများ နှင့် တွေ့ဆုံရပါစေလို့ ဘုရားမှာ ဆုတောင်းရတာအမော။

မလုပ်ဘူးသည့် အလုပ်ကို စွန့်စားလိုက်ရတာမို့ မဟုတ်မဟတ်လူတွေကို အိမ်ပေါ်ရောက်လာလျှင် မခက်ပါလား။

ဒါကြောင့် အိမ်ငှားဖို့ ကိစ္စကို အတော်ကြီးစဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည် ။

"မေမေရေ ထမင်းစားလို့ ရပြီ"

ရွှေလွန်းအိမ်ရဲ့ အသံစူးစူးလေးကို ကြားလိုက်ရမှ ဒေါ်ရွှေရည်အတွေးစတို့ အဆုံးသတ်လေသည် ။

ကောင်းကင်ထက်မှာ ငွေ့ခနဲ ဝဲခနဲ

လွင့်မျောနေသည့် စွန်နီလေးဆီမှာ မျက်လုံးကို စူးစိုက်ထားရင်း ရစ်လုံးကို လျှော့လိုက်တင်းလိုက် ကစားပေးနေမိသည်။

"ဟာ... လွန်းအိမ် ဟိုမဲညစ်ညစ်ကောင် နင့်ကို လိုက်သတ်နေတာ တွေ့လား"

"ဟုတ်တယ် အသာနေ"

"ပြန်ချ ... ငါပါကူမယ်"

"နင်မပါနဲ့ နော်... ငါတစ်ယောက်တည်းရတယ်"

လွန်းအိမ်က ရစ်လုံးကို ကျွမ်းကျင်စွာကစားရင်း မဲညစ်ညစ်စွန်ကို ချဉ်းကပ်ဖို့ ကြိုးစား၏။

ထိုစဉ် ခြံဝဆီမှ လူပ်ရှားမှုကြောင့် တိုက်ခေါင်မိုးထပ်ကနေ ဖျတ်ခနဲ ငုံ့ကြည့်လိုက်မိ၏။

"ဟင်"

ချောလိုက်တဲ့ လူ။

စတီးရောင်ဖိတ်ဖိတ်လက်နေသော စူဇူကီး ကားကို မောင်းလျက် ရှေ့ကိုသာ စူးစိုက်ကြည့် နေသော မျက်ဝန်းညိုတို့ သည် ပြာလဲ့လဲ့ မျက်မှန်ရဲ့ နောက်မှာ နက်မှောင်ရှန်းစိုလျက်...

ထင်းနေသော နှာတံချွန်ချွန်ရဲ့ အောက်မှာ ပိရိနေသော နှုတ်ခမ်းက နီမြန်းမြန်းရှိလေသ ည် ။

ကားကခြံဝမှာ

ဆင်ဝင်အောက်ထိရောက်ဖို့ အတော်သွားရ ဦးမည်ဖြစ်သည် ။ စဉ်းစား ခြင်းနှင့် ဆုံးဖြတ်ခြ င်းက အစပြုနေလေသည် ။

"အို...ဟဲ့... လွန်းအိမ်... ဘာဖြစ်တာလဲ"

"စတာ ခဏယူထား"

လွန်းအိမ် တိုက်ခေါင်မိုးပေါ်ကနေ ကပျာကယာဆင်းကာ အောက်ထပ်လှေကားရင်းက ဘောလုံးကို ကောက်ယူလိုက်သည် ။

လှုပ်ရှားမှုတို့ က လျှပ်စီးလက်သွားတဲ့ အတိုင်း မြင်ကွင်းထဲမှာ ဖြူဖြူအရာ တစ်ခုက ရိပ်ခနဲ ..

ဘာပါလိမ့်လို့ တွေးလို့ မဆုံးသေးခင်

"ဟာ ... ဟိတ်"

ဘရိတ်ကို အတင်းဖိနင်းပစ်လိုက်မိသည် ။ ထိသွားသည် လား လွဲသွားသည် လားမသိ။

ကားရှေ့မှာ ပုံခနဲလဲကျသွားသည့် အရာသည် ပြန်ထမလာတော့တာ အသေအချာပင်။

မဟော် ကားပေါ်က ကမန်းကတမ်းဆင်းလိုက်သည် ။

ကားရဲ့ ရှေ့မှာ တီရှပ်အဖြူဘောင်းဘီတိုအ

ဖြူလေးနှင့် မဲနက်ဖြောင့်စင်းနေသည့် ဆံပင်ပျော့အိအိလေးများ ရှိသော ကောင်မလေးတစ်ယောက်။

အနားမှာ သူရပ်လိုက်တော့ မျက်နှာပေါ်မှ အုပ်ကျ နေသည့် ဆံပင်တွေကို ဖွာခနဲလွင့်တက်သွားသောအခါ တုတ်၍ မျက်နှာလေးမော့လာသည်။

မဟော် မျက်မှန်ကိုဆွဲချွတ်၍ ကောင်မလေးကို စူးစိုက်ကြည့်လိုက်သည်။

"မင်းဘာဖြစ်လို့ ကားရှေ့ကို ပြေးဝင်လာတာလဲ"

"ဘာ"

လွန်းအိမ်က ဣန္ဒြေ၍ ကောင်းသည်။

"ရှင်က အသေခံပြီး ရှင့်ကားရှေ့တမင်ပြေးဝင်တယ်လို့ များ ထင်နေလား"

"ဘယ်သိမလဲ... လောလောဆယ်တော့ မင်းပြေးဝင်လာတာပဲလေ... ဒါပြေးလွှားဆော့စရာ ပေတရာလမ်းမကြီးမှ မဟုတ်ဘဲ"

"ပေတရာမဟုတ်ပေမယ့် ဒါလွန်းအိမ်ဆော့ နေကျနေရာတွေပဲ ဟိုမှာ ဘောလုံးလွင့်သွားလို့ ပြေးလိုက်တာသိလား"

လွန်းအိမ်ပြတဲ့ ဆီကို သူကြည့်လိုက်ပြီး

ပုဏ္ဏားရိပ်ပင်တန်းပေါ်မှာ တင်နေသည့် ဘောလုံးဖြူဖြူလေး၊

မဟော် နှာခေါင်းတစ်ချက်ရှုံ့၏။

"ထားပါတော့ တို့ ကပဲ မဆင်မခြင်မောင်းလာမိတာပါ၊ မင်းဘယ်ထိသွားလဲ"

"မသိဘူး ... ဒီမှာ ခြေထောက်တစ်ဖက်နာနေတယ်"

"ထကြည့်ပါဦး"

လွန်းအိမ် ထကြည့်သည် ။

မြတ်စွာဘုရား ခြေထောက်က အပူတ်ကို ထောက်လို့ မရတော့တာပါလား... မိလွန်းအိမ် ညည်း အကယ်ဒမီရှော့ ဖြစ်သွားပြီ။

"အား"

လွန်းအိမ်ယိုင်သွားတော့ သူကလွန်းအိမ်လက်မောင်းလေးကို ထိန်းကိုထားလိုက်သည် ။

သူ့ကိုယ်က ရေမွှေးနံ့နှင့် ထိတွေ့မှုကြောင့် လွန်းအိမ် ထူပူသွားမိသည် ။

လွန်းအိမ်ရယ် ချက်ချင်းကြီး နင်ပဲပတ်သက်ပစ်လိုက်ချင်တာလေ...

ဘာဖြစ်လို့ ပတ်သက်ချင်တာလဲ၊ လွန်းအိမ် မတွေးတတ်ပါ၊

စိတ်နောက်ကိုယ်ပါလုပ်တတ်တဲ့ အကျင့်၊

လုပ်တော့မယ်ဆို ဘာကိုမှ ဂရုမစိုက်တတ်

တာ...

ပြီးတော့ လွန်းအိမ် အံ့ဩလောက်အောင် ချောတဲ့ မျက်နှာကြောင့် လည်း ဖြစ်မည်၊

"မင်းက ဒီအိမ်ကလား"

"ဟုတ်တယ်"

"ဒါဆိုကားပေါ်တက်"

သူ့ကားပေါ်ကို လွန်းအိမ်ကိုတွဲတင်သည်။

တိုက်ခန်းဝှားနေသည့် လူက အဖိုးတန်ဇိမ်ခံကားကြီးနှင့်

******

"အားနာဖို့ ကောင်းနေပါပြီ သားရယ်... ဒီကလေးဟာ လုပ်လိုက်တိုင်း ဒီလိုချည်းပဲ"

"ရပါတယ် အန်တီ ကျွန်တော့်ကားနဲ့ တိုက်မိတာပါ"

သူက လွန်းအိမ်ရဲ့ ခြေချင်းဝတ်လေးကို သေချာပတ်တီး စည်းပေးနေသည်။

"ကျော်ကျော်ရေ ပြန်သိမ်းတော့"

"ဟုတ်"

အနားမှာ ရပ်နေသည့် လူရွယ်က ဆေးသေတ္တာကို ပြန်သိမ်းသွားသည်။

"ဒီမှာ လူလေးတို့လိုအပ်တာ အဆင်မပြေတာရှိရင်ပြောနော်..
လွတ်လွတ်လပ်လပ်နေကြပါ ဒီအိမ်မှာ အန်တီရယ် ဒီသမီး ရွှေလွန်းအိမ်ရယ်... အဖော်ကောင်မလေး နီလာရယ်ပဲရှိတာ ခြံစောင့်နဲ့ အားလုံးပေါင်းမှ လေးယောက်ရယ် တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်း ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ စာချုပ်ထဲမှာ လည်း ပါပါတယ် ဒါပေမဲ့ ထပ်ပြောပါရစေ ကျွန်တော်က မပေါ့်၊ သူက ကျော်ကျော် နှစ်ယောက်စလုံး မိဝေးဖဝေးနေကြတာချည်းပဲဆိုတော့ အန်တီ့ကိုပဲ အဒေါ်သားရင်းတစ်ယောက်လို သတ်မှတ်ပါတယ်"

"အေးပါကွယ် ကျေးဇူးလည်း တင်တယ် ဝမ်းလည်း သာပါတယ်"

စကားပြောနေသည့် သူ့မျက်နှာချောချောကို လွန်းအိမ် ကငေးကြည့်နေသည် ။ မေမေကတော့ လိုအပ်ရင်သုံးပါဆိုပြီး ဖုန်းနံပါတ်တွေဘာတွေပေးလို့ ။ မြင့်သောအရပ် ရှင်းသန့်သော မျက်နှာသည် ဘယ်ကကြည့်ကြည့် ကျက်သရေရှိနေ သည် ပင်။

ဒေါက်တာ မပေါ့်။

ထူးဆန်းသော နာမည်နှင့် ဤလူသည် လွ

န်းအိမ်ရင်ထဲကို ထူးဆန်းစွာပဲ ချည်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည် ။

နောက်နေ့တွေမှာ လွှန်းအိမ် ကိုယ့်ကိုယ်ကို သတိထားမိသည့် အချက်က အိပ်ရာထနောက်မကျဖို့ ။

ဆယ်တန်းစာမေးပွဲတွေဖြေပြီးကတည်းက မနက်ကိုးနာရီမတိုင်မချင်း မထတတ်သည့် အကျင့်က ခုတော့ အတော် ကြီးကို စိတ်ညစ်ဖို့ကောင်းနေတော့သည် ။

လွှန်းအိမ် အိပ်ရာကထလို့ ပြူးပြူးပြဲပြဲထကြည့်လိုက်တိုင်း သူ့ကား မရှိတော့သည် ချည်းသာ။

မနက်ရှစ်နာရီခွဲလောက် အိမ်ကထွက်။ ညနေစောင်းမှ ပြန်လာရေချိုး ထမင်းစားပြီး တီဗွီထိုင်ကြည့်နေတာတွေ့သည် ။

လွှန်းအိမ် အပေါ်ထပ်နဲ့ အောက်ထပ် ခေါ်

က်တုံ့ ခေါက်ပြန် အခါတစ်ရာမက တက်ရဆ င်းရလွန်းလို့ ပေါင်တွေတောင့် လာတဲ့ အထိ သူကတော့ စောင်းငဲ့၍ ပင် မကြည့်ပေ။

မေမေနဲ့ ပြောနေတုန်းကတော့ ရွှမ်းရွှမ်းကို ဝေလို့၊

ခုကျတော့ ဘယ်သူ့မှ အဖက်မလုပ်တော့ လူတွေကို အဖက်မတန်တဲ့ အတိုင်း၊ သိမယ်...

လွန်းအိမ်တို့ က လက်ဆွဲနှုတ်ဆက်ခွင့်မရ ရင် ခေါင်း ခေါက်နှုတ်ဆက်ဖို့ ဝန်မလေးဘူး ဆိုတာ။

******

# အခန်း (၂)

"ဟယ် ... သမီး ဒီနေ့ အိပ်ရာထ စောလှချေ လား"

"ဟဲ ... ဟဲ"

"အတော်ပဲ မေမေလည်း ဒီနေ့သွားစရာရှိ လို့ ဈေးစောစောသွားမလား စိတ်ကူးနေတာ"

"လွှန်းအိမ် လိုက်မပို့ချင်ဘူးနော် မေမေ"

"မပို့ရပါဘူး သိအောင်ပြောပြတာ တော်ကြာ မေမေ စောစောထွက်သွားတဲ့ နေ့မှ သမီးစောစောနိုး လာပြီးမေမေဘယ်သွားမှန်း မသိဖြစ်နေမှာ စိုးလို့ "

"နီလာ့ကိုမှာ ခဲ့ပေါ့ မေမေရဲ့ "

"နီလာ ဒီနေ့လကုန်ရက်လေ သူအိမ်ပြန်တာပေါ့"

"သူကလည်း အိမ်ပြန်ဖို့ ဆို အမြဲးကိုတန်းနေတာပဲနော်"

"ဒါကတော့ သူ့မိသားစုကိုးကွဲ့"

ဒေါ်ရွှေရည်ကဆွဲခြင်းလေးလှမ်းယူ၍ ကားသော့ပါဖြုတ်သည် ။

လွန်းအိမ်တို့ မှာ ဖေဖေဆုံးတော့ ကျန်ခဲ့တဲ့ ကားနှစ်စီးလည်း မရှိတော့ပါ။

ခုစီးနေတဲ့ ဖင်မလီယာခပ်စုတ်စုတ်ကားတောင် ကြည်မောင်တို့ ကလေကချေ ကားပွဲစားအုပ်စုကလေးရဲ့ ဖြတ်ဆက်ညှပ်ပေါင်းလေးကြောင့် ချိုချိုချောင်ချောင် ရထားလိုက်တာဖြစ်သည် ။

ဒါတောင်မေမေက ငါ့သမီးရဲ့ အပေါင်းအသင်းတွေ ကောင်းလို့ ပါလားလို့ မမြင်ဘဲ... ပွဲစားလုပ်စားကတည်းက လူလည်တွေဆိုတာ သတိထားရမယ့်အချက်ပဲတဲ့ ။

လွန်းအိမ်ရဲ့ အပေါင်းအသင်းဆို မေမေတို့ ဘယ်တော့မှ အကောင်းမပြော။ ဒရိုင်ဘာလည်း မထားနိုင်တာကြောင့် လွန်းအိမ်တို့ သားအမိ ကားကိုကိုယ်တိုင်မောင်းကြရသည် ။

မေမေ ထွက်သွားသည် နှင့် လွန်းအိမ် အောက်ထပ်ကို မြင်ရလောက်သည့် နေရာထိ ပြေးဆင်း၍ ငုံ့ကြည့်လိုက်သည် ။

"အားပါး.. ဒေါက်တာကြီး ခုမှ အိပ်ရာထပါလား"

လွန်းအိမ် အပေါ်ကိုပြန်ပြေးတက်ကာ သနပ်ခါးပြေးလိမ်း... ရှပ်အင်္ကျီပွပွကြီးကောက်စွတ်ကာ ရှော့ပင်န် အနက်ရောင်လေးလဲဝတ်လို

က်သည္ ။

ေခါင္းကိုအရမ္းလွုပ္၍

ေအာက္ထပ္ေျပးငုံ႔ၾကည့္ေတာ့ ဇာခန္းဆီးပါး

ပါးကို ထြင္းေဖာက္ကာ ထမင္းစားခန္းထဲ၌

လက္ဖက္ရည္ေသာက္ေနသည့္

မေဟာ့္ကိုေတြ႕၏။

ဒီဘက္ကို မ်က္ႏွာမူ၍ ထိုင္ေနတာမို႔ အက်ႌ

ကိုေျပျပစ္ေအာင္ဆြဲခ် ဆံပင္ကိုလက္ကေလး

နဲ႔ တစ္ခ်က္သပ္လိုက္ၿပီး လွ်န္းအိမ္ ေလွကား

ေပၚကေန ေက်ာ့ေက်ာ့ေလးဆင္းလိုက္သည္ ။

မ်က္ႏွာက ေရွ႕ကိုမူထားေပမယ့္ မ်က္ဝန္း

တို႔ ကို အလုပ္ေပးထားလိုက္၏။

အမေလး .. မ်က္လုံးမ်ား ေတာင္ ေအာင့္ပါ

ရဲ႕ ..

မ်က္လွာခ်၍ လက္ဖက္ရည္ေသာက္ေနသူ

က တစ္စက္ကေလးမွ မ်က္လုံးပင့္ၾကည့္ေဖာ္

မရ။ ခြံထဲမှ ပန်းနှစ်ပွင့်ကိုခူးယူ၍ ပြန်တက်ခဲ့သည် ။

ညှော့ခန်းထဲမှာ ရောက်နေပြီဖြစ်သည့် မဟော်က လွန်းအိမ်သွားလာမယ့်ဘက်ကိုကျောခိုင်း၍ ဘာတွေငုံ့လုပ်နေသည် မသိ၊.. လွန်းအိမ် ဒေါသတွေ ဗလပွနှင့် အိမ်ပေါ်ခြေဆောင့်တက်လာခဲ့မိလေသည် ။

ဒီမှာ တက်ရ၊ ဆင်းရစွေကြည့်ရ စောင်းကြည့်ရနှင့် မျက်လုံးတွေလည်း အောင့်၊ ပေါင်တွေလည်း တောင့်။

အပေါ်ထပ် ညှော့ခန်းက ဆိုဖာမှာ ဆောင့်ထိုင်ချလိုက် တော့ဖုန်းသံက မြည်လာသည် ။

ဒေါသကြောင့် ဖုန်းကိုင်တာတောင် ခပ်ဆောင့်ဆောင့်နှင့်

"ဟဲလို"

"ခြံနံပတ် ၃၆ - ခ က လားရှင်"

"ဟုတ်တယ် ဘယ်သူနဲ့ တွေ့ချင်လို့ လဲ"

မေမေ့ရှယ်ရာဝင်တွေပဲဆိုသည့် အတွေးနှင့် စကား ကောင်းကောင်း မပြောချင်။

"ဒေါက်တာ မဟော်နဲ့ စကားပြောချင်လို့ ပါ"

"ဘာရယ်"

မိန်းမသံက နွဲ့နွဲ့ချွဲချွဲ။

ဒေါက်တာမဟော်ဆိုတော့ အံ့လည်း အံ့သြ မကျေနပ်စိတ်ကလည်း တစ်ပြိုင်နက်ဝင်လာသည် ။

"ရှင်က ဘယ်သူလဲ"

"မင်းကရော ဘယ်သူမို့လို့ မေးနေတာလဲ တို့ မဟော် နဲ့ စကားပြောချင်တယ် ခေါ်ပေးပါ မပေးဘူးဆိုလည်း ချလိုက် မယ်"

တစ်ဖက်ကလည်း မာမာပဲ၊ ဘာရမလဲ ခါ တိုင်းလိုသာ ဆိုလွန်းအိမ်တို့ က ခေါ်မပေးနိုင် ဘူးလို့ တစ်ခါတည်းပြော ချလိုက်မှာ ၊

ဒါပေမဲ့ ခုတော့ ကိုယ်ကကိုပဲ ပြေးခေါ်ချင် နေတာကြောင့်

"ခဏ ကိုင်ထား"

လွန်းအိမ်ဖုန်းကိုဘေးချကာ အောက်ထပ်ပြေးဆင်းခဲ့ သည် ။

မဟော်က ရှပ်အင်္ကျီလက်တိုအဖြူ ဘောင်းဘီရှည် မီးခိုးရောင်နှင့် ဂျူတီကုတ်ရှည်အဖြူကြီးကို ဝတ်ထားပြီးပြီ။

"ဒီမှာ ဦးမဟော်"

သူကမော့ကြည့်၏။

"ဖုန်းလာနေတယ်"

"ဖုန်း"

မပော် အံ့သြသွားသလိုရှိကာ မလှမ်းမကမ်းမှာ ရှိနေသည့် ကျော်ကျော့်ကို လှမ်းကြည့်၏ ။

ကျော်ကျော်က အနည်းငယ် ရယ်ကျဲကျဲလုပ်ကာ

"တစ်နေ့မနက်က ဈေးထဲမှာ မမရဲ နဲ့ တွေ့လို့ သူက ငှားတဲ့ အိမ်ကဖုန်းနံပါတ် ပေးပါတောင်းတာနဲ့ ..."

"မင်းကွာ"

မပော် မျက်နှာမှာ စိတ်ရှုပ်ခြင်းများကအထင်းသား။

"အဲဒီဖုန်းနံပါတ် မင်းဘယ်တုန်းက အလွတ်ရသွားတာလဲ"

"ဟို .."

"ဒါမျိုးဆို သိပ်မြန်တယ်"

ကျော်ကျော်က မျက်နှာကြီးငုံ့လျက် ဘာမှ မပြောရဲရှာ ..

မဟော်က လှေခါးထစ်ဘက်မှာ ရပ်နေသည့် လွန်းအိမ်ကို မော့ကြည့်၍ ...

"အပေါ်မှာ ဘယ်သူရှိလဲ"

"ဘယ်သူမှ မရှိပါဘူး"

"ဟိတ်ကောင် မင်းပါလိုက်ခဲ့"

ကျော်ကျော့်ကို လှည့်ခေါ်လိုက်လျှင် လွန်းအိမ် ဒေါသတွေ ဆူဝေသွားလေသည်။

ကိုယ်ကတောင်မှ ယုံယုံကြည်ကြည်နဲ့ ဖုန်းလာလို့ ခေါ်ပေးရသေးသည်၊ သူကများ ... ဆန်ကြမ်းကစေးနေလိုက်တာ ...

လွန်းအိမ် ချာခနဲ လှည့်၍ ပြန်ပြေးတက်လာခဲ့သည်။

အဲဒီလူကြီးကို တေးထားတာတွေ မကျေန

ပ်တာတွေများ နေပြီ။

ဆိုဖာပေါ်မှာ ထိုင်၍ ကျေလည်း မကျေနပ် မကြည့်ဘဲလည်း မနေနိုင်တာကြောင့် လက်ပိုက်ထားလျက် ဖုန်းပြောနေသည့် သူ့ကို စူးစိုက်ကြည့်နေမိသည် ။

"ရဲလား.. ကိုယ်ပါ .."

"...."

"အင်း မဖွင့်ရသေးဘူး စာရေးမ ရှာရဦးမှာ "

".."

"ဟာ မဟုတ်တာ ရဲကလည်း "

"...."

" မဟုတ်ဘူး ကိုယ်တကယ်မအားလို့ "

"...."

"လာခဲ့ပါမယ် အင်း ဒါတော့ ဘယ်ပြောလို့ ရမလဲ တစ်နေ့နေ့ပေါ့.."

"...."

"အင်း.. ဒါပဲနော်.. ကိုယ်ဆေးရုံသွားမလို့ "

ဖုန်းချ၍ မဟော်က လှည့်ထွက်လိုက်သည် ။

"ဒီမှာ "

လွှန်းအိမ်က ဆတ်ခနဲထရပ်ကာ လက်မှာ ပတ်ထားသည့် စတီးဟမ်းချိန်းလေးကိုနာရီလို လို ဘာလိုလိုပုံစံနဲ့ ကြည့်၍

"ချထားတဲ့ အချိန်ရယ် စကားပြောတာရယ် အားလုံးငါးမိနစ်...ငါးရာကျတယ်"

"ဟင်"

မဟော့် မျက်ခုံးနှစ်ဖက်မြင့်တက်သွားသည် ။

ပြီးမှ လွန်းအိမ်တမင်ညစ်မှန်းသိသွား၍ အနည်းငယ်ပြုံးယောင်သမ်းသွားကာ

"မျှား လှချေလား အပြင်မှာ တစ်ခါဆက်မှ နှစ်ရာအလွန်းဆုံးပဲ"

"မသိဘူး.. အခုငါးရာကျတယ်"

လွန်းအိမ်က ခပ်တည်တည်ပဲပြော၍ လက်ပိုက်မပျက်။

သူက ရှုပအင်္ကျီ အိတ်ထဲက ပိုက်ဆံအိတ်ပြားလေး ထုတ်၍ အထဲက ငါးရာတန်တစ်ရွက်ကိုယူကာ

"ရော့"

လွန်းအိမ်ကို လှမ်းပေးသည် ။

လွန်းအိမ်ကလည်း ယူတာပဲဖြစ်သည် ။

မဟော်က လွန်းအိမ်မျက်နှာလေးကို စိုက်ကြည့်ကာ

"လုပ်စားနေတာကြာပြီထင်တယ်"

"မကြာသေးပါဘူး ရှင့်လို အချဉ်ကခုမှ တွေ့တာလေ"

"ဟား ဟား"

မဟော် ဟန်မဆောင်နိုင်ဘဲ အသံထွက်ရယ်မိလေသည်။ အာဂကောင်မလေး။

******

"မောလိုက်တာဟာ ခဏနားဦးမယ်"

ဒီဖွဲ့ထဲမှာ လွန်းအိမ်ကခေါင်သူကြီး

လွန်းအိမ်ထိုင်ချလိုက်တာနှင့် တဖြုတ်ဖြုတ်ဖြင့် အားလုံးစုဝေးထိုင်ပြီးသား ဖြစ်သွားသည်။

"နွေရာသီကြီး ကစားရတာ မကောင်းဘူး၊ ချွေးအရမ်းထွက်တာပဲ"

"ဟုတ်ပ"

"ဟဲ့.. ငါတို့ ဘတ်စကတ်ပုတ်လာတာကြာပြီ တစ်ခါမှ လည်း ရှေ့ဆက်မတတ်ရဘူး၊ ဖိုင်နယ်ကျရင် ငါတို့ အဖွဲ့ပြုတ် ကျန်ခဲ့တာပဲ"

"ဒါကတော့... နိုင်တာရှုံးတာ ဘယ်ပြောလို့ ရမလဲဟ ငါတို့ လည်း ကြိုးစားတာပဲဟာ"

လွန်းအိမ်က နဖူးမှာ ပတ်ထားသည့် ပုဝါစကို ဆွဲဖြုတ်၍ ချွေးတွေသုတ်ပစ်ရင်း ...

"ငါတို့ မိန်းကလေးတွေက ကြိုးစားတယ်ဟို ကောင်တွေညံ့တာ"

"ဘာ .."

ခပ်လှမ်းလှမ်း ယောကျ်ားလေးအုပ်စုထဲက ကျယ်လောင်သော "ဘာ" သံကြီးထွက်လာသည်။

"လွှမ်းအိမ်နော် .. အတင်းမပြောနဲ့ "

"အတင်းမပြောပါဘူး ငါတည့်တည့်ပြောတာပဲ ဥစ္စာ"

"ဒီညနေ ငါတို့ ရှစ်လုံးသွင်းပြီးပြီ နင်တို့ ဘက်က ခြောက်လုံးပဲရတယ် အဲဒါဘာပြောမလဲ "

"တခါတလေ ခြေချော်လက်ချော်ခွေးချေးပုံ ဟပ်မိသွားတာပါအထွန်းရယ် နင်တို့ ဘယ်တုန်းကများ ငါတို့ ကိုနိုင်ဖူးလို့ လဲ ဒုတိယပွဲစဉ်ကိုတော့ ကြည့် လိုက်လေ"

"ဘာမှ စောင့်ကြည့်ဖို့ မလိုဘူး ခုလည်း အချိန်မစေ့သေးဘဲ နင်နားပစ်လို့ မဟုတ်ရင် နင်တို့ နှစ်လုံးမကပြတ်ကျန်ခဲ့နိုင်တယ် သိလား"

"ပုံပြင်တွေ လာပြောမနေနဲ့ "

"ကဲ... နင်တို့ ကလည်း နားရတဲ့ အချိန်

လေးများ     အေးအေးဆေးဆေးနေကြစမ်းပါ ဟာ"

"အေးလေ... အားလုံးတစ်ဖွဲ့တည်း အတူ တူတွေပဲ ဥစ္စာ"

"ကြည့်နေ..ဆရာလူရွေးရင် သူကျန်ခဲ့မှာ "

"နင်သာ မကျန်ခဲ့ပါစေနဲ့ "

"ငါတို့ က အေးဆေးပါ"

"ကဲ.. တော်ကြပါတော့ဆိုမှ "

"ဖြစ်ကြပါစေ.. နားတဲ့ အချိန် သူတို့ ရန်ဖြ စ်မှ ပြည့်စုံတာ မဟုတ်ရင် ပျင်းစရာကြီး.. ပြီး တော့ ဆက်ကြည့် ကိုမျိုးထွန်းတို့ လွန်းအိမ်ကို လိုက်ချော့တဲ့ အခန်း"

အထွန်းက ရယ်ကျဲကျဲနှင့် လွန်းအိမ်ကို လှ ည့်ကြည့်သည် ။

လွန်းအိမ်က မျက်စောင်းထိုး၏။

အားလုံးပြုံးပြုံးနှင့် ကြည့်နေကြသည် ။

မပြုံးဘဲရှိနေသူက လွှန်းအိမ်ရဲ့ အပါးမှ အမြဲရှိနေတတ်သည့် ဇယျနေ။

ဇယျနေ မျက်နှာက မျက်မှောင်ကုတ်ကုတ်နှင့် ဘယ်ကိုမှ မကြည့်။

"လွှန်းအိမ် ညကျရင် ငါတို့ နင်တို့ ခြံထဲ ဂစ်တာလာတီးမယ်လေ"

အေးစုမြတ်က အားတက်သရောပြောသည်
။

လွှန်းအိမ် ဝမ်းသာအားရလက်ခံမည်ကြံပြီးကာမှ ...

"အိမ်မှာ အိမ်ငှားတွေရှိတယ်ဟ.. အရင်လို မဟုတ်တော့ဘူး..တော်ကြာ မေမေဆူမှာကြောက်ရတယ်"

အေးစုမြတ်လာလျှင် အထွန်းနှင့် ဇယျနေ

အမြဲပါတတ်သလို ချမ်းမြေ့စင်နှင့် လေးလေးတို့ လည်း ပါလာမည်သာ...

မေမေက ယောက်ျားလေး အပေါင်းအသင်းထားတာကို မကြိုက်ပါ။ ခါတိုင်းညဘက် ခြံထဲက မာကျူရီမီးအောက်မှာ သူတို့ တွေစုရုံး၍ ဂစ်တာတီးကြ သီချင်းဆိုကြ။

မေမေက သတိပေးခဲ့ပေမယ့် တားမြစ်ခြင်း ခဲ့ပါ။

ခုတော့မှ

"မဆူပါဘူးဟာ နင်ကလည်း နင်တို့ ခြံကြီးက မီးတွေ ဖွေးပြီး ပန်းရောင်စုံတွေကမွှေး.. လေကဖြူးနဲ့ တကယ့်ကိုဖီးလ်ပဲ.....ငါတို့ လာခဲ့မယ်ဟာနော်.."

လွန်းအိမ် ခေါင်းညိတ်လိုက်သည် ။

"လာခဲ့လေ.. ကိုးနာရီလောက်ကို"

"အိုခေ"

******

ဂစ်တာသံ ငြိမ့်ငြိမ့်လေးထွက်လာသည် ။

အစကတော့ အမှတ်တမဲ့ပါပဲ။

နောက်တစ်စတစ်စ ကျယ်လာကာ သီချင်းသံလေးတွေလွင့်ပျံ့လာမှ ဖတ်လက်စအားကစားဂျာနယ်ကို အသာချကာ မဟော်ပြတင်းဝမှာ သွားရပ်၍ ခန်းဆီးစကိုဖယ်ကြည့်လိုက် သည် ။

မာကျူရီမီးတိုင်အောက်က ဒန်းလေးပေါ်မှာ မိန်းကလေးသုံးယောက်၊ ခပ်လှမ်းလှမ်း မြက်ခင်းပေါ်မှာ ကျောချင်းကပ်ထိုင် နေကြသည် ယောက်ျားလေးနှစ်ယောက်အနက် တစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ဂစ်တာနှင့်

ညရဲ့ တိတ်ဆိတ်ခြင်းကို မြူးကြွသော သံစဉ်တေးသား တို့ ကထိုး၍ ဝင်ရောက် လာလေသည် ။

ရှားလားလား ရင်ခုန်ခြင်းသီချင်း နှလုံးသားထဲကမြတ်နိုးခြင်း... ပြောမပြ..တတ်တဲ့ကြည်နူးခြင်း××× သီချင်းတစ်ပုဒ်အဖြစ်ပျံ့လွင့်သွားခဲ့××× မင်းလေး ကြားရမယ်××အိုးအမြဲအတွက်ပါကွယ်××× အကြင်နာသံစဉ်တွေ××× သီဆိုနေပါမယ်××× ရင်ခုန်သံရှားလားလားလားလား×××
ရှားလားလားမင်းကြောင့် ပါကွယ်..

စုံတွဲသီချင်းလေးက မြူးကြွ၍ အတော်လေးနားထောင်လို့ ကောင်းနေသည် ။

အသံအားဖြင့် လွန်းအိမ်ဆိုတဲ့ ကောင်မလေးပဲဆိုတာသိလိုက်သည် ။

..မိုးလင်းတိုင်း...အတွေးများ ထဲ×××အ

စောဆုံးပဲဝင်လာတဲ့

သူရယ်×××ကျောင်းသွားတိုင်း×××လမ်းသွားတိုင်း×××စဉ်းစားတိုင်း×××အိုး×××မင်းအကြည့်များ ပဲကွယ်×××

မပောာ် သီချင်းဆုံးမှ ပဲ ပြတင်းနားကခွာဖြစ်တော့သည် ။ အမြဲမြင်လိုက်ရတိုင်း ရှော့ပင်ဘောင်းဘီတိုများ နှင့် ရှပ်အင်္ကျီတို့ တီရှပ်တို့ ကိုသာ ဝတ်ဆင်တတ်သော လွန်းအိမ် ဆိုသည့် ကောင်မလေးသည် ဝင်းမွတ်သော ပါးဖောင်းဖောင်းလေးနှစ်ဖက်နှင့် ပွင့်ဖပ်ကလေးလိုပြည့်တင်းဖူးရွသော နှုတ်ခမ်းလေးများ ရှိကာအတော်လေးလှပေမယ့် နေပုံထိုင်ပုံကအမြဲတမ်း ရှုပ်ရှုပ်ပွပွ။

မိုးလင်းလာလျှင် သနပ်ခါးအဖွေးသား ပါးပေါ်မှာ တင်ထားတတ်ပေမယ့် ကြောင်ကြောင်ကျားကျား။

ဂုတ်လောက်ဆံပင်တိုလေးများက ရှေ့ဆံမြိတ်ညှပ်ထားသော်လည်း အပြတ်များ တို့ က မျက်လုံးထဲတိုးစိုက်ဝင်တော့မတတ်မို့ အဲဒီမျက်နှာလေးမှာ တစ်ခါမှ ထင်ထင်ရှားရှားရှိမနေခဲ့။

ပြီးတော့ ဘယ်အချိန်ကြည့်ကြည့် သူမှာ ချွေးတလုံးလုံးနှင့် ။

မဟော် အိပ်ရာပေါ်ပြန်ရောက်၍ လှဲအိပ်လိုက်ရုံပဲရှိသေးသည် ။ နောက်ထပ်သီချင်းတစ်ပုဒ်စလာသည် ။

..အချစ်သစ်ပင်××× ရာသီများ ပြောင်းနေစေ မရင့်ရော်နိုင်တယ်... တို့ အကြင်နာတွေ××× အသည်းမှာ ××× အမြဲတမ်း စိမ်းလန်းနေတယ်... မင်းအနမ်းတွေ... အစဉ်ဖူးပွင့်သွားနိုင်တယ်.. ကိုယ့်ရင်နှင့် လည်း .. အမြဲနွေးနေခြည်နဲ့ အတူ..ဆောင်းနှင်းလေးများ စွာလယ်.. ကိုင်းအခက်တွေမှာ အမြဲ.. ပွင့်စေ..တို့ အတွက်

အိမ်မက်များ .. အမြဲစိမ်းကားနေမှာ ပါချစ်သူရ ယ်.. ဒီမှာ .. တို့ ရဲ့ ထာဝရအချစ် (အိုး) ချစ်သူ.. ဒီရင်ထဲ.. အချစ်တွေကို သိစေချင်တယ်... အခြားဘယ်အရာတွေနဲ့ မတူ (အမြဲတမ်း စိမ်း လန်းနေတယ်)၃

သီချင်းသံ ဆုံးသွားတော့ ဘာတွေ သဘော ကျနေကြသည် မသိဘဲ ရယ်သံလေးတွေလွင့် တက်လာသည် ။

"သမီးရေ"

ဒေါ်ရွှေရည့်အသံ။

မဟော် ပြုံးလိုက်မိသည် ။

"တော်ပြီကွယ်"

"ဟုတ်ကဲ့ မေမေ"

အားလုံးတိတ်ကျသွားကာ ဘာဂျာတံခါးဆွဲ ဖွင့်သည့် အသံကြားရသည် ။ ပြီးတော့ အသံ

တိုးတိုးလေးနှင့် ..

..မိုးလင်းတိုင်း အတွေးများ ထဲ..အစောဆုံး ပဲ×××ဝင်လာတဲ့ ..သူရယ်×××ကျောင်းသွား တိုင်း လမ်းသွားတိုင်း×××စဉ်းစားတိုင်း အိုး ×××မင်းအကြောင်းများ ပဲကွယ်..

အိပ်ရာဝင်တာတောင် သီချင်းလေးညည်း လိုက်လို့ ..

မဟော့် အိပ်ခန်းဝမှာ ကျော်ကျော်က လာရပ်၍

"အစ်ကိုလေး အိပ်လို့ မရဘူးလား"

"မဟုတ်ပါဘူး ငါမအိပ်သေးတာ"

ကျော်ကျော်က ခေါင်းကိုတဖျင်းဖျင်းကုတ်ဖွ၍

"တကယ့် ဖားပျံမလေးပဲ အစ်ကိုလေး ရှားပဲရှားပါ တယ်"

ညည်းညူလျက် လှည့်ထွက်သွားလေသည်

။

မဟော် သက်ပြင်းသာချလိုက်ပါ၏။

******

# အခန်း (၃)

"မမရွှေ ရှိလားသမီး"

နီလာက ကြမ်းတိုက်နေသည်။

လွန်းအိမ်က စားပွဲတင်ပန်းအိုးလေးမှာ ပန်းလှစိုက်နေသည် ။ နှစ်ယောက်လုံးပြိုင်တူ မော့ကြည့်လိုက်မိကြသည်။

"အန်တီရှိမာ.."

လွန်းအိမ်က နေရာမှ ထကာ မပြုံးချင်ပြုံးလိုက်သည်။

"ထိုင်လေအန်တီ"

ဒေါ်ရှိမာရဲ့ အနောက်ကိုပါလှမ်းကြည့် ဖြစ်

၏။

"အေးကွယ်.. လာသား"

ဆံပင်က ဂုတ်အောက်ရောက်လျက် သားရေကွင်းနှင့် နောက်ဖက်မှာ စုချည်ထားသည် ။

ဘောင်းဘီရှည်နှင့် အတွင်းမှာ စွတ်ကျယ် သာခံဝတ်ထားကာ ရှပအင်္ကျီကို ရင်ခွဲအတိုင်း ထား၏။

အသားကဖြူသည် မှ လွန်၍ နီစပ်စပ် အရောင်ပြေးလျက် မြင့်လွန်းသော အရပ်ကြီးနှင့် ပေါင်းစပ်လျှင် နိုင်ငံခြားကားတွေထဲက လူကြမ်းရုပ်မျိုးကြီး ..

သူက လွန်းအိမ်ကိုပဲ မလွှဲမဖယ်တမ်းကြည့်၍ အံ့သြရိပ်နှင့် မော့ကြည့်သည် လွန်းအိမ်ကို ပြုံးပြလိုက်သေးသည် ။

"အောက်ထပ်မှာ အိမ်ငှားတင်ထားတာ အ

န်တီက မသိတော့ ညေ်ခန်းထဲမှာ ကျကျနန သွားထိုင်လိုက်သေးတာ ဟင်း..ဟင်း ကောင်လေးတစ်ယောက်က ပြောတော့မှ ပဲ သိတော့တယ်..ရှေ့မှာ လည်း ဆေးခန်းဖွင့်ထားတယ်နော်"

"ဟုတ်တယ် အန်တီ ဒီနေ့မှ ဆေးခန်းက စဖွင့်တာပါ အန်တီတို့ ကိစ္စရှိလို့ လားဟင်"

"ဆိုပါတော့ကွယ် မမရွှေနဲ့ တိုင်ပင်စရာလေးရှိလို့ ညော်..သမီးကို မိတ်ဆက်ပေးရဦးမယ် သူက အန်တီရဲ့ သားကြီးလေ နိုင်ငံခြားသင်္ဘောက အောဖ်ဆာ၊ ပြန်နားနေရတာ တစ်ပတ် လောက်ပဲရှိသေးတာ နာမည်က ကျော်တိုင်းတဲ့ အိမ်မှာ တော့.. ဂျာလို့ ပဲခေါ်ကြတယ်"

"ဟုတ်"

"သားလည်း မှတ်ထား သူက မမရွှေရဲ့ တ

စ်ဦးတည်းသောသမီးလေး ရွှေလွန်းအိမ်တဲ့ "

"ကျွန်တော်သိတယ်မာမီ...လွန်းအိမ် တို့ ကို သိလားမသိဘူး တို့ ကတော့သိတယ်"

"ရှင်"

"လွန်းအိမ်တို့ အုပ်စုထဲမှာ လွန်းအိမ်က ထင်းနေတာပဲလေ..ပြီးတဲ့ ဆန်းဒေးမှာ တို့ သင်္ဘောကတက်လာတာ အိမ်တောင်မရောက်သေးဘူး သူငယ်ချင်းကခေါ်လို့ သူ့အိမ်ပါသွားတာ...အဲဒီမှာ လွန်းအိမ်တို့ ကို ခြံထဲမှာ တွေ့တာပေါ့ဂစ်တာတီးနေကြတာလေ..."

လွန်းအိမ်ကပြီးခဲ့တဲ့ ဆန်းဒေးကို အပြေးအလွှားစဉ်းစားသည် ။

"ရှင့် သူငယ်ချင်းက ဘယ်သူလဲ"

"လှိုင်မင်း"

"ဪ"

လှိုင်မင်းက အေးစုမြတ်ရဲ့ အစ်ကိုပါ။

"အားလုံးထဲမှာ လွန်းအိမ်ကို တို့ ကသတိထားတာ.. အဲဒါနဲ့ လှိုင်မင်းကိုမေးကြည့်တော့ အန်တီရွှေ သမီးဆိုတာ သိတာပဲ"

မေမေက သူတို့ အိမ်မှာ မကြာခဏ ဝင်ထွက်ဖူးသည် မို့ သူတို့ ကမေမေ့ကိုတော့ သိကြမှာ ပင်။

ကိုယ့်အကြောင်းမေးမြန်းစုံစမ်းနေသည့် အကြောင်းကို လွန်းအိမ် မကြည်တဲ့ နားနှင့် သောတဆင်နေရတော့သည် ။

ဒေါ်ရိုမာက တပြုံးပြုံး။

"သမီးက အရမ်းပွင့်လင်းတာ သားရဲ့ ပြီးတော့ ကလေးလိုပဲ ချစ်ဖို့ သိပ်ကောင်းတာ"

လွန်းအိမ် ပီတိဖြစ်ရမယ့်အစား ဒေါသပွလာတော့သည် ။

"ဒါဆို လွှန်းအိမ် မေမေ့သွားခေါ်လိုက်မယ်. .အန်တီခဏလေးစောင့်"

"အေး သမီး"

မျက်လုံးနှစ်စုံရှေ့က လွတ်မြောက်ခြင်းသည် ဟူးခနဲ ပင့်သက်ရှည်ကြီးကို မှုတ်ထုတ်မိတဲ့ အထိ။

******

ဆေးခန်းဖွင့်တာမှ မကြာသေး။

လူနာတွေပြည့်နေပြီ။

ဆရာဝန် ဆေးစွမ်းလို့ လား ဆရာဝန်နဲ့ ဆရာမလေးကိုကြည့်ချင်လို့ လားတော့မသိ။ လူနာတစ်ယောက်တွင် လူနာရှင်တွေက သုံးယောက်လောက်ပါသည် ။

နားဆွဲလေးတွေလှုပ်ခါနေသော.. ကိုယ်ကျ

ပ်ဝတ်စုံလေးတွေရောင်စုံနှင့် ငေးကြည့်နေချင်အောင်လှသော...ဆေးခန်းရှေ့မှ လည်း စတိုင်လေးတွေ ကိုယ်စီထုတ်နေတတ်ကြသော.. တကယ့်အချောအလှလေးတွေက 'သော' ပေါင်းများ စွာသော အရည်အချင်းတွေ ကိုယ်စီနှင့် ညနေညနေဆို စည်းကားလိုက်တဲ့ 'စေတနာမှန်' ဆေးခန်းရှေ့က သူတို့ တွေဖြတ်လာကြတော့ ထပ်ညပ်နေသည့် ကားတွေကိုကြည့်ကာ လေးလေးက လက်တို့ ၍ ခွိခနဲရယ်သည် ။ စတိုင်ဘောင်းဘီအမျိုးမျိုးနှင့် ကောင်လေးတချို့ကလည်း လူနာစောင့် တွေထင်ပါရဲ့ ..

"လွန်းအိမ်"

"ဘာလဲ"

"ငါတို့ ပါတိုကင် ဝင်ယူလိုက်ရင်ကောင်းမလား"

"ဘာရောဂါလဲ"

"အသည်းရောဂါလဲ"

သူတို့ ကားလေးကို ဘီးလိုမ့်ရုံမောင်း၍ ဝါးခနဲရယ်ပစ်လိုက်ကြတာကြောင့် ဆေးခန်းထဲက စာရေးမတောင် လမ်းပေါ်ကိုဖျတ်ခနဲမော့ကြည့်သည် ။ ကားမောင်းနေသည့် ဇယျနေက နောက်လှည့်၍

"နင်တို့ တော်တော်သောင်းကျန်းပါလား ဟိုမှာ လူနာတွေလန့်ပြီး အသက်ထွက်ကုန်ဦးမယ်"

"လူနာတွေက အထဲမှာ ပါဟယ် ငါတို့ က ဆေးခန်းအပြင်မှာ လျှံနေတဲ့ လူနာရှင်တွေကို သဘောကျလို့ ပါ ဆေးခန်းနဲ့ မတူဘဲ အဝေးကကြည့်ရင် ဖက်ရှင်ရှိုးပွဲကျနေတာပဲ အင်း... မော်ဒယ်ဂဲလ်လေးတွေက.. ဒေါက်တာကိုကို ဆိုရင်..မော်ဒယ်ဘွိုင်းလ်လေးတွေက..နန္ဒာလှိုင်နဲ့ တူတဲ့ စာရေးမလေးကို.."

"ဘယ်ကလာ စာရေးမလေးကမှာ လဲ ..အဲ ဒီစာရေးမစီးလာတဲ့ ကား နင်တို့ မြင်တောင်မြ င်ဖူးပါ့မလား"

"ဟုတ်လား"

"ဟုတ်တယ် နာမည်က ရဲသုလွင်..တဲ့ တ ကယ့်ဟိုက်ဘော့စ်နော်..မိဘတွေက ရတနာ ကုန်သည် တွေလို့ ပြောတာ ပဲ.. လောလောဆ ယ်..ဆေးခန်းမှာ စာရေးမရှာမရသေးလို့ ကူညီ တာတဲ့ "

"ဒါဆို သေချာပြီ"

"ဘာလဲ"

"သိဘူးလေ"

တစ်ယောက်ကိုတစ်ယောက်ထုရှ်
ရယ်မိကြပြန်သည် ။

"မေမေရေ.."

"ဟေး"

အိမ်ပေါ်ကို တဝုန်းဝုန်းတက်လာကြသည့် သမီးနှင့် နောက်က အဖွဲ့ကို ဒေါ်ရွှေရည်က လှမ်းကြည့်ကာ ထွက်လာသည် ။

"ဒါဘယ်က ပြန်လာကြတာလဲ"

"ပြန်လာတာ မဟုတ်ဘူး မေမေရဲ့ ခုမှ သွားမှာ လွန်းအိမ်တို့ မနက်ဖြန် သံလျင်ဘက် သွားမလို့ မေမေနော်.. အဲဒီကနေ လေးလေးက သူ့မွေးနေ့မို့ ပျော်ပျော်ရွှင်ရွှင် လျှောက်လည် စားသောက်ကြပြီး ဓါတ်ပုံရိုက်ကြမှာ "

ဒေါ်ရွှေရည်က နောက်ဘက်မှာ ရပ်နေသည့် ဇယျနေတို့ ဆီ တစ်ချက်လှမ်းကြည့်ကာ မျက်နှာညိုသည် ။

"လွန်းအိမ်တို့ ညနေမစောင်းခင် ပြန်လာမှာ ပါ မေမေရဲ့ "

"ဟုတ်ပါတယ် အန်တီရယ်… သမီးတို့ ပျော်ပျော်ပါးပါး လူစုံတက်စုံနဲ့ စားသောက်ကြမှာ မို့ပါ..လွန်းအိမ်ကိုခေါ်သွားပါရစေနော်"

"အားလုံးစီစဥ်ပြီးမှ လာကြတဲ့ ဟာ အန်တီက ဘယ်လိုလုပ်တားမှာ လဲ သွားကြပေ့ါ"

"ဟေး.."

မေမေ မကြည်မှန်းသိပေမယ့်..မလည်ရမှာစိုး၍ လွန်းအိမ်ဇွတ်ပဲ ထွက်ခဲ့မိလေသည် ။ နှစ်ယောက်တည်းကျန်ခဲ့လျှင် မေမေကတားဦးမှာ…

******

"လွန်းအိမ်..နင်နဲ့ ဇယျ အနမ်းပန်းဆိုပါလား"

"မဆိုချင်ပါဘူး"

"ဆိုပါဟာ..ဟိုညက နင်တို့ ရင်ခုန်သီချင်း ဆိုတာ အရမ်းကောင်းတာပဲ.."

"ဟော့အေး"

လွန်းအိမ် အနမ်းပန်းတော့ မဆိုချင်ပါ...

ဇယျနေ ကိုယ့်ကိုမရိုးသားမှန်းသိသိနှင့် ဒီ သီချင်းကို ဘယ်လိုရိုးသားစွာ နားဆင်မလဲ

သူငယ်ချင်းတွေ ဝိုင်းတိုင်တွန်းပေမယ့် လွန်းအိမ်က လက်မခံ

"ရော့..ဒါဆို နင့်စိတ်ကြိုက် သီချင်းတစ်ပုဒ် ဆို"

ဂစ်တာကို ဇယျနေက လွန်းအိမ်ရင်ခွင်ထဲ လာထည့်ပေးသည်။

သူတို့ အုပ်စုထဲမှာ ဇယျနေနဲ့ အေးစုမြတ် နှစ်ယောက်သာ ချမ်းသာပြည့်ဝကြလျက် ကျန်တဲ့ လူတွေက လွန်းအိမ်တို့လိုပဲ

မိသားစုအပူကိုယ်စီနှင့် ဖြစ်ကြလေသည်။

သံလျင်သူ လေးလေးက သူတို့ အုပ်စုတွေ အကောင်းဆုံး အလွတ်လပ်ဆုံး ပျော်ရွှင်နိုင်မယ့် နေရာကို စိတ်ကြိုက်ရွေးထားသည်။

အရိပ်ကောင်းသည့် သစ်ပင်အုပ်ကြီးရဲ့ အောက်မှာ ကြီးမားသော ကော်ဇောကြီးခင်းလျက် စားစရာတွေက နှစ်မျိုး သုံးမျိုး အအေးဘူးတွေ သစ်သီးတွေကအစ ကိတ်မျိုးစုံလည်း ပါ၏။

"ဟော့....ငါတို့ ထမင်းအရင်စားမလား.."

"မစားသေးပါဘူး လွန်းအိမ်ကို သီချင်းဆိုခိုင်းမလို့ ..."

လွန်းအိမ်က ဂစ်တာကြိုးလေးတွေကို ဆော့နေသည်။

သူတို့ ထဲမှာ ထွန်းထွန်းရယ် ဇယျနိုင်ရယ်

လွန်းအိမ်ရယ်ပဲ ဂစ်တာတီးတတ်သည် ။

ကျန်တဲ့ မိန်းကလေးတွေ မတီးတတ်။

တစ်ခါတစ်ခါ သီချင်းဝင်ဆိုကြတာပဲရှိသည် ။

"လွန်းအိမ် ဆိုတာ .. ဘာဆိုမှာ လဲ"

"ဆိုမှာ ပေ့ါဟဲ့.."

လွန်းအိမ် စတင်တီးခတ်လိုက်တဲ့ သီချင်းက 'ယူပါကို'

.. ယူပါကို..တို့ အသည်းလေးယူပါကို....အချစ်ကအမြဲအလိုရှိတယ်ဆို .. တို့ ရဲ့ အသက်ကိုပေးမယ်နော်...ယူပါကို..တို့ အသည်းလေး..ယူပါကို..

(..သိပ်ချစ်တယ် ဆိုရင်ကိုရယ် ပြည့်စုံခြင်းအတွက် နည်းနေသေးတယ်)

အားကိုးတယ်..မြတ်နိုးတယ်..ဒီထက်အများ

းကြီး ရှိသေးတယ်.. (ယူပါကို..တို့ အသည်းလေး.. ယူပါကို..)၂

မျက်ဝန်းထဲမှာ ရှင်းသန့်ချောမောနေသော မျက်လွှာ တစ်ခုက ဝေ့ဝေ့ဝဲဝဲ..တကယ်ပဲစွဲနေပြီကို..

..အချစ်က အမြဲအလိုရှိတယ်ဆို..တို့ ရဲ့ အသက်ကိုပေးမယ်နော်...(ယူပါကို..တို့ အသည်းလေး..ယူပါကို)၂

လက်ခုပ်တီးသံတွေက စိုပြေစွာထွက်ပေါ်လာသည်။

"လွန်းအိမ်ကလေ..ဘယ်သူ့သီချင်းဆိုဆို အရမ်းနားထောင်လို့ ကောင်းတာပဲ"

"နောက်တစ်ပုဒ်"

"ဟင့်အင်း တော်ပြီ"

"ဒါဖြင့် စုံတွဲဆိုဟာ"

"မဆိုချင်ဘူး"

"ဒါဆို ဇယျဆိုမလား ထွန်းထွန်းဆိုမလား"

"ငါဆိုမယ်"

ထွန်းထွန်းက ဂစ်တာကိုပြောင်းယူသည် ။

ဇယျနေကတော့ လွန်းအိမ် မျက်နှာလေးကိုသာ စူးစိုက်ငေးမောလျက်။

လွန်းအိမ်ကလည်း ငိုင်ငိုင်လေးဖြစ်ကာ မြစ်ကမ်းနဖူးဘက်ကိုလျှောက်ထွက်သွားသည် ။

ထွန်းထွန်းက ဂစ်တာကို တီးခတ်မယ်ပြင်ပြီးမှ ဇယျနေ လက်ကိုဆွဲလှုပ်၍ နောက်ကလိုက်ဖို့ သတိပေးသည် ။

လေးလေးတို့ က စားစရာတွေကိုပြင်ဆင်နေကြရင်း မသိသလိုလုပ်နေကြသည် ။

"လွန်းအိမ်"

ဇယျနေက လွန်းအိမ်နဲ့ ပခုံးချင်းယှဉ်လျှော

က်လိုက် လာ၏။

"နင် ဒီနေ့ မျက်နှာမကောင်းသလိုပဲ ဘာဖြစ်လို့ လဲ"

"ဘာမှ မဖြစ်ပါဘူး"

ဂုတ်လောက်ဆံပင် ကုပ်ကုပ်ကလေးကို ရှေ့ဆံမြိတ်အားလုံးဘီးကုတ်အနီးနှင့် လှမ်းသိမ်းထားသည် ။ လွန်းအိမ် နဖူးပြေပြေလေးက ဆံစပ်မှာ မွေးညှင်းလေးများ ဆင်းကျနေလျက် နုနုနယ်နယ်လေး ဖြစ်နေသည် ။

ဒါပေမဲ့ မျက်နှာပေါ်မှာ မပြယ့်တပြယ် သနပ်ခါးပါးကွက်မှ လွဲ၍ ဘာမှ ရှိမနေပါ။

အဲဒါလေးကိုက ချစ်ချင်စရာကောင်းနေတာဖြစ်သည် ။

လွန်းအိမ်ရဲ့ အလှအားလုံးသည် ရိုးသားပွင့်လင်းခြင်းနှင့် ဟန်ဆောင်မှုကင်းခြင်းတို့

သာဖြစ်သည် ။

လွန်းအိမ်မျက်နှာဘယ်အချိန်ကြည့်ကြည့် တမင်ဖန်တီးထားသည့် ခြယ်သမှုများ နှင့် ညို့ငင်ဆွဲဆောင်မှုတို့ က ရှိမနေပေ။

ချစ်စရာကောင်းသော မျက်နှာလေးသည် ဖြူစင်အပြစ်ကင်းလျက်

"လွန်းအိမ်"

"ဘာလဲ"

"နင့်ကိုငါ စကားတစ်ခွန်းပြောချင်တယ် နင်စိတ်ဆိုးမယ်ဆိုတာလည်း သိတယ်၊ ဒါပေမဲ့ ငါ မပြောဘဲလည်း မနေနိုင်ဘူး"

လွန်းအိမ်က လက်ကလေးနှစ်ဘက်ပိုက်၍ ဇယျမျက်နှာကိုစိုက်ကြည့်လိုက်သည် ။

"နင် ငါ့ကို ရည်းစားစကားပြောမလို့ မဟုတ်လား.. ဒီလိုအစချီလာပုံမျိုးတွေက

ရိုးနေပါပြီဟာ"

ဇယျနေက ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်၍ မျက်နှာနီနီနှင့် ခေါင်းငုံ့ရယ်သည်။

"နင်ကသာ..ငါ့အပေါ်စိတ်လှုပ်ရှားမှုမရှိလို့ ရိုးနေပေမယ့် ငါကတော့ ဒီစကားပြောဖို့ ရင်တွေတအားခုန်ပြီး ပြောဖို့ မနည်းကြိုးစားရတာ"

လွန်းအိမ်က ပင့်သက်လေးရှိုက်၍ မျက်နှာလွှဲသည်။

"ငါကတော့ ရင်မခုန်တတ်ဘူး.. မခုန်တတ်သေးတာလည်း ဖြစ်ရင် ဖြစ်မှာ ပေါ့လေ.. ပြီးတော့..သူငယ်ချင်းချင်း ငါမဖောက်ပြန်ချင်ဘူး ဇယျ သန့်သန့်ရှင်းရှင်းပဲ..ခုလိုနေကြတာကောင်းပါတယ်"

"ငါ့ကို မချစ်နိုင်သေးရင် နေပါလွန်းအိမ်ရယ် သူငယ်ချင်းမို့ဆိုတဲ့ စည်းတော့မခြားလိုက်

ပါနဲ့ ... သူငယ်ချင်းဆိုတာ ဆွေမျိုးမဟုတ်ပါဘူး တမိသားနဲ့ တမိသား တွယ်တာကြတယ်ဆိုတာ အရောင်အမျိုးမျိုးပြောင်းလို့ ရနိုင်တဲ့ သံယောဇဉ်ပါ"

"ငါ့စိတ်ကတော့..သူငယ်ချင်းက သူငယ်ချင်း..ချစ်သူက ချစ်သူပဲ"

"သံယောဇဉ်နဲ့ ချည်နှောင်မှုက ပိုခိုင်မြဲတယ်လို့ ငါကတော့ထင်တယ်"

လွန်းအိမ်က မျက်နှာကလေးမဲ့၍ ခေါင်းခါသည်။

"နင်ငါ့ကိုချစ်တယ်ဆိုတာ ငါစိတ်မဆိုးဘူး ဒါပေမဲ့ နင်ငါ့ကိုမမျှော်လင့်စေချင်ဘူး ဇယျာဘာဖြစ်လို့ လဲဆိုတော့.. ငါ့သူငယ်ချင်းတွေအပေါ် ငါဘယ်တော့မှ ရင်ခုန်မှာ မဟုတ်လို့ ပဲ"

"လွန်းအိမ်"

"ငါစကားကုန်ပြောပြီးပြီပဲ ဇယျရယ်..ငါ့ကို စိတ်ညစ်အောင်မလုပ်ပါနဲ့ "

"အချိန်စောပါသေးတယ် လွန်းအိမ်.. 'ဘယ်တော့မှ ' ဆိုတဲ့ စကားကို မသုံးသင့်သေးဘူးလို့ ငါထင်တယ် ဘာပဲဖြစ်ဖြစ်..ငါကတော့ အမြဲချစ်နေ မျှော်လင့်နေမှာ ပဲ"

လွန်းအိမ်က ဇယျနေကို ဂရုဏာ မျက်ဝန်းလေးများ နှင့် ကြည့်ကာ လှည့်ထွက်သွားလေသည် ။

အချစ်က ကိုယ့်မှာ ရှိပြီးသား...

******

"ဟေ့"

အသံကြောင့် နောက်ကိုလှည့်ကြည့်လိုက်တော့ ခေါ်နေသူက မဟော်။ မဟော်က လွန်း

အိမ် နားထိလျှောက်လာသည်။

"နှင်းဆီပန်း ဆယ်ပွင့်လောက်ရမလား"

လွန်းအိမ်ကိုင်ထားသည့် ပန်းတွေကို သူက မေးဆတ်ပြ၍ မေးသည်။

"ဝယ်ချင်တာလား တောင်းတာလား"

မဟော်က လွန်းအိမ် စွဲလမ်းခဲ့ရသော အပြုံးကိုကြာရှည်စွာမျက်လွှာချနေသည်။

ပြီးမှ ဖျတ်ခနဲပင့်ကြည့်ကာ

"မင်း မုန့်ဖိုးလိုချင်ရင် ပေးမှာ ပေါ့..ဝယ်ချင် တယ် ဆိုတာက ရောင်းစားတဲ့ လူမဟုတ်တဲ့ သူကို ပြောရမှာ အားနာဖို့ ကောင်းတယ်"

လွန်းအိမ်က မဲ့သည်။

"ရှင် မုန့်ဖိုးပေးရအောင် လွန်းအိမ်က က လေးမှ မဟုတ်ဘဲ ကြီးကြီးကျယ်ကျယ်"

"ဟိတ် နေဦးလေ"

မဟော်..လွန်းအိမ်နောက်ကလိုက်လာသ
ည် ။

"ကဲ..တို့ က တောင်းတယ်လို့ ပဲ ထားလိုက်
ပါတော့ မင်းကပေးမှာ လား"

"ဘာလဲ"

"ပန်းလေ"

လွန်းအိမ် ဖျတ်ခနဲကြည့်လိုက်မိသည် ။

မှုံညက်နေသည့် မျက်နှာသည်
ယောကျ်ားဖြစ်ပါလျက် အဖုအထစ် အစက်အ
ပျောက်ကင်းကာ သန့်စင်ဖြူနေသည် ။

မျက်ဝန်းညိုများက နှုတ်ခမ်းက အနည်းင
ယ်ပြုံးယောင်သမ်းလိုက်သည် နှင့် ညို့ငင်ရီဝေ
လျက် အကြည့်ခံရသူအတွက် ပျော်ဝင်သွားနိုင်
သည် ။

ဒါဆို သူနဲ့ အမြဲအတူသွား အတူရယ်မော

စားသောက်နေကြတဲ့ ရဲသုလွင်ဆိုတဲ့ တစ်ယောက်ဘယ်လိုနေမလဲ။

"ချာတိတ် ဘာငေးနေတာလဲကွ တို့ ကအလုပ်သွားရဦးမှာ "

"ဩော်..အင်း..ရပါတယ် ခုယူမှာ လား"

"နေ့တိုင်းလိုချင်တာ..ဆေးခန်းက စားပွဲမှ ထိုးဖို့ လား"

"အထဲကစားပွဲလား..အပြင်က စားပွဲလား"

"တို့ ရဲ့ စားပွဲပေါ့..ရဲက သူ့စားပွဲအတွက် သူ့ဟာသူယူလာတာ"

လွန်းအိမ်က ခေါင်းညိတ်လိုက်သည် ။

"ရပါတယ်..ကိုကျော်ကျော့်ကို ရှင်တို့ ကြိုက်တဲ့ အရောင် ခူးခိုင်းလိုက်ပေါ့"

" မဟုတ်ဘူး ကွ မင်းကိုအဲဒါ အကူအညီတောင်းချင်တယ်..မင်းက ပန်းလှစိုက်တာ

တော်တယ် မင်းထိုးထားတဲ့ ပန်းအိုးလေးကို တို့ သတိထားမိတယ်..အဲဒါ တို့ စားပွဲမှာ မင်း ကိုယ်တိုင် ထိုးပေးပါလား.."

"နေ့တိုင်း"

"အင်း"

"ညနေတိုင်း လွန်းအိမ်က အိမ်မှာ ရှိချင်မှ ရှိမှာ ကို"

"ရှိတဲ့ အခါတိုင်းပေါ့"

"ရှင့်ရဲ့ ရဲကိုထိုးခိုင်းပါလား"

"သူက မင်းလောက်မတော်ဘူး....ပြီးတော့ စိတ်မရှည်ဘူးလေ"

"ပန်းဆယ်ပွင့်လောက်တော့ ဖြစ်ချင်ဖြစ်မှာ ပါ"

"မင်းကူညီနိုင်မနိုင် ပြောပါ"

ရဲသုလွင်ကို မခိုင်းဘဲ ကိုယ့်ကိုခိုင်းတာ ရဲ

သုလွင်ကို မခိုင်းရဲလို့ ကိုယ့်ကိုတမင်စီးပိုးခိုင်းတာများ လားဟု တွေးလိုက်မိပြန်သည်။

"ချာတိတ် မင်းရဲ့ ပညာကိုသဘောကျလို့ ခိုင်းတာနော် တမျိုးမထင်နဲ့ မကူညီနိုင်ဘူးဆိုလည်း ရတယ်"

"လွန်းအိမ် ထိုးပေးမယ်လေ အိမ်မှာ ရှိတဲ့ အခါပေါ့"

"အိုခေ ကျေးဇူးပဲချာတိတ် ဒါဆို ဒီညနေလုပ်"

"ဟုတ်"

******

"ဟာ..မဟောက်ကွာ..အဲဒီပုဂ္ဂိုလ်နဲ့ တော့မစနဲ့.."

"မစပါဘူး..မြင်တဲ့ အတိုင်းပြောတဲ့ ဥစ္စာ"

"ကြည့်ပါလား…ရဲ..စိတ်ကောက်ပစ်လိုက်မှ နော်"

အသံတွေကြောင့် ကြက်သီးများ ပင်ဖျန်းခနဲထမိလေသည်။

ဖော်မပြနိုင်သော ဝေဒနာဆိုးက ရဲသုလွင်ရဲ့ ဘယ် နေရာကို ထိရှသွားမှန်းမသိနိုင်သော ခပ်ညူညူစကားသံနောက်မှာ ကယိမ်းကပါးပါသွားလေသည်။

သူတို့ ဆေးခန်းထဲဝင်လာကြတော့ လွန်းအိမ် ပန်းအိုးလေးထိုးပြီးသွားပြီ။

"ဟိုမှာ တွေ့လား ရဲ..လွန်းအိမ်ထိုးထားတဲ့ ပန်း…လိုအပ်ရင်ပညာယူ"

ဆေးကုခန်းရဲ့ ခန်းဆီးစကို လက်နှင့် ဆွဲသိမ်း၍ မဟော်က လွန်းအိမ်ထိုးစိုက်ထားတဲ့ ပန်းအိုးလေးကိုပြသည်။

ပန်းအိုးထဲမှာ နှင်းဆီအဖြူနှင့် အနီလေးတွေက အနိမ့်အမြင့်လေးတွေ နေရာကျလျက် ဖူးငုံတစ်ဝက် ပွင့်တစ်ဝက်နှင့် ကဗျာဆန်နေလေသည်။

"ဟုတ်သားပဲ..အဲဒါ လွန်းအိမ်ဆိုတာလား...တို့ ကိုလည်း ထိုးပေးပါလား"

သူပြောတာ စိတ်ဆိုးစရာစကားမပါပေမယ့်စိတ်ထဲမှာ ဆတ်ခနဲဖြစ်သွားမိသည်။

"ဆောရီးပဲ..လွန်းအိမ် အချိန်မရတော့ဘူး"

ဒါပဲပြော၍ လွန်းအိမ် သူတို့ ရှေ့က ရှောင်ထွက်လာခဲ့သည်။

ရဲသုလွင် မျက်နှာလေးတည်သွားကာ...

"မလိုအပ်ဘဲ ပြောသွားသလိုပဲ..ရဲ ပြောတာမှားတာပါသွားလို့ လား မဟော်"

"မဟုတ်ပါဘူး ရဲရယ်....ကောင်မလေးက

တကယ့်ကလေးစိတ်ရယ်..ကိုယ်တောင် မနည်းကြီးပြောယူရတာ.."

"ဒီပန်းအိုး မထိုးလည်း ဘာဖြစ်လည်း မ ဟော်...ဒါလေးကိုချော့ခိုင်းနေဖို့ မလိုပါဘူး ကောင်မလေးက ခပ်ရိုင်းရိုင်းလေး"

သူတို့ ပြောဆိုနေကြတုန်း လူနာတွေဝင် လာကြသည် မို့ မဟော်လည်း ဆေးကုခန်းထဲ ဝင်၊ ရဲသုလွင်လည်း စားပွဲမှာ ထိုင်လိုက်ရသ ည်။

ရင်ထဲမှာ တော့ မကျေနပ်စိတ်လေးကငြိ တွယ်ဆဲ

******

"ကျော်ကျော်ရေ မင်းအစ်ကိုလေး မပြီး သေးဘူးလား"

"ရေချိုးနေတယ် အစ်မလေး ညက အိပ်ရာဝင်တာ နောက်ကျတယ်"

"အေးပါကွဲ..မြန်မြန်လုပ်ဖို့ သာ သွားပြော.. အလုပ်နားတဲ့ ရက်ကလေး တစ်ခါတစ်လေ အပြင်သွားဖို့ ခေါ်ပါတယ် မင်းသားကပွဲထွက် နောက်ကျနေတာနဲ့ .. အချိန်တွေနှမျောစရာ ဖြစ်ကုန်ပြီ"

ခြံထဲကပေါ်တက်၍ အပေါ်လှေကားထစ်တွေနင်းဖြတ်လာတဲ့ တစ်လျှောက် အားလုံးကို လွှမ်းအိမ် ကြားနေရသည်။

လက်ထဲမှာ ကိုင်လာသည့် နံ့နံ့ပင်ထုပ်ကို တင်းတင်းဆုပ်၍
အပေါ်ထပ်ခပ်သုတ်သုတ်ပြေးဆင်းခဲ့၏။

"နီလာ"

"ရှင် မမလေး"

"အောက်မှာ ပန်းသွားခူးချေ"

"ခုနကမှ ပန်းလဲထားတာလေ မမရဲ့ "

"မရှည်ပါနဲ့ သွားခူးပါဆို တတ်နိုင်သမျှ အမြန်ဆုံး ပြန်လာခဲ့ ဆယ်ပွင့်လောက်ဆိုတော်ပြီ"

"ဟုတ်"

နီလာ ပြေးဆင်းသွားသည် ။

နှင်းဆီဆို လေးမျိုးလောက် ခြံထဲမှာ ရှိနေသည် ။

ခြံစောင့်ကြီးက မိန်းကလေးချည်းရှိတဲ့ လွန်းအိမ်တို့ ကို စေတနာပိုကာ ပန်းပင်တွေအတွက်ပါ ကိုယ်တိုင်မာလီ လုပ်ပေး ရှာ၏။

"ဟဲ့..နီလာ ပန်းတွေ ဘာလုပ်ဖို့ လဲ"

နီလာပန်းတွေခူးတတ်လာတော့ ဒေါ်ရွှေရည်နှင့် လှေခါးထိပ်မှာ ဆုံလေသည် ။

"လွန်းအိမ် ခူးခိုင်းတာ မေမေ ဒီဝရံတာက ပန်းအိုး လေးလဲမလို့ "

"ဩော် နောက်မှ လုပ်ပါလား သမီးရယ်..ဒီမ ၂၁ မုန့်ဟင်းခါးစားလို့ ရပြီလို့ မေမေက ထွက်ပြောတာ"

"စားမယ်မေမေ..ခဏလေး"

နီလာ့ဆီက ပန်းတွေယူကာ ဝရံတာဘက် ထွက်လာခဲ့သည် ။

မှတ်ထား..အပြင်လျှောက်လည်မယ့်စုံတွဲ လွန်းအိမ်... လက်ဆွဲကော်ချိုင့်ကြီးနှင့် ရေအပြည့်ဆွဲချထားပြီးမှ

ငါ..ရဲသုလွင် အပေါ်ပဲ ကတ်ချလို့ ဖြစ်ပ့ါမလား တော်ကြာ မုန်းလို့ လုပ်ပါမှ ချစ်အောင်ဖန်တီးပေးသလိုဖြစ်ပြီး အကြင်နာတွေ ပိုနေရင် ဒုက္ခ။

ကိုယ့်အတွေးနှင့် ကိုယ် မူလအစီအစဉ်ကိုဖျက်ပစ်လိုက်သည် ။

အောက်ထပ်ကိုလှမ်းမြင်ရသည် ။ ကြမ်းခင်းကြားထဲက လက်တစ်ဖဝါးခန့်ရှိသံဇကာကွက်ကို ပြေးငုံ့ကြည့်လိုက်မိပြန်သည် ။

ဟော..နှစ်ယောက်လုံး
အားလုံးအဆင်သင့်ဖြစ်နေပြီ...

လွန်းအိမ် ဝရန်တာ ဘက်ပြန်ပြေးလာခဲ့သည် ။

ရေပုံးကို အသင့်ကိုင်ထားပြီး တဒိတ်ဒိတ်ခုန်နေသည့် ရင်က ပါးစပ်ထဲကနေပဲ ခုန်ပေါက်ထွက်လာတော့မယ့်အတိုင်း။

နှစ်ယောက်ယှဉ်လျက်သား
ထွက်လာတာမြင်သည် နှင့်

"ဗြန်း"

"ဟာ"

"အမလေး"

"ဟယ်..ကန်တော့ ကန်တော့"

လွန်းအိမ် ဘာမှ မသိတဲ့ အတိုင်း အော်သံလေးကို ခပ်ကျယ်ကျယ်ပြု၍ အောက်ထပ်ပြေးဆင်းလာခဲ့သည်။

ဖြစ်သွားသည့် ရုပ်တွေကို အနီးကပ်ကြည့်ချင်လို့ ...

"ကန်တော့ ကန်တော့ နော် ကိုကို..လွန်းအိမ် ပန်းအိုးလဲရင်း အမှတ်တမဲ့ သွန်ချလိုက်မိတာ..အစ်မကိုလည်း တောင်းပန်ပါတယ်"

ရေတွေကနည်းတာမှတ်လို့ ..

အားနှင့် ကျသွားစေသော ရေအားကြောင့် နှစ်ယောက်စလုံး ကြွက်စုတ်လေးတွေလို

မဟော်က ယောက်ျားလေးမို့ သိပ်မသိသာ

ပေမယ့် တမင်ပွအောင် လှအောင် ဖန်တီးထား သည့် ကျောလယ်ခန့်ရှိသော ရဲသုလွင်ရဲ့ ဆံပင် ဖားလျားက ချက်ချင်း သကြ်န်ရေပက်ခံထွက် ထားသလို မိတ်ကပ်အလုံး လိုက်လေးတွေ ဖြစ် ကုန်သည် ။

မျက်နှာထက်မှာ ရေတွေ စိုရွှဲနေသော်လည်း မျက်လုံးကနေသပ်ချလိုက် လျှင် ခြယ်သထားတာတွေ အဖြစ်ဆိုးသွားနိုင် တာကြောင့် သပ်လည်း မချရဲ။

ရေတွေကလည်း မျက်စိထဲဝင်၍ စပ်ဖျင်း ထုံကျင်ကာ မျက်ရည်တွေပါ မခံနိုင်တဲ့ အဆုံး မျက်ဝန်းကိုသာ ဖိပိတ်ချကာ တစ်လုံးပြည့်နေ သော ရေနဲ့ မျက်ရည်တွေကို ညှစ်ထုတ်ရသည် ။

ရဲသုလွင် ဒေါသက အတိုင်းအဆမရှိတော့ ပါ။

"မင်း ဒီလိုပဲ ဗရမ်းဗတာလုပ်နေကျလား လွန်းအိမ်"

"ဗရမ်းဗတာလုပ်နေကျဆိုတဲ့ လူမျိုး မရဲက တွေ့ဖူးသလား"

"အဲဒါ မင်းလေ"

"လွန်းအိမ် ဘယ်လိုအကျင့်စရိုက်ရှိတယ် ဆိုတာ လွန်းအိမ်ကိုမွေးထားတဲ့ မေမေပဲသိမှာ ပေါ့၊ မရဲက လွန်းအိမ်ရဲ့ မေမေမို့လို့ သိနေတာ လား"

"ဘာ"

"ကဲ..တော်ကြပါတော့ကွာ"

မဟော် စိတ်ပျက်လက်ပျက် ဖြစ်သွားမိသ ည်။

မှားတဲ့ သူက ဘယ်လိုအကျင့်ရှိလို့ ပဲမှားမှား..ရဲ နေရတကော စိတ်တိုတတ်တာကို

သဘောမကျ။

လွန်းအိမ် တဒုံးဒုံးပြေးဆင်းသွား၍ စိုးရိမ်မကင်းလိုက်ဆင်းလာသည့် ဒေါ်ရွှေရည်တစ်ယောက် ဖြစ်နေပုံကို မြင်ကာ သဘောပေါက်သွားလေသည် ။

"ဒုက္ခပါပဲ လွန်းအိမ် လုပ်ချလိုက်ပြန်ပြီထင်တယ် သားနဲ့ သမီးကို အန်တီ တောင်းပန်ပါတယ်ကွယ် အားနာလိုက်တာ.."

မဟော်က ဆံပင်ရေတွေကို သပ်ချကာခေါင်းညိတ်ပြပေမယ့် ရဲသုလွင်မျက်နှာက တစ်ချက်မှ လျော့မသွား။

"ရဲ...ပြန်မယ် မဟော် ဒီနေ့ အစီအစဉ်အားလုံး ဖျက်လိုက်တော့"

ပြောကာ တောင်းပန်နေသည့် လူကြီးကိုတောင် ဂရုမစိုက်ဘဲ ကားပေါ်ကို ဆောင့်အောင့်တက်၍ မောင်းထွက်သွားသည် ။

"မိန်းကလေး တော်တော်စိတ်ဆိုးသွားတယ်ထင်တယ် အားနာလိုက်တာသားရယ်..ဒီကလေးကို အန်တီ မှတ်လောက်အောင်ဆုံးမပေါ့မယ်"

"ရပါတယ်အန်တီ မတော်တဆဖြစ်တာပဲဟာ လွန်းအိမ်ကိုဆူမနေပါနဲ့ "

အားနည်းသောအပြုံးနှင့် လွန်းအိမ်ကိုလည်း တစ်ချက်ကြည့်ကာ မဟော် အိမ်ပေါ်ပြန်တက်သွားလေသည် ။

ဒေါ်ရွှေရည်ရဲ့ နီရဲတင်းမာနေသော မျက်နှာကြီးက လွန်းအိမ်ဘက်လှည့်လာ၏။

ဒေါသဖြစ်ခဲသော မမေ့အကြောင်းကိုသိသည့် လွန်း အိမ်ဗိုက်ခေါက်တွေယားကာ နောက်ခြေတစ်လှမ်းဆုတ်လိုက်သော်လည်း ...

ခေါင်းမှာ 'ဒေါက်' ခနဲ ဆို ထူပူသွားလေသည် ။

"မိန္ရွေလွန်းအိမ်"

"အား မေမေကလည်း ..လွန်းအိမ် မသိလို့ လုပ်မိတဲ့ ဟာကို"

လွန်းအိမ် ခေါင်းကိုလည်း ပွတ် ခြေကလည်း ဆောင့်၍ နောက်ထပ်ဆုပ်သည် ။

တော်ကြာ...ဗိုက်ခေါက် ထပ်ရောက်မလာဘူးလို့ မေမေလက်ကို အစိုးရတာမဟုတ်။

"သွား..ခု အပေါ်တက် ဒီကစ္စ ညည်းကိုလုံး ဝ အလျှော့ပေးလို့ မဖြစ်ဘူး ဟိုမှာ ကောင်မလေး ဘယ်လောက် အားနာဖို့ ကောင်းသလဲ သူကမတောင်းပန်တဲ့ အပြင်ရန်တွေ့နေလိုက်သေးတယ်"

"လွန်းအိမ် တောင်းပန်နေတာပဲ သူကအတင်းဖိဟောက် နေတာ မေမေက မမြင်ဘဲနဲ့ "

"ဟောက်မှာ ပေါ့ သူ့ခများ ဘယ်လောက်ရ

ပ်ပျက်ဆင်းပျက်ဖြစ်သွားသလဲ၊ ဒါကို သူကျေန ပ်အောင် ညည်းက မတောင်းပန်ဘဲရန်လုပ်ဦး. ..ကဲ"

ဒေါက်ခနဲ နောက်တစ်ချက်ကျလာပြန်သ ည်။

"အား..မေမေ"

လွန်းအိမ် နာလွန်း၍ မျက်ရည်များ ပင် လ ည်လာသည်။

ထိုစဉ် ခွီးခနဲရယ်သံ တစ်ချက်ကြားလိုက်ရ သဖြင့် မျက်လုံးကအလိုလို ရောက်သွားလျှင် ကျော်ကျော်က ကားရေဆေးနေရာမှ သွားကြီး အဖြီးသားနှင့်။

လွန်းအိမ် ဒေါသထွက်သွားသည်။

အလိုလိုကမှ ကိုယ့်ဒေါသက ထွက်ပေါက်မ ရှိရတဲ့ အထဲ

"ရှင်က ဘာရယ်တာလဲ"

"ဟီး..ဟီး မရယ်ပါဘူး...ဟီး"

မရယ်ပါဘူးဆိုပြီး ပိုရယ်လျက် တစ်ဘက် လှည့်သွားသည် ။

"ဟင်း..ပုံစံကိုက လူကနှစ်တစ်လက်မ၊ မျက်နှာမှာ ဖားပါးစပ်နဲ့ မှ င်စာလိုလို သရဲလိုလို"

"ဟဲ..ဩော် ကြည့်စမ်း ပြောလေကဲလေ.. လွန်းအိမ်"

"မေမေ နော်"

လွန်းအိမ် ခေါင်းကလေးအုပ်ကာ အပေါ်အတင်းတက်ပြေးလေသည် ။ အရယ်မပျက် ကျော်ကျော့်မျက်နှာက ဒီဘက်ပြန်လှည့်လာတော့လည်း သွားဖြီးဖြီးနေဆဲ။

*****

## အခန်း (၄)

လွှန်းအိမ် ပန်းအိုးလေးကို လှည့်ပတ်ကြည့် နေတုန်း နောက်က အရိပ်ကြောင့် လှည့်ကြည့် လိုက်မိသည်။

"ဟင်..ဦးမဟော် တစ်ယောက်တည်းလား"

"အင်း..ဟိုနေ့က မင်းလုပ်လိုက်တဲ့ ကိစ္စ နှာ စေးပြီး...ရဲမလာနိုင်တော့ဘူး"

"အို..လွှန်းအိမ်စိတ်မကောင်းလိုက်တာ သူ လွှန်းအိမ်ကိုအရမ်းစိတ်ဆိုးမှာ ပဲနော်"

ဆိုးလိုက်တာမှ နောက်ဘယ်တော့မှ ရဲ ဒီ ဆေးခန်း ဒီခြံဝန်းကိုလာတော့မှာ မဟုတ်ပါ။

ဒါပေမဲ့..

"ဒီလောက်တော့ မဟုတ်ပါဘူး သူဖျားလို့ တို့ ဒီနေ့ တမင်စောပြန်ပြီး သူ့ကိုဝင်ကြည့်ပေး ရသေးတယ်"

မဟော်က စားပွဲရှေ့ကုလားထိုင်မှာ ဝင်ထို င်လိုက်ကာ

"ချာတိတ် ဟိုနေ့က တို့ ကို ကိုကိုလို့ ခေါ်လို က်သလားလို့ "

"ရှင်"

"ရေလောင်းချတဲ့ နေ့ကလေ"

လွှန်းအိမ်မျက်နှာကလေး နီရဲသွားကာ

"အဲဒါ ရုတ်တရက် အလွယ်တကူခေါ်လိုက် မိတာပါ"

"ဆက်ခေါ်လေ..ဦးမဟော်ဆိုတာ ခေါ်ရ တာထောက်တယ်..ပြီးတော့ တစိမ်းဆန်တာ

ပေါ့"

လွန်းအိမ် ဝမ်းသာကြည်နူး၍ ရင်တွေခုန်နေမိသည် ။

အဲဒီနေ့က တကယ့်ကို အမှတ်တမဲ့ ခေါ်ဖြစ်သွားတာပါ။

"ချာတိတ် တို့ ပြောတာ ကြားလား"

"ဟုတ်"

"တို့ မှာ ညီမလေးတစ်ယောက်ရှိဖူးတယ်ဒါပေမဲ့ ခုတော့ဆုံးရှာပါပြီ။ ရှစ်တန်းဖြေတဲ့ နှစ ်မ ၂၁ နမိုးနီးယားဖြစ်ပြီး ဆုံးသွားတာ၊ သူလည်း တို့ ကို ကိုကိုလို့ ပဲခေါ်တယ်၊ ပြီးတော့ မင်းလောက်မလှပေမယ့် ချစ်ဖို့ ကောင်းတာချင်းတူတယ် တို့ က ညီမလေးတစ်ယောက် အစားရတယ်လို့ သတ်မှတ်လိုက်မယ်လေ.. "

ညီမလေးတဲ့ လား။

ရင်ထဲမှာ ဟာ ခနဲ ဖြစ်သွားသည် ။

သူက ကိုယ့်ရဲ့ ကိုကိုဆိုသည့် ခေါ်သံကို သာယာတာ မဟုတ်ဘဲ ညီမလေးလို သဘော ထားလို့ နှစ်သက်ခဲ့ခြင်းပါလား..

"ကိုကိုက မိဘတွေရှိသေးတယ်ပေါ့နော်.. ဘယ်မှာ နေကြတာလဲဟင်"

"အမေရိကန်မှာ မြန်မာနိုင်ငံကနေ ပြောင်း သွားတာတို့ ဆယ်တန်းအောင်တဲ့ နှစ်ကပေါ့၊ တို့ က ဘွားဘွားတို့ နဲ့ နေခဲ့တာ"

"ခုဘာလို့ အဲဒီမှာ မနေဘဲ ဒီမှာ လာနေနေ တာလဲ"

စပ်စုတတ်တဲ့ ညီမလေးတစ်ယောက်အပေါ် စိတ်ရှည်ရှည် ထားပေးခဲ့သည့် အပြုံးမျိုးနှင့် မဟော်က လွန်း

အိမ်ကို ကြည့်သည် ။

"တို့ ကို အမေရိကန်ကို လိုက်ခဲ့ဖို့ ခေါ်တယ် လေ တို့ ကမြန်မာပြည်ကိုပဲချစ်တာ သူများ နိုင်ငံမှာ အပြီးသွားနေဖို့ ကို လုံးဝမစဉ်းစားခဲ့ဘူး ၊ အဲဒါကြောင့် မာမီက ဘွားဘွားတို့ ကို လှမ်း အကြောင်းကြားတယ်၊ တို့ ကို အမေရိကန်ကို လာဖို့ ပြောမရရင် မိဘအမွေဖို့ ဘာမှ မပေးဘဲ ဒဏ်ခတ်ဖို့ .."

"ဟယ်"

မဟော်က အပြုံးမပျက် မျက်နှာနှင့်

"အမွေဘာလုပ်တော့မှာ လဲ..တို့ အတွက် တစ်သက် လုံးဖို့ ပညာအမွေ မာမီတို့ ကပေးခဲ့ပြီးသားပဲ၊ အဲဒီတော့ ဘွားဘွား တို့ ဘာမှ မပြောသေးခင် တို့ ကခုလို ခွဲထွက်လိုက်တယ်၊ တို့ ယူလာတာ ခုစီးနေတဲ့ ကားတစ်စီးပဲ ရှိတယ်"

"မိဘက ကရုဏာ ဒေါသနဲ့ ပြောတာဖြစ်မှာ ပေါ့ ကိုကိုရယ်"

"အံမယ် မင်းကလူကြီးလုပ်နေပြန်ပြီ..သွား တော့ ဟိုမှာ ဆေးခန်းဖွင့်နေပြီ"

"မရဲ..မလာရင် ဘယ်သူစားပွဲထိုင်မှာ လဲ ကိုကို..လွန်းအိမ်ဝင်ပေးမယ်လေ"

"မင်း အချိန်ရရဲ့ လား"

"ဘာလို့ မရ ရမှာ လဲ"

"ဒါဆို ကျေးဇူးပဲ"

လွန်းအိမ် ပျော်လိုက်သည့် ဖြစ်ခြင်း

******

"ဟိတ်"

"အမလေး"

ကိုယ့်အတွေးလေးနဲ့ ကိုယ်မို့ လွှန်းအိမ်လန့်သွားမိသည် ။

"ကောင်စုတ်..လန့်သွားတာပဲ သွား"

လေးလေးက တဟားဟားရယ်ကာ လွှန်းအိမ်ပခုံးလေးကို တအားကျုံးဖက်ထား၏။

"ထင်သားပဲ ပန်းလေးကိုကြည့်ပြုံးနေကတည်းက,အတွေးတွေများ နေပြီ ငါလုပ်လိုက်ရင် ဒီမိန်းမလန့်သွားမယ်ဆိုတာ"

"ကဲ..ဟုတ်ပါတယ်၊ လန့်ပြီးပါပြီ ပြော ဘာကိစ္စလဲ တစ်ယောက်တည်းလား"

"ဟုတ်ပ..ဟောဒီမှာ ဖိတ်စာ"

"ဟင် ဘာဖိတ်စာလဲ"

"မင်္ဂလာဆောင် ဖိတ်စာ"

"ဖတ်ကြည့်လေ"

လွှန်းအိမ်က လှပလွှန်းသည့် ဖိတ်စာအိမ်

ကတ်ကိုဖွင့်၍

မောင်ဇယျနေ နှင့် မအေးစုမြတ်

"ဟင်"

အံ့သြလွန်းသဖြင့် ဘာစကားပြောရမှန်းမသိတော့ပါ။

သူငယ်ချင်းတွေ မဆုံဖြစ်ကြတာ တစ်ပတ်လောက်ပဲ ရှိသေးသည် ၊ ဒီလောက်ထိပြောင်းလဲကုန်သတဲ့ လား။

"ဒါ..ဒါဘယ်လို ဖြစ်ကုန်တာလဲ"

"အဲဒီအတိုင်းပဲ လွန်းအိမ်ရယ်"

လေးလေးအသံက ချက်ချင်းလေးကန်ပျော့ခွေသွားလေသည် ။

"ငါတို့ လည်း လုံးဝစိတ်မကောင်းကြဘူး.. အေးစုနဲ့ မောင်မျိုးနဲ့ ကြိုက်နေကြတာကို သူတို့ ဘက်က သိသွားကြတယ်တဲ့ အဲဒါ

မောင်မျိုးက တအားဆင်းရဲတော့ ကြိုက်ရကောင်းလား ဆိုပြီး အေးစုကို သူ့မိဘတွေက အခန်းတံခါးပိတ်ရိုက် အေးစုက ထွက်ပေါက်ရှာတော့ မောင်မျိုးနဲ့ ခိုးပြေးဖို့ လုပ်..အဲဒါကို လူကြီးတွေသိ..ခုအဲဒီလိုစီစဉ်လိုက်တာပဲ"

အေးစုမြတ်နဲ့ ဇယျနေတို့ ရဲ့ မိဘတွေက ခြံချင်းကလည်း နီးသလို တရင်းတနှီးလည်း ရှိကြသည် ။

ချမ်းသာတာချင်းလည်း အတူတူပါပဲ။

ဒါပေမဲ့ သားသမီးတွေကို တစ်နေ့ ဒီလိုစီစဉ်ပေးမယ်ဆိုတဲ့ အသံမျိုးတော့ မကြားခဲ့ဖူးပါ။

အေးစုရည်းစားထားတာကို သဘောမတူလို့ ပဲဖြစ်စေဦးတော့ အစကတည်းက စီစဉ်ထားတာမဟုတ်ဘဲ ခုလိုရက်ပိုင်း လေးအတွင်း ချက်ချင်းထစီစဉ်ရနိုင်သတဲ့ လား..။

ဘာပဲဖြစ်ဖြစ် မိန်းကလေးဘက်က ပြောရခက်တာ စရခက်တာမျိုးတော့ ရှိမည်သာ။

ခုဟာက

"ငါတော့ ဇယျနဲ့ အေးစုကို အရမ်းသနားတာပဲဟယ်.. သူငယ်ချင်းတွေလည်း ဖြစ် အေးစုကလည်း ရည်းစားရှိထားရုံမကဘူး ဇယျနင့်ကိုကြိုက်နေတာလည်း သူသိထားတယ်လေ၊ ဇယျဆို နံရံကိုလက်သီးနဲ့ ထိုးတာ လက်တွေတောင် စုတ်ပြဲလို့ တဲ့ "

"အို"

"သူတို့ မိဘတွေက အဆင့်အတန်းမက်တာကတော့ တကယ့်ကို မဟားတရားပါပဲ"

"ဝေဖန်မနေပါနဲ့ တော့ဟယ်"

"သူတို့ နှစ်ယောက်ရဲ့ အမေတွေက ဇယျတို့ငြင်းလွန်းတော့ ဘာပြောတယ်မှတ်လဲ..ဖိတ်

စာတွေဝေပြီးမှ ဂဏိုဂချောင် လုပ်သွားကြည့် ငါ တို့ နဖူးမှာ 'သားသမီးတွေကအရှက်ခွဲလို့ အသက်နဲ့ လဲသွားတာပါ' ဆိုတဲ့ စာတမ်းရိုက်ပြီး နှစ်လောင်းပြိုင်သေပစ်မယ်တဲ့ "

"ကြောက်စရာပါလား"

"ဟုတ်တယ် ဇယျမေမေကလည်း သူ့သား နင့်ကို ကြိုက်နေတာ သိပုံရမယ်သိလား.. ငယ်တော့ငယ်သေးတယ်တဲ့ လက်ထပ်ပေးပြီးမှ ပဲကျောင်းဆက်တက်ကြပစေတဲ့ မဟုတ်ရင်ကြိုးချင်းတွေ အိုးချင်းတွေ ထိကြငြိကြပြီးမှ ရှင်းရခက်မယ်တဲ့ .."

"အံမယ် ကြီးကျယ်လို့ "

"ကြီးကျယ်တာတော့မပြောနဲ့ ငါ အဲဒီမင်္ဂလာဆောင်သွားတောင်မသွားချင်ဘူး"

"မသွားလို့ တော့ဖြစ်မလားဟ၊ တော်ကြာ နင်တို့ ကအကြောင်း မဟုတ်ဘူး ။ ငါမသွားရ

င် ငါကအသည်းကွဲလို့ မလာနိုင်တော့တာလို့ ထင်နေဦးမယ်"

"နင်များ နည်းနည်းမှ မခံစားရဘူးလား လွန်းအိမ်ရယ် ဇယျာသနားပါတယ်"

"ဩော်..နင်က ငါ့ကိုတော့ မသနားဘူးပေါ့ "

"နင်က ဘာသနားစရာရှိလို့ လဲ"

"မတူဘူး မတန်ဘူး အထင်ခံရတာလေ"

"ဒါက သဘာဝပဲ..နင် ဇယျာအပေါ်ဘယ်လို သဘောထားတာ ငါတို့ သိတာပဲ၊ ငါဇယျာကိုသနားတယ်ဆိုတာက..သူ့မှာ နင်ကလည်း မကြည်တော့ မင်္ဂလာပွဲကို ခေါင်းရှောင် ချင်ပေမယ့် မရတော့ဘူးဖြစ်နေရှာတာ၊ တကယ့်လို့ နင်ကသာ သူ့ကိုချစ်ရင် ဘယ်သူဘာဖြစ်ဖြစ် သူနင့်ကိုပဲခိုးပြေးမှာ တဲ့ "

"အဲလိုပဲ ပြောသလား"

"ပြောရုံဘယ်ကမလဲ ငိုတောင်ငိုတယ်၊ သူန င့်ကို တကယ့်ကိုချစ်နေတာပါဟာ"

"တော်ပါလေးလေးရယ် ဒါ သနားစရာ မ ဟုတ်ပါဘူး။ သူနဲ့ တန်တာ သူသွားတာပါ။ ငါ တို့ ကတိုက်ကြီးပေါ်မှာ နေရပေမယ့် ရွှေတော င်တစ်ကိုယ်လုံးညွှတ်အောင် မဝတ်နိုင်တော့ပါ ဘူး ဒီလိုပညာတစ်ပိုင်းတစ်စနဲ့ လည်း ငါ့ဘဝ ကိုငါ အညွန့်တုံးမခံနိုင်ဘူး။ ခုဖြေထားတဲ့ ဆ ယ်တန်းစာမေးပွဲကို ငါ ဘယ်လောက် ကြိုးစား ထားခဲ့တာနင်လည်း သိသားနဲ့ ..အဲဒါ..မေမေနဲ့ ငါ့ ဘဝအတွက် မျှော်လင့်ချက်ပဲ.."

လွန်းအိမ်က ကျသွားသည့် ပန်းလေးကို ပြ န်ကောက်ယူကာ နှုတ်ခမ်းလေးချွန်၍ သာသာ လေးမှုတ်လိုက်သည် ။

"မေမေက ဘာမှ မလုပ်တတ်မကိုင်တတ်၊

ဖေဖေ ရှာခဲ့သမျှ စီးပွားရေးတွေ အားလုံးပြုတ်ကုန်ပြီ.. မေမေ့ကိုငါ သနားတယ် နောက်ဆုံးလေ့ခွက်ချည်းကျန်တဲ့ အဆင့်ရောက်ချင်ရောက်သွားပစေ ငါ့ပညာနဲ့ မေမေ့ကိုရှာကျွေးချင်တယ်"

"အေးပေါ့လေ ဒါလည်း ဟုတ်ပါတယ်"

"ငါ ရည်းစားထားဖို့ လက်ထပ်ဖို့ မလွဲသာလို့ သာ စိတ်ကူးခဲ့ရင်တောင် အဲဒီယောက်ျားက ဇယျလိုလူမဖြစ်ရဘူး"

လေးလေးက လွန်းအိမ်မျက်နှာလေးကိုငေးကြည့်နေ သည်။

ကလေးလေးလို နုနုနယ်နယ်လေးနေတတ်တာလည်း သူပဲ။

လူကြီးလေးလို တခါတခါယူဆနေတတ်ပြန်တာလည်း သူပဲဖြစ်သည်။

ဒါပေမဲ့ တစ်ခုတော့သေချာပါသည် ။

ဇယျပြောခဲ့သလိုပေါ့..

"လွန်းအိမ်လိုဖြူစင်ပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးမျိုး ငါမတွေ့သေးဘူးတဲ့ "

လွန်းအိမ်မျက်နှာလေးက ချစ်မွှေးပါတယ် ထင်ပါရဲ့ ။

******

"ဟော..သား လာပြီ.."

ဆိုဖာပေါ်မှာ ခပ်လျှော့လျှော့မှီနေရာမှ ရဲသုလွင်က ခပ်မတ်မတ်ပြင် ထိုင်လိုက်သည် ။

"လူမမာက အိမ်ရှေ့တောင် ရောက်နေပြီပဲ "

"အတော်လေးကောင်းသွားပြီ သားရယ်... ကဲ သားတို့ မောင်နှမ စကားပြောကြဦး မာမီ..

ဟိုဘက်ခြံကို ပစ္စည်းလေး သွားကြည့်ပေးလိုက်ဦးမယ်"

ဒေါ်မမက ပြုံးရယ်၍ ထွက်သွားသည်။

မဟော်က လက်စွဲအိတ်ကို စားပွဲပေါ်အသာတင်၍ ရဲသုလွင်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်သည်။

"မဟော် စိတ်ညစ်နေပြီလား..နောက်နေ့ဆိုလာဖို့ မလိုတော့ပါဘူး"

"ဘယ်သူက စိတ်ညစ်တယ်လို့ ပြောလို့ လဲ.."

"မပြောပေမယ့် သိတယ်လေ ရဲအပေါ်ကို မဟော် ဘယ်တုန်းက စိတ်ရှည်ဖူးလို့ လဲ"

"ပြောတော့မယ် ရဲရယ်"

"မဟုတ်လို့ လား အမေရိကန်ကိုပဲ ပါသွားသလိုလိုနဲ့ ရန်ကုန်မြို့ထဲမှာ ခြေရာဖျောက်နေ

တာရော ရဲ့အတင်းစုံစမ်းပြီး ဆက်သွယ်လို့ ခုလိုခေါ်ပြောလို့ ရတာပေါ့ သိပ်ရက်စက်တာပဲ"

ရဲသုလွင်က နှုတ်ခမ်းနီဆိုးထားသည့် နှုတ်ခမ်းပါးလေးတွေကို စုတ်သပ်၍ နွဲ့သည် ။

"အဲဒါ မာမီတို့ လုပ်ပုံကို ကိုယ်ခံစားရလို့ တမင်လုပ်ပစ်လိုက်တာပါ ရဲနဲ့ ဘာမှ မဆိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် မဟော် ရဲကိုတော့ တခြားလူတွေထဲရောမထားသင့်ပါဘူး"

"ဟုတ်ပါတယ် ကိုယ်တောင်းပန်ပါတယ် ကျေနပ်ပါတော့ကွာ"

ရဲသုလွင်က နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းလာကာ မျက်စောင်းလှလှလေးထိုးသည် ။

"မဟော်"

"ဟင်"

"ရဲကို ဘယ်လိုသဘောထားလဲ ဟင်"

"ကိုယ်လက်ထပ်ရမယ့် ဇနီးလောင်းလေးလို့ သဘောထားတာပေါ့"

"ဟင့်အင်း လူကြီးတွေလက်ထပ်ပေးမယ့်ကိစ္စကသေချာပြီးသားပဲ၊ ရဲလိုချင်တာက ယောကျ်ား မဟုတ်ဘူး ၊ မဟော့်ဆီက မြတ်မြတ်နိုးနိုးနဲ့ ချစ်တဲ့ အချစ်"

ရဲသုလွင်က တမ်းတမျက်ဝန်းလေးများ နှင့်ငေးကြည့်နေသည် ။

မဟော်ဆိုတာ ဟိုးအရင်တုန်းကဆို... လာပါခေါ်မှ လာတဲ့ သူ.. သူ့ကိုတွေ့ချင်လျှင် ကိုယ်ကပဲရှာ..သူရှိတဲ့ နေရာကိုသွား..

ရဲက ချစ်ရတာကိုး..

မိဘတွေသဘောတူထားတဲ့ သူဟာ သူပဲဆို

တာ စမြင်လိုက်ကတည်းက နှစ်သက်မြတ်နိုးခဲ့ရတာက ရဲသုလွင်..

မဟော်တို့ က လမ်းတွေ့တာတောင် ပြုံးပြနှုတ်ဆက်ရုံထက်မပိုပါ။ ဒါကို ရင်းနှီးလာအောင် ကိုယ့်အပေါ်အရေးယူ ဆက်ဆံလာအောင် ရဲက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားခဲ့ရတာ မြန်မာပြည်မှာ ကျန်ခဲ့တာတောင် နေရာမပြောဘဲ ဇာတ်မြုပ်နေတဲ့ မဟော်။

"ရဲလေးရေ...မြေးလေးတော့ ဘယ်ရောက်သွားမှန်းမသိပါဘူးကွယ်..သူ့ကို ဆေးရုံသွားတွေ့မှ ပဲရတယ် ဘယ်မှာ နေမှန်းကို မသိဘူး"

မဟော်ရဲ့ အဘွားဒေါ်မယ်သူက ပြောလာမှ မဟော်ရှိနေမှန်းသိကာ ရဲ စုံစမ်းခဲ့ရသည် ။

ကျော်ကျော်နဲ့ တွေ့၍ ဖုန်းနံပါတ်တောင်းခဲ့ရသည် ။

သူ့ကြိုးစားမှု ဘာရှိလို့ လဲ။

"မဟော် ပြောလေကွာ"

"မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ ရည်ရွယ်ထားတာ မချစ်ဘဲ ဘယ်ယောက်ျားကဆုံးဖြတ်မှာ လဲ"

"ဟင့်အင်းကွာ ရဲကို မဟော်ချစ်သလား မချစ်ဘူး လား ဒါပဲပြော"

"ချစ်ပါ့ဗျာ..ချစ်ပါသတဲ့ ..ကျေနပ်လား"

ရဲသုလွင်က ခပ်ညညလေးပြုံး၍ ခေါင်းညိတ်သည် ။

"ကဲ....ဒါဆို သောက်ဆေးပဲပေးခဲ့မယ် ကိုယ်သွားမယ်နော်"

"အင်း"

******

"ဘာဖြစ်လို့ လဲ ရဲရယ် ရဲက ကိုယ့်ဆီလာ

တာပဲဟာ"

"ဟုတ်ပေမယ့် အဲဒီကောင်မလေးမျက်နှာကို ရဲ မကြည့်ချင်ဘူး မဟော်၊ သိပ်ရိုင်းတဲ့ ဟာလေး၊ ဒို့ပြင်စာရေးမတစ်ယောက်ယောက်ရှာကွာ"

"ဒါဆို လည်း ရဲပဲရှာပေးမှ ဖြစ်မယ် ကိုယ့်မှာ အချိန်မရဘူး၊ လောလောဆယ်တော့ ရဲမလာတော့ လွန်းအိမ်ကိုပဲ ခေါ်ထားရတယ်"

"အဲဒီကောင်မလေးကို မခိုင်းနဲ့ ..ရဲ အမြန်ဆုံးရှာပေးမယ်"

မဟော်က စိတ်တိုနေသည့် ရဲမျက်နှာလေးကို ကြည့်၍ သက်ပြင်းချသည် ။

"ကိုယ်က ကြီးတဲ့ လူပဲ ရဲရယ် ငယ်တဲ့ လူနဲ့ ပြိုင်ပြီး စိတ်မတိုရဘူး"

"တိုမှာ ပဲ ကြီးတဲ့ လူလည်း ပုထုဇဉ်ပဲ မ

ဟော်ရဲ့ တခါတည်းပြောထားမယ်နော် မ
ဟော်လည်း အဲဒီကောင်မလေးကို သိပ်အရေး
မပေးနဲ့ ၊ ကလေးပိစိကွေးလည်း မဟုတ်ဘူး ..
နေပုံ ထိုင်ပုံက ထောင့်မကျိုးလို့ သာ လူကြီးလို
လိုကလေးလိုလိုဖြစ် နေတာ"

ရုပ်ကလေးလည်း ချောချောလှလှလေးဆို
တာတော့ ထည့်မပြောဖြစ်ပါ။

"ဒါနဲ့ ..ဒီနှစ်သင်္ကြန် မန္တလေးသွားမလားလို့
မဟော် လိုက်မလားဟင်"

"မသွားချင်ပါဘူးကွာ..အဲဒီပျော်ပွဲရွှင်ပွဲတွေ
ကိုယ်ဝါသနာ မပါဘူး"

"မဟော်မလိုက်ရင် ရဲ မသွားတော့ပါဘူး ဒါ
ပေမဲ့ ရန်ကုန်မှာ တော့ ရေပက်ခံထွက်မှာ ပဲ၊ မ
ဟော် ဒါတော့ ပို့ပေးရမှာ နော်"

မဟော် မျက်နှာတစ်ချက်မဲ့သွား၏။

ရေပက်ခံထွက်တာကို ဝါသနာမပါတာ ဘယ်လိုလုပ်ရမလဲ

သူများကိုပက်ဖို့ လည်း ဝါသနာမပါ။

ကိုယ့်ကိုလာပက်တာလည်း မကြိုက်။

"ဖြေလေး မဟော်ရဲ့ "

"အင်းပါ"

"ပြောပုံကြီးကလည်း ကွာ"

"ကိုယ်မှ ဝါသနာမပါဘဲကွ ရဲ ဆန္ဒရှိရင်တော့ ပါရတော့မှာ ပေါ့"

ရဲက ကျေကျေနပ်နပ်လေး ပြုံးလိုက်သည်။

"စားစရာတွေအေးကုန်ပြီ ရဲရဲ့ ..စားလိုက်ဦး"

"ရဲက မဟော်နဲ့ ခုလို အတူသွားလာနေရရင် အားလုံးပြည့်ဝနေပြီးသားပဲ၊ တကယ်ပျော်

တာ အဲဒါဘာဖြစ်လို့ လဲသိလား မဟော်"

မဟော်ကပြုံး၍ တူနှစ်ချောင်းကိုအိတ်ထဲကထုတ်ယူလိုက်သည်။

"ရဲက မဟော့်ကို ချစ်လို့ ပေါ့ ရဲ..ဘယ်ယောကျ်ားအပေါ်မှာ စိတ်မဝင်စားခဲ့ဖူးဘူး၊ မဟော့်ကိုကျမှ လူကြီးတွေ စီစဉ်တာကို စိတ်ပါလက်ပါခေါင်းညိတ်ခဲ့တာ ဒါကြောင့် မဟော့်ကိုလည်း ရဲလိုပဲ ဖြစ်စေချင်တာ"

"တစ်ထပ်တည်းပါပဲ"

နှစ်ယောက်အတူပြုံးလိုက်ကြသည်။

"ဘွားမယ်သူက မနေ့က မာမီကိုလာပြောတယ် ကလေးရဲ့ မိဘတွေဝေးနေတော့ ကလေးရဲ့ တာဝန်ကသူ့တာဝန်တဲ့ သင်္ကြန်ပြီးရင် လက်ထပ်ပေးနိုင်ဖို့ စီစဉ်ချင်တယ်တဲ့ "

ရဲက မဟော့်မျက်နှာကို အကဲခတ်နေရင်း...

"မဟော် ဘယ်လိုသဘောရသလဲ"

"ကိုယ့်သဘောကတော့ နေရာတကာလူကြီးတွေ စီစဥ်ပေးနေရာမျိုးကို သဘောမကျဘူး"

"မဟော်က ရဲကို မချစ်လို့ လား ဒါမှ မဟုတ် လက်မထပ်ချင်သေးလို့ လား"

"နှစ်ခုလုံး မဟုတ်ဘူး ။ ကိုယ်က ကိုယ့်သဘောကျလို့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်လက်ထပ်ချင်တာ"

"ဒါဆို..မဟော်က"

"သူတို့ စီစဥ်ပေးတာရယ်ကို မလိုချင်ဘူးကွာ ဒီ့ပြင် တစ်ရက်ရက်ကို ကိုယ်တို့ သတ်မှတ်မယ်"

ရဲ လှပစွာပြုံးသည် ။

လူကြီးတွေအပေါ် မဟော်ခုထိ ခံစားချက်မ

ကြေနိုင်သေးဘဲရှိတာကို သဘောပေါက်လိုက်၏။

ဘွားအေကိုယ်တိုင်မြေးလုပ်သူဆီ မသွားရဲသေးတာကြည့်..။

"ဘွားဘွား ခဏခဏလာနေရင် ကျွန်တော်နေရာပြောင်းတော့မယ်"

လို့ ဆေးရုံမှာ အပြတ်ကြေညာထားတာ။

"ရဲ ကိုယ်ပြောတာ သဘောပေါက်ရဲ့ လား"

"ပေါက်ပါတယ် အားလုံး မဟော် သဘောကျသလို စီစဉ်ပါ၊ ရဲကတော့ နှစ်ယောက်တည်းရုံးမှာ လက်မှတ်ထိုးရုံနဲ့ ပြီးမယ်ဆိုလည်း ပြီးမှာ ပဲ၊ ခုခေါ်မယ်ဆိုလည်း လိုက်မှာ ပဲ မဟော်နဲ့ အတူနေရရင်ပြီးတာပဲလေ"

မဟော်က စားပွဲပေါ်တင်ထားသည့် ရဲ လက်ကလေးကို ဆုပ်ကိုင်လိုက်သည် ။

"ရဲကို ကိုယ်အမြန်ဆုံးလက်ထပ်မှာ ပါ"

******

မင်္ဂလာဆည့်ခံပွဲက စိုပြေစည်ကားနေပေမယ့် လွှန်းအိမ်တို့ အုပ်စုတွေ အားလုံးမျက်နှာတွေက မပြုံးနိုင်၊ မရယ်နိုင်။

"ဟိုမှာ ဇယျ မျက်နှာကိုကြည့်စမ်း လွှန်းအိမ် ဟန်ဆောင်ပန်ဆောင်တောင် မရယ်နိုင်ဘူး "

"အေး မျက်နှာကလည်း ငိုထားတဲ့ ပုံပဲ ငါစားရသောက်ရတာ မျိုမကျလိုက်တာဟယ် ပြန်ချင် လာပြီ"

သူတို့ ရောက်လာတယ်ဆို...ဇယျတို့ နှစ်ယောက်လုံး လှမ်းမြင်ပေမယ့် တစ်ယောက်မှ အနားကိုရောက်မလာကြ။

လူကြီးတွေကတော့ ပြုံးကြ ရယ်ကြ နှုတ်ဆက်ကြ။

လက်ဖွဲ့ပစ္စည်းတွေကလည်း တောင်ပုံယာပုံ။

ဇယျနေက အဖြူရောင်အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားလျက်ဆံပင်ရှည်တို့ က ခပ်ပွပွနှင့် မသပ်မယပ်ဖြစ်နေသည် ။

မျက်ဝန်းတို့ က လွန်းအိမ်တို့ စားပွဲမှာ မကြာခဏဝေ့ဝဲ ရောက်ရှိနေကာ မင်္ဂလာပွဲကသူနဲ့ ဘာမှ မဆိုင်တဲ့ အတိုင်း။ လွန်းအိမ် တကယ့်ကို စိတ်မကောင်းဖြစ်နေမိလေသည် ။

ကိုယ့်သူငယ်ချင်းတွေ သန့်ရှင်းစွာပျော်ရွှင်နေခဲ့ကြတာ ဒီနေ့ထိ ပညာတွေလည်း တစ်ပိုင်းတစ်စ တစ်ယောက်နဲ့ တစ်ယောက်လက်ထပ်ရတဲ့ အတွက် ကျေနပ်ပျော်ရွှင်ခြင်းလည်း မရှိကြပါဘဲ ဗြုန်းဒိုင်းဆို ချက်ချင်းမင်္

လာဆောင်လိုက်ရတဲ့ အဖြစ်ဟာ လွန်းအိမ်တို့ တစ်အုပ်စု လုံးရဲ့ ရယ်သံလေးတွေကို တိတ်ဆိတ် သွားစေခြင်းပါပဲ။

"လွန်းအိမ်"

အေးစုနဲ့ ဇယျတို့ လွန်းအိမ်တို့ ပြန်ခါနီးမှ အနားပြန်ရောက်လာသည် ။ အေးစုက လွန်းအိမ် လက်ဖဝါးလေးကို ပါးမှာ ဆွဲကပ်ကာ ဟီး ခနဲငိုချလိုက်သည် ။

"ဟယ်..အေးစု မငိုပါနဲ့ ဟာ လူတွေကြည့် ကုန်ပြီ"

"ကြည့်ကြည့်..ငါငိုမှာ ပဲ ဇယျနဲ့ ငါနားလည် ပြီးသား"

ဇယျမျက်နှာကြီးလည်း နီမြန်းကာ လွန်းအိမ်ကို ဆွေးငေး စွာကြည့်နေသည် ။

"ဇယျနင့်ကို သိပ်ချစ်နေတာလည်း ငါသိတ

ယ်၊ ငါ့ချစ်သူကို ငါသိပ်ချစ်တာလည်း နင်တို့ အားလုံးသိတာပဲ၊ ဆင်းရဲကြတာ အပြစ်လား လွန်းအိမ်ရယ်..ခုတော့..ဇယျရော ငါရော ဘယ်လိုလုပ် မျက်နှာချင်းဆိုင်ကြမလဲ..ငါတို့ ဘယ်လိုလုပ် မရိုးသားပြရမလဲ"

လွန်းအိမ် ဘာမှ မပြောနိုင်..။

"လွန်းအိမ်"

ဇယျက အေးစုကိုင်ထားသည့် လွန်းအိမ်လက်ကလေးကို အပေါ်ကထပ်၍ ဆုပ်ကိုင်လိုက်ကာ

"နင့်ကိုငါသိပ်ချစ်တယ် အဲဒါ လုံးဝမှသားမပါတဲ့ စကားပါ...နင့်ကိုငါဖွင့်ပြောပြီးမှ ..ခုလို.. "

"တော်ပါတော့ ဇယျရယ် အခု နင်တို့ လက်ထပ် ပြီးကြပြီ၊ ဘာပဲဖြစ်ဖြစ် အေးစုရှေ့မှာ နင်ဒီစကားတွေ နောက်ထပ်မပြောမိပါစေနဲ့ "

"ဟင့်အင်း ပြောပါစေ..ပြောပါစေ လွန်းအိမ်ရယ် တကယ်တော့ ဇယျက ငါ့ကြောင့် တန်ဆာခံဖြစ်သွားတာပါ ငါတို့ ချစ်ခြင်းကိုခွဲချင်တာနဲ့ ဇယျနဲ့ ဇွတ်စီစဉ်ဖြတ်တာ နင်နဲ့ သူချစ်သူတွေ မဟုတ်ကြသေးပေမယ့် သူဘယ်လောက်ခံစား နေရတယ်ဆိုတာ ငါသိတယ်.."

သူတို့ လေးယောက်ကို တိတ်ဆိတ်စွာ ငေးကြည့်နေသူက ထွန်းထွန်းဖြစ်သည် ။ သူငယ်ချင်းအတွက် နှမြောတသစွာ ယူကျုံးမရဖြစ်ခြင်းများ နှင့် ဘာစကားမှ လည်း ဝင်ပြောချင်စိတ်မရှိတော့သလို။

"ဟေး..လွန်းအိမ်"

အသံနှင့် အတူ အလိုက်ကမ်းဆိုးမသိ ရောက်လာသူကတိုင်းကျော်၊ အရက်သောက်ထားသည့် မျက်နှာက နီရဲနေလျက် ထိန်းသိမ်းဖို့ ဟန်မရှိ။

လွန်းအိမ်တို့ အဖွဲ့နားမှာ ..ခြေနှစ်ဖက်ခွဲရပ်၍ အားလုံးကို ဝေ့ခနဲကြည့်ပြီး လွန်းအိမ်မျက်နှာလေးမှာ စူးနစ်သွားသည် ။

ကျောက်စိမ်းတုံး..ကိုယ်ကျပ်ဝတ်စုံအပေါ်မှာ အနက်ရောင်ချိုင်းပြတ် ဝတ်စကုပ်လေး ထပ်ဝင်ထားသည့် လွန်းအိမ် မျက်နှာကအနည်းငယ် အရောင်တင်ထားသည် မို့ လှချင်တိုင်း လှနေသည် ။

တိုင်းကျော်က မဆင်ခြင်နိုင်စွာ ခြေဆုံးခေါင်းဆုံးကြည့်ကာ။

"လှလိုက်တာ လွန်းအိမ်ရယ် နက်မှောင်ပြောင်လက်နေတဲ့

မင်းရဲ့ ဆံပင်လေးတွေကလည်း လှတယ်၊ မျက်နှာလေးကလည်း ရင်ခုန်ဖို့ ကောင်းတယ်၊ ကိုယ် တကယ်ရင်ခုန်သံဖြစ်နေပြီ"

"ဟိတ်လူ"

ဇယျနေက တိုင်းကျော်ရှေ့မှာ ရင်ဆိုင်ရပ်လိုက်သည်။

"မိန်းကလေးတစ်ယောက်ကို ခင်ဗျားဒီလောက် ရိုင်းရိုင်းစိုင်းစိုင်း မဝေဖန်သင့်ဘူး"

"ဟ..တို့ က ဝေဖန်တာမှ မဟုတ်တာ လှလို့ လှတယ်ပြောတာ ဘာမှားသွားသလဲ"

"မှားတယ် ခင်ဗျားပြောတဲ့ စကားလုံးတွေက ရိုင်းတယ်"

"ဟိတ်ကောင် မင်းပါးစပ် ပိတ်ထားစမ်း.."

တိုင်းကျော်က ဇယျနေရဲ့ ပခုံးတစ်ဖက်ကို တွန်းပစ်လိုက်ပြီး

"မင်းအလုပ်က ကိုယ့်သတို့ သမီးကိုပဲ ဂရုစိုက်ဖို့ ..လွန်းအိမ်ကိုဂရုစိုက်ဖို့ မဟုတ်ဘူး "

"တောက်"

ဇယျနေ တက်ခေါက်၍ ရှေ့တစ်လှမ်းတက်

ကာ တိုင်းကျော်မျက်နှာကို ခွပ်ခနဲ ထိုးချပစ်လိုက်သည် ။

"ဟဲ့...ဟဲ့..."

"လုပ်ကြပါဦး"

"ဇယျ..ဇယျတော်ပါတော့"

"တော်ပြီဇယျ"

နောက်တစ်ချက်လွှဲရွယ်လိုက်သည့် လက်သီးကိုဆွဲထားကာ လွန်းအိမ် ကရှေ့ကနေ ပိတ်ရပ်ပစ်လိုက်သည် ။

ဧည့်ခံပွဲတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားသည် ။

လူကြီးတွေအားလုံး စုရုံးရောက်လာကြ၏။

တိုင်းကျော်က လဲကျနေရာမှ ပြန်ထလာကာ ဇယျကိုပြန်ထိုးဖို့ ပြင်တော့ လွန်းအိမ်ရှေ့ကခံနေသဖြင့် မအောင်မြင်။

တကယ်တမ်းဖြစ်ကြလျှင် အရပ်အမောင်းချင်းက ဆင်နဲ့ ဆိတ်လိုကွာခြားနေသည် ။

တိုင်းကျော်အရပ်ကြီးက အပေါ်စီးကမိုးအုပ်လျက် ဇယျလှန်နိုင်မှာ မဟုတ်။ လွန်းအိမ်က ရှေ့က ဖယ်မပေးဘဲ။

"ကိုတိုင်းကျော် ရှင်သက်သက်သူများ မင်္ဂလာပွဲကို ဖျက်စီးတာလား"

"ဘာဆိုင်လဲ ဒါ မင်းနဲ့ ကိုယ့်ရဲ့ ကိစ္စ ဒီကောင် သတ်သတ် မင်းသားဝင်လုပ်တာ"

"လွန်းအိမ်တို့ က သူငယ်ချင်းရှင့်၊ ရှင်ကအရင်လာ စတာ စကားပြောမဆင်ခြင်တာ"

"လွန်းအိမ်..မင်း..ကိုယ့်ကို ဒီလိုမပြောနဲ့ နော် ဒီ နေရာမှာ မင်းသာမဟုတ်ခဲ့ရင် ကိုယ် သိပ်ထိန်းနေမှာ မဟုတ်ဘူး "

"ဟဲ့သား..ဘယ်လိုဖြစ်တာလဲသားရယ်..ဟ

င်လွန်းအိမ်"

ဒေါ်ရီမာက သားကိုပြေးဖက်ရင်း လွန်းအိမ်ကို မြင်သွားသည် ။ ဖြစ်တဲ့ ပြဿနာက သတို့သားနှင့် မို့လူတွေ ဘယ်ဘက်က ဝင်ပါရမှန်းမသိကြတော့။

"ကိုကြီး ကိုကြီး သူငယ်ချင်းက လာစတာ သူ့အရက်တွေမူး လာပြီးလာစတာ"

သတို့ သမီးအေးစုကလည်း အစ်ကိုဖြစ်သူကို အသံစာစာလေးနှင့် အော်တိုင်သည် ။

လူကြီးတွေမျက်နှာပျက်ကုန်ကြ၏။

" မဟုတ်ဘူး မာမီ ကျွန်တော် လွန်းအိမ်ကို စကားလာပြောတာ ဒီကောင်သက်သက် မျက်နှာဝင်ယူတာ ကိုယ့်နားကသတို့သမီးကိုထားပြီး..လွန်းအိမ်ကို လှမ်းဖွဲ့နေတာ ငါမသိတာမှတ်လို့ ..ဘာသူငယ်ချင်းလဲ"

တိုင်းကျော်က သိမ်ဖျင်းလှသောစကားတို့ကို လူကြားထဲမှာ ပြောချလိုက်သည် ။ နှစ်ဘက်အသိုင်းအဝိုင်းတို့ က ဇယျနေ နဲ့ လွန်းအိမ်တို့ အနေအထားကိုသိထားကြပြီးဖြစ်ပေမယ့် ပရိသတ်တွေကမသိ..။

အားလုံးတီးတိုး ဝေဖန်သံတွေထက်လာသည် ။

ဇယျနေ ကို မနည်းကြီးဆွဲခေါ်သွားကြရင်း

လူကြီးတွေရဲ့ မလိုလားသောအကြည့်များက လွန်းအိမ်မျက်နှာလေးပေါ်မှာ စုပြုံကျ လာလေသည် ။

လွန်းအိမ် တောင့်တောင့်လေးရပ်လျက် ဝိုင်းဝန်းကြည့်ရှုနေကြသည့် လူအုပ်ကြီးထဲမှာ မျက်ရည်လေးတွေလည်လာ၏။

တိုင်းကျော်နဲ့ ဇယျနေကို လူတွေဆွဲခေါ်သွားကြချိန်မှာ အနားမှာ ရှိကြ

တဲ့ လူတွေရဲ့ အကြည့်စိမ်းတို့ က မည်သို့မျှ ရင်ဆိုင်နိုင်ဖွယ်မရှိ။

"လာ..လာ လွန်းအိမ် သွားကြရအောင်"

လေးလေးက  လွန်းအိမ်ခါးလေးကိုဖက်၍ ကားတွေရှိတဲ့ နေရာဆွဲခေါ် လာလေသည် ။

လွန်းအိမ်ကြောင့်   မင်္ဂလာပွဲ..ပျက်သွားသလား

လွန်းအိမ်ကြောင့် တဲ့ လား..။

မျက်ဝန်းမှာ ဝေ့နေသော မျက်ရည်တို့ က အားကောင်းလာကြလေသည် ။

******

" မဟုတ်ဘူး မေမေ..လွန်းအိမ်နဲ့ ဘာမှ မဆိုင်ဘူး...အဲဒါ တိုင်းကျော်ဆိုတဲ့ လူကြောင့် "

"ဘယ်သူ့ကြောင့်      ပဲဖြစ်ဖြစ်..ဖြစ်တာက

တော့ ဖြစ်သွားခဲ့ပြီလေ၊ ဒေါ်ရွှေရည်ရဲ့ သမီး ရွှေလွန်းအိမ်ဆိုတဲ့ ကောင်မလေးကြောင့် ဖြစ်ရတာဆိုတဲ့ သတင်းကလည်း ဟိုးလေးတကျော်ကျော်၊ ရှက်ဖို့ ကောင်းလိုက်တာ ရွှေလွန်းအိမ်ရယ်..ဟင်..ကိုယ့်ကြောင့် ယောက်ျားတွေရန်ဖြစ်ရမယ်လို့ ညည်းအဲဒီ လောက်ထိရှုပ်ရလားဟင်"

"လွန်းအိမ်ကို မစွပ်စွဲပါနဲ့ မေမေရယ်..သူ တို့ ဟာ သူတို့ ဘာဖြစ်ကြဖြစ်ကြ လွန်းအိမ်ရင် ထဲမှာ ဘာမှ မရှိတာ တကယ်ပါ.."

"တိတ်စမ်း"

ဒေါ်ရွှေရည်က ဘယ်လိုရှင်းပြ ရှင်းပြ လက် မခံတော့။

"ညည်းကိုငါ တစ်သက်လုံးအလိုလိုက်ပြီး ရွှေလိုဥထားခဲ့သမျှ ဒီနေ့ဒီလိုဖြစ်ဖို့ လမ်းဖွင့် ပေးထားခဲ့သလိုပဲဆိုတာ ခုသိပြီအစကတည်း

က ယောက်ျားလေးတွေနဲ့ ဒွေးရောယှက် မနေပါနဲ့ ယောက်ျားလေး သူငယ်ချင်းမထားပါနဲ့ ဆိုတာ ပြောလို့ မရဘူး၊ ဒီနေ့ကစပြီး ညည်း ဘယ်အပေါင်းအသင်းလာခေါ်လို့ မှ မလိုက်ရဘူး ဘယ်မှ မသွားရဘူး၊ အိမ်ထဲမှာ ပဲနေ ရှိတဲ့ အလုပ်လုပ် မလုပ်ချင်အိပ်နေ အပြင်ကို တစ်လှမ်းမှ ထွက်ရမယ် မထင်နဲ့ ..."

ဒေါ်ရွှေရည်အပြတ်ပြော၍ လှည့်ထွက်သွားသည် ။

လွန်းအိမ် စိတ်ညစ်ညူးစွာ ခေါင်းကိုဆွဲဖွ၍ မွေ့ရာပေါ်မှာ ဆောင့်ထိုင်လိုက်မိသည် ။

ဒါ တိုင်းကျော် ဆိုတဲ့ လူ ဂြိုလ်မွှေလို့ ..

ဒေါသမျက်ရည်များ ပင် လည်မိရသည် ။

ခုတော့ ကိုယ့်ရဲ့ လွတ်လပ်ခွင့်တွေ အားလုံး ဆုံးပြီ။

"မမလေး"

"ဘာလဲ"

"အောက်ထပ်က ဦးမဟော် ခေါ်နေတယ်"

"ဟင်"

လွန်းအိမ် ဆတ်ခနဲထရပ်သည် ။

ရှိခဲ့သမျှ ပူပင်ခြင်းအားလုံးကို မေ့လာသည် ။

မဟော်က ဧည့်ခန်းဆက်တီခုံမှာ ထိုင်နေလျက် လွန်းအိမ်ဝင်လာတော့ ပြုံးပြသည် ။

"ထိုင် ချာတိတ်"

လွန်းအိမ်က မဟော်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်သည် ။

"ခုနကတည်းက ခေါ်ခိုင်းဖို့ အန်တီဆူသံကြားတာနဲ့ စောင့်နေတာ..ဘယ်လိုဖြစ်တာလဲကွ မင်းက တိုင်းသိပြည်သိပါ

လား"

"ကိုကိုက ထပ်ပြောပြန်ပြီ၊ ခုဖြစ်တာလွန်းအိမ်နဲ့ ဘာမှ မဆိုင်ပါဘူး..ပြဿနာပဲ အဲဒီ ဂြိုလ်ကောင်ကြောင့် ဘယ်လိုရှင်းရမှန်းတောင်မသိတော့ဘူး..စိတ်ညစ်တယ်"

လွန်းအိမ် ခေါင်းကုတ်ရှုံ့မဲ့နေတာကို မပော်က ပြုံးသည်။

"ကဲပါကွာ ရှင်းလဲမရှင်းနဲ့ စိတ်လည်း ညစ်မနေနဲ့ တို့ က ကလေးတွေအပေါ် နားလည်းတတ်ပါတယ် ရော့...ဒီမှာ "

အလွန်လှသော လက်ဆွဲအိတ်လေးနှင့် အထဲမှာ ဖေါရိန်းရုပ် အဝါရောင်လေးတစ်ထည်၊ အင်္ကျီကိုဆွဲထုတ်ကြည့်၍ လွန်းအိမ် တအားသဘောကျသွားမိသည်။

"လှလိုက်တာ ကိုကိုရယ်..ဒါ..ဒါ လွန်းအိမ်အတွက်လားဟင်"

"ဟုတ်တယ်..မာမီတို့ ပို့ပေးလိုက်တာတဲ့ ဘွားဘွား ဆီကတဆင့်ရောက်လာတာ ငါးထည်တဲ့ ဘယ်ကိုဘယ်လိုတွေ ရောက်ကုန်လဲတော့မသိဘူး။ တို့ ဆီဒီတစ်ထည်ဘဲရောက်တယ်"

"ကိုကိုက မဝတ်ဘူးပေါ့"

"မင်း ယူလိုက်"

"ဟင်....ကိုကို့မာမီတို့ က ဘယ်ကြိုက်မလဲ"

လွန်းအိမ်က လှလွန်းသော ရွှေရောင်ကြယ်သီးလေးတွေကို သေချာကိုင်ကြည့်နေရင်း ရှေ့ကြည့်နောက်ကြည့်နှင့် အားမရနိုင်။

"မင်းကြိုက်တယ် မဟုတ်လား"

"ကြိုက်တယ်"

"ကြိုက်ရင်ယူ..မင်းကိုယ်ပေါ်မှာ ဒါမျိုးတွေ ချည်း အမြဲတွေ့နေလို့ ပေးတာ"

"ဟင်..မဟုတ်ဘဲနဲ့ ..သူ့မာမီနဲ့ စိတ်ကောက်ပြီး မဝတ်ချင်လို့ ပေးတာကိုများ "

လွန်းအိမ်ကလေးဆန်တာလေးကို သဘောကျရယ်၍ မဟော်က စိုက်ကြည့်သည် ။

ရင်တွေတဖျတ်ဖျတ်ခုန်ပါဘိခြင်း..။

ကိုကိုရယ် ကိုကိုဂရုစိုက်တာကိုသဘောကျပေမယ့် လွန်းအိမ်ကို ကလေးဆိုတဲ့ မျက်လုံးနဲ့ အလိုလိုက်တာမျိုးတော့ မဖြစ်ပါစေနဲ့ နော်

******

..အိုး ဒေါက်တာကိုကို..အသည်းထဲက ဝေဒနာ..ကုစားဖို့ ..လိုတာ.. ကြင်နာသူ ကိုကိုသမားတော်သာ.. ကုသမှ ပျောက်လိမ့်မယ်..

သီချင်းသံသဲ့သဲ့ကြောင့် ကျော်ကျော် ခြေလှမ်းတွေတုံ့ သွားသည် ။ ဒီကောင်မလေး ဟုတ်

သေးရဲ့ လား..။

သီချင်းသံလေး တအေးအေးနှင့် ပန်းတွေ ကိုင်ရင်း ခြံထဲကတက်လာသည့် လွန်းအိမ်က သူ့ကိုစူးစူးစမ်းစမ်းကြည့်နေသည့် ကျော်ကျော့် ကို ပြန်ကြည့်ကာ

"ဘာကြည့်တာလဲ"

"သီချင်းဆိုကောင်းလို့ ပါ"

"ဒါတောင် ဂစ်တာမပါသေးဘူး"

"ဒါဆို ဂစ်တာနဲ့ ညဘက် အစ်ကိုလေးရှိတုန်းဆိုပါလား"

"ဟင်"

ခုမှ ကျော်ကျော်ဆိုလိုတာကို သဘောပေါက်သွားကာ လွန်းအိမ်မျက်နှာလေး တစ်ချက်ပျက်သွား၏။

"ရှင် ပေါက်ကရတွေ လျှောက်မပြောနဲ့

နော်"

"ဟဲ..ဟဲ"

လွှန်းအိမ်ယောင်ယောင်မှားမှားနှင့် လှေခါး ပေါ်ပြေး တက်တော့

"ဟိတ်..အဲဒီပန်းတွေက ဆေးခန်းထဲအတွ က် မဟုတ်ဘူး လား"

"ဟုတ်တယ် အပေါ်မှာ လုပ်စရာရှိသေးလို့ "

မှားယွင်းတာ မြင်ပေမယ့် ကိုယ့်အရှိန်နဲ့ ကို ယ် လွှန်းအိမ် အပေါ်ထပ်ဆက်တက်ခဲ့ရတော့ သည် ။

******

"မလည်ရဘူး ဘယ်သကြ်န်မှ မလည်ရဘူး၊ လမ်းထဲမှာ မဏ္ဍပ်ရှိတယ် အဲဒီမှာ သွားပက်"

"မေမေကလည်း အဲဒီအုပ်စုက လွန်းအိမ်နဲ့ မှ မသိတာ"

"သိသိ မသိသိ"

ဒေါ်ရွှေရည်က လုံးဝအလွတ်ပေးမည့် ပုံမပေါ်ပါ။

လွန်းအိမ် စိတ်ညစ်ညစ်နှင့် အပွင့်တွေဝေနေသော ပိတောက်ပင်ကြီးအောက် ထွက်လာခဲ့ပါသည် ။

မွှေးလိုက်တာ

ခါတိုင်းနှစ်တွေဆို ဇယျဖြစ်ဖြစ် ထွန်းထွန်းဖြစ်ဖြစ် အပင်ပေါ်ရောက်နေပြီ

အောက်မှာ ဟိုအကိုင်းကိုထိုးပြ ဒီဘက်က ဟာလေးလို့ အော်နှင့် လွန်းအိမ်တို့ မိန်းကလေးတွေ ဆူညံနေပြီပေါ့

ခုတော့ အားလုံးစုစည်းမရတဲ့ ဒုက္ခတွေကို

ယ်စီနှင့်

လွမ်းသည့် စိတ်တွေလည်း ပျောက်အောင် ကိုယ်တိုင်လည်း သကြင်္န်လျှောက်မလည်ရလို့ စိတ်ညစ်နေတာတွေ ပျောက်သွားရန် လွန်းအိမ် ပိတောက်ပင်ကြီးပေါ် ဖက်တွယ်တက်လေသည် ။

ဒီပိတောက်ပင်က အခြားအပင်များ နဲ့ မတူဘဲ နှစ်ရှည်ပင်လည်း ဖြစ် ပင်ခြေကလည်း အကိုင်းအခက်မရှိတာကြောင့် ခွဆုံကိုလက်ရောက်ဖို့ မနည်းကို အားယူနေရသည် ။

လွန်းအိမ် သစ်ကိုင်းခွကြားကို မှီတမိ လှမ်းနေဆဲ။

"ဟာ ချာတိတ် ဟော့ ဆင်းခဲ့စမ်း.."

ကိုကို့အသံ..

လွန်းအိမ် ကိုးယို့ကားယား

ကိုယ့်ပုံစံကြီးအမြင်မတော်ဖြစ်နေမှာ ကိုလည်း ရှက်..အားခဲထားသည့် လက်တို့ ကလည်း သတိလက်လွတ်သွားကာ...

"အမလေး"

"ဟာ"

ရင်ထဲမှာ အေးခနဲ ဖြစ်သွားသည် ။

သွားပြီဆိုသောအသိနှင့် မျက်လုံးတွေ မှိတ်ချပစ်လိုက်စဉ် မာကျောသောမြေပြင်ကိုထိတွေ့ခြင်းမရှိဘဲ ဆီးပွေ့လိုက်သော မဟော်ရင်ခွင်ထဲ တန်းတန်းမတ်မတ် ရောက်ရှိသွား၏။

လူတစ်ယောက်လုံးကြီးအရှိန်ကို ဖမ်းယူလိုက်ရသဖြင့် မဟော်ကိုယ်တိုင် ဒူးထောက်ငိုက်ကျသွားကာ လွန်းအိမ် ကိုယ်လုံးလေးကို ပွေ့လျက်သားနှင့် လဲကျသွားလေသည် ။

ပက်လက်ကလေး လွန်းအိမ်ရဲ့ အပေါ်မှာ မပျော် အုပ်မိုးလျက်

"ကိုကို"

နီးကပ်သော မျက်နှာနှစ်ခုက ထိလုမတတ်ဖြစ်သွားကာ ရတ်တရက်ဘယ်သူမှ ရုန်းထလို့ မရ။

ပထမဆုံး မပျော်က လွန်းအိမ်ကို ပွေ့ထားသည့် လက်တွေကိုဖြေ၍ သူ့ဟာသူထရပ်လိုက်သည် ။

"ကိုကို ကန်တော့နော် ကိုကို...ဟို"

"တော်ပါကွာ..မင်းတော်တော့်ကိုမွှေတဲ့ မိန်းကလေး.."

ဒူးနာသွားသည် ထင်၏။

သူ့ဒူးကိုသူပြန်၍ ဖိထောက်ရင်း မပျော်က ဆူသည် ။

"သစ်ပင် ဒီလောက်အမြင့်ကြီးကို တက်စရာလား"

"လွှန်းအိမ် တက်နေကျပါ ကိုကိုရဲ့ "

"ဩော် တက်နေကျဟုတ်လား တက်နေကျမို့လို ကံကောင်းလို့ မသေတယ်"

လွှန်းအိမ်က ပြုံးစိစိလေးလုပ်၍ ရှော့ပင်နံအနီလေးမှာ ကပ်ငြိနေသည့် အမှိုက်တွေကိုခါချပစ်နေသည်။

"မင်းကြောင့် ဒီမှာ ဒူးမျက်သွားပြီ"

"ဟင် ဟုတ်လား လွှန်းအိမ်နှိပ်ပေးရမလား ဟင်"

"တော်ပါပြီ ကြီးတော်မရယ် ဘယ်ဘဝကမျောက်နဲ့ သာလိကာ အမျိုးစပ်လာသလဲ မသိဘူး"

"ကိုကိုကလည်း "

လှည့်ထွက်သွားသည့် မဟော့် ခြေထောက် တစ်ဖက် ထော့နင်းထော့နင်း ဖြစ်နေတာမို့ လွန်းအိမ် အတင်းပြေးလိုက်၍ မဟော်ရဲ့ ချိုင်းအောက်ထဲ ခေါင်းလန်ဝင်ကာ ခါးကို လှမ်းဖက်ထားလိုက်သည်။

"ဟာ..ဖယ် ဖယ် တို့ ဖာသာ လျှောက်လို့ ရတယ်"

"ဟင့်အင်း..တွဲမှာ ပဲ လွန်းအိမ်ကြောင့် ဖြစ်တဲ့ ဥစ္စာ"

သူ့ခါးကိုအတင်းဖက်ထားသည့် လွန်းအိမ် မျက်နှာလေးကို ငုံ့ကြည့်ကာ ဘာမှ ဆင်ခြင်ရမှန်းမသိတဲ့ ကလေးလိုပါလားဟု တွေးမိ၍

မဟော် ငြိမ်နေလိုက်ရတော့သည်။

"အို..ဒါ..ဒါ ဘယ်လိုဖြစ်လာတာလဲ မဟော် "

အိမ်မှာ ရောက်နေပြီဖြစ်သည့် ရဲက မြင်ကွင်းကို မလိုလားစွာကြည့်၍ ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

ကျော်ကျော်ကလည်း မျက်လုံးပြူး၍ ကြည့်လိုက်

"အစ်ကိုလေး ဘာဖြစ်လို့ လဲ"

အမှန်အတိုင်းပြောလို့ မဖြစ်တော့တာ မပော်သိလိုက်သည် ။ လွှန်းအိမ်ကြောင့် အနာခံရပါသလားဟု ရဲကစိတ် ကောက်လို့ ဆုံးမှာမဟုတ်တော့။

သို့သော် မပော် အဖြေကို အပြေးအလွှားစဉ်းစားနေဆဲ

"လွှန်းအိမ် သစ်ပင်တက်ပြီးပြုတ်ကျတာလေ အဲဒါ ကိုကိုက ဆီးပွေ့လိုက်တာ ဒူးခေါက်လဲပြီး နာသွားလို့ .."

"ဩော်..ဩော်"

ရဲမျက်နှာ မဲ့ရွဲ့သွားသည် ။

မဟော် မျက်နှာပူကာ ဘယ်လိုဖြေရှင်းရမှန်းမသိတော့။

"ဒါဆို ဒီတစ်ခါလည်း ရဲက တစ်ခေါက်လှည့်ပြန်ရဦးမှာ ပေါ့"

"ကိုယ်လိုက်ပို့လို့ ရပါတယ်ရဲ ရဲ့ ..ကားမောင်းရတာပဲဟာ"

"နေပါစေတော့ မဟော်ရယ် အနှာတရဖြစ်နေတဲ့ လူကိုဒုက္ခထပ်ပေးတယ်ဖြစ်နေပါဦးမယ်..ရဲ ကိုယ့်အစီအစဉ်နဲ့ ကိုယ်သွားလို့ လည်းရပါတယ်..သွားမယ်"

ရဲက ချာခနဲလှည့်ထွက်သွားသည် ။

ရှက်သလိုလို မျက်နှာပူသလိုလိုနှင့် မဟော်မကျေနပ်ခြင်းတို့ က လွှန်းအိမ်ဆီသို့ စုပြုံသွား

လေသည် ။

"မင်းဟာ အနေအထိုင်မတက်ရုံတင်မက ဘူးသိလား တော်တော်အလိုက်ကမ်းဆိုးမသိတဲ့ ဟာလေး"

"လွန်းအိမ် ညာပြောတာမှ မဟုတ်ဘဲ ကိုကို "

"မှန်တိုင်းမကောင်းဘူးကွ အဲဒါနားလည်လား...အခြေအနေအချိန်အခါကိုကြည့်ပြော ကြည့်နေရတယ်"

လွန်းအိမ်က နှုတ်ခမ်းလေးစူ၍ ခါးမှာ လုံးချည်ထားသည့် ရုပ်အင်္ကျီအဖျားစကို ဖြေချနေသည် ။

ကျော်ကျော်က လွန်းအိမ်ကို ပြုံးစိစိကြည့်ကာ နောက်ဖေးအတွင်းထဲ လှည့်ဝင်သွား၏။ တော်ကြာမှန်တိုင်းက သူ့ဘက်လှည့်မလာဘူးလို့ မပြောနိုင်။

"မနေနိုင်မထိုင်နိုင် ဝင်ဝင်ပါမိတာကိုက တို့ မှားတာ"

"ကိုကိုနော်..ကျေးဇူးတင်ထားပြီးသားတွေ အလကားဖြစ်ကုန်တော့မယ်"

"အောင်မာ ဟုတ်တယ် ခင်ဗျား ကျေးဇူးမ တင်မှာ ကိုပဲ ကျွန်တော်က ပူရဦးမယ်"

လွန်းအိမ် ခစ်ခနဲရယ်၍ အပေါ်ထပ်ပြေးတက်ခဲ့လေ သည်။

ရင်ထဲမှာ တော့ ပျော်လိုက်သည့် ဖြစ်ခြင်း။

ဒီနေ့ သူတို့ က ရေပက်ခံထွက်မလို့ ချိန်းထားကြသည် ကိုး..

လွန်းအိမ်မသိလိုက်လို့ ပါ..သိလို့ များ တော့လား...ဒီထက်ပိုဆိုးသွားနိုင်သေးတယ်။

******

## အခန်း (၅)

"ဟုတ်တာ မဟုတ်တာ မဟော်ပဲ စဉ်းစားကြည့်ပါဦး..အရင်တစ်ခါလျှောက်လည်ဖို့ လုပ်တုန်းကလည်း သူ့ကြောင့် ပျက်ခဲ့ရတယ် ခုတစ်ခါလည်း သူ့ကြောင့် ပဲ ပွဲတိုင်းရှုံးနေတဲ့ သူက ရဲ ရယ်"

"တိုက်ဆိုင်တာပါ ရဲရယ်...ဒါ ကြိုတင်ကြံစည်ထားလို့ ဖြစ်တဲ့ ကိစ္စတွေမှ မဟုတ်ဘဲ"

"ပြောလို့ ရမလား မရိုးသားတဲ့ လူဟာ ဘယ်အကြံမဆိုထွက်တာပဲ ဒါတိုက်ဆိုင်မှုဆိုတာ ရဲ ယုံတောင်မယုံတော့ဘူး"

"ဘယ်သူ့ကို မယုံတာလဲ ရဲ"

"သူ့ကို အဲဒီကောင်မလေးကိုမယုံတာ...သူ့ရဲ့ အမူအယာတွေကို ရဲအလိုလိုခံစားမိနေသလိုပဲ သူရဲကို မလိုလားတာ သေချာတယ်၊ အဲဒါဘာကြောင့် လဲ ရှင်းနေတာပဲ မဟော်"

"မဖြစ်နိုင်တာကွာ လွန်းအိမ်ဟာ ကလေးသာသာမိန်းကလေးပါ"

"ဘာ"

ရဲက အထူးအဆန်းပုံစံနှင့် ပြူးပြူးလေးကြည့်ကာ

"ဒါကြီးက ကလေးလို့ မဟော်ပြောတယ် ဟုတ်လား ဆံပင်တိုနံ့နံ့ရှိတိုင်း ကလေးဖြစ်သလား ဒါဆို နှငယ်သွားအောင် ရဲ ဒီဆံပင်တွေဖြတ်ပစ်လိုက်တော့မယ်"

ရဲက ကျောလယ်လောက်ရှိသည့် ဆံပင်

တွေကိုခါ၍ ပြောသည် ။

"ကိုယ်ဆိုလိုတာက သူ့စိတ်ကိုပါ..တကယ့်ကလေး စိတ်ပါ ရဲရယ်"

ရဲက ကျွတ်ခနဲ စုပ်သပ်၍ ထရပ်လိုက်သည် ။

ပန်းခြံထဲရှိတဲ့ ဘယ်နေရာကြည့်ကြည့် ပန်းကလေးတွေရှိနေပေမယ့် လှတာကိုမမြင်။

ရ င ်ထ `မ ၂၁ သဝန်တိုခြင်းက အကျည်းတန်စွာရှိနေလေသည် ။

ကျစ်လျစ်ပြည့်တင်းသော ကိုယ်ဟန်

လှပသောမျက်နှာ

ကိုယ့်လောက်ရှိတဲ့ အရပ်အမောင်း

ဒါကိုကလေးတဲ့ လား

ပြီးတော့ အချိန်ပြည့် အရည်လဲ့နေတတ်သည့် မျက်ဝန်းလေးတွေ.. နီမြန်းမြန်းပါးမို့မို့လေး

များ နှင့် သတိထားမိချင်အောင်လှသော နှုတ်ခမ်းပြည့်ပြည့်ဖူးဖူးလေးဟာ ကိုယ်တွေလို ပုံဖော်ဆေးကူထားရသည့် ပါးလှပ်လှပ်နှုတ်ခမ်းလိုမဟုတ်။

ဒီအလှတွေကို မဟော် ဂရုမစိုက်မိစွာ ကလေးလို့ ဇွတ်ပြောနေတာကို ရိုးသားခြင်းပဲဆိုတာ သိပေမယ့်တစ်ကိုယ်တည်းအတူအမြဲဒီလိုထိတွေ့ဆက်ဆံပါများ လာတဲ့ အခါ နောင် ဘယ်လို လုပ်မလဲ။

"ဘွားမေသူဆီ မပြန်ချင်လည်း မဟော် အိမ်ပြောင်းကွာ...အဲဒီမှာ ရဲ စိတ်မချဘူး"

မဟော် မျက်နှာပျက်သွားသည် ။

"အဲဒါတော့ ရဲ ကိုယ့်သိက္ခာကို စော်ကားတာပဲ"

" မဟုတ်ဘူး မဟော့်ကိုရဲ ယုံကြည်တယ်ဒါပေမဲ့ အချိန်အခါနဲ့ ကံကြမ္မာကိုတော့ မယုံ

ဘူး..မပောက်ကို ရဲက စချစ်ရခဲ့တဲ့ သူပါ ရဲရင်ထဲ ကို ကိုယ်ချင်းစာပေးပါ"

"ဒါ ဘာမှ မဆိုင်ဘူးရဲ မင်းတို့ ကိုယ်တို့ အရွယ်ဟာ ဒီစိတ်မျိုးတွေထားရမယ့်အရွယ်လည်း မဟုတ်တော့ဘူး မင်းကိုယ့်ကို ယုံကြည်ရင် နောက်ဒီစကားမျိုးတွေ ထပ်မပြောပါနဲ့ "

"ခက်လိုက်တာ မပောက်ရယ်"

ရှင်းလို့ မရတဲ့ ပုစ္ဆာတစ်ပုဒ်လို ရဲသိနေပူနေတာတွေ ရှိပေမယ့် ဘာကိုဆုပ်ကိုင်ပြရမှန်းလည်း မသိ။

တယူသန်တတ်သည့် မပောက်ကလည်း သူကိုယ်တိုင်လက်ခံယုံကြည်တာမျိုး မဟုတ်ဘဲ ခေါင်းညိတ်မယ့်လူမျိုးမဟုတ်။

ဘာမှ မတတ်နိုင်ပါ။

ဓာတ်သိမ်းကလန့်ကာမချမချင်း တထိတ်

ထိတ်နဲ့ စောင့်ကြည့်ရုံသာ ရှိပါတော့သည် ။

******

ထွန်းထွန်းက ကားမောင်း၍ လေးလေးတို့ အုပ်စု ဒီအပြင် အဖော်တွေပါစုရုံးလျက် ခြံထဲကိုဆူဆူညံညံ ဝင်လာကြတာကို အပေါ်ကနေ လှမ်းကြည့်ရင်း ပြေးဆော့ချင်စိတ်တွေတား ဆီးမရ ဖြစ်နေမိသည် ။

မေမေ ဘာတွေပြောနေသည် မသိ။ ဆူညံရ ယ်မောလာကြသည့် အသံတွေ တိခနဲတိတ်ကျ သွားကာ လေးလေးနဲ့ ချမ်းမြစင်တို့ အပေါ်ထ ပ်ကို မော့ကြည့်လိုက်ကြတာမြင်ရသည် ။

ပြီးတော့ ကားရှေ့မှာ ထိုးလာသည့် ပိတော က်ပန်းတွေထဲက တစ်ပွေ့ပွေ့ယူ၍ မေမေ့လ က်ထဲ ထည့်ပေးနေတာ တွေ့လေသည် ။

လွန်းအိမ်ကို ပေးခိုင်းတာနေမှာ

သူငယ်ချင်းတွေကိုကြည့်၍ လွန်းအိမ် မျက်ရည်ဝဲလာမိသည်။

ဘာမှ မဟုတ်တဲ့ အမှားကလေးတစ်ချက်နှင့် လွန်းအိမ် ခြေချုပ်မိနေရပြီ။ မေမေသိပ်ရက်စက်တာပဲဟု လည်း တွေးမိသေးသည်။

"ရော့ ဒီမှာ ကောင်မလေးတွေပေးသွားတာ"

တအောင့်ကြတော့ မေမေက အပေါ်ရောက်လာကာ လွန်းအိမ်ရှေ့မှာ ပိတောက်ပန်းတွေချပေးသည်။

"မေမေ ဥပုသ်စောင့်သွားမယ် အိမ်မှာ ကောင်းကောင်း နေနော် လမ်းထိပ်မှာ စာအုပ်သွားငှားမလား"

"ဟင့်အင်း"

"စီဒီခွေသွားငှားပါလား"

"မငှားချင်ပါဘူး"

သမီးမျက်နှာလေးညိုနေတော့ ဒေါ်ရွှေရည် စိတ်ထဲ မကောင်းနိုင်ပါ ဒါပေမဲ့ ဒါသူ့အတွက် ပဲလေ။

ကိုယ်ကသမီးလေးမွေးထားပြီး ဗရမ်းဗတာ လွှတ်ပေးထားလျှင် ဒီမိန်းကလေးရဲ့ တန်ဖိုး ဘယ်ထိကျသွားမလဲ

ကိုယ်ဘယ်လိုပဲ မပါပါဘူးဆိုဆို တစ်ဘက် ရဲ့ ရန်စွယ်တွေကရှိနေသည် ။ ပြဿနာဖြစ် လာပြီဆို ကြီးကြီးဖြစ်ဖြစ် ငယ်ငယ် ဖြစ်ဖြစ် မိ န်းကလေးနာမည် ပျက်ရတာပဲ မဟုတ်လား။

ဒါကို သမီး ခုနေ နားလည်ဦးမည်မဟုတ်။

မိဘမေတ္တာဆိုတာကို များ သောအားဖြင့် ကိုယ်တိုင် မိဘဖြစ်တော့မှ ဒါပါလားလို့ နားလ

ည်တတ်ကြတာမျိုး။

အဲဒီအချိန်ကျမှ မေမေ့ကျေးဇူး ဆပ်ချင်ပါသည် ဆိုရော မေမေကရှိချင်မှ ရှိတော့မည်။

အဖေ့ကျေးဇူး မမေ့ပါဘူးဆိုပြီး အလှူအတန်းတွေပေးနေလည်း သက်ရှိထင်ရှားရှိနေတုန်း ခြေထောက်လေးတစ်ချက်နှိပ်နယ်ပြုစုပေးတာလေးတစ်ချက်ရဲ့ ကုသိုလ်နဲ့ တူနိုင်ပ့ါမလား

သွားလေသူဟာ ကျန်ရစ်ခဲ့သူရဲ့ ဒါန အမျှကို သိချင်မှ သိနိုင်မည်၊ သာဓုခေါ်နိုင်မှ ခေါ်နိုင်တော့မည်။

ဒါကို သားသမီးတိုင်း နားလည်စေချင်သည် ။

မိဘဆူတော့ ဆူသည် ။ ပြောတော့ ပြောသည် နှင့် ခြေဆောင့်စိတ်ကောက်..ဘာပဲဖြစ်ဖြစ် အမုန်းခံရတဲ့ မိဘ မေတ္တာကမှ ိန်လျော့သွားခဲ့

သလား..

သမီးလေးနားလည်ပါစေကွယ်

******

သကြံ့န်အတက်နေ့သာရောက်လာသည့် မ ပေါ်အပြင်မထွက်ဖြစ်တော့ပါ။ ရေပက်ခံထွက်ဖို့ ဆိုပြီး ရဲကလည်း ထပ်မပေါ်လာတော့ သူလည်း မသွားမိတော့ပေ။

စိတ်ကနူးညံ့သည့် အချိန် နွေးထွေးသောချစ်ခြင်းတို့ ကို မွေးဖွားလို့ ရပေမယ့် ကိုယ့်စိတ်နဲ့ လုံးဝဆန့်ကျင်လာတာ မျိုးဆို သည်းခံချင်စိတ် မရှိတာ ကိုယ့်ကိုယ်ကိုယ်နားလည်သည် ။

ဘာဖြစ်လို့ များ စိတ်မကောက် သဝန်မတိုတတ်တဲ့ မိန်းမမျိုးနဲ့ မဆုံဆည်းခဲ့ပါလိမ့်ဟု တစ်ခါတစ်လေ တွေးဖြစ်သေးသည် ။

မိန်းကလေးတွေ စိတ်ကောက်တာ ကြာရှည်ထိုင်ချော့ ချင်သည့် စိတ်မျိုးက ကိုယ့်မှာ မရှိ ။

လက်ထပ်ဖို့ ကိစ္စကို ဆန္ဒရှိပေမယ့် အကောင်အထည် မဖော်ဖြစ်တော့ အဲဒီအကြောင်းတွေကြောင့် ဖြစ်သည် ။

မပော်ဝ် ခြံဝမှာ ရပ်၍ ရေပက်မဏ္ဍပ်ဆီငေးကြည့်နေ မိဆဲ..

ဗွမ်းခနဲဆို တစ်ကိုယ်လုံး အေးစိမ့်သွားလေသည် ။

"ဟာ"

နောက်ကိုလှည့်ကြည့်လိုက်တော့ လွန်းအိမ်

ရေဖလားရဲ့ ဖင်ကိုတဖတ်ဖတ်ပုတ်၍ အားပါးတရ ရယ်နေသည် ။

"မင်းတော်တော်ကိုဆိုးပါလား ချာတိတ်ရာ ၊ တို့ က ရေပက်ခံရတာ ဝါသနာပါတာ မဟုတ်ဘူး "

"သင်္ကြန်ဆိုတာ ဝါသနာပါသူရော မပါသူရော အပက်ခံရတာပဲကိုကိုရဲ့ ၊ အဲဒီလို ဝါသနာမပါတဲ့ သူက ပိုလို့ ပက်လို့ ကောင်းသေးတာ"

မဟော် မျက်နှာတင်းတင်းနှင့် တစ်ခုခုပြောမည်ပြင်ဆဲ တစ်ဘက်က အရိပ်တွေကြောင့် လှမ်းကြည့်လိုက်မိသည် ။

ကောင်မလေးတွေ တစ်သိုက်ကြီး..

"ဒေါက်တာကြီးကို ရေပက်မယ်"

"ရေကစားမယ်နော် ဆရာ"

"ဆရာက သိပ်ချောတာပဲ"

သွားပြီကွာ..

မဟော်တစ်ကိုယ်လုံး စိုရွဲကာ မျက်နှာက နီ

ရဲရှုံ့တွနေ၏။

"ဟယ် ရှုံ့မဲ့နေတယ် ချောတာတွေ ပျောက်ကုန်တော့မှာ ပဲ"

"စိတ်မဆိုးနဲ့ နော် ဒေါက်တာ..နောက်နေ့ အားပေးတဲ့ အနေနဲ့ ဒေါက်တာ့ဆီ ဆေးလာထိုးပါ့မယ်"

"အမလေး မထိုးရဲပါဘူး ရေလေးပက်တာတောင် ဒီလောက်ကျွဲမြီးတိုနေတဲ့ ဟာ တော်ကြာ သတင်းနဲ့ ကြွက်သတ်ဆေးတွေ ထည့်ထိုးပေးရင် ဘယ်နှယ်လုပ်မလဲ"

"ဟား ဟား"

လူတွေကသာထွက်သွားတာ အသံတွေက ဆူညံပွက်လောရိုက်သွားလေသည် ။

လွှန်းအိမ်က လက်ညှိုးထိုး၍ ခွက်ထိုးခွက်လန်ရယ်လို့ မဆုံး၊ မဟော် ဒေါသဖြစ်ဖြစ်နှင့်

လွန်းအိမ် လက်ထဲကဖလားကို ဆွဲယူကာ ဖလားနှင့် ခေါင်းကို ဒေါင်ခနဲ ထုချလိုက်သည် ။

အဲဒါ ရယ်ဦး

လွန်းအိမ် ရှုံ့မဲ့သွားလျက် ခေါင်းကိုပွတ်သည် ။

"သွားပြီ အဲဒီခေါင်း..ဘယ်လိုလုပ် ဆရာဝန်လုပ်စားမလဲ မေမေက ခေါက်လိုက် သူကခေါက်လိုက်"

"ဖြစ်မယ် ဆရာဝန်အားကြီး"

"ဖြစ်မှာ စောင့်ကြည့်နေ"

******

"ကိုကိုရေ..ကိုကို"

"ဟ ဘယ်လိုဖြစ်တာလဲ"

"ကိုကိုရော"

"မျက်နှာသစ်နေတယ် ဘာလဲ မီးခဲကိုင်မိလာ သလား"

"ဘာ..ဘာ"

ကျော်ကျော့်စကားကို သဘောပေါက်ကာ လွန်းအိမ် ပြန်လှည့်လာ၏။

"ရှင်က လွန်းအိမ်ကို မျောက်လို့ ပြောလိုက်တာပေါ့ လေ"

"ဟာ..မဟုတ်ပါဘူး..ပြောစရာလား..လူတစ်ယောက်လုံးမြင်သားနဲ့ .."

ကျော်ကျော်က ရယ်၍ အိမ်ရှေ့ခပ်သုတ်သုတ်ထွက် သွားသည် ။

လွန်းအိမ် ရေချိုးခန်းတံခါးကို တအားထုခေါ်သည် ။

"ကိုကို"

"ဘာလဲ"

"မျက်နှာသစ်တာ မပြီးသေးဘူးလား"

"မပြီးသေးဘူး"

"မြန်မြန်လုပ်ပါ လွန်းအိမ် ပြောချင်လွန်းလို့ မနည်းထိန်းနေရတယ်"

အသံတိတ်သွား၍ မဟော်တော်တော်နှင့် ထွက်မလာ။

"ကိုကို ကြာလိုက်တာ လွန်းအိမ်ဝင်လာမှာ နော်"

"ဟာ မဝင်နဲ့ "

ပြောပြောဆိုဆို လွန်းအိမ်က တံခါးကိုတွန်းဖွင့်၍ ဝင်လာ၏။

"ချာတိတ် ဘာလို့ ဝင်လာတာလဲ သွား..သွား..သွား"

မဟော်က မုတ်ဆိတ်ရိတ်နေသည့် မေးဖျား

မှာ ဆပ်ပြာအဖွေးသားနှင့် အတင်းနှင်လွှတ်သည် ။

"အပျိုကြီးရေချိုးတာကျနေတာပဲ ကိုကိုရာ ဝင်တော့ဘာဖြစ်လဲ လွန်းအိမ်စာမေးပွဲ result သွားကြည့်တာ အောင်တယ်သိလား"

"အဲဒါ ဘာဖြစ်လဲ စာမေးပွဲအောင်တာ ဆန်းသလား"

"ဆန်းတာပေါ့ သူများ တွေ ရိုးရိုးအောင်ဖို့တောင် မနည်းကြိုးစားရတာမအောင်တဲ့ သူတွေအများကြီး လွန်းအိမ်ကဂုဏ်ထူးပါတယ်"

"ဒါလည်း ကြိုးစားရင် ပါမှာ ပေါ့ မဆန်းပါဘူး သွားဆိုကွာ"

ကိုယ်ကတော့ ဝမ်းသာအားရလာပြောရပြီး သူကမထူးဆန်းသလို တွင် တွင် နှင်လွှတ်နေသဖြင့် လွန်းအိမ်နှုတ်ခမ်းလေးစူသွားသည် ။

"ကိုကို မထူးဆန်းလို့ မရဘူးနော် လွန်းအိမ် ဂုဏ်ထူးဘယ်နှစ်ခုပါလဲ သိလို့ လား"

"ပြောပါဦး"

"လေးခုတောင်ပါတယ်"

"ဟင်"

ဒီတစ်ခါတော့ မဟော် အတော်ကြီးကို အံ့ဩသွားရတာဖြစ်သည် ။ အထင်ကြီးစိတ်က လေးလည်း ဝင်သွား၏။

ဒီကောင်မလေး ရှပ်ပျာရှပ်ပျာနှင့် ဒီလောက်တော်သတဲ့ လား၊ မဟော် မျက်နှာပြောင်းလဲသွားတာမြင်မှ လွန်းအိမ် ကျေနပ် သွားကာ

"အဲဒီစာမေးပွဲဖြေတော့ လွန်းအိမ် ဘယ်လောက်ကြိုးစားရသလဲသိလား..စာမေးပွဲမဖြေခင်ကတည်းက ဆေးတွေအဆက်မပြတ်သွင်းရတာ စာမေးပွဲလည်း ပြီးရော ပုလင်းချိတ် ရ

တာပဲ အိပ်ရာထဲ အကြာကြီးလဲနေသေးတယ်"

"မင်းက ဘာတွေရည်ရွယ်ထားလို့ ဒီလောက်ကြိုးစားတာလဲ"

"မေမေ့ကိုသနားလို့ မေမေက ဖေဖေဆုံးသွားပြီး မလည်မဝယ်နဲ့ လူလိမ်တွေခံရ ပစ္စည်းတွေကုန်နဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရှာတာ ခုထိပဲ၊ လွန်းအိမ်တို့ မှာ နီးနီးဝေးဝေး ပြေးကြည့်မှ ဒီသားအမိနှစ်ယောက်တည်းရှိတာ၊ လွန်းအိမ်နဲ့ မေမေ့အတွက် အားကိုးလောက်စရာအမာခံတစ်ခုခုရှိမထားလို့ မဖြစ်တော့ဘူးလေ ကိုကိုရဲ့၊ ပစ္စည်းဆိုတာ ပြန့်ပွားအောင် မလုပ်တတ်ရင် ခဏလေးနဲ့ ကုန်သွားမှာ။ ဒါကြောင့် ဆရာဝန်ဖြစ်ဖို့ လွန်းအိမ်ကြိုးစားမယ်ဆိုပြီး အပြင်းအထန်ကြိုးစားတာပေါ့"

"အင်း..အထင်တော့ကြီးရတော့မလို ဖြစ်

လာပြီ"

ထိုစဉ် ရေချိုးခန်းတံခါးဝမှာ ကျော်ကျော် လာရပ်ကာ

"အပြင်မှာ မမရဲ့ရောက်နေတယ် အစ်ကို လေး"

"ဟင်"

မဟော် မျက်စိမျက်နှာပျက်သွားသည် ။

စကားပြောရင်း နှင်လွှတ်ဖို့ ကို မေ့သွားခဲ့ သည် ။

ဒီနေ့ မကျန်းမာသည့် သူ့မိခင်အတွက် ဘု ရားမှာ ယတြာသွားချေဖို့ စောစောလာခဲ့မယ့် အကြောင်းလည်း ရဲ ကြိုပြောထားတာ မေ့နေ မိသည် ကိုယ့်အပြစ်ကိုယ် ဒေါသဖြစ်မဆုံး။

ပြောတတ်တဲ့ လူရှေ့မှာ မှ ဘာဖြစ်လို့ ပြော စရာတွေပဲ ဖြစ်ဖြစ်နေတာလဲ၊

"ကဲ..မင်း ပြောမရဆိုမရလုပ်တာနဲ့ ပြဿနာတွေကရှုပ်ဦးမယ်"

"ဘာဆိုင်လို့ လဲကိုကို လွန်းအိမ်က ရိုးရိုးသားသား လာပြောတာပဲ"

လွန်းအိမ် မျက်နှာလေးငယ်သွားတော့လည်း သနားသွားမိသည် ။ ဟုတ်ပါတယ် ကိုယ်ရိုးသားရင်ပြီးတာပဲပေါ့..

မဟော် အထူးစိတ်အိုက်၍ လွန်းအိမ်ကို ပြန်လွှတ်လိုက်သည် ။ မှတ်ဆိတ်ရိတ်ခြင်းကို လက်စသတ်ရန် မျက်နှာသစ် လိုက်သည် ။

ဧည့်ခန်းကနေကြည့်လျှင် နောက်ဖေးဘက်ကိုမြင်နေရတာမို့ ရေချိုးခန်းထဲက လွန်းအိမ်ထွက်လာတာ ရဲ မုချမြင်မည်သာ။

ဘယ်လိုစကားလုံးတွေနဲ့ ပစ်ခွင်းဦးမလဲ စဉ်းစားထားပေတော့ ရဲရေ၊ မဟော်စိတ်ပျက်စွာ သက်ပြင်းချလိုက်မိလေသည် ။

******

# အခန်း (၆)

"အဲဒါ ဘာတွေလဲ မဟော်"

"ဆေးစာအုပ်တွေလေ"

"ဘာလုပ်ဖို့ လဲ"

"လွှန်းအိမ်အတွက်ပေါ့ သူက ဆေးကျောင်း တက်နေတဲ့ သူဆိုတော့ ဒါတွေလိုတယ်"

ရဲ မျက်နှာ ညိုမဲသွားသည် ။

နှစ်ယောက်အတူရုပ်ရှင်ရုံထဲကအပြန် ဘွား ဘွားဆီခဏဝင်ဦးမယ်ဆိုတော့ သူ့မှာ ဝမ်းလ ည်း သာ အံ့လည်း အံ့သြ..

ဘွားအေလုပ်သူကလည်း မြေးမျက်နှာမြင်

လိုက်သည်                                    နှင့်
ခလုတ်တိုက်မတတ်ပြေးကြိုရှာတာ။

"မြေးလေး ဘွားဘွားနဲ့ နေတော့မလို့ ပြန်လာတာလား..ဟင်" တဲ့ ။

သူ့ဆန္ဒမပါဘဲလည်း ဇွတ်မခေါ်ရဲတာကြောင့် ကြည့်နေခဲ့ရပေမယ့် ဒီမြေးကို ဘွားမယ်သူဘယ်လောက်ချစ်နေသလဲဆိုတာ ရဲသိနေသည် ။

မြေးလုပ်တဲ့ လူကတော့ ဘွားအေကို ဝတ်ကျေတန်းကျေသာ ခေါ်ပြောနှုတ်ဆက်ပြီး အခန်းထဲ တောက်လျှောက်ဝင်သွားလိုက်တာ ပြန်ထွက်လာတော့ ဒီစာအုပ်တွေကို ပွေ့ပိုက်လျက်
။

ဘယ်တုန်းကမှ သွားဖို့ တိုက်တွန်းမရခဲ့သော ဘွားအေ ဆီကို ဒီကောင်မလေးကိုပေးဖို့ စာအုပ်တွေ လာယူရသည် ဆိုတဲ့ သံယောဇဉ်

က မတွေးရဲစရာ။

ရဲ ဘယ်လိုမှ အောင့်အင်းသည်းခံလို့ မရ တော့ပါ။

"ဟိုကလည်း ကိုကို ကိုကိုနဲ့ မဟော်ကိုယ် တိုင်ကလည်း ဒီလောက် ဂရုတစိုက်ရှိလာတာ ရဲ ဘယ်လိုစိတ်ထားနဲ့ ဆက်ကြည့်ဖြူရမှာ လဲ.. ဟင် ပြောပါဦး"

မဟော်က ကားကိုခြံထဲက ကွေ့ထွက်လိုက်ပြီး လမ်းမပေါ်ရောက်မှ ရဲကို လှည့်ကြည့်သည် ။

"ဂရုစိုက်တယ်ဆိုတာ ဂရုစိုက်သင့်တဲ့ လူမို့ လို့ ပါ ရဲရယ်၊ လွန်းအိမ်တို့ သားအမိက အထ ည်ပျက်ကြီးသဘောမျိုးပဲ မိန်းမသားနှစ်ယော က်ထဲနဲ့ ရပ်တည်နေကြရတာ ဆေးကျောင်း တက်တယ်ဆိုတဲ့ စရိတ်ကနည်းတာ မဟုတ် ဘူး ..ဒီစာအုပ် မျိုးတွေကို ဒီကောင်မလေးဝယ်

နိုင်မှာ မဟုတ်ဘူး ဆိုတာ ကိုယ်သိလို့ ကိုယ့်မှာ လည်း မလိုအပ်တော့တဲ့ ပစ္စည်းမို့ ဒါနပြုတာ မရိုးသားစိတ်လုံးဝ မပါဘူး"

"သိတယ် သိတယ်နဲ့ ပဲ မဟော် လက်ထပ်ဖို့ ရက်တွေ လတွေနှစ်တွေ အချိန်ဆွဲသမျှ ရဲနား လည်ပေးခဲ့တယ် မနေစေချင်တဲ့ အဲဒီတိုက်မှာ ပဲ တစ်နှစ်ပြီးတစ်နှစ် နေနေသမျှ ကြည်ဖြူပေး ခဲ့တယ်၊ ရဲဘက်က ဘာလွန်တာရှိလဲ မဟော် မဟော်၊ ဘာတွေလုပ်နေတာလဲ ဘာဖြစ်ချင် တာလဲ အဲဒါ ရဲ သိပါရစေ"

ကားကိုဂရုစိုက်မောင်းရင်း မဟော်က သ က်ပြင်းချသည်။

"ဘာဖြစ်ချင်လို့ မှ လုပ်နေတာ မဟုတ်ဘူး ကိုယ် အဲဒီတိုက်မှာ ကိုယ်စာချုပ်တဲ့ ငွေနဲ့ ဆ က်နေနေတာ သူတို့ အတွက် ကျောင်းစရိတ် ရော အစစအရာရာ အထောက်အကူရအောင်

လို့ လက်ထပ်ဖို့ အချိန်ဆွဲတာက အတူနေကြတဲ့ အခါ ရဲ စိတ်ချမ်းသာအောင် ကိုယ်ထားချင်တယ်လေ..ဒီပတ်သက်မှုတွေ ရဲမကြိုက်တာအားလုံးကို ဖြတ်ချင်တယ်"

"ဟင် ဒါဆို လွှန်းအိမ်ကျောင်းမပြီးမချင်း မပော် က တစ်နှစ်ပြီးတစ်နှစ် စာချုပ်မယ်၊ ကျောင်းပြီးမှ ပဲ ရဲနဲ့ လက်ထပ်မယ် ဒီလိုလား"

"အဲဒီ သဘောတော့မဟုတ်ပါဘူး..ဒါပေမဲ့ မိဘကို နားလည်သိတတ်စွာ ကြိုးစားတဲ့ ကလေးတစ်ယောက်ကိုတော့ ဆုံးခန်းတိုင်အောင် ကိုယ်ကူညီမယ်"

ရဲ မျက်နှာနီရဲတင်းမာသွားကာ တစ်ဖက်ကိုချာခနဲ လှည့်ပစ်လိုက်သည် ။

"ကိုယ့်သားသမီးလည်း မဟုတ်ဘူး နှမသားချင်းလည်း မဟုတ်ဘဲ မပော် ဒီလို ကိုယ်ကျိုးစွန့်ပြီးကူညီနေတာ ရဲ သိပ်ကိုအံ့သြတယ်

ယုံကြည်ဖို့ လည်း အတော့်ကိုကြိုးစားရတော့မယ် မဟော်"

မဟော် ကားကိုလမ်းဘေးဆွဲချ၍ ရပ်ပစ်လိုက်သည် ။

ကိုယ့်စိတ်ကဖြူစင်တာ ကိုယ်ပဲအသိဆုံး..

ဒေါသနှင့် တစ်ခုခုပြောချလိုက်တော့မည့်ဆဲဆဲ

ကိုယ့်ကိုယ်ကိုယ်သတိနှင့် ပြန်ထိန်းလိုက်ရသည် ။

မယုံကြည်ရင် မင်းကြိုက်သလိုလုပ်ဆိုပြီး ကိုယ်ကပြောချလိုက်လျှင် နဂိုကတည်းက သံသယများ နေတဲ့ သူဟာ ပို၍ ပြောစရာဖြစ်သွားတော့မည်။

ဒါဆို ဘယ်လိုလုပ်မလဲ ရဲကိုလည်း ကိုယ်ချစ်နေသည် ပဲ၊ ဘာထပ်လုပ်ရမလဲ

အပြေးအလွှား စဉ်းစားလိုက်သည် ။

နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကိုချ၏။

"ကောင်းပြီ ဒါဆို ကိုယ်တို့ အမြန်ဆုံးလက်ထပ်မယ် ဒီလထဲမှာ စီစဉ်မယ်၊ တစ်ခုတော့ရှိတယ်နော် ရဲ..ခု မင်းမကျေနပ်တဲ့ ကိစ္စမျိုးတွေနဲ့ ၊ ဆက်ဘာပြဿနာရှာတာမျိုးတော့ မလုပ်ပါနဲ့ ၊ မင်းစိတ်ချရအောင် ကိုယ်လက်ထပ်မှာ ဒါဟာ ကိုယ့်ဘက်က ရိုးသားခြင်းကိုပြတာပဲ၊ ဒီထက်ဘာမှ ရှင်းဖို့ မလိုတော့ဘူး"

ရဲ အံ့ဩသည့် မျက်နှာလေးနှင့် လှည့်ကြည့်သည် ။

******

"သမီး"

"ရှင်"

လွှန်းအိမ် စာကြည့်စားပွဲဆီကို ဒေါ်ရွှေရည်က လက်ဖက်သုတ်ပန်းကန်လေးနှင့် ရောက်လာသည်။

"ဒီမှာ မေမေပဲကြော်များများ နဲ့ သုတ်လာတယ်၊ လက်ဖက်သိပ်များ ရင် အောင့်မှာ စိုးလို့"

"မေမေကလည်း လွှန်းအိမ် လက်ဖက်ကြိုက်တဲ့ ဟာ"

"အဲဒါကြောင့် လျှော့ထားတာပေါ့၊ လက်ဖက်မြင်ရင် အသားချည်းစားတာ ဗိုက်တွေဘာတွေအောင့်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဆေးတောင်မှ လွှန်ရင် ဘေးဖြစ်တတ်တယ်တဲ့ ၊ သမီးလည်း ဆေးကျောင်းဒုတိယနှစ် တောင်ပြီးတော့မယ် အစားအသောက်ဆင်ခြင်စားဖို့ ကိုယ့်ဟာကိုယ်သိ.."

"မေမေကလည်း "

လွန်းအိမ် မေမေ့ခါးကိုဖက်၍ ချွဲလိုက်သည် ။

ခုဆို လွန်းအိမ်ရဲ့ ဆံပင်တိုတိုလေးတွေက ပခုံးအောက်နားထိဝဲနေပြီ၊..ဆံမြိတ်မထားဘဲ အားလုံးအရှည်အတိုင်းနှင့် ခလယ်ခွဲထားသည့်မို့ လွန်းအိမ် ပုံစံကလေးက အရပ် မြင့်မြင့်ကိုယ်လုံးသွယ်သွယ်နှင့် သူငယ်ချင်းတွေက မော်ဒယ် သင်တန်းတက်ဖို့ အထိ တိုက်တွန်းနေကြသည် ။

"တက်ခိုင်းလိုက်ပါ အန်တီရယ် လွန်းအိမ်သာ ဖက်ရှင်ရှိုးတစ်ခုလောက် ဝင်ပါလိုက်ရင် ရုပ်ရှင်ဗီဒီယိုထဲ တန်းပါသွားမှာ " တဲ့ ။

တိုက်တွန်းကြပေမယ့် ဒေါ်ရွှေရည် ခေါင်းခါခဲ့သည် သာ။

ကိုယ့်ဆန္ဒက ပညာတတ်တစ်ယောက်ဖြစ်စေဖို့ ။

ကျော်ကြားမှုများကြားမှာ လမ်းလွဲရောက်မသွားဘူးလို့ ဘယ်သူပြောနိုင်မလဲ၊

မကျော်ကြားမီ စပ်ကူးမတ်ကူးမှာ မပျက်စီးဘူးလို့ ဘယ်သူအာမခံမလဲ ပြီးတော့ မော်ဒယ်ဆိုတာတွေကိုလည်း ဒေါ်ရွှေရည်သဘောမကျ။

ပျော့အိနူးညံ့နေသော ဆံနွယ်မဲနက်နက်လေးတွေကို ဒေါ်ရွှေရည်က တယုတယပွတ်ကိုင်၍

"သမီးကို မေမေပြောစရာရှိသေးတယ်"

"ဘာလဲ မေမေ"

လွန်းအိမ်က စာကြည့်တဲ့ အလုပ်ကို နားထားလိုက်ပြီး လက်ဖက်သုတ်ကို ကိုင်၍ စားနေသည် ။

ဒေါ်ရွှေရည်က လွန်းအိမ်ရဲ့ အိပ်ရာဘေးမှ

တင်ပါးလွှဲထိုင်လိုက်ရင်း

"လာမယ့် နှစ်ဆယ့်ငါးရက်မှာ မဟော်နဲ့ ရဲသုလွင်တို့ လက်ထပ်ကြတော့မယ်"

"ရှင်"

ပါးစပ်ထဲသွင်းတော့မည့် လက်ဖက်သုတ်ဇွန်းက ပန်းကန်ထဲသို့ ပြုတ်ကျသွားသည် ။ လွန်းအိမ် ဟန်ဆောင်ဖို့ လုံးဝသတိ မရပါချေ။

သူ့ခမျာ ကိုယ့်အစ်ကိုအရင်းလို အစစအအား ကိုးနေရှာ တာဝမ်းနည်းရှာပေမပေ့ါဟု တွေးလိုက်မိသည် ။

"သေချာသွားပြီလားဟင် မေမေ"

"ဟုတ်တယ်သမီး..သူတို့ ချက်ချင်း ထစီစဉ်ကြတာ ရုံးမှာ လက်မှတ်ထိုးမယ် ညဘက်ဧည့်ခံပွဲလုပ်မယ်တဲ့ ၊ လက်ထပ်ပြီးရင် မဟော်ရဲ့ အဘွားလက်ဖွဲ့တဲ့ တိုက်မှာ

သွားနေကြမယ်တဲ့ လေ.. ဘယ်တတ်နိုင်မလဲ သမီးရယ် မဟော်ဒီလောက်ထိ မေမေတို့ အပေါ် ငဲ့ညှာခဲ့တာကိုပဲ ကျေးဇူးကဆပ်လို့ မကုန်ပါဘူး၊ တကယ်ဆိုသူအစကတည်းက ကောင်မလေးနဲ့ လက်ထပ်ဖို့ ဟာ သမီးရဲ့ ပညာရေးကိုငဲ့ပြီး သူ့လခနဲ့ အထောက်အကူရအောင် ဒီအိမ်မှာ ဆက်နေပေးတာ"

"ဟုတ်ရဲ့ လား မေမေရယ် သူ့အဘွားကိုစိတ်ကောက်ပြီး တမင်လာငှားနေတဲ့ ဥစ္စာ"

"မေမေ့ကို
မောင်ကျော်ကျော်အားလုံးပြောပြတယ်ကွဲ့ ရဲဆိုတဲ့ မိန်းကလေးက သမီးနဲ့ မဟော် နေတာထိုင်တာကိုလည်း သဘောမကျဘူး၊ အဲဒီကြားထဲက မဟော်က သမီးလေးကို သံယောဇဉ်ကြီးလို့ ငဲ့ညှာခဲ့တာ စောင့်ရှောက်ခဲ့တာ"

ဟုတ်ပါသည် ။

စာမရလို့ ရှင်းပြပေးပါဆိုလျှင် အိပ်ရာထဲကနေတောင် ထလာတတ်တဲ့ ကိုကို။

လွန်းအိမ် လိုအပ်သမျှစာရွက်စာတမ်းလိုတဲ့ ပစ္စည်း ဘာမဆို ပါးစပ်မဟရသေးခင် လွန်းအိမ်လက်ထဲရောက်လာခဲ့သည် သာ။

"ကိုယ့်ရည်ရွယ်ချက်အတိုင်းဖြစ်မြောက်အောင် ကြိုးစား မိဘအပေါ်ငဲ့ညှာတယ်ဆိုတာ နတ်လူသာဓုခေါ်တယ်ကွ သိလား"

"ကိုကိုကျတော့ရော"

အဲဒီလို လွန်းအိမ်ပြန်မေးလျှင် လွန်းအိမ်နဖူးကို လက်သီးဆုပ်နှင့် ပိတ်ထု၍

"ပြန်မမေးနဲ့ ပြောတာနားထောင်" တဲ့ ။

ညညဆို ကိုကို့ကိုသွားမေးရင် ကိုကို့မျက်နှာကိုတစိမ့်စိမ့်ကြည့်

ကိုကို့ကိုပြန်ပြော ကိုကိုဒေါသထွက်တော့ ထိပ်ပုတ် ခေါင်းထု။

ကြည်နူးခဲ့ရတာတွေ..

အဲဒါတွေ လွန်းအိမ် ဆုံးရှုံးရတော့မှာ ပေါ့၊

"ကိုကိုက လွန်းအိမ်ကိုတောင် မပြောဘူးနော်"

"သမီးကို သူက ကလေးအရာထားတာကိုး သမီးရဲ့ ၊ မေ့မေ့လျော့လျော့နဲ့ မပြောဖြစ်တာနေမှာ ပေါ့၊ ဒါမှ မဟုတ် စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောတာလည်း ဖြစ်ချင်ဖြစ်မှာ ပေါ့"

လွန်းအိမ်ကို ဘာဖြစ်လို့ များ ကလေးဆိုတဲ့နေရာမှာ ပဲ ထားချင်နေရတာလဲ ကိုကိုရယ်။

လွန်းအိမ် ကိုကို့ကို ဟိုးအရင်ကတည်းက ချစ်ခဲ့တာ၊

လွန်းအိမ်ကို တစ်ယောက်တည်း ရက်ရက်

စက်စက် မထားခဲ့ပါနဲ့ ကိုကို.....

******

"ကိုကျော်ကျော်"

"ဘာလဲ"

"ကိုကို ဘယ်သွားလဲဟင်"

"သူလည်း သွားချင်ရာသွားမှာ ပေါ့ဟာ သွားတိုင်းငါက ဘယ်သိမှာ လဲ"

"မ.. ရဲ နဲ့ သွားမှာ ပေါ့နော်"

"မသိပါဘူးဆိုမှ ..."

လွန်းအိမ် မျက်စောင်းထိုးသည် ။

"ရှင် သိတာဘာရှိလဲ"

"နင် ကျောင်းကပြန်လာတိုင်း ကိုကိုရောလို့ အမြဲမေးတတ်တာတော့သိတယ်"

"ဟင်း"

လွန်းအိမ်က မျက်စောင်းထိုး၍ ကျော်ကျော် လက်ထဲက မုံညင်းရွက်တွေကို ဆွဲယူလိုက်သည် ။

"ဟဲ့... ဟဲ့ အဲဒါ ဘာလုပ်တာလဲ"

မုံညင်းရွက်ကို အစည်းဖြေ၍ ဇလုံထဲမှာ ဒီတိုင်းနှစ်ပေးကာ ရေစစ်ထားလိုက်ပြီး စဉ်းတီးတုံးနဲ့ ဓါးကို သွားယူလိုက်သည် ။

"မုံညင်းရွက်ကို လှီးပြီးမှ မဆေးရဘူးလေ အာဟာရဓာတ်တွေလည်း လျော့မယ် ကြော်လိုက်တော့ ရေတွေလည်း တအားထွက်မယ် မသိရင်အသာနေ"

လွန်းအိမ်က ဘယ်နေရာဖြစ်ဖြစ် အဲသလို မနေတတ်မထိုင်တတ် ဝင်ပါတတ်တဲ့ သူ

"သမီးရေ မီးဖိုချောင်ထဲမှာ ဘာလုပ်နေလဲ"

"မေမေ  ဒီမှာ လွန်းအိမ် ကိုကျော်ကျော့်ကို သင်ပေးနေတာ"

"လုပ်လိုက်ပါ မနှမ်းဖြူးရယ်"

လွန်းအိမ် ခစ်ခနဲရယ်သည်။

ဒေါ်ရွှေရည်က  မီးဖိုဆောင်တံခါးဝမှာ လာရပ်ကာ

"မောင်ကျော်ကျော့်ကို သွားရှုပ်နေပြန်ပြီ ဒီကောင်မလေး"

"ရတယ် အန်တီ သူဆရာလုပ်ချင်တာ ကျွန်တော် သက်သာတယ်"

"မတတ်တာကို ဝန်ခံစမ်းပါ"

"ဝန်ခံလိုက် ကျော်ကျော်ရေ မြှောက်ပေးပြီး ထိုင်သာကြည့်နေ…ဒီလိုလူမျိုး များများ ရှိမှ ကိုယ်သက်သာတာ"

"မေမေနော်…လွန်းအိမ်ကို မြှောက်ပေးရင်

ကွေးအောင်ကတဲ့ သူလို့ ပြောတာ တော်ပြီ ကူမချက်တော့ဘူး"

"အား...အား အန်တီပြောတာ ငါ မပါဘူး ယောကျ်ားလေးက မိန်းကလေးလောက် ဘယ်စေ့စပ်ပါ့မလဲ လုပ်...လုပ်ပါ...ဟဲ...ဟဲ"

ဒေါ်ရွှေရည်က ဟင်း ဟင်း ရယ်လျက် သမီးမျက်နှာကို ချစ်စနိုးကြည့်သည်။

"မေမေ မမြတို့ အိမ်သွားမလို့ ...အပေါ်မှာ နီလာလည်း မရှိဘူးနော် သမီး"

"သွားမေမေ သမီးဘယ်မှ မသွားဘူး"

ဒေါ်ရွှေရည် ထွက်သွားလျှင် ကျော်ကျော်က လိုအပ်မယ့် ဒယ်အိုးနဲ့ ပစ္စည်းတွေ အဆင်သင့် ချပေးရင်း

"ငါ့ညီမက အဲဒီလို ကူညီတတ်တာလေးတွေ တအားချစ်ဖို့ ကောင်းတာပဲ၊ စိတ်ကောင်း

လို့ လား မသိဘူး ရုပ်ကလေးကလည်း လှလှ လာတယ်"

"မေမေ မြှောက်ပေးတိုင်း ကွေးအောင်မက နဲ့ နော် ထားပစ်ခဲ့လိုက်မှာ သိလား"

"တကယ်ပြောတာဟ ဆံပင်ထားပုံနဲ့ ကိုယ်လုံးကိုယ်ပေါက်ကလေးက အွန်စောနဲ့ တူတယ် ဒါပေမဲ့ အွန်စောထက်လှတဲ့ နင် ဆရာဝန်ဖြစ်သွားရင်တော့ ကူညီတတ်တဲ့ စိတ်ရင်းလေးကလည်း ရှိဆိုတော့ မင်္ဂလာပါပဲ"

"ဟဲ...ဟဲ"

လွှန်းအိမ်က မုံညင်းရွက်ကြော်ထဲ ဘဲဥနှစ်လုံးဖောက်ထည့်ရင်း ပခုံးလေးနှစ်ဖက် တွန့်၍ ရယ်သည်။

"ဟော့ အထဲမှာ ဘယ်သူရှိသလဲ"

နှစ်ယောက်လုံး တိတ်ကျသွားကြသည်။

ရဲသုလွင် အသံမှန်း နှစ်ယောက်လုံးသိလိုက်ကြ၏။

ကျော်ကျော်က အခန်းပြင်ထွက်လိုက်ကာ

"ကျွန်တော်ရှိပါတယ် မမရဲ"

"မဟော် မရှိဘူးလား"

"အပြင်ထွက်သွားတယ်"

ခုပဲ ရယ်မောစကားပြောသံ ကြားလိုက်သည် မို့ ရဲက မျက်ခုံးလေးတွန့်ကာ မီးဖိုခန်းရှေ့ထိ လျှောက်ဝင်လာသည် ။

"ဪ"

အထဲမှ လွန်းအိမ်ကို တွေ့လိုက်လျှင် အထင်မြင်သေးသော အပြုံးကို နှုတ်ခမ်းမှ တင်၍ ကျော်ကျော့်ကိုပါ တစ်ယောက်တစ်လှည့် ပြန်ကြည့်သည် ။

"မင်းက ဘယ်နေရာမဆို ရောက်နေတတ်

တာပဲနော်"

"ဘယ်နေရာမဆို မဟုတ်ပါဘူး ဒါလွန်းအိမ်နေတဲ့ အိမ်ပဲ"

ရဲ မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

"ဒါပေမဲ့ လောလောဆယ် ဒါမင်းရဲ့ ပိုက်နက်မဟုတ်ဘဲ ယောကျ်ားလေးနှစ်ယောက်တည်း ရှိတဲ့ နေရာ မိန်းကလေးဆိုတာ ကဲတိုင်းကောင်းတာ မဟုတ်ဘူး "

"လွန်းအိမ် ကဲနေတာ မဟုတ်ဘူး။ မိသားစုလို သဘောထားပြီး ချက်ပြုတ်ပေးနေတာ မ..ရဲ မိန်းကလေးချင်း ကိုယ်ချင်းစာပြီးပြောပါ"

"ဘာပြောတယ်ကွ"

ရဲ ဆတ်ခနဲဖြစ်သွားကာ မီးဖိုခန်းထဲ လှမ်းဝင်သွားသည်။

ကျော်ကျော်က ထပ်ချပ်မကွာလိုက်လာ၏။

"တို့ က ကိုယ်ချင်းစာရမယ် ဟုတ်လား၊ ဘာမှ စာဖို့ မရှိဘူး တို့ ငယ်ငယ်ကလည်း မင်းလို ကလက်တက်တက် ပေါ့ပျက်ပျက်နေခဲ့တာ မဟုတ်ဘူး ။ မဟော်နဲ့ တို့ မင်းကြောင့် ဘယ်လောက် ကတောက်ကဆ ဖြစ်ခဲ့ရတယ် မင်းထင်လဲ တို့ ထပ်ပြီး သတိပေးချင်တာက အနေအထိုင် ဆင်ခြင်ဖို့ ပဲ မဟော်က မင်းလိုမိန်းကလေးကို စိတ်နဲ့ တောင် ပြစ်မှားမှာ မဟုတ်ဘူး ဆိုတာ သိပေမယ့် ရှေ့လျှောက်လည်း ပတ်သက်နေရဦးမှာ ပဲမို့ ကြိုပြောထားတာ"

ရဲက ပြောချင်ရာပြောပြီး ချာခနဲ လှည့်ထွက်သွားသည် ။

ကားပေါ်ထိုင်လိုက်ပြီးကာမှ

"ကျော်ကျော် မင်းအစ်ကိုလေးကို ပြောလိုက် မနက်ကို ရှစ်နာရီလောက် အရောက်လာခေါ်ပါလို့ "

"ဟုတ်ကဲ့"

ကျော်ကျော် စိတ်မကောင်းသည့် ပုံစံမျိုးနှင့် လွန်းအိမ်ကို ကြည့်မိသည် ။ လွန်းအိမ် အံ့ကြိတ်မျက်ရည်ဝဲလျက်

"စိတ်ထဲမထားပါနဲ့ လွန်းအိမ်ရာ ...သူက... ခုမှ မဟုတ်ဘူး ၊ အစကတည်းကိုက မောက်မာတာ သူ့အိမ်က အိမ်ဖော်တွေတောင် သူ့ကြောင့် မမြဲကြဘူး အစ်ကိုလေးကလည်း အစက သူ့ကိုမကြည်ပါဘူး၊ ခုမှ ဘယ်လိုညုက လီးယားတွေ လုပ်လိုက်တယ် မသိဘူး လက်ထပ်တော့မယ်ဆိုလို့ ငါတောင် အံ့သြတယ်"

"ဒီနေ့ နှစ်ဆယ့်လေးရက်ဆိုတော့ မနက်ဖြန်ပေါ့နော်"

"ဟုတ်တယ်"

******

## အခန်း (၇)

ကိုကိုတို့ လက်ထပ်ကြတော့မည်တဲ့ ...

နေပစေပေါ့... အစကတည်းက ငါက ဘေးလူပဲ...

ကိုကို့ကို လွန်းအိမ်ဂရုစိုက်တာတွေ ကိုကို့အတွက်ဆို အမြဲတမ်းသာသာထိုးထိုး စဉ်းစားပေးခဲ့တာတွေ ဒါတွေကိုကို့ဘက်မှာ ဘာမှ အရာမထင်ခဲ့ ရင်နာမိရတာ ဒါကိုပဲဖြစ်သည် ။

သူငယ်ချင်းတွေကလည်း သိနေကြသည် ။ လွန်းအိမ် မျက်နှာပျက်နေတာကို ဘာမှန်းမသိပေမယ့် စိတ်ညစ်နေတာမှန်းတော့ သိကြ၏။

"ယောက်ျားလေးတွေ စိတ်ညစ်တော့ အရက်တွေဖိသောက်သတဲ့ ငါ့သူငယ်ချင်း စိတ်ချင်းပုံပေါက်နေတာကျတော့ မျက်နှာမှာ ပဲရှိတာ ပါးစပ်ကတော့ မနားတမ်းဝါးနေတာ ပဲဟယ် စားပွဲပေါ်မှာ ရှိသမျှ သူ့ပါးစပ်ထဲမှာ ချည်းပဲ"

အေးစုက ခွီးခနဲရယ်၍ စိတ်ပြောင်းသွားအောင် ထနောက်သည် ။

"အံမယ် ဘယ်သူက စိတ်ညစ်တယ်ပြောလို့လဲ လွန်းအိမ် ဘဝမှာ စိတ်ညစ်တယ်ဆိုတာ မရှိသေးဘူး"

"ဒါဆို နင်ရည်းစားထားကြည့်ပါလား..."

အေးစုက ဇယျကို လှမ်းကြည့်၍ ပြောသည် ။

"ဘာလို့ ထားရမှာ လဲ... လုံးဝစိတ်မဝင်စားဘူး... ကဲ... ငါပြန်တော့မယ်"

"ဟာ ခဏနေပါဦး ပြီးတော့ ငါတို့လိုက်ပို့မှာ ပေါ့"

ဇယျက ပျာပျာသလဲတားဆီး၏။ လွန်းအိမ်က ခေါင်းခါသည်။

"ကိုးနာရီထိုးတော့မှာ ငါဒီလောက် ညဥ့်နက်အောင် တစ်ခါမှ မနေဖူးဘူး အပေါင်းအသင်းတွေ တရုန်းရုန်းနဲ့ ပြန်ရင်လည်း မေမေက မကြိုက်ဘူးဟ လိုက်မပို့ကြနဲ့ တော့ ငါ့ဟာငါပဲ ပြန်တော့မယ်"

"ဟာ တစ်ယောက်တည်းတော့ မပြန်ပါနဲ့ ငါတို့ လမ်းထိပ်ပို့ပေးပါ့မယ်"

ဇယျနဲ့ အေးစုနှစ်ယောက်ပဲလိုက်ပို့ကာ လွန်းထွန်းကျန်ခဲ့သည်။

"အား..."

"ဟင်... လွန်းအိမ် ဘာဖြစ်လို့ လဲ"

"အောင့်...အောင့်တာ"

"ဗိုက်ထဲကလား"

လွန်းအိမ် ခေါင်းလေးညိတ်ပြကာ ကူရှင်မှာ ထိုင်လိုက်တော့ ဇယျ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကာ ကားကို ချက်ချင်းရပ်ပစ်လိုက်၏။

"မရပ်နဲ့ မရပ်နဲ့ မောင်း... ငါ အိမ်မြန်မြန်ရောက်မှ ဖြစ်မယ်"

ဘယ်လိုမှ မထနိုင် မသွားနိုင်ထိဆိုးလားလို့ သူငယ်ချင်းတွေ အိမ်ထဲထိပို့ပေးရတော့မှ အခြေအနေက ပိုဆိုးသွားတော့မည်

ကိုကို့မင်္ဂလာသတင်းကြောင့် လွန်းအိမ် စိတ်ညစ်ညစ်နှင့် သူငယ်ချင်းတွေကို စုခေါ်ကာ စားသောက်ဆိုင်မှာ စားစရာတွေအပြည့်မှာကာ အပူတွေကော အအေးတွေပါ စုံအောင် စားပစ်လိုက်မိသည် အစာအဆိပ်သင့်တာပဲ ဖြ

စ်မည်။

ဗိုက်ထဲက စူးအောင့်ကာ ရင်ဘတ်ထဲက တလှိုက်လှိုက်တုန်၍ အန်ချင်လာ၏။

သူငယ်ချင်းတွေက စိတ်ပူကာ တွဲထူပို့ကြမှာ စိုး၍ ကိုယ့်ကိုယ်ကိုယ်အားတင်းထားရင်း သူတို့ ပြန်သွားကြတော့ ပေါ်တီကိုဘေးအောက်နားကို ကတုန်ကယင်ပြန်ဆင်းလိုက်၏။

ပြီးတော့ ဝေါ့ခနဲ ထိုးအန်ပစ်လိုက်သည် ။

မေမေ ပုတီးစိပ်နေသည် ထင်၏။ တော်ပါသေးသည် ။

တံခါးကလည်း စေ့ရုံသာစေ့ထား၏။

နှစ်ခါလောက် အန်လိုက်၍ ရင်ထဲမှာ ပေါ့သွားပေမယ့် ဗိုက်နာနေတာက မပျောက်

ခေါင်းတွေ တဆစ်ဆစ်ကိုက်ခဲ လာပြီး နံရံ

ကိုကိုင်၍ ထရပ်လိုက်တော့ မိုက်ခနဲပြာဝေသွားသည် ။

ဘုရား...ဘုရား ငါဒီလောက်ထိဖြစ်သွားသလား မေမေ မသိအောင် ဝင်ဖို့ စိတ်ကူးက မေမေ့ကို တမ်းတလာ၏။

ဒါပေမဲ့ ခေါ်လို့ လည်း မရ... မျက်လုံးတွေပြာဝေကာ ဘာကိုမှ မမြင်တော့... အိမ်ပေါ်ကိုတက်လာစဉ် လူကတုန်ယင်ကာ ယိမ်းထိုးသွားနေရင်း လှေခါးလက်ယမ်းကို လိုက်စမ်း၏။

အမာခံတစ်ခုကို ထိမိသည် အားပြုကိုင်လိုက်တော့ ကိုင်မိသည် က ကိုယ့်ကိုယ်ကို ခံဆောင်မထားနိုင်ဘဲ ထိုအရာနှင့် အတူ လူကပါပြိုလဲသွားခဲ့၏။

မူးမိုက်နေသည့် ကိုယ်သည် ပြန်လည်ထူမတ်မလာနိုင်တော့ဘဲ လူးလူးလိမ့်လိမ့်နှင့် ဘာ

ဆိုဘာမှ မသိတော့ဘဲ

******

"စောစောစီးစီး လာခူးတာမို့လို့ လား မသိဘူး ပန်းတွေက သိပ်လှတာပဲကွယ်"

"ဟုတ်တယ် မေမေ သမီးဝတ်မယ့်အရောင်နဲ့ တစ်ထပ်တည်းပဲ"

ပန်းနုရောင် သစ်ခွစပ်ကြားလေးတွေကိုကြည့်၍ ရဲက ကျေနပ်နေသည် ။

ဒေါ်မမမှာ လည်း သမီးဖြစ်သူကျေနပ်နေသည် မို့ စောစောစီးစီး ထလိုက်ပေးခဲ့ရကျိုးနပ်သွားသလို ပြုံးနေသည်

"ဟဲ့ ကားက ဘယ်ကိုကွေ့သွားတာလဲ သမီး"

"မဟော်ဆီဝင်ဦးမယ် မေမေ... သူညနေက

ပြန်သွားတော့လို့ ..."

"သမီးရယ် သူက ဆရာဝန်ပဲဟာ ပူပင်နေပြန်ပါပြီ တော်ကြာ လက်မှတ်ထိုးဖို့ လူကြီးတွေက ကိုယ့်ကို ပြန်စောင့်နေရဦးမယ် အချိန်တန်ရင် သူလာမှာ ပဲ မဟုတ်လား ကိုယ်ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားလိုက်ရင် ပြီးရောပေါ့"

"ရပါတယ် မေမေရယ်..."

ရဲက မဟော်တို့ လမ်းထဲကိုပဲ မောင်းဝင်ခဲ့သည် ။

"ခုလောက်ဆို ဘွားမယ်လည်း ရောက်ချင်ရောက်နေမှာ သူ့မြေးကို ဝင်ခေါ်ပြီးမှ အတူလာမှာ ဆိုတော့..."

"အင်း ..."

ပြောမယ့်သာပြောရတာပါ... ဒေါ်မယ်သူဆို

တာလည်း ဒီမင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး ဟက်ဟက်ပက်ပက် ဘာမှ ဝင်ပြောလှတယ်မရှိခဲ့တာ ဒေါ်မမ သတိထားမိသည်။

သူ့မြေးထွက်သွားမှာ ကိုပဲ ကြောက်လို့လား ဒါမှ မဟုတ် သမီးရဲ့နဲ့ လက်ထပ်တာကိုပဲ ဘဝင်မကျတာလား ဘာလဲ...

မဟော် ကိုယ်တိုင်ကကော အစက ဘာသိဘာသာနေလာခဲ့ပြီး ခုကျမှ ချက်ချင်းကြီး လက်ထပ်ဖို့ ဖြစ်တာ ဘာတွေလဲ...

သူမအတွက်ကတော့ မဟော်လိုလူနဲ့ သမီးကို အစကတည်းက သဘောတူခဲ့တာ ခုလည်း သဘောတူသည်

ထို့ကြောင့် မင်္ဂလာကိစ္စမှာ မဟော့်ထက်ကို ကိုယ့်သမီးဘက်က ပို၍ ထက်ထက်သန်သန် ဖြစ်နေတာကို သိမိလျက်နှင့် မသိသလိုနေခဲ့တာ ဖြစ်သည်

ကားလေးက မဟော်တို့ ခြံရှေ့သို့ ရောက်လာ၏။

******

"ဒေါက် ဒေါက်"

တံခါးခေါက်သံထွက်လာကတည်းက မဟော်နိုးသွားခဲ့သည်

"အစ်ကိုလေး ... အစ်ကိုလေး လက်မှတ်ထိုးရဦးမှာ ထတော့လေ"

"ဟင်...အင်း..."

ကျော်ကျော်က မဟော့်အသံကြားမှ အခန်းရှေ့က ထွက်သွား၏။

သူ မျက်လုံးဖွင့်သည် နှင့် ပထမဆုံးသတိရမိသည် က လက်မှတ်ထိုးဖို့ ကိစ္စ မဟုတ်ဘဲ ညက လွန်းအိမ်ပြန်ရောက်ရဲ့ လား ဆိုတာကို ဖြ

စ်သည် ။

"အစ်ကိုလေး လွန်းအိမ်ပြန်မလာသေးလို့ အန်တီလိုက်သွားရတယ်… ကျွန်တော်တို့ ကြည့်နေလို့ ကောင်းပါ့မလား" ဟု ကျော်ကျော်က ပြောသည် ။

ညက သူခေါင်းတွေမူးကာ တစ်ကိုယ်လုံးနွမ်းနယ်နေသဖြင့် ဘာကိုမှ စိတ်မဝင်စားနိုင်

"ဒီအရွယ်ဆိုတော့ ချစ်သူနဲ့ လိုက်ပြေးတာဘာညာဖြစ်ချင်ဖြစ်မှာ အကူအညီတောင်းလာမှ ပဲ ကြည့်လုပ်ပေးကြတာပေါ့ကွာ"

သူ ဒါပဲပြော၍ အိပ်ရာဝင်ခဲ့မိ၏။

မနက်လက်မှတ်ထိုးရတော့မည့် ကိစ္စဟာ သူ့အတွက် ရင်ခုန်စရာမဟုတ်ဘဲ ဘာကိုမှန်းမသိသည့် မွန်းကျပ်ခြင်းက လူကိုပို၍ နွမ်းနယ်စေခဲ့သည် ။

လွန်းအိမ် ပြန်ရောက်ရဲ့ လားဆိုတာ သိချင်စိတ်နှင့် သူအိပ်ရာက ထထိုင်လိုက်လျှင်

"ဟင်...လွန်းအိမ်"

အဝင်ဝ တံခါးဝဘေးမှာ လက်တစ်ဖက်ထောက်၍ ညည်းညူထရင်း သူ့ကိုလှမ်းကြည့်လိုက်သည့် လွန်းအိမ်ကို မြင်လိုက်ရလျှင် မပျော် တစ်ကိုယ်လုံးပူထူသွား၏။

"လွန်းအိမ်"

"ကို...ကို"

လွန်းအိမ်လည်း အံ့သြနေ၏။ သူက ကိုကို့အခန်းထဲ ဘယ်လိုရောက်နေခဲ့တာလဲ

"မင်း... ကွာ"

သူ လွန်းအိမ်ဆီပြေးသွားကာ အကြမ်းပရမ်းဆွဲထူလှုပ်ခါပစ်လျက် စိတ်လှုပ်ရှားမှုကြောင့် ရုတ်တရက် ဘာလုပ်သင့်သည် ကို မစဉ်း

စားနိုင်။

တကယ်ဆို လွန်းအိမ်ကို အခန်းတံခါးကိုဖွင့် တွန်းထုတ်ပစ်လိုက်ရုံပဲ ဖြစ်ပေမယ့် သူ ဤသို့မပြုခဲ့မိသောကြောင့်

"မြေး...မြေးလေး အိပ်နေတုန်းလား..."

"ဟင်"

"အပြင်မှာ ရဲတို့ လူစုံတက်စုံရောက်နေတာနော်... မဟော် သိပ်ကို အိပ်ပုတ်ကြီးတာပဲကွာ
"

မဟော်က စကြာဝဠာတံတိုင်းပေါ်ကနေ ဦးစိုက်ထိုးပြန်ကျသွားသလို တစ်ကိုယ်လုံးအေးခဲသွားလျက် တက်ခေါက်လိုက်မိသည်

"မဟော် တံခါးဖွင့်လေကွာ"

တံခါးခေါက်နေကြပြီ မဟော် လွန်းအိမ်ကို ရန်သူတော်ကြီးတစ်ယောက်လို နာကျည်းစွာ

စူးစိုက်ကြည့်လိုက်၏။

"မင်း... မင်း တော်တော် ပက်စက်တဲ့ မိန်းမ
"

အံကြိတ်လျက် သွားကြားမှာ စိမ့်ယိုသော လေသံနှင့် ဆိုကာ တံခါးကို ဆွဲဖွင့်ပစ်လိုက်၏။

"ဟင်"

"ဟယ်"

အာမေဍိတ်အသံတွေ
အသီးသီးထွက်ကုန်ကြ၏။

နီရဲမှိုကုတ်နေသည့် မဟော့မျက်နှာနှင့် စောစောကမှ ဆွဲခါ လှုပ်ယမ်းခံထားရသဖြင့် ဆံပင်တွေဖရိုဖရဲ မသေသပ်သော ပုံစံနှင့် ရွှေ
လွန်းအိမ်

ရဲ မျက်ရည်တွေ တအိအိပြိုဆင်းလာ၏။

အံ့ဩသော မျက်လုံးပေါင်းများ စွာကို

လွန်းအိမ် ငေးကြောင်ကြည့်ကာ ဘာလုပ်ရမည်ကို အပြင်းအထန်စဉ်းစား၏။

ညက ဝေဒနာပြင်းထန်စွာ ခံစားနေရလျက် ကိုယ်တိုင်သတိကင်းမဲ့ကာ တံခါးဝမှာ ခွေခေါက်ပုံလဲနေခဲ့တဲ့ ကိစ္စဟာ ကြီးမားသော အမှားကြီးအဖြစ်ပြောင်းလဲသွားခြင်းကို ဘယ်လိုဖြေရှင်းမလဲ

ကိုကိုကိုယ်တိုင်က လွန်းအိမ်ကို တမင်လုပ်တာလို့ ထင်သွားခဲ့သည်

နင်ဘာလုပ်မလဲ လွန်းအိမ် ခုချိန်ကျမှ မဟုတ်ဘူး လို့ နင်ငြင်းတော့ရော သူတို့ တွေက လက်ခံမှာ လား မဟောက်ကတော် မထူးစိတ်ပိုက်ပြီး လူသိခံလိုက်ပြီး နင်ရှောင်ထွက်ဖို့ ကြိုးစားမှာ လား...

မုန်းလိုက်တော့ကိုကို လွန်းအိမ် အံကလေးကြိတ်၍ အခြေအနေအတိုင်း မျိုသိ

ပ်နေလိုက်တော့ဖို့ ဆုံးဖြတ်လိုက်ကာ

"မဟော် ဒါ...ဒါ ရှင်ပြောတဲ့ ရိုးသားခြင်းတွေလား ရှင့်ရဲ့ သိက္ခာတွေလား ပြောပါဦး"

မဟော် မေးကြောကြီးတွေ ထောင်နေသည်အထိ အံကြိတ်ကာ မျက်နှာလွှဲနေ၏။

"ရှင်ငြင်းလေ ရဲကို ရှင်းပြဖို့ ကြိုးစားပါဦး ရှင်က ဝန်ခံလိုက်ပြီပေါ့ ဟုတ်လား မဟော်"

"မြေး ဘယ်လိုဖြစ်တာလဲ မြေးရယ် ဘွား ဘွားတို့ ကိုလည်း ရှင်းပြပါဦး လက်မှတ်ထိုးဖို့ လက်ထပ်ဖို့ အားလုံးစီစဉ်ထားပြီးသားတွေ ဘွားတို့ ဘာလုပ်ရမလဲ..."

"ဖျက်ပစ်လိုက်ပါတော့ ဘွားဘွား"

"ဘာ"

ရဲ့အသံလေးက စူးစူးဝါးဝါး သူမ ခုချိန်ထိ မဟော့်ထံက ဖြေရှင်းမှုတစ်စုံတစ်ရာကို မျှော်

လင့်နေမိဆဲ

"ဒါအမှန်ဆုံးပဲ မမသူကိုတော့ အားနာပါတယ် ဒီလိုအကျင့်စရိုက်မျိုးနဲ့ တော့ ကျွန်မသမီးလေးကို လုံးဝ လက်ထပ်မပေးနိုင်ဘူး"

" မဟုတ်ဘူး မေမေ သမီး သူရှင်းပြတာကို နားထောင်ချင်တယ် မဟော် ရှင်တစ်ခုခုမရှင်းဘဲ ရဲရဲ့ သိက္ခာကို တစ်စစီဖွဲ့ချေပစ်လိုက်တာလားဟင်"

"မင်း သိက္ခာကိုပွဲစေသည် ပဲဖြစ်ဖြစ် တည်စေသည် ပဲဖြစ်ဖြစ် ကိုယ့်ဘက်ကတော့ လုံးဝပျက်စီးသွားပြီ ရဲ ကြောက်တဲ့ သူနှစ်ခါ သေပါတယ် ဒီအဖြစ်ဟာ ရှင်းပြလည်း ဖြစ်ခဲ့ပြီးတဲ့ အမည်းစက်တစ်ခုဟာ အမြဲရှိနေတော့မှာ ပဲ ဒါကြောင့် ကိုယ်ဘာမှ မရှင်းချင်တော့ဘူး အားလုံးကို ကိုယ့်ဘက်က အရည်ဖျော်ပစ်လိုက်တာပါ"

"လူဆိုး လူညစ်... တစ်ကိုယ်ကောင်းသမား တရားရေခြုံပြီး မတရားလုပ်တာ အမှန်တရားကို အကြောင်းပြပြီး သစ္စာတရားကို ချိုးဖောက်တာ ရှင့်ကိုမုန်းတယ် ရွံတယ်"

မဟော် တစ်ဘက်လှည့်ကာ မျက်ဝန်းတွေကို မှိတ်ချပစ်လိုက်၏။ သူ့မျက်ဝန်းတွေ ပြန်ဖွင့်လိုက်တော့ ဘယ်သူမှ မရှိကြတော့ပါ လွန်းအိမ်သာ သူ့ရှေ့မှာ

"လွန်းအိမ်"

"ကိုကို"

"မင်း ငါ့ကို မခေါ်ပါနဲ့ "

မဟော် လွန်းအိမ် ပခုံးလေးကို ခပ်ဆတ်ဆတ်တွန်းပစ်လိုက်ကာ

"မင်း ဒီလိုလုပ်လိုက်တာနဲ့ ငါ့ကို ပိုင်ဆိုင်ပြီလို့ ထင်တယ်ပေါ့"

"လွန်းအိမ် ကိုကို့ကို ချစ်..."

"မင်း ငါ့အချစ်ကို ဘယ်တော့မှ မရဘူးမှတ်
"

မပော်က ရက်စက်စွာ ကြေငြာသည်

"မင်းကို ငါ့ဇနီးအဖြစ်လည်း ဘယ်တော့မှ အသိအမှတ် ပြုမှာ မဟုတ်ဘူး မင်းကြောင့် ရဲကို အတိုက်အခံလုပ်ပြီး ဆုပ်ကိုင်ထားတဲ့ ငါ့ရဲ့ အမှန်တရား ငါ့ရဲ့ သိက္ခာ ဘာတစ်ခုမှ မရှိတော့ဘူး မိန်းမတစ်ယောက်ရဲ့ ပါးစပ်ထဲမှာ အားလုံးစုတ်ပြတ်သပ်သွားပြီ သိလား အဲဒါတွေအတွက် မင်းကိုငါ ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး အေး မင်း သတ္တိရှိရင် ငါခေါ်တဲ့နောက်လိုက်ခဲ့ မင်းဖြစ်ချင်တဲ့ ငါ့ရဲ့ ဇနီး ဖြစ်ခွင့်ရမယ် ဒါပေမဲ့ မင်းပစ်တဲ့ မြားတွေ မင်းဆီပြန်လာမှာ ကို ကာကွယ်ဖို့ လည်း ပြင်ထား..."

******

# အခန်း (၈)

လွှန်းအိမ်ကို မေမေ့အိမ်မှာ တစ်ညမှ အိပ်ခွင့်မပေးဘဲ ချက်ချင်းခေါ်ချလာခဲ့သည် ။

မေမေ့ရဲ့ နာကျင်သောမျက်ဝန်းများမှာ မျက်ရည်တို့ စွန်းထင်းလျက်၊

"ညည်းလိုက်သွားပေတော့ လွှန်းအိမ် ငါ့မှာ ဒီသမီးလေးတစ်ယောက်တည်းမို့ သေခန်းတော့မဖြတ်ရက်ပါဘူး ဒါပေမဲ့ ညည်းငါ့ဆီကို မလာပါနဲ့ ၊ ယောကျ်ားတစ်ယောက်ကို မရမက ဉာဏ်ဆင်ယူရဲတဲ့ အရှက်နည်းတဲ့ မိန်းကလေးမျိုးကို မွေးထုတ်ခဲ့မိတဲ့ ငါ့ကိုငါ နောင်တတွေ အကြိမ်ကြိမ်မရပါရစေနဲ့ "

လွန်းအိမ် ခန်းဆီးစလေးကို ကိုင်ထားသည့် လက်ကလေး တဆတ်ဆတ်တုန်လာသည် ။

မျက်ရည်နှစ်စက် တစ်ပြိုင်တည်းကြွေဆင်းသွားလေသည် ။

"လွန်းအိမ်...နေမကောင်းဘူးလား
ဖယ်စမ်း ငါ့ ဟာငါ လုပ်လိုက်မယ် ... သွားနားချေ"

ကျော်ကျော်က လွန်းအိမ်လက်ထဲက ကျန်သေးသည့် ခန်းဆီးစတွေကို လှမ်းယူသည် ။

လွန်းအိမ်က ခေါင်းခါ၍ ခန်းဆီးစတွေကို ပြတင်းပေါက်တွေမှာ ပြီးအောင်လိုက်တပ်သည် ။

တိုက်ကလေးက လွန်စွာလှပသော နှစ်ထပ်တိုက်ပုလေး ဖြစ်သည် ။ အပြင်ကကြည့်တော့ ချစ်စရာကောင်းသလောက် အထဲမှာ

ကျယ်ဝန်းကာ လေအေးစက်တပ်ဆင်ထားသည် မို့ အေးစိမ့်စိမ့်လေး ဖြစ်နေသည် ။

"ဒါ... ရဲနဲ့ အတူနေဖို့ ရည်မှန်းထားတဲ့ တိုက်ပဲ မင်းနေရဲလား"

ကိုကိုရဲ့ လှောင်ပြုံးမျက်နှာကို သတိရလာမိပြန်သည် ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုပိုင်ဆိုင်စေလိုက်ခြင်း မရှိတဲ့ နေရာတစ်ခုဆိုတဲ့ အသိတော့ မင်းမှာ ရှိနေမှာ ပဲ ရှိလည်း ရှိသင့်တယ်လေ"

ဒီတိုက်ထဲကို လွန်းအိမ်ကို ပို့ပစ်ခဲ့ပြီး ထွက်သွားလိုက်တာ တစ်နေ့ကုန်ပြန်မလာ။

တပ်ဆင်ထားခြင်းမရှိပေမယ့် ဆိုဖာအစွပ်တွေ ခန်းဆီးစအရောင်စုံတွေ အားလုံးအဆင်သင့် ရှိနေတာမို့ လွန်းအိမ်ဖာသာ ကြိုက်တဲ့ အရောင်ရွေးကာ တပ်ဆင်နေခြင်းဖြစ်သည် ။

တိုက်ကိုအလှဆင်၍ ကိုကိုပြောတဲ့ စကား တွေကိုလည်း သတိတရဖြစ်ကာ တဖျင်းဖျင်း လှုပ်ခါလာသည့် နှလုံးသားက ပူလောင်နေသည်။

ကျော်ကျော်ကတော့ ချက်ပြုတ်စရာပစ္စည်း တွေ ပြေးဝယ်။

မီးဖိုခန်းထဲမှာ ချက်ပြုတ်ရင်း ပိုတာတွေကို ရေခဲသေတ္တာထဲထည့်၊ လွှန်းအိမ်ကိုလာပြေးကူ ၊ အမြင်မတော်လျှင် နှစ်သိမ့်ရှာပါသေးသည်။

လွှန်းအိမ်ကို သူနားလည်သည် လေ။

"နင် အားမငယ်ပါနဲ့ ဟာ ငါသိသလောက် သက်တမ်းတစ်လျှောက်မှာ အစ်ကိုလေးဟာ သူ့ညီမလေးကလွဲပြီး ဘယ်မိန်းမအပေါ်မှ နင့် လောက်အလိုမလိုက်ခဲ့ အရေးမပေးခဲ့ဖူးဘူး၊ သူလက်ထပ်မယ့် မမရဲကိုတောင် နင့်လောက် နေရာမပေးခဲ့ဘူး"

မျက်ရည်ပြည့်အိုင်သော လွန်းအိမ်ရဲ့ မျက်လုံးတွေက ကျော်ကျော်ရဲ့ စကားကို လက်မခံနိုင်စွာ ပင့်မော့လာသည်။

"တကယ်ပြောတာ ငါကအစ်ကိုလေးနဲ့ အမြဲအတူနေရတဲ့ ကောင်ပဲ သိတာပေါ့၊ တစ်ခုဆိုးနေတာက အစ်ကိုလေးက တစ်ယူသန်တယ်၊ လောလောဆယ် မမရဲ့နဲ့ ပတ်သက်ပြီး သူသိက္ခာကျ အရှက်ရခဲ့တဲ့ အတွက် နင့်ကို မကျေမနပ်ဖြစ်နေတာပေါ့၊ အဲဒီ အရှိန်တွေပြေသွားတဲ့ တစ်နေ့ထိ နင် စိတ်ရှည်ရှည်သည်းခံပြီး စောင့်စမ်းပါ"

လွန်းအိမ် ဝေ့အိုင်နေသော မျက်ရည်တွေကို မျက်တောင်ရှည်များ နှင့် ပုတ်ခတ်သိမ်းဆည်းပစ်လိုက်သည်။

"လွန်းအိမ် နားလည်ပါတယ် ကိုကျော်ကျော်ရယ် ကိုကို့အမုန်းကို ခံယူရမှာ

ပဲဆိုတာလည်း လွန်းအိမ် ကြိုတွက်ပြီးသားပါ ဒါပေမဲ့..."

"ကဲ...ကဲ အဲဒီမျက်ရည်က ကျဦးမယ် ...အိမ်ထောင်ဦးဆိုတာ မငိုကောင်းဘူး၊ မီးဖိုထဲမှာ ငါချက်ပြုတ်ထားတာတွေ သွားမြည်းကြည့်ပါဦး သဘောမကျရင် စိတ်ကြိုက်သာပြင်ခဲ့ပေတော့ "

လွန်းအိမ် စိတ်ပြေပျောက်စေရန် ကျော်ကျော်က ဖန်တီးပေးရှာသည် ။ ဒါပေမဲ့ လွန်းအိမ် မီးဖိုထဲမဝင်ဖြစ်ပါ။

ပြင်ဆင်ထားသည့်
နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ ကြေကွဲစွာထိုင်ရင်း မျက်ရည်ကျနေမိသည် ။

ပြီးတော့ နေရာမှ ထကာ မှန်တင်ခုံအံဆွဲထဲမှာ ထည့်ထားသည့် အသစ်စက်စက် လက်ထပ်စာချုပ်ကို ထုတ်ယူကြည့်နေမိပြန်သည် ။

ဒေါသများ နှင့် ထိုးပေးခဲ့သော ကိုကို့လက်မှတ်သည် အချစ်တွေမပါပေမယ့် လွန်းအိမ်ဘဝကို တံတွေးခွက်မှာ မမျောရအောင် ကာကွယ်ပေးခဲ့တဲ့ စာလုံးလေးတွေပါ

"ဘာမှ မဆိုင်ဘူး၊ သူ့ကို ကျွန်တော် စော်ကားခဲ့တာလည်း မဟုတ်ဘူး သူ့ဟာသူ အခန်းထဲဝင်အိပ်နေတာ ကျွန်တော် မယူနိုင်ဘူး" စသော စကားလုံးတွေများ ကိုကို့ပါးစပ်က ခုန်ထွက်လာခဲ့လျှင် လွန်းအိမ်တစ်ယောက်တည်း

ဘယ်လိုရင်ဆိုင်ရမလဲ...

ဒီစကားမျိုးတွေ ကိုကိုလုံးဝမဆိုခဲ့သလိုအဖြစ်ကိုလည်း လွန်းအိမ်နဲ့ ကိုကိုမှ လွဲ၍ ဘယ်သူမှ မသိအောင် နှုတ်ပိတ်နေခဲ့သည်။

ဒါပေမဲ့ ကိုကို့ရဲ့ ဒေါသများက လွန်းအိမ်အပေါ်မှာ သာ။ ကျေနပ်ပါတယ် ကိုကို... ကိုကိုကြိုက်သလို ဆက်ဆံပါ။ ထားချင်တဲ့ နေရာမှာ

ထားပါ မိတ်ကပ် ပေါင်ဒါနှုတ်ခမ်းနီဘူးများ နှ
င့် အသင့်ရှိနေသော မှန်တင်ခုံပေါ်က ပစ္စည်း
တွေအားလုံးကို သိမ်းကျုံးစုယူကာ ကော်ခြင်း
လေးတစ်ခုထဲ လွှန်းအိမ် သွားထည့်ထားလိုက်
သည် ။

ဒါတွေသည် လည်း ရဲ အတွက် မှန်းဝယ်
ထားတာတွေလို့ ကိုကိုက ပြောဦးမှာ ပဲဖြစ်သ
ည် ။

ပြီးမှ အားလုံးရှင်းပြောင်သွားသော မှန်တ
င်ခုံရှေ့ပြန်ထိုင်ကာ တံခါးလေးတွေပါသည့် မှ
န်ချပ်ကြီးကို ပိတ်ပစ်လိုက်သည် ။

မကြည်ဖြူတဲ့ ပစ္စည်းဆိုလျှင် ကိုကို့အချစ်မှ
လွဲ၍ လွှန်းအိမ် ဘာကိုမှ မလိုချင်။

ဗီရိုထဲမှ အပြည့်ရှိနေသော ရဲရဲ့ အဝတ်အ
စားတွေကိုလည်း ဗီရိုကို အသေပိတ် သော့ခ
တ်ပစ်လိုက်ပြီးပြီ။

တကယ်ဆို ဒီည ဒီအခန်းမှာ ရဲနဲ့ ကိုကို...

အို...ငါလုယူရဲခဲ့ပြီးမှ ဒါတွေကို ဘာလို့ ခံနိုင်ရည်မရှိနေရတာလဲ၊

ခေါင်းခါပစ်လိုက်စဉ် မျက်ရည်စက်တွေ စွန်းထင်းလာကြပြန်သည်။

ခုထိ မလဲရသေးသော လက်မှတ်ထိုးတုန်းက ဝတ်ထားသည့် ဇာဝတ်စုံလေးကို ကိုကိုဝယ်ပေးခဲ့သော ဖောရိန်းရှပ်အဝါလေးနှင့် လဲဝတ်လိုက်သည်။

ဒီဝတ်စုံဟာ သူများ မင်္ဂလာဆောင်မှာ သတို့ သမီးအရံလုပ်တုန်းက ချုပ်ထားတဲ့ ဝတ်စုံ

ကိုကိုက ခု သူလက်မှတ်ထိုးမယ်ဆိုတော့ ရှိတာကို ကမန်းကတန်း ပြေးလဲခဲ့ရသည်။

ခုလည်း လွန်းအိမ်ပါလာသော အဝတ်အစားတွေကို ယူလာသည့် သားရေအိတ်အတိုင်း

ပဲ ခုတင်ခြေရင်းအောက်မှာ ထားခဲ့သည် ။

ဘယ်မှာ မှ နေရာမယူလိုသည့် ဆန္ဒက ကို ကို့အချစ်မှ လွဲ၍ မက်မောခြင်းလောဘမရှိခဲ့ပါ ။

မှန်တင်ခုံပေါ်မှ လက်ကလေးခု၍ မှောက် လျက်လေး မှေးခနဲ အိပ်ပျော်သွားခဲ့သည် ။

နားထဲမှာ အသံတစ်ခုကြောင့် ဖျတ်ခနဲနိုး သွား၏။

နာရီကြည့်လိုက်တော့ ညရှစ်နာရီတိတိ။

လွန်းအိမ် ဒီနေရာမှာ နှစ်နာရီနီးပါး အိပ် ပျော်သွားခဲ့သည် ပဲ။

ခုအိပ်ထားသည့် လက်တစ်ဖက်က ချက်ချ င်းဆန့်လို့ မရဘဲ ကျင်ခဲနေသည် ။

"ဖယ်စမ်း ဘယ်မှာ လဲ ဟို ဒသဃဂီရိမလေး ။

ကိုကို့အသံကစူးခနဲ...

အာလေးလျှာလေးနှင့်
တိုးတိုက်လဲပြိုသံများ ပါ ကြားလိုက်ရသည်။

"လွန်းအိမ် အခန်းထဲကို ခုနကမှ ဝင်သွားတာ အိပ်ပျော်နေတယ်ထင်တယ် ကျွန်တော် လိုက်ပို့မယ်နော်"

"ဟိတ်ကောင် ဖယ်စမ်းကွာ... အေ့... အားလုံး အရည်တွေပျော်ကုန်ပြီ"

ကိုကိုမူး လာပြီ။

ဒေါသကြီးတတ်တဲ့ ကိုကို့မျက်နှာကို အရက်တွေမူးနေတဲ့ အဖြစ်နှင့် လွန်းအိမ် ဘယ်လိုရင်ဆိုင်ရမှန်းမသိ။

ကြောက်စိတ်ကြောင့် လက်ဖျားလေးတွေ အေးစက်လာ၏။

"လွန်းအိမ်"

အခန်းဝမှ ခေါ်သံနှင့် အတူ တံခါးက ရုပ်ခနဲပွင့်သွားသည် ။

"ကိုကို"

ဟပ်ထိုးလဲကျတော့မလိုဖြစ်သွားသည့် ကိုကို့ကို လွန်းအိမ် ပြေးတွဲလိုက်သည် ။

ကျော်ကျော် စိတ်မသက်သာစွာလှမ်းကြည့်ကာ တံခါးကို ပိတ်ပေးသွား၏။

"လွန်းအိမ် ဒဿဂီရိမ..."

မဟော်ရဲ့ ယိမ်းထိုးနေသည့် ကိုယ်ကြီးကိုမနိုင်ဘဲ အိပ်ရာပေါ်သို့ နှစ်ယောက်လုံး ပြိုလဲကျသွားကြသည် ။

လွန်းအိမ် ကပျာကယာပြန်ထတော့ မဟော်က အတင်းဆွဲဖက်ထားကာ

"ဘယ်ကို ပြေးမလို့ လဲ ...မင်း... ငါ့ဇနီးဖြစ်ချင်တယ် မဟုတ်လား မင်းလိုချင်တာအားလုံး

ငါပေးမယ် မကောင်းဘူးလား..."

"ဟင့်အင်း ဟင့်အင်း လွန်းအိမ်ကိုလွှတ်ပါ ကိုကိုရယ်"

"ဘာဖြစ်လို့ လွှတ်ရမှာ လဲ..."

"ကိုကို"

လွန်းအိမ် မဟော်ရင်ခွင်ထဲ ရောက်သွားသည် ။

ကြမ်းတမ်းသော အနမ်းများကြောင့် မျက်ရည်စတို့ နားထင်မှ သည် ဆံစများကြားထဲသို့ စီးမျောသွားကြသည် ။

လွန်းအိမ်လိုချင်တာ ဒီလိုကြမ်းတမ်းတဲ့ အနမ်းတွေ မဟုတ်ဘူး ကိုကို... ကိုကို သိပ်ရက်စက်တယ်။

******

တစ်လောကလုံးကို မေ့လျော့ကာ အိပ်ပျော်သွားသည့် ကိုကို့မျက်နှာကို နာကျင်စွာ စိုက်ကြည့်လိုက်မိသည် ။

ရှိုက်သံတစ်ချက်လွင့်ထွက်လာသည် ။

ကြယ်သီးနှစ်လုံးပြုတ်ထွက်ကာ ဖွင့်ဟနေသော ရှပ်အင်္ကျီရင်ဘတ်နှစ်စကို စုကိုင်၍ လွန်းအိမ် အခန်းထဲမှ ပြေးထွက်ခဲ့သည် ။

"ဟ"

"ခွမ်း"

အခန်းရှေ့မှ ဖြတ်လျှောက်သော ကျော်ကျော့်လက်ထဲက သောက်တော်ရေထည့်လာသည့် ဖန်ချိုင့်ကလေးက ပြေးထွက်လာသည့် လွန်းအိမ်ဝင်တိုက်ပစ်လိုက်သဖြင့် ခွမ်းခနဲ ကျကွဲသွားလေသည် ။

ကျော်ကျော်က ဖန်ချိုင့်ကွဲကို

တအံ့တသြငုံ့ကြည့်ပြီးမှ လွန်းအိမ်ကို ပြန်မော့ကြည့်သည် ။

မျက်ရည်စို့ရွဲလျက် ဖရိုဖရဲ လွန်းအိမ်ပုံစံကိုမြင်ကာ ချက်ချင်းမျက်နှာလွှဲပစ်လိုက်သည် ။

လွန်းအိမ် ငိုရှိုက်ကာ အောက်ထပ်သို့ တောက်လျှောက်ပြေးဆင်းလာခဲ့မိသည် ။ မှောင်မှောင်မဲမဲ နောက်ဖေးတိုက်တံခါးဝမှာ ငုတ်တုတ်ကလေးထိုင်ချလိုက်ပြီး ဟီးခနဲ ငိုချလိုက်မိ၏။

"ကိုကို သိပ်ရက်စက်တယ်"

တဖွဖွပြော၍ ငိုလို့ ကိုအားမရ...

ဘာကိုဝမ်းနည်းနေမှန်းမသိဘဲ လောလောဆယ် အနားမှာ ရေတွင်းကြီးတစ်တွင်းလောက်သာ ရှိနေပါလျှင် ပြေး၍ ခုန်ချပစ်မိမှာ အသေအချာပင်။

ကိုကိုကြိုက်သလောက် မုန်းပါစေဆိုသည့် ကြိုတင်မျှော်လင့်ထားခဲ့သမျှတွေထဲမှာ အမုန်းနဲ့ ပေးဆပ်ခြင်းတွေ မပါခဲ့ပါ။

ဒီနေရာမှာ ရဲကိုသာဆို ကိုကိုဟာ ယုယကြင်နာစွာ ထွေးပွေ့၍

အဟင့်...

လွန်းအိမ် ကိုယ်လုံးလေး တသိမ့်သိမ့်တုန်ယင်လျက်။

******

"လွန်းအိမ် ဖယ်လေ ငါချက်ပါ့မယ်"

"ရပါတယ် ကိုကျော်ကျော်ရယ် လွန်းအိမ်မှာ အလုပ်မှ မရှိတဲ့ ဟာ"

"အေးပါ၊ ကဲ ဒါဆိုလည်း ဘရိတ်ဖပ်တော့ ငါလုပ်ပါ့မယ်၊ အစ်ကိုလေးကို သွားနှိုး၊ ဒီမန

က် အ လုပ်သွားမယ် ပြောတယ်"

လွန်းအိမ် အထဲရောက်တော့ မဟော်ကနိုးနေပြီ မွေ့ယာထက်မှာ ငုတ်တုတ်ထိုင်လျက် နားထင်တစ်ဖက်ကို လက်နှင့် ထောက်ထားတာတွေ့ရာ

"ကိုကို ခေါင်းကိုက်လို့ လားဟင် လွန်းအိမ် နားထင်ကိုနှိပ်ပေးမယ်လေ"

လွန်းအိမ် အနားမှာ ရပ်လိုက်သည် နှင့် မဟော်က လွန်းအိမ်ကို စူးခနဲတစ်ချက်ကြည့်ကာ အပြင်ထထွက်သွားလေသည်။

လွန်းအိမ် နောက်ကနေ...မျက်နှာသုတ်ပုဝါလေး ပခုံးပေါ်ဆွဲတင်ကာ သွားပွတ်တံနှင့် သွားတိုက်ဆေးဘူးကိုယူ၍ လိုက်လာခဲ့သည်။

"ဒီမှာ ကိုက"

မဟော်က လွန်းအိမ် ကမ်းပေးသည့်

ပစ္စည်းတွေကို ဆတ်ခနဲယူ၏။

"နောက်ကို ဒီထဲမှာ ပဲ အားလုံးထားပါ၊ မင်း ငါ့ဝေယျာဝစ္စကို ဘာမှ လုပ်ပေးဖို့ မလို ဘူး"

ရေချိုးခန်းတံခါးကို ဂျိမ်းခနဲပိတ်ပစ်လိုက် သည် ။

အပြင်မှာ မတ်တပ်လေးရပ်ကျန်ခဲ့ရင်း လွ န်းအိမ် အံကြိတ်ထားလိုက်သည် ။ နေရာတ ကာ မျက်ရည်ကျမနေမိအောင် ကြိုးစားရပါမ ည်။

ဒါတွေဖြစ်လာမယ်ဆိုတာ သိခဲ့ပြီးသားပဲ။

မနက်စာအတူစားကြတော့ ကျော်ကျော်က အနားမှာ မနေပါ။

လွန်းအိမ်ကိုလည်း မျက်လွှာပင့်၍ တောင် မှ မကြည့်ဘဲ လွန်းအိမ် လှမ်းပေးသမျှ ဘာမှန့်

ကိုမှ လည်း ယူမစားဘဲ မပေါ်က သူ့ဟာသူ စားသောက်၍ ထသွားသည် ။ ဘယ်လောက်ပဲ ခံနိုင်ရည်ရှိဖို့ အင်အားမွေးမွေး မျက်ရည်က တော့ ဝဲတက်လာသည် သာ။

ပါးပြင်ပေါ်စီးကျမလာရအောင် ပုတ်ခတ် သိမ်းဆည်းပြီး လွန်းအိမ် အားလုံးကို နေသား ကျအောင် ကြိုးစားခဲ့ရသည် ။

ရှိခဲ့ဖူးသော အကြင်နာလေးများကိုပင် ဆုံး ရှုံးလိုက်ရပြီကော။

******

"လွန်းအိမ်ရေ... ရော့ ဒီမှာ နင့်အတွက် ထ မင်းချိုင့်"

"ညနေ ကိုကို ဆေးခန်းသွားမှာ တဲ့ လား ဟင်"

"ငါ မသိဘူးလေ ဘာမှ မပြောဘူး ထွက်သွားတာပဲ"

လွန်းအိမ်ကို ကျောင်းပို့ဖို့ စကား လွန်းအိမ် မဟာရဲခဲ့ပါ။

မဟော်ကလည်း ဘာကိုမှ ဂရုမစိုက်ဘဲ မိုး လင်းသည် နှင့် သူ့ကားသူမောင်း၍ ထွက်သွား သည် ။

လွန်းအိမ်က ကျောင်းလည်း သိပ်မဝေးတာ မို့ အချိန်စောစောထွက်၍ လမ်းလျှောက်သွား လမ်းလျှောက်ပြန်။

ဘတ်စ်ကားတိုးစီးတော့လည်း ကိုကို သိ ကွာကျမည်။

ကက ငှားစီးမယ်ဆိုတော့ တစ်နေ့တည်းကို စွမှဟုတ်။

အိမ်မှ လွန်းအိမ်စီးနေကျကားလေးကို ယူ

သွားဖို့ မေမေက ပြောပေမယ့် မေမေ တစ်ယောက်တည်း ကျန်ခဲ့ရှာတာမို့ လွန်းအိမ် မယူရက်ပါ။

ရှိပါစေတော့လေ။

ဒါ ကိုယ်ရွေးခဲ့တဲ့ လမ်းပဲ

လွန်းအိမ် ဖြေနိုင်အောင်ဖြေနေခဲ့ပေမယ့် ခြေလျှင်သွားနေကျဖြစ်လာတော့ သတိထားမိကာ လွန်းအိမ် နောက်ကို စကားလိုက်ပြောတဲ့သူ စာလိုက်ပေးတဲ့ သူ... ရှုပ်လာတာ အဲဒီ ပြဿနာပဲဖြစ်သည် ။

ဟိုးတုန်းကတော့ လွန်းအိမ်တို့ ကဘယ်သွားသွား အုပ်စုနှင့် ။ ဆေးကျောင်းရောက်လာတာက တစ်ဖွဲ့လုံးမှာ လွန်းအိမ် တစ်ယောက်တည်း။

လေးလေးတို့ သုံးယောက်လုံး Eco ပဲဝင်ကြသည် ။ ထွန်းထွန်းကတော့ စက်မှုတက္ကသိုလ်။

ဇယျေတစ်ယောက်က ကျောင်းဆက်မတက်တော့ဘဲ သဘော်လိုက်သွားပြီဆိုသည့် သတင်းကို ကြားခဲ့ရသည်။

သူငယ်ချင်းတွေ တစ်လမ်းစီကွဲကုန်ကြတာရင်နာစရာကောင်းလှသည်။ အစတုန်းက ကိုယ့်ကားနဲ့ ကိုယ် ကျောင်းတက်တော့ ပြဿနာမရှိခဲ့။

ခုတော့ လွန်းအိမ် သုတ်သုတ်သွား။ သုတ်သုတ်ပြန်၊ ကိုယ့်ခြံဝန်းထဲရောက်မှ သက်ပြင်းချနိုင်တဲ့ အဖြစ်။

တိုက်တံခါးဝမှာ စီးထားတဲ့ ကြိုးသိုင်းဖိနပ်ကို ငုံ့ချွတ်ပြီး မျက်နှာအမော့

"ဟင် ဘွား"

ဧည့်ခန်းမှာ မိန့်မိန့်ကြီးထိုင်နေသည့် ဒေါ်မယ်သူက ပြုံးသည် လည်း မဟုတ် တင်းသည် လည်း မဟုတ်သော မျက်နှာနှင့် စိုက်ကြည့်နေ

လေသည်။

လွှန်းအိမ် ခပ်ရှိရှိလေး အနားမှာ သွားထိုင်ကာ

"ဘွား ဘယ်တုန်းကရောက်လဲဟင်"

"နေ့လည်ကတည်းက"

ဒေါ်မယ်သူက လွှန်းအိမ် တစ်ကိုယ်လုံးကိုကြည့်၍

"မင်းက ကျောင်းသွားတာ ဘတ်စ်ကားတိုးစီးတာလား"

"မစီးပါဘူးဘွား ကျောင်းလည်း နီးလို့ လွှန်းအိမ် လမ်းလျှောက်သွားတာပါ"

"အလိုတော် ဆေးကျောင်းနဲ့ ဒီအိမ်ကို နီးရတယ်လို့ "

ဒေါ်မယ်သူ ရင်ဘတ်ဖိသည်။

"ဒါကို မြေးက ဘာမှ စီစဉ်မပေးဘူးလား"

"အဲ... ဟို... စီစဉ်ပေးပါတယ်...ဟို"

"မင်းကိုက လမ်းလျှောက်ချင်တာလို့ ဆိုလိုတာလား"

"မ... မဟုတ်ပါဘူး... ဟိုလေ... ကိုကို အလုပ်ရှုပ်မှာ စိုးလို့၊ လွန်းအိမ် မပြောလို့ ပါ ကိုကိုမသိပါဘူး"

ဒေါ်မယ်သူက လွန်းအိမ် ထစ်ငေ့ါနေပုံကို စူးစူးစမ်းစမ်း ကြည့်သည်။

"ဘွား နေ့လည်စာ ဘာစားပြီးပြီလဲဟင်"

"ဘာမှ မစားတတ်ဘူး၊ ငါက တစ်ယောက်တည်းနေရတာ အိမ်ဖော်တွေလုပ်ကိုင်ပေးတာလည်း မစားချင်ပါဘူး၊ ဒီတော့ အကျင့်ပါမှာစိုးလို့ မစားဘဲနေတော့တယ်"

လွန်းအိမ် စိတ်မကောင်းဖြစ်သွားပါသည်။

"ဘွား...ခုမပြန်သေးဘူး မဟုတ်လား"

"ဒီမှာ နှစ်ည သုံးညတော့ အိပ်မယ် စိတ်ကူးတာပဲ"

လွန်းအိမ် မျက်နှာလေး စိတ်ရှုပ်ထွေးပုံမရှိဘဲ ဝင်းပသွားကာ

"အကြာကြီးနေပါ ဘွားရယ် ဘွားကို လွန်းအိမ် ပြုစုပါ့မယ်"

ဒေါ်မယ်သူကတော့ စူးစမ်းသည့် မျက်လုံးတို့ ဖြင့်ကြည့်ဆဲ၊

လာကတည်းကိုက မြေးရဲ့ မိန်းမဆိုတာလေးကို အကဲခတ်ဖို့ ပဲဖြစ်သည် ။ ရုပ်ရည်ကတော့ နုနယ်ပုံချင်းရော လှတာချင်းရော ရဲနဲ့ဘာမှ မဆိုင်ပါ။

ပြောင်သလင်းခါနေသော မျက်နှာလေးကပင် ဝင်းဝတ်မှုံညက်ကာ မျက်ခုံးမျက်လုံးလေးတွေက ထင်းနေသည် ။

နှာတံလေးက ချွန်ကော့လျက် နှုတ်ခမ်းလေးက ချစ်စရာလေး။ ရိုင်းစိုင်းကြမ်းတမ်းမည့် အသွင်ကိုလည်း လုံးဝမှ ရှိမနေပါ။

နုသောငယ်သော ဆေးတက္ကသိုလ် ကျောင်းသူလေး၊

မြေးကိုလည်း ချစ်ကြောက်ရှိသေရှိတဲ့ ပုံ...

ပထမတစ်ဆင့်တော့ သက်ပြင်းချလိုက်ပါ၏။

******

"ဟော ကိုကိုပြန် လာပြီ"

လွန်းအိမ်က နေရာမှ ထသွားကာပြုနေကျ အတိုင်း မဟော့်လက်ထဲက အိတ်ကိုပြေးယူသည် ။

အဲဒီအိတ်ကို မဟော်က လွန်းအိမ်လက်ထဲ

ထည့်ပေးလိုက်တဲ့ အခါလည်း ရှိသည် ၊ 'ဖယ်စမ်းကွာ'ဆိုပြီး ကျွေ့ရှောင်သွားတာမျိုးလည်း ရှိ၏။

ဒါပေမဲ့ လွန်းအိမ်ကတော့ နေ့စဉ်ဝတ္တရားမပျက် ကြိုခဲ့သည် သာ၊ တံခါးဝမှာ ကတည်းက ဘွားကိုလှမ်းမြင်လိုက်သဖြင့် မဟော်က လွန်းအိမ်လက်ထဲကို သူ့အိတ်ထည့်ပေးလိုက်သည် ။

"ဘွားဘွား ဘယ်တုန်းကရောက်တာလဲ"

"နေ့လည်ကပေါ့၊ မြေးက ဆေးရုံပြန်တာ နောက်ကျလှချည်လား"

"ဒီနေ့ အော်ပရေးရှင်းဝင်နေရလို့ နောက်ကျသွားတာပါ၊ ဘွားဘွား ထမင်းစားပြီးပြီလား"

"ဘယ်စားဦးမှာ လဲ မြေးကိုစောင့်နေတာ"

လွန်းအိမ်က မဟော်ရဲ့ အိတ်ကိုပြေးထား

ကာ ထမင်းစားဖို့ ဝင်ပြင်သည်။

ထမင်းစားတော့ ခါတိုင်း မဟော့်အတွက် ပျာယာခတ်နေတတ်သော လွန်းအိမ်က ဒေါ်မယ်သူဘက် လှည့်သွားသည်။

"ဘွား ဒါလေ ပုစွန်ကိုဖက်နဲ့ အုံပြီး အခွံခွာပြီး သံပုရာရည်နဲ့ သုတ်ထားတာ ချက်တာကြောတာနဲ့ မတူဘူး ဘွားရဲ့ သိပ်အရသာရှိတာ"

ပြော၍ လွန်းအိမ်က ဦးချသည်။

"အဝိမ်မ၂ ငါးမြင်းဗိုက်သားတွေပဲရှိတော့ ဘွားက မျက်လုံးမကောင်းလို့ တက်မှာ စိုးတာနဲ့ ကပျာကယာ စီစဉ်လိုက်ရတာ ဒီမှာ ကြာဇံဟင်းခါး ငရုတ်ကောင်းသိပ် မပါဘူး ဒါ ကြက်သားကြော်"

လွန်းအိမ်က ကြက်သားကြော်ကို အပေါ်ယံက နီရဲကြွပ်ရွနေသည့် အမာတွေကိုဖယ်ချကာ

အတွင်းကနုအိနေသည့် အသားနုနုလေးတွေချ ည်း ဖဲ့ယူ၍ ဒေါ်မယ်သူ့ပန်းကန်ထဲ ထည့်ပေး သည် ။

"ကိုကိုစားလေ ဒီမှာ ကိုကိုကြိုက်တဲ့ ဆိတ် ကလီစာဟင်း"

မဟော့်ကိုလည်း ခပ်ထည့်ပေး၍

"ဘွား...ဟင်းရေလေးစားချင်ရင် ဆိတ်က လီစာဟင်း ဆမ်းမလားဟင်၊ ဘွားက မဆလာ မကြိုက်ဘူးဆိုတာ လွန်းအိမ် ခုမှ သိတာ၊ ဒီဟ င်းက မနက်စောစောကတည်းက ချက်ပြီးခဲ့ တာ"

"ထမင်းဟင်းတွေ ဘယ်သူချက်တာလဲ"

"ကိုကျော်ကျော်လည်း ချက်တယ်၊ လွန်းအိ မ်လည်း ချက်တယ်၊ ညစာကျမှ ကိုကို့အတွက် ကိုကျော်ကျော်ကတစ်မျိုး ထပ်ချက်ထားတယ် လေ၊ လက်ရာပြောင်းသွားလို့ ဘွားစားမရဘူး

လားဟင်"

" မဟုတ်ဘူး "

ဒေါ်မယ်သူ ကျေနပ်နေမိပါသည် ။

အခြွေအရံများ ထည်ထည်ဝါဝါနေတတ်သည့် ရဲနဲ့ သာ မြေးလက်ထပ်ခဲ့လျှင် ဒီလိုရိုကျိုးသိမ်မွေ့ခြင်းတွေ ရှိနိုင်ပါ့မလား

မဟော်က စောစီးစွာ ထသွားသည် ။

ခါတိုင်းဆို ကိုကိုတော်ပြီလား ဘာညာ လွန်းအိမ်မျက်နှာပျာပျာနှင့် မေးမိမှာ ဖြစ်ပေမယ့် ဒီနေ့ ဘွားရှိနေသည် မို့ မမေးဖြစ်ခဲ့။

"အဟွတ်...ဟွတ်"

ဒေါ်မယ်သူ အတွေးများ နှင့် ထမင်းစားရင်း သီးသွားသည် ၊

လူကြီးဆိုတော့ ထိန်းသိမ်းနိုင်မှုနည်းပါးကာ ပါးစပ်ထဲက ထမင်းတချို့ စင်ထွက်ကုန်

၏။

"ဘွား"

လွှန်းအိမ် ကပျာကယာထကာ ကျောကိုလည်း ခပ်ဖွဖွလေးထုပေး၍ လက်သုတ်ပုဝါနှင့် ဒေါ်မယ်သူ ပါးစပ်မှာ ပေနေသည့် ထမင်းစတို့ကို အသာသုတ်ပေးလိုက်သည် ။

ချောင်းဆိုးအနည်းငယ်လျော့သွားမှ

"ရော့ ဘွား ရေသောက်လိုက်"

လွှန်းအိမ်မျက်နှာမှာ ဟန်ဆောင်ခြင်းမရှိသော အကြင်နာတွေအပြည့်

ဒေါ်မယ်သူရေသောက်ရင်း လွှန်းအိမ်ကို တစ်ချက်ကြည့်ကာ ရင်ထဲမှာ နွေးထွေးသွားလေသည် ။

တစ်ခါက အဖြစ်တစ်ခုကို အမှတ်ရလိုက်မိ၏။

ရဲတို့ အိမ်ကို ထမင်းစားသွားတုန်းက ဖြစ်သည် ။

ဒေါ်မယ်သူက

ထမင်းစားလည်း မကြာခဏ သီးတတ်တဲ့ အကျင့်ရှိသူ၊

ဒါတောင် ခုလို ပါးစပ်ထဲက ထမင်းထွက်ကျရလောက်အောင် မဖြစ်ခဲ့သေး၊ ရဲက ထမင်းစားခြင်းကို လက်စသတ်၍ ထသွားခဲ့သည် ။

ကိုယ်ချောင်းဆိုးလိုက်လို့ ဆိုတာ သိပေမယ့် မမေးဖြစ်ခဲ့ပါ၊ နောက်မှ စကားများများ ပြောဖြစ်ရင်း သိလာရသည် က

ရဲက လွန်စွာရှုံ့တတ်သည် တဲ့ ...

အိမ်ဖော်ဆိုလည်း ထမင်းဝိုင်းနားမှာ ချောင်းဆိုး၍ ပါးရိုက်ပစ်ခဲ့ဖူးပါသတဲ့ ။

ရဲရဲ့ ဟန်ပန်အပေါ် စိတ်ပျက်ညစ်ညူးစရာ

လေးတွေ ရှိတတ်ဖူးပေမယ့် မြေးရဲ့ မိဘများ ကိုယ်တိုင် ဆန္ဒရှိတဲ့ ကိစ္စလည်း ဖြစ်၊

အခု မြေးကိုယ်တိုင်ကလည်း ချစ်နေပါပြီ ဆိုလို့ ဖြစ်မြောက်အောင် စီစဉ်ပေးခဲ့ရခြင်းဖြစ် သည် ။

ခုမှ သားရွှေအိုးထမ်းလာတဲ့ ကိန်း မြင်ရသ ည် ကို ဒေါ်မယ်သူ ကြိတ်၍ ကျေနပ်နေမိသည် ။

ဟန်ဆောင်မှုကင်းသော ဒီမျက်ဝန်းလေး တွေကို အချိန်တိုတိုအတွင်းမှာ ပင် ယုံကြည် လိုက်မိသည် ။

ဒေါ်မယ်သူ ပြန်သွားပြီးနောက်နေ့ လွန်းအိ မ် ကျောင်းသွားဖို့ ကားတစ်စီး ရောက်လာခဲ့ လေသည် ။

******

"လွန်းအိမ်"

"ရှင်"

"နင် ထမင်းစားလိုက်ပါလား"

"ဟင့်အင်း ကိုကိုလာမှ ပဲစားမယ်"

မဟော်သည် တစ်ခါတစ်ခါ ဒီလိုပဲ နောက်ကျ၍ ပြန်လာတတ်သည် အိမ်ပြန်နောက်ကျ တိုင်းလည်း အပြင်မှာ စားခဲ့သည် သာ ဖြစ်၏။ ဒီနေ့လည်း လွန်းအိမ် ထမင်းမစားဦးမှာ သေချာနေပြီ၊

ကျော်ကျော် သက်ပြင်းချ၍ လှည့်ထွက်လာခဲ့၏။

ညရှစ်နာရီခွဲမှ မဟော်ပြန်လာ၏။

ကိုယ့်ကားက ဘယ်မှာ ကျန်ခဲ့သည် မသိ။

"ကဲ...ကျေးဇူးပဲ မဇင်ရေ သွားတော့နော်"

"အိုခေ...မဟော် အိပ်မက်လှလှလေးတွေ မက်ပါစေ"

"သင့်ခယူး မဟော်"

ကားပေါ်မှ အမျိုးသမီးနှစ်ယောက်၊

မဟော် တံခါးဝရောက်တော့ လွန်းအိမ်က တံခါးဖွင့်ပြီးပြီ... မမေးရဲပေမယ့် မျက်နှာလေးကတော့ ပျက်နေသည် သာ၊

ဒါကို မဟော်က သတိထားလိုက်မိပေမယ့် ဘာတစ်ခွန်းမှ မပြော

"ပေး ကိုကို"

လွန်းအိမ်က မဟော် အင်္ကျီချွတ်နေသည် အထိစောင့်ပြီး အင်္ကျီရောအိတ်ကိုပါ သိမ်းလိုက်၏။

"ထမင်းစားဖို့ ပြင်လိုက်မယ်နော် ကိုကို"

"တို့ အပြင်မှာ စားခဲ့ပြီးပြီ"

လွန်းအိမ် ကိုကို့ကို စောင့်နေတာ ကိုကိုရယ်လို့ လည်း မပြောမိတော့ပါ ဗိုက်ထဲမှာ ဆာလောင်နေပေမယ့် ခြေဦးလှည့်ခဲ့မိသည် က အိပ်ခန်းထဲကို။

******

နေ့စဉ် ညတိုင်းလိုလို မပော် အိမ်ပြန်နောက်ကျတတ်လာသည် ။

ပြန်လာတိုင်း အဖော်နဲ့ ချည်း ဖြစ်၏။

လွန်းအိမ် ညစာမစားဘဲနေလိုက်မိသည့် ရက်တွေလည်း မနည်းတော့ပါ။

"နင် ဒုက္ခဖြစ်သွားလိမ့်မယ် လွန်းအိမ်... ဝမ်းချင်းဆက်နေတာမှ မဟုတ်ဘဲဟ ကိုယ့်ဗိုက်ကို ပြည့်အောင်တော့ စားပေါ့..."

"လွန်းအိမ် ထမင်းမစားဖြစ်ပေမယ့် မုန့်စား

ပါတယ် ကိုကျော်ကျော်ရယ် ဘာမှ မဖြစ်ပါဘူး ၊ အိမ်မှာ ညပိုင်းကလေးပဲ ကိုကိုနဲ့ ဆုံရတာ၊ လွန်းအိမ် တစ်ယောက်တည်း မျိုမကျဘူး"

"ဒုက္ခပဲ"

ကျော်ကျော်မနေသာတော့ပါ

တစ်ညမှာ တော့ မဟော့်ကိုစောင့်ရင်း လွန်းအိမ် ဆိုဖာပေါ်မှာ ပဲ ခွေခွေလေး အိပ်ပျော်သွားခဲ့သည် ။

မဟော် ပြန်လာတာကိုမသိ

ကျော်ကျော် တံခါးသွားဖွင့်ပေးရင်း...

"ထမင်းစားတော့မလား အစ်ကိုလေး"

"ငါစားခဲ့ပြီးပြီ"

ကျော်ကျော် မပြောရဲပေမယ့် အရဲစွန့်ကာ

"အစ်ကိုလေး အပြင်မှာ စားစားလာတာက အကြောင်း မဟုတ်ဘူး ၊ ညစာ အစ်ကိုလေး အိ

မ်မှာ မစားတိုင်း လွန်းအိမ်ကလည်း ထမင်းမ
စားဘူး၊ ကြာရင် သူဒုက္ခရောက်သွားနိုင်တယ်
အစ်ကိုလေး"

မဟော် မျက်နှာပျက်သွားသည် ။

"ဒါဆို သူ ညတိုင်းမစားဘူးပေါ့"

"ဘယ်လိုကျွေးလို့ မှ မစားဘူး"

ကျော်ကျော် အိတ်ကိုယူသွားတော့ မဟော်
လွန်းအိမ် အိပ်နေတဲ့ နားလျှောက်လာကာ မျ
က်တောင်ကော့လေးတွေ ယှက်ပိတ်နေသော မျ
က်ဝန်းလေးကို ငုံ့ကြည့်နေမိသည် ။

ပြောတဲ့ အတိုင်း တကယ့်ကို ထားသလိုနေ
ပြောသမျှ သည်းခံတဲ့ မိန်းကလေး ဒီနေ့ထိ ဇ
နီးအဖြစ်ပေါင်းသင်းဖို့ သူဘယ်လိုမှ စိတ်ကူးမ
ရနိုင်ဘဲ ဖြစ်နေမိသည် ။ ကိုယ့်ကိုယ်ကိုယ်လ
ည်း လိပ်ပြာမသန့်၊

ရဲရဲ့ မျက်နှာ

ရဲပြောခဲ့တဲ့ စကားလုံးတွေက နားထဲကမထွက်

ကိုယ့်ကို လူပုံအလယ်မှာ မျက်နှာမဖော်ရဲအောင် သိက္ခာချအရှက်ရစေခဲ့တဲ့ မိန်းကလေးအဖြစ် သူ လွန်းအိမ်ကို စိတ်ဆိုးမပြေနိုင်သေး။

ဒါကြောင့် သူ့ဖာသူ ဘယ်လိုနေနေ ဘာတွေဖြစ်ဖြစ်ဆိုပြီး လှည့်ကိုမကြည့်ခဲ့တာ ဖြစ်သည် ။

သတိနဲ့ မေးခနဲပျော်သွားတာကြောင့် အနားမှာ သိမ့်ခနဲဖြစ်သွားတော့ လွန်းအိမ် နိုးလာသည် ။

"ဟင် ကိုကိုပြန် လာပြီ"

ရုတ်တရက် 'ထမင်းစားတော့မလားဟင်' လို့ မေးမည့် စကားလုံးက လည်ချောင်းဝမှာ

တစ်ဆို့ကာ

"ကိုကို ထမင်းစားပြီးခဲ့ပြီလား" ဟု သာ

မေးလိုက်မိလေသည် ။

မဟော်က ဆိုဖာနောက်မှီပေါ် လက်တင်၍

ခေါင်းခါလိုက်သည် ။

"မစားရသေးဘူး သွားပြင်လေ"

"ဟုတ်"

လွန်းအိမ် ဝမ်းသာအားရ ဖျတ်ခနဲအထမှာ

အနည်းငယ် ယိုင်သွား၏။

"ဘာဖြစ်သွားတာလဲ"

မဟော် လွန်းအိမ် လက်ဖျားလေးကို ဖမ်း

ဆုပ်ထားလိုက်ကာ ထရပ်လိုက်၏။

"ဘာ... ဘာမှ မဖြစ်ဘူး ကိုကို ... ရတယ်"

လွန်းအိမ် မဲ့ခနဲပျက်ကျသွားသည့် မျက်နှာ

လေးကို ဖုံးဖိ၍ ခပ်ထိန်းထိန်းလေးလျှောက်သွားတာကို မပေါ် မျက်မှောင်ကုတ်၍ ကြည့်နေမိသည် ။

လွှန်းအိမ်နဲ့ ပတ်သက်သော အရင်တုန်းကလို ကြင်နာစိတ်အေးအေးလေး ရင်မှာ ပြန်ပေါ်လာတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိ၏။

******

"လွှန်းအိမ်"

ကားပေါ်တက်ခါနီးမှ နောက်က ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည် ။

"ဟင်...ဆရာ"

ဆရာက ပြုံး၍ လွှန်းအိမ်နားလျှောက်လာကာ

"အတန်းထဲမှာ လွှန်းအိမ်နာမည်နဲ့ စာအုပ်

တစ်အုပ်ကျန်ခဲ့တယ် လွန်းအိမ်စာအုပ်ပြည့်ရဲ့လား စစ်ကြည့်ပါဦး"

လွန်းအိမ် စာအုပ်ကိုပြန်စစ်ကြည့်သည်။

"ဟယ်...ဟုတ်တယ်ဆရာ...အဲဒီစာအုပ် ဘယ်မှာ လဲ ဟင်"

"ဟန်ငြိမ်းမောင်တို့ အုပ်စုက သူတို့ သွားပေးမယ်ဆိုပြီး ယူသွားကြတယ်"

"အို"

ဟန်ငြိမ်းမောင်ဟာ လွန်းအိမ်ကို အိမ်ထောင်ရှိမှန်းလည်း သိရက်နဲ့ မရိုးသားစွာ ရှိခဲ့တဲ့ သူ။

"သူတို့ ရှိသေးလား ဆရာ"

"ရှိသေးတယ်... လာလိုက်ခဲ့ မင်းတစ်ယောက်တည်းသွားရင် ဒီကောင်တွေ စလိမ့်မယ် ဆရာ လိုက်ပို့မယ်"

"ဟု တ"

လွန်းအိမ် စိတ်လောကြီး၍ လှည့်အထွက်မှာ ကိုယ့်ခြေထောက်နဲ့ ကိုယ် ပြန်၍ ခလုတ်တိုက်မိပြီး လဲကျတော့မလို ဖြစ်သွား၏။

"ဟော...ဟော သတိထားပါဦး စာအုပ်က ပြန်ရမှာ ပါ"

လွန်းအိမ် လက်ကလေးကို ဖျတ်ခနဲဆွဲ၍ ထိန်းပေးထားကာ ဆရာကပြောတော့ လွန်းအိမ် ရှက်ကိုးရှက်ကန်းလေး ရယ်လိုက်မိသည်။

မြင်ကွင်းကိုကြည့်၍ မဟော့်မျက်နှာ ပျက်သွားသည်

ကားကိုဘီးလှိမ့်ရုံလေး မောင်းဖြတ်သွားသည့် မဟော့်ကို ကျောခိုင်းသွားသည့် လွန်းအိမ်က မမြင်ပါ။

ပြုံးလို့ ရယ်လို့ တွဲကြလို့ ပါလား...

တစ်ခါမှ မခံစားဘူးသော ပူလောင်ခြင်းတစ်မျိုးက ရင်တစ်ခုလုံးကို မီးမြိုက်ထားသလိုကြီး ဖြစ်သွားသည် ။

တိုက်ပုံအင်္ကျီ၊ လုံချည်းတွန့်ရေးရေးထင်သော ဆံပင်နှင့် ကိုယ့်လောက်အရွယ်ပဲရှိသေးသော ယောကျ်ားတစ်ယောက်နှင့် လွန်းအိမ်ပတ်သက်ခြင်းဟာ ထိကိုင်ဆွဲခေါ်နေကြတဲ့ အဆင့်ထိ ရောက်နေပြီလား...

******

ဒါဟာ မေးသင့်တဲ့ ကိစ္စမှန်သော်လည်း မေးလိုက်ရမှာ ကိုလည်း ဝန်လေးနေမိသည် ။ ကိုယ်က လွှတ်ပေးခဲ့တာပဲ၊

သူ့သာယာမှုရှာတာဆိုရင် ခွင့်မလွှတ်သင့်

ဘူးလားဟု

ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်၏။

မဖြစ်သင့်ဘူး၊ ကိုယ့်ဇနီးအဖြစ်ရှိနေတဲ့ မိန်းမတစ်ယောက် အခြားတစ်ယောက်နဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာကို ခွင့်လွှတ်မထားသင့်ဘူး။

ဒါကို မေးပေမယ့်...

သူ့အပေါ် ဂရုစိုက်သလို အပြုအမူမျိုးလည်း မပြချင်ပြန်ပါ။

မျက်လုံးထဲမှာ လည်း လွန်းအိမ်ရဲ့ လက်ကို ဆွဲခေါ်သွားပုံ၊ လွန်းအိမ် မျက်လွှာလေးချ၍ ရှက်ကိုးရှက်ကန်းလေးရယ်လိုက်ပုံ၊

အားလုံးဟာ ရိုက်ရှင်ရိုက်ထားတဲ့ အတိုင်း

ဒီစိတ်နဲ့ ပဲ ကိုယ့်မှာ တစ်နေ့ကုန် အလုပ်လုပ်ရတာပင် စိတ်မပါ ဒေါသတွေ တရိပ်ရိပ်တ

က်ရင်း အိမ်ကိုပဲ ပြန်ချင်နေမိသည် ။

အိမ်ရောက်တော့လည်း မမေးဖြစ်...

"ကိုကို"

လွန်းအိမ် အငွေ့တထောင်းထောင်းထနေသော နွားနို့ဖန်ခွက်လေးကို လင်ဗန်းထဲမှာ ထည့်ပြီး အနားမှာ လာချပေးသည် ။

"ကိုကို လွန်းအိမ်ကို စာနည်းနည်းလောက်ရှင်းပြပေးပါလားဟင်"

ဒေါသမကင်းသော လေသံက ဖုံးဖိလို့ မရ။

"တို့ စိတ်ညစ်နေတယ် လွန်းအိမ် ဘာမှ ဇယားလာမရှုပ်နဲ့ ... သွားတော့"

လွန်းအိမ် သူ့ကို ငေးငေးလေးကြည့်ကာ ခေါင်းလေးငုံ့၍ လှည့်ထွက်သွားသည် ။

အရင်တုန်းကလို ဆိုးနွဲ့သွက်လက်ခြင်း ဟန်ပန်ကလေးများ လွန်းအိမ်မှာ မရှိတော့ပါ။

ဒါကိုလည်း သတိထားမိနေပေမယ့်...

မဟော် ခေါင်းကိုခါထုတ်ပစ်လိုက်သည် ။

လသာဆောင်မှ နေ၍ လမင်းကြီးကို ငေးကြည့်နေကာ အိပ်စက်ဖို့ မဟော်သတိမရနိုင်။

ဝေခွဲမရစွာ ပူလောင်နေသည့် ကိုယ့်စိတ်ကို ဘယ်လိုဆုံးမရမှန်းမသိ ဖြစ်နေသည် ။

လွန်းအိမ်ကို ရိုးသားခဲ့တယ်ဆို...

ခုလည်း စိတ်ဆိုးမပြေနိုင်လို့ ဥပေက္ခာထားခဲ့တာပဲ ရိုးသားစွာဥပေက္ခာထားခဲ့တယ်ဆိုလျှင် လွန်းအိမ်နဲ့ ပတ်သက်ပြီး ဒီရင်က ဘာလို့ နေမရထိုင်မရ ပူပြင်းနေရတာလဲ။

"ကိုကို..."

အချိန်တွေ ဘယ်လိုကုန်သွားမှန်းမသိ၊

လွန်းအိမ် ထပ်ရောက်လာပြန်သည် ။

"မအိပ်သေးဘူးလား ကိုကိုရယ်... ဆယ့်နှစ်နာရီထိုးပြီးပြ"

"လွှန်းအိမ် မင်းဟာမင်း အေးဆေးသွားနေကွာ လာမနှောင့်ယှက်နဲ့ "

လွှန်းအိမ် ထွက်မသွားဘဲ စားပွဲပုလေးပေါ်မှာ ဒီတိုင်းရှိနေသေးသည့် နွားနို့ဖန်ခွက်လေးကို ငုံ့ကြည့်ကာ

"ဒါဆို တစ်ခုခုစားပါလား ကိုကို ဗိုက်ပြည့်တော့ အိပ်ချင်သွားတာပေါ့ လွှန်းအိမ် သွားလုပ်ပေးမယ်နော်"

"ဘာမှ မလုပ်နဲ့ အဲဒါလည်း ပြန်ယူသွား မင်းထပ်မလာနဲ့ တော့"

လွှန်းအိမ်ကို နှင်ထုတ်ပစ်လိုက်ပြီး ဒရင်းဘတ်မှာ ခေါင်းတင်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည် ။

ဘာပြောပြော ဘာဆိုဆို လွန်းအိမ် အနစ်နာခံ၍ ပြုစုမပျက် ခေါ်ပြောမပျက်ခဲ့ပါ...

ဒါတွေအားလုံးဟာ ကိုယ်ကလျစ်လျူရှုထားခဲ့ပါလျှက် နှလုံးသားထဲမှာ ပုံရိပ်လေးတွေ ထင်နေပြီ၊

မင်းရဲ့ သည်းခံခြင်းတွေဟာ ငါ့အတွက် ညှို့ချက်တွေ ဖြစ်ကုန်ပြီထင်တယ်၊

မင်း တော်ပါတယ် လွန်းအိမ်...

ဘွားဘွားကလည်း သူ့ကို ခေါ်ဆူသည် ။

"က လေ းမ လေ းမ ၂၁ ဘာတစ်ခုမှ ပြောင်ပြောင်ယောင်ယောင် မရှိပါလားတဲ့ "

အားလုံးသိနေပြီဖြစ်တဲ့ ဘွားဘွားက အစကတော့ ခပ်မာမာ၊ ခုတော့ သိပ်ကို လိမ္မာသိမ်မွေ့တဲ့ မိန်းကလေးတဲ့ ။

လွန်းအိမ်အတွက် လက်ဝတ်လက်စားတွေ

တောင် လုပ်ပြီးနေပြီ ကြည်ဖြူ မကြည်ဖြူ မင်းရဲ့ ဇွတ်ကပ် ဇွတ်ခေါ် အတင်းပြုစုပေးနေတဲ့ အလိုက်သိမှုတွေကို နေ့စဉ်ထိတွေ့ခံစားနေရတဲ့ ငါ ဘယ်လိုခံနိုင်မျိုးနဲ့ ဥပေက္ခာထားရမလဲ...

တကယ်ဆို အစကတည်းက မင်း ငါ့ရဲ့ ရက်စက်မှုတွေ ဥပေက္ခာတွေကို စိတ်ဆိုးစိတ်နာပြီး ငါ့ကို အလားတူတုန့်ပြန်မှုတွေ ပေးနေသင့်တာ...

ခုတော့ နှလုံးသားကို အနုနည်းနဲ့ မင်းရအောင် သိမ်းသွင်းနေတာပါလား၊

မာနနဲ့ ချစ်ခြင်းလုံးထွေးနေသော ရင်မှာ မွန်းကျပ်ပူလောင်ကာ ဘယ်အချိန် ဘယ်လို အိပ်ပျော်သွားခဲ့မှန်းမသိ။

ဖျတ်ခနဲနိုးလာတော့ လက်ကနာရီက မနက်လေးနာရီကို ညွှန်ပြနေသည် ။

"ဟင်"

လွှန်းအိမ်

သူ့ခြေရင်းနားမှာ တစ်ထွာသာသာ ခွေးချေပုလေးနှင့် ထိုက်လျက် စားပွဲပေါ်လက်တစ်ဖက်ကို ခေါင်းအောက်မှာ ခုကာ လက်တစ်ဖက်မှာ ယပ်တောင်လေးကိုင်ထား၏။

အိပ်ပျော်နေလိုက်တာ နှစ်နှစ်ခြိုက်ခြိုက်...

သူအိပ်ပျော်သွားတုန်း ခြင်ကိုက်မှာ စိုး၍လာထိုင်ကာ ယပ်ခပ်ပေးနေတာပဲဖြစ်မည်။

ရင်ထဲမှာ ပြင်းထန်စွာ လှုပ်ရှားသွားမိသည်
။

ခက်ပါလား လွှန်းအိမ်ရယ်...

ဘယ်လိုလက်နက်တွေနဲ့ ပဲ တိုက်ခိုက်တိုက်ခိုက် ကိုယ်ခံရဖို့ ချည်းဖြစ်နေပါလား...

သူက များများ အရှုံးပေးနေလေ ကိုယ့်မှာ

ထိချက်ပြင်းလေ၊ မဟောင် နေရာမှ ထကာ လွန်းအိမ် ကိုယ်လုံးလေးကို အညင်သာဆုံး ပွေ့ယူလိုက်သည် ။

နိုးမသွားစေချင်လို့ ပါ။

မွေ့ယာပေါ်မှာ ချသိပ်တော့လည်း လေတိုက်လျှင် ကြွေတော့မည့် အတိုင်း နွေးထွေးနူးညံ့သော လွန်းအိမ်ရဲ့ ကိုယ်လုံးလေးကို ထွေးပွေ့မိစဉ် ရင်က တဒိန်းဒိန်းခုန်လာ၏။

တချိန်တုန်းကလည်း ပွေ့ဖက်ကျီစယ်ခဲ့ဖူးတာပါပဲ၊

ဒါပေမဲ့ ရင်ခုန်လှုပ်ရှားခြင်းမျိုး မဖြစ်ခဲ့ဘူးပါ။

မဟောင် ဘယ်မိန်းကလေးနဲ့ မှ လည်း လွန်းအိမ်လောက် ထွေးရောယှက်တင် မနေခဲ့ဘူးတာအမှန်ပင်။

ရဲနဲ့ ချစ်သူတွေဆိုတာတောင် လက်ဖဝါး လေးလောက် ကိုင်ခဲ့ဖူးတာ အလွန်ဆုံး...

မွေ့ယာပေါ်မှာ ချလိုက်တော့ လွန်းအိမ်ရဲ့ လည်ပင်းအောက်မှာ ပိသွားသည့် လက်ကို ဘ ယ်လိုထုတ်ယူရမှန်းမသိ၊

နိုးသွားမှာ လည်း စိုးရိမ်သည်။

တစ်အိပ်ရာတည်းမှာ အမြဲအတူအိပ်ခဲ့ကြ ပေမယ့် ခုလို နီးနီးကပ်ကပ် ပွေ့ဖက်မနေခဲ့ တာမို့ နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် လွန်းအိ မ် မျက်နှာလှလှလေးကို နီးကပ်စွာ ငုံ့မိုးကြည့် နေမိစဉ် ရင်ထဲမှာ အဆမတန်လှုပ်ရှားလာ၏။

မင်းကိုငါ ချစ်မိနေပြီထင်တယ် လွန်းအိမ်ရ ယ်...

လွတ်နေသောလက်တစ်ဖက်နှင့် လွန်းအိမ် ပါးလေးတစ်ဖက်ကို ဖွဖွလေးပွတ်ကာ ငုံ့နမ်း လိုက်မိတော့မည့် ဆဲဆဲ၊

နိုးသွားမှာ စိုးလို့ မနမ်းဖြစ်၊

သေချာပါသည်၊

ချစ်ခြင်းဖြင့် ရင်ခုန်ခြင်းကို စိတ်မဝင်စားသော မဟော့် နှလုံးသားတို့ က အချစ်ကိုလက်ညှိုးထိုးနေပြီ။

******

## အခန်း (၉)

မွေးနေ့ပွဲကလည်း တကယ့်မင်္ဂလာဆောင်ဧည့်ခံပွဲကြီးအတိုင်း စည်ကားနေသည်။

"ခဏနော် လွန်းအိမ် ဟိုမှာ ဧည့်သည် တွေ့သွားကြိုဦးမယ် ဘာမှ အားမနာနဲ့ သိလား စားသာစား ကိုယ်ခုပြန်လာမယ်"

လှိုင်းရိပ်က လွန်းအိမ်ကို နေရာချထားခဲ့ပြီး တအောင့်ပဲထိုင်ကာ ထထွက်သွားသည်။

ဧည့်ခံပွဲမှာ အဖော်မရှိတာလောက် နေရထိုင်ရခက်တာမရှိပါ။

လွန်းအိမ် ချပေးထားသည့် ဖာလူဒါဖန်ခွက်

ကို သောက်ချင်စိတ်လည်း မရှိဘဲ အဓိပ္ပာယ်မဲ့ မွှေနေမိသည်။

"လွန်းအိမ်"

ဖျတ်ခနဲ မော့ကြည့်လိုက်တော့

"ဟယ် ဇယျ"

ဇယျက အနည်းငယ် အသားညိုသွားကာ လူကပိုထွားလာ၏၊

တကယ့်ကို ယောက်ျားရင့်မာကြီးလို

"နင့်အမျိုးသား မပါဘူးလား"

ပြုံးနေသည့် လွန်းအိမ်မျက်နှာလေး ပျက်ကျသွားသည်။

"မပါပါဘူးဟာ သူလည်း သူ့အလုပ်နဲ့ သူ မအားပါဘူး"

ဇယျက လွန်းအိမ်အရှေ့မှာ ဝင်ထိုင်ချလိုက်သည်။

"နင်တို့ အိမ်ထောင်ရေး အဆင်မပြေဘူးဆို
"

"နင့်ကို ဘယ်သူပြောလဲ"

"နင် တိုင်ပင်ဖူးတဲ့ လူပေါ့"

"လေးလေးလား"

"အင်း"

လွန်းအိမ် မျက်လွှာလေးချလိုက်ကာ

"ဘယ်ပြေမလဲ ဇယျရယ် ...ငါက ချစ်လို့ ယူထားတာပဲ"

"သူက ခုထိ နင့်ကို နွေးထွေးမှု မရှိဘူးလား
"

လွန်းအိမ် ခေါင်းခါပစ်လိုက်သည်။

"အဲဒါတွေ မပြောကြစို့နဲ့ ဟာ နင်အခု သဘော်သားကြီး ဖြစ်နေပြီဆို"

လွန်းအိမ် စကားလွှဲပစ်တာကို ဇယျက မကျေနပ်တဲ့ ပုံနှင့် ခေါင်းညိတ်သည်။

"ဟုတ်တယ် မနေ့ကမှ ပြန်ရောက်တာ အေးစုနဲ့ ငါ မင်္ဂလာဆောင်ပြီးတဲ့ ညမှာ ပဲ နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြတာ နောက်နှစ်ရက်ကြာတော့ လူဟောင်းနဲ့ ငါလူချင်းလဲပြီး သင်္ဘောတက်လိုက်တာပဲ ငွေတော့ တော်တော် ကုန်သွားတယ် ဒါပေမဲ့ တန်ပါတယ်၊ ငါ ဒီမှာ နေရရင် ရူးသွားမလားပဲ၊ ဒီနေ့ထိ အေးစုနဲ့ ငါ သူငယ်ချင်းပဲ"

"ဒါတော့ နင်မတရားတာ နင်တို့ က ရိုးသားပေမယ့် အေးစုက အပျိုပြန်ဖြစ်လာမှာ တဲ့လား"

"သူကလည်း နားလည်ပါတယ်၊ မနက်က သူနဲ့ ငါ ကွာရှင်းလိုက်ပြီးပြီ"

"ဟင်...တကယ်"

"တကယ်ပြောတာ ငါစူးစူးနစ်နစ် စွဲစွဲလမ်းလမ်း ချစ်ခဲ့ဖူးတာ မိန်းမတစ်ယောက်ပဲရှိတယ်၊ သူ့ကိုမရတော့တဲ့ အတွက် ဒီတစ်သက် ငါအိမ်ထောင်ပြုဖို့ စိတ်ကူးမိတော့မှာ မဟုတ်ဘူး "

လွန်းအိမ် မျက်လွှာလေး ချပစ်လိုက်မိသည်။

"လွန်းအိမ်"

"ဟင်"

"နင့်ကို ငါ သိပ်ချစ်တယ်"

"အို...ဇယျ"

"ဟုတ်တယ် ဒါမပြောသင့်တဲ့ အချိန်မှန်း ငါသိတယ် ဒါပေမဲ့ နင့်ကိုမြင်တော့ ငါမနေနိုင်ဘူး၊ သိရုံပဲဖြစ်ဖြစ် သိသွားပေးပါ လွန်းအိမ်ရယ် နင်ဘယ်ဘဝရောက်ရောက် ငါ့ကိုမမေ့ပါနဲ့၊ နင်မျှော်လင့်ခဲ့တဲ့ ဘဝတစ်ခု ဖြစ်မလာတော့

လို့ ပင်ပန်းနွမ်းလျခဲ့ပြီဆိုရင် ငါ့ရင်ခွင်ဟာ နင့်အတွက် အိုအေစစ်တစ်ခု ဖြစ်ခွင့်ရပါရစေ"

"တော်ပါတော့ ဇယျရယ် ငါ အဲဒီစကားတွေကို နားထောင်ရတာ လိပ်ပြာမလုံဘူး၊ ကိုကို့ကို ငါ သိပ်ချစ်တယ်၊ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ လည်း စိတ်ကူးလို့ ရမှာ မဟုတ်ဘူး ၊ နောက်ကို ဒီစကားမျိုးတွေ မပြောပါနဲ့ ဟယ်နော်"

ဇယျက လွန်းအိမ်ကို စူးစိုက်ကြည့်ကာ ခေါင်းညိတ်သည် ။

"နင် စိတ်မချမ်းသာဘူးဆိုရင် ငါမပြောတော့ပါဘူး"

ဖာလူဒါဖန်ခွက်လေးကို ဆွဲယူကာ ဇယျက တစ်ချက်နှစ်ချက် မွှေ၍ မော့သောက်လိုက်သည် ။

"အို...ဟဲ့ ဇွန်းနဲ့ သောက်တာ မဟုတ်ဘူး ဇ

ယျရယ် ပါးစပ်တွေပေကုန်ပြီ နင်ဟာလေ ကိုယ့်ကိုယ်ကိုယ် ဆယ်တန်းကျောင်းသားလေးပဲ မှတ်နေသလား"

"ဟုတ်တယ် ငါ့အတွက်အားလုံးက အရင်အတိုင်းပဲ"

"ရော့ ပါးစပ်သုတ"

လွန်းအိမ်က တစ်သျှူးလေးဆုတ်၍ လှမ်းအပေး

ဖန်ခွက်ထဲက ဇွန်းဖျားနှင့် လက်တိုက်မိကာ ဇွန်းကထောင်၍ လွန်းအိမ် လက်ဖမိုးပေါ် ကျသွား၏။

"ဟာ နင့်လက်တွေ ပေကုန်ပြီ"

ဇယျက လွန်းအိမ်လက်ကလေးကို ဆွဲယူကာ တစ်သျှူးနှင့် ပေတဲ့ နေရာတွေကို သုတ်ပေးလေသည်။

"အို...ရတယ် ရတယ် ဇယျ ...ဖယ်"

"ဆွဲလား ရုန်းလားနဲ့ ဒါက ဘယ်လိုဖြစ်နေကြတာလဲ"

အနားမှာ မြင့်မားသောအရပ်ကြီးနှင့် လာရပ်၍ မေးလိုက်သူကို သူတို့ နှစ်ယောက်စလုံး မော့ကြည့်လိုက်မိကြသည် ။

"ကိုကို"

မဟော်က နှစ်ယောက်လုံးကို မျက်ထောင့်နီနှင့် စိုက်ကြည့်ကာ လွန်းအိမ်လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲလိုက်သည် ။

အနည်းငယ်ထောင့်ကျသော စားပွဲမို့ သူတို့ကို လူတွေသတိမထားမိကြ။

"ကိုကို"

"ဘာမှ မပြောနဲ့ ...လာ သွားမယ်"

လွန်းအိမ်ကို ဒရွတ်တိုက်နီးပါး ဆွဲခေါ်သွား

သည့် အဖြစ်အား ဇယျအံကြိတ်၍ ကြည့်နေလိုက်ရသည် ။

အိမ်ရောက်လျှင်လွန်းအိမ်ကို ရိုက်မျှား နေမလား...

စိုးရိမ်စိတ်နှင့် ခြေသုံးလှမ်းခန့် ကသောကမျောတိုးလိုက်သွားပြီးမှ သတိနဲ့ ကိုယ်ရှိန်သတ်လိုက်ရသည် ၊

ကိုယ်မှ မပိုင်ဘဲ သူငယ်ချင်းရယ်...

ဘဝဆက်တိုင်း ချစ်သူနှင့် သူငယ်ချင်းဖြစ်ရသော ဒုက္ခမှ ကင်းဝေးပါရစေ။

******

ဆောင့်တွန်းပိတ်ပင်လိုက်သည့် တံခါးသံက ဒိုင်းခနဲ ဖြစ်သွား၏။ လွန်းအိမ် ကိုကို့လက်ထဲမှာ အရုပ်လေးတစ်ရုပ်နှယ်

"ရွှေလွှန်းအိမ်"

ကိုကို့အသံက ရင့်သီးလှသည် ။

"မင်း ယောကျ်ားတွေနဲ့ ဘယ်လိုပတ်သက်နေသလဲဟင် ... ငါ့ကိုပြောစမ်း"

"မဟုတ်ပါဘူး ကိုကိုရယ်..."

"ဘာဖြစ်လို့ မဟုတ်ရမှာ လဲ၊ ကျောင်းမှာလည်း မင်းကို ငါတွေ့တယ် ယောကျ်ားတစ်ယောက်နဲ့ တွဲလို့ ပျော်လို့ ဒါပေမဲ့ ငါ သဘောထားသေးရာကျမှာ စိုးလို့ ဘာမှ မပြောခဲ့ဘူး။ အခုတစ်ခါ မင်းကို အသေအလဲကြိုက်ခဲ့တဲ့ ကောင် ခုလည်း မျှော်လင့်နေတဲ့ ကောင် အဲဒီကောင် မင်းကိုမျှော်လင့်ပြီး သူ့မိန်းမနဲ့ ကွာရှင်းပစ်တဲ့ အထိ ငါသိထားတယ်"

လွှန်းအိမ် မျက်လုံးပြူးလေးနှင့် မော့ကြည့်နေမိသည်

"အဲဒီ ဇယျနေဆိုတဲ့ ကောင် မင်းနဲ့ ဘယ်အထိ ပတ်သက်ခဲ့ကြသလဲ...ခု ဘယ်လိုငြိနေကြတာလဲ ပြောစမ်း၊ မင်း ငါ့ကိုလိမ်ညာဖို့ လုံးဝမကြိုးစားနဲ့ နော်"

"လွန်းအိမ် ရှင်းမပြတတ်ဘူး ကိုကို၊ ဒါပေမဲ့ လွန်းအိမ်ဘက်ကဘယ်သူ့အပေါ်မှ စိတ်နဲ့တောင် မပြစ်မှားခဲ့ဘူး၊ ဒီနေ့ထိ လွန်းအိမ်ဘက်က ရှင်းတယ်"

"ရှင်းတယ်ဆိုရင် အခု ဘာဖြစ်လို့ မင်းတို့လူလယ်ခေါင်မှာ ကြည်နူးနေကြတာလဲ၊ မင်းယောကျ်ားလုပ်နေရတဲ့ ဒီ မျက်နှာကို ဘယ်သွားထားရမလဲ...၊ ငါ့ဘက်နည်းနည်းတောင် မင်း ထည့်စဉ်းစားကြည့်စမ်း"

"လွန်းအိမ်ဘာမှ မလုပ်လို့ ဘာမှ မစဉ်းစားမိဘူး ကိုကို...၊ လွန်းအိမ်ခေါင်းထဲမှာ ကိုကိုပဲရှိတယ်၊ ကိုကိုကလွဲပြီး လွန်းအိမ်

ဘယ်ယောက်ျားအပေါ်မှ မရိုးသားတဲ့ စိတ်နဲ့ မဆက်ဆံခဲ့ဘူး၊ အခု ဖာလူဒါတွေမှောက်ကျပြီး လက်မှာ ပေသွားလို့ ဇယျကသုတ်ပေးတယ် ကိုကိုစိတ်ကွယ်ရာမှာ ရင်ခုန်ကြည်နူး နေကြတာမဟုတ်ဘူး၊ လွန်းအိမ် ဇယျကို ချစ်ခဲ့ရင် ... ကိုကို့ ငြိုငြင်ရက်စက်မှုတွေကို သည်းခံပြီး ကိုကို့ကို ရအောင်ယူခဲ့စရာ မလိုဘူး"

"ဒါတွေကို မင်းက သူ့ရှေ့မှာ ပြောပြပြီး လွမ်းပြနေတယ် မဟုတ်လား"

"ဘာမှ မပြောဘူး ဘာမှ လည်း မလွမ်းဘူး၊ ကိုကို လွန်းအိမ်ကို ကြိုက်သလိုဥပေက္ခာထားပါ လွန်းအိမ်ရဲ့ အချစ်ကို မစော်ကားပါနဲ့ "

"မင်း...ငါ့ကိုမအော်နဲ့ "

"ကိုကို စွပ်စွဲနေတာကျတော့ ကောင်းလား "

"ငါ မြင်ရတဲ့ မြင်ကွင်းမျိုးကိုမြင်ရင် ဘယ်

ယောက်ျားမှ သည်းခံနိုင်မှာ မဟုတ်ဘူး "

"ဒါ တိုက်ဆိုင်သွားတဲ့ ကိစ္စ လွန်းအိမ်ပြောပြနေပြီပဲ"

"ဟိုနေ့က ကျောင်းမှာ မင်းလက်ကိုဆွဲထားတဲ့ ကောင်ကရော ဘာလဲ မင်းဘယ်လိုဆင်ခြေပေးမလဲ ပြော"

"ဘယ်ကောင်လဲ ကျောင်းမှာ ဘယ်ကောင်မှ မရှိဘူး"

"ဘာလို့ မရှိရမှာ လဲ မင်း...ငါ့ကားတစ်စီးလုံးကိုတောင် မမြင်ဘဲ လမ်းဘေးမှာ ထိကပ်ကိုင်တွယ်နေကြတာလေ၊ ဆံပင်ကောက်ကောက် တိုက်ပုံအင်္ကျီနဲ့ ကောင်"

အထင်သေးစရာပဲဖြစ်သွားသွား ရင်ထဲမှာ တင်းကျပ်နေသည့် ကိစ္စကိုမမေးဘဲ မနေနိုင်တော့၊

လွန်းအိမ်က မစဉ်းစားတတ်သလိုလေး မော့ကြည့်နေသည်

"ပြောလေကွာ"

"လွန်းအိမ်မှ မသိတာ"

"မင်း ညာတာ တစ်နေ့ညနေကမှ အဲဒီ ကောင်နဲ့ မင်း ကားနားမှာ "

လွန်းအိမ် သိလိုက်ပြီ…

"အဲဒါ…ဆရာ လွန်းအိမ်အခန်းကဆရာ၊ ကို ကို ဘာဖြစ်နေတာလဲဟင်"

"ဆရာက တပည့်ကိုလက်ဆွဲနေသလား"

"စာအုပ်ကျန်ခဲ့တာ လာပြောတုန်း လွန်းအိ မ် ခြေချော်ကျသွားလို့ ဆရာက ထိန်းကိုင်လို က်တာ အဲဒီအချိန်မှာ ကိုကို မသက်ာရင် ချက် ချင်းလာမေးလို့ ရပါတယ် ကိုကို ဘာမသိ ညာ မသိနဲ့ သံသယ မျက်လုံးကြီးနဲ့ လွန်းအိမ် အကြ

ညှို့ခံနေရတာ သိပ်အခံရခက်ပါတယ်"

"အေး ဘာမသိညာမသိနဲ့ သိက္ခာတွေထိန်းပြီး မျိုသိပ်နေရတာလည်း ဘယ်လောက်ဆိုးဝါးတယ် မှတ်လဲ နောက်ကို မင်းနေတာထိုင်တာ ဆင်ခြင်ပါ"

"ဆင်ခြင်ရအောင် လွန်းအိမ်က လော်မာနေတာမို့လို့ လား၊ ကိုကိုနဲ့ လက်ထပ်ခဲ့ပြီးမှ လွန်းအိမ် ကိုယ့်စိတ် ကိုယ့်မာနအားလုံးကို အများကြီးလျှော့ချထားခဲ့တာပါ"

"အဲဒါ မင်းသမိုင်းနဲ့ မင်းလေ ဘာလဲ ဒါတွေကိုင်ထားပြီး မင်းကင့်ါကို ရှုချချင်တာလား"

"လွန်းအိမ် ဒီလောက် အောက်တန်းမကျဘူး ကိုကို လွန်းအိမ်ကြောင့် ကိုကိုစွန့်လွှတ်ဆုံးရှုံးခဲ့ရတာတွေအတွက် ကျေကျေနပ်နပ်ပေးဆပ်နေတာပါ၊ ကိုကိုနဲ့ ပတ်သက်တဲ့ မ

ကျေနပ်ချက် လွန်းအိမ်မှာ ဘာမှ မရှိဘူး"

"မင်း အဲဒီလို လေသံတွေလွှင့်နေတာကိုက ငါ့ကို တစ်စီရိုက်ချပစ်နေသလိုပဲ မင်း...မင်းသွားတော့ ထွက်သွားကွာ"

ဖြေရှင်းစမ်းပါဆိုတာလည်း သူ

ထွက်သွားပါဆိုပြီး
တွန်းထုတ်နေတာလည်း သူပဲ

လွန်းအိမ်ဟာ ကိုကို့အတွက် ဘယ်လိုရင်ခုန်လှုပ်ရှားစေခြင်းမှ မပြုနိုင်တဲ့ အရုပ်တစ်ရုပ်လို၊

မျက်ရည်စက်တို့ ပါးပြင်ပေါ်စီးကျလာသည် ။

ဒီနေ့ချိန်ထိ ကိုကိုရဲ့ နူးညံ့ညင်သာစွာ ဆက်ဆံခြင်းကိုတောင်မှ မရခဲ့ပါ အချစ်ကိုရဖို့ ဆိုတာ အဝေးကြီး၊

ရင်ထဲမှာ ဘာမှ မရှိတော့သလို ပူပြင်းလှိုက်မောလျက် လွန်းအိမ် ငိုရှိုက်ရင်း ပြေးထွက်လာခဲ့မိသည်။

******

## အခန်း (၁၀)

လွန်းအိမ် လက်ချောင်းသွယ်သွယ်လေးတွေ ဂစ်တာကြိုးလေးတွေပေါ်မှာ လှုပ်ရှားနေကြလေသည်။

ပတ်ဝန်းကျင်သည် မီးရောင်မဝင်နိုင်အောင် ပိတ်မှောင်သိပ်သည်းလျက်ရှိသည်၊

ရင်ထဲမှာ ကျပ်သိပ်သော ဝေဒနာဖြင့် လွန်းအိမ် ဂစ်တာဆွဲ၍ ခြံထဲဆင်းလာကာ ဒီခုံတန်းလေးမှာ တစ်ယောက်တည်း ဂစ်တာထိုင်တီးနေမိခြင်းဖြစ်သည်။

ဟောမာနေဝင်းရဲ့

သဝန်ကြောင်လေးသီချင်းကိုဆိုရင်း မျက်ရည်က အလိုလိုဝေ့တက်လာသည်၊

ကိုကိုရယ် ကိုကိုနဲ့ ပတ်သက်သမျှ လွမ်းအိမ်ဘက်က သဝန်ကြောင်မိခဲ့တာတွေကျတော့ လွမ်းအိမ်မမေးရဲခဲ့ပါဘူး ကိုကို

နောက်ထပ်သီချင်းတစ်ပုဒ်ဆိုဖို့ လှူပ်ရှားလိုက်တော့ လက်ချောင်းထိပ်ကလေးတွေပင် နာနေပြီ၊

ဒါပေမဲ့ ပူလောင်လှတဲ့ အချိန်တွေကို ဒီနည်းဖြင့်သာ ဖြုန်းပစ်ချင်ပါသည်။

......အနားမှာ ပဲ အမြဲနေချင်တယ်... သိလျက်သားနဲ့ ကိုကိုရက်စက်တယ်... အရဲစွန့်ပြီး ချစ်နေမယ်... ကိုကိုယုံနော်... တစ်သက်လုံးပဲ ချစ်မယ်... ညဆိုလည်း အိပ်မက်ထဲ... ကိုကို တစ်ယောက်တည်းပဲ စိုးမိုးတယ်... နေ့ဆိုလည်း အတွေးတွေထဲ... ကိုကို ဝင်လာနေတုန်းပဲ... (ကို

ကို ဘာလို့ မချစ်တာလဲ)၂ ကိုကိုဘာလို့ မုန်း တာလဲ...

မျက်နှာပေါ်ဝဲကျနေသည့် ဆံပင်တွေကို ခါ အထုတ်မှာ မျက်ရည်စက်တို့ ပါ လွင့်စင်သွား လေသည်

ကိုကို့ရဲ့ ရက်စက်သောမျက်နှာသည် ရှေ့မှ ဘွားဘွားကြီးပေါ်လာကာ လွန်းအိမ် သီချင်းသံ လေး ရှိုက်သံစွက်သွားသည်၊

...အမြဲလိုပဲ တစ်ယောက်တည်းပဲ ထားရက် တယ်...ကိုကိုရဲ့ အနားမှာ လေ နေချင်တယ်... မခွဲနိုင်ပါဘူး ...တစ်ယောက်တည်းပဲ စွဲချစ်မယ် ... ကိုကိုရယ် တကယ်ကိုနေနိုင်ရက်တယ်...

(ကိုကို ဘာလို့ မချစ်တာလဲ...ကိုကို ဘာလို့ မုန်းတာလဲ)... ကိုကိုဘာလို့ မုန်းတာလဲ...

ကိုကိုဘာလို့ မုန်းတာလဲ...ဟင်

ဂစ်တာကိုပိုက်၍ လွန်းအိမ် တအင့်အင့် ရှိုက်ငိုနေမိဆဲ

"လွန်းအိမ်"

အနားမှာ ကျော်ကျော်ရောက်လာ၏

"နင့်ကို အစ်ကိုလေး ခေါ်နေတယ်"

"ဟု တ"

ကိုကို့ရှေ့မှာ ခြေစုံရပ်မိတော့ ပါးပြင်ထက်မှာ မျက်ရည်စတို့ ရှိမနေတော့ပါ။

ဧည့်ခန်းထဲမှ ခြံထဲကိုလှမ်းမြင်ရသော ပြတင်းပေါက်နားမှာ မဟော်က လွန်းအိမ်ကို ကျောပေးကာ ရပ်နေသည် ။

ဒီကနေ ခြံထဲကိုလှမ်းကြည့်ကာ လွန်းအိမ် သီချင်းဆိုတာကို ဒေါသထွက်နေသည် လား။

နောက်နားမှာ အကြာကြီးရပ်နေမိတဲ့ အထိ မဟော်က မလှုပ်မရှားသဖြင့်

"လွန်းအိမ် ရောက်ပါပြီ ကိုကို"

မပေ်ာက          ချက်ချင်းလှည့်မကြည့်ဘဲ အကြာကြီး ငြိမ်သက်နေပြန်သည်။

ဧည့်ခန်းသည် တိတ်ဆိတ်ခြင်းက ကြီးစိုးနေလို့။

"ကိုကို"

မပေ်ာ အနည်းငယ် စောင်းကြည့်၍ ကိုယ်လုံးပါလှည့်လာသည်။

"မင်း...ခြံထဲမှောင်မှောင်မဲမဲမှာ ဘာသွားလုပ်နေတာလဲ"

"ဂစ်တာသွားတီးတာပါ"

"အပေါ်လသာဆောင်မှာ ထွက်တီးလို့ မရဘူးလား"

လွန်းအိမ် မျက်လွှာချကာ

"ကိုကို အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ"

မီးရောင်အောက်မှာ ပခုံးလောက်ဆံပင်ဝဲဝဲ လေးနှင့် ဂစ်တာကို တစ်ဖက်လွယ်၍ မျက်လွှာ လေးချကာ ရပ်နေသော နုနယ်နေသော မိန်းမ လှလေးကို စူးစိုက်ကြည့်ရင်း မဟော် ရင်ခုန် သံတွေ မြန်လာသည် ။

ထွေးပွေ့ယုယချင်လာသည့် လက်တို့ ကို ဆံပင်တွေထဲ ထိုးသွင်းကာ ထိန်းချုပ်တားဆီး နေမိ၏။

ဆိုဖာပေါ်မှာ စိတ်ပျက်စွာ ထိုင်ချမိရင်း ကို ယ့်ကိုယ်ကိုယ် မကျေနပ်။

"မင်း...သွားအိပ်တော့"

လွှန်းအိမ် ခြေသံလေးပျောက်သွားတော့မှ ဆိုဖာနောက်မှီမှာ လျှော့ရဲစွာမှီချလိုက်မိသည် ။

လွှန်းအိမ် ဆိုသွားသည့် သီချင်းသံလေးက နားထဲမှာ စွဲနေသည် ။

...ကိုကိုဘာလို့ မချစ်တာလဲ...

ကိုကိုဘာလို့ မုန်းတာလဲဟင်...တဲ့

မင်းဘက်က အမြဲရပ်တည်ပေးခဲ့တဲ့ တို့ သံယောဇဉ်တွေက နည်းသေးလား လွမ်းအိမ်ရယ်...

မင်းကို တို့ မုန်းခဲ့မိသလား...

မဟုတ်ဘူး စိတ်ဆိုးနေခဲ့တာ မင်းကြောင့် ပျက်စီးခဲ့ရတဲ့ သိက္ခာတရားတွေအတွက် တို့ ခံစားနေခဲ့ရတာ

ရဲ ပြောသွားတဲ့ စကားတွေကို မချေပနိုင်ခဲ့သမျှ တို့ ရှက်နေခဲ့တာ ခုတော့ လွမ်းအိမ် တစ်ယောက်ယောက်လက်ထဲ ပါသွားခဲ့ရင် ဆိုသောအတွေးက နှိပ်စက်နေခဲ့ပြီ။

ဒါပေမဲ့ ကိုယ်က ချစ်တယ်လို့ ဖွင့်ပြောဖို့ ရှာ ဝန်လေးနေမိပြန်သည် ။

ကိုယ်ထားခဲ့မိသည့် ဥပေက္ခာတို့ ကြောင့် လွန်းအိမ် သူ့ကို နာကျည်းမနေဘူးလို့ ပြောနိုင်မလား

ခက်ပါလား...လွန်းအိမ်ရယ်။

******

ကားကို ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီး ကတည်းက မျက်ဝန်းတို့ က ညှိ့ခန်းထဲမှာ ရောက်သွားသည် ။

အမြဲမြင်နေကျမျက်နှာလေး ရှိမနေပါ။

ရင်ထဲမှာ အလိုမကျခြင်းက ဖုံးလို့ မရ

"ကျော်ကျော်"

"ဗျာ အစ်ကိုလေး"

ကျော်ကျော်ထွက်လာသည် ။

"ဟာ အစ်ကိုလေး စောလှချေလား"

"လွှန်းအိမ် မရောက်သေးဘူးလား"

"ဒါ...သူရောက်ချိန်ပဲ ဒါပေမဲ့ ဒီနေ့ နောက်ကျမယ်"

"ဘာဖြစ်လို့ လ"

"ကားပါမသွားဘူး"

"ကားကဘာဖြစ်လို့ လဲ"

"ကားပျက်နေတယ် အစ်ကိုလေး"

မဟော် ဒေါ်သတွေ ကျော်ကျော်ဆီစုပြုံသွားသည် ။

"ကားပျက်နေတာ မင်းကဘာမှ မသိဘူးလား ငါမသွားခင် ဘာလို့ မပြောတာလဲ"

"ကျွန်တော်လည်း သူပြောမှ သိတာ"

"တောက်"

မပောက် ထိုင်မရ ထမရဖြစ်နေသည် ။

လွန်းအိမ်ကို သူ စိတ်ကိုမချနိုင်တော့တာ ဘာကြောင့် မှန်းမသိ။

စောင့်ရသည့် အချိန်ဟာ စိတ်ပျက်ဖွယ် ကောင်းမှန်း ခုမှ သိလာသည် ။

မိုးတွေက ညိုမဲတက်လာသည် ။

လွန်းအိမ်က ပြန်မလာသေး၊

နောက်ဆုံး ဘယ်လိုမှ ဟန်မဆောင်နိုင် တော့ဘဲ မပောက် ကားသော့ဖြုတ်ကာ ကားပေါ် ရောက်သွားသည် ။

ခြံထဲက ကားကိုမောင်းထွက်လိုက်သည် နှ င့် အရှိန်ပြင်းပြင်းနှင့် မိုးစက်တို့ က ဝေါခနဲ ခု န်ပေါက်ဆင်းလာကြသည် ။

ရှေ့ကိုလည်း ကြည့်ရ၊ လမ်းဘေးပလက် ဖောင်းပေါ်ကိုလည်း ကြည့်ရနှင့် စိတ်တွေလ

ည်း ပူ ဒေါသလည်း ဖြစ်နေမိသည်၊

ကားပျက်နေသည် ကို ဘယ်သူမှ ကြိုမပြောကြ၊

ရှေ့မြင်ကွင်းထဲမှာ တစ်ကိုယ်လုံးစိုရွှဲနေသည့် ပုံရိပ်ကလေးတစ်ခု ဝင်လာသည်။

လွယ်အိတ်ကလေးကို ရင်ခွင်ထဲမှာ ပိုက်ထားကာ လွန်းအိမ် လေ ဘယ်ကိုမှ မကြည့်ဘဲ ခပ်သုတ်သုတ်လျှောက်လာနေသည်

စိုကပ်နေသောအဝတ်အစားတို့ က ပန်းပုထုထားသလို ဖွင့်ကားလှပသည့် ကိုယ်လုံးပြည့်ပြည့်လေးကို ဒီအတိုင်းပြထားသကဲ့သို့ တစ်ထပ်တည်းကျနေ၏။

တဝုန်းဝုန်းရွာနေသည့် မိုးသံနှင့် လမ်းရဲ့ တစ်ဘက်ထိ လှမ်းခေါ်၍ ဘယ်လိုမှ ကြားမှာမဟုတ်၊

မပေါ့် ကားကို နေရာချ၍ ရပ်ပစ်ခဲ့ပြီး ကားပေါ်က ဆင်းလိုက်သည် ။

အေးခန် မိုးစက်တို့ ၏ အထိအတွေ့နှင့် အတူ တစ်ကိုယ်လုံး ချက်ချင်းပဲ စိုရွှဲသွား၏။

"လွန်းအိမ်"

လမ်းတစ်ဘက်ရောက်သည် နှင့် လွန်းအိမ် လက်ကလေးကို ပြေးဆွဲလိုက်သည် ။

"ဟင်...ကိုကို"

ကားရှိရာကိုပြန်ရောက်လာကြတော့ နှစ်ယောက်လုံး စိုရွှဲနေကြပြီ။

"ကိုကို့ကို မိုးတွေစိုကုန်ပြီ"

လွန်းအိမ်က ကားပေါ်ရောက်သည် နှင့် ဒတ်ရှ်ဘုတ်ပေါ်မှာ အသင့်တွေရသည့် မျက်နှာသုတ်ပုဝါလေးကို ဆွဲယူလိုက်ကာ

"ကိုကို့ခေါင်းကို လွန်းအိမ် ရေသုတ်ပေးမ

ယ်နော်"

"မလိုဘူး မင်းခေါင်းကို မင်းသုတ်ပစ်"

"လွန်းအိမ်က စိုရွှဲနေပြီးသားပါ ကိုကိုမစို့တစိုနဲ့ ..."

"နေပစေ"

မိုးက အားကောင်းစွာရွာနေဆဲ၊

အိမ်ပြန်ရောက်လာတော့ မှောင်စပျိုးနေပြီ၊

လွန်းအိမ် ကားပေါ်ကပြေးဆင်းကာ အခန်းထဲတန်းဝင်သွားသည် ။ ပြန်ထွက်လာတော့လည်း အဝတ်အစားမလဲသေး၊

လက်ထဲမှာ မွေးပွသဘက်ကြီးနှင့် မဟော့အတွက် လဲစရာတစ်စုံပါလာသည် ။

"ရော့ ကိုကို အင်္ကျီတွေလဲလိုက"

အင်္ကျီမဟော့လက်ထဲထည့်ပေးကာ ခြေဖျားလေးထောက်၍

"ကန်တော့နော် ကိုကို"

မပော့ခေါင်းက ရေတွေကို သုတ်ပေး၏

"လွန်းအိမ် မင်းဘာလုပ်တာလဲ...တစ်ကိုယ်လုံး ရေတွေ ဒီလောက်စိုရွှဲနေတာ သေချင်လို့လားဟင်... သွား... အဝတ်တွေ သွားလဲစမ်း"

"မလဲတော့ဘူး ကိုကို လွန်းအိမ်ရေချိုးမှာ "

"ဒါဆိုလည်း သွားချိုး ... သွား"

နှစ်ယောက်ဖြစ်နေကြပုံကို လှမ်းမြင်နေသော ကျော်ကျော် ကျေနပ်စွာ ပြုံးလိုက်မိသည်
။

ဒါနဲ့ မျှား အစ်ကိုလေးတို့ အပြောကြီးလိုက်တဲ့ ပုံက

"အား..."

နားထဲမှာ ညည်းသံလိုလို သဲ့သဲ့ကြား၍ မပော် ဖျတ်ခနဲ နိုးကာ မျက်လုံးတွေဖွင့်လိုက်မိ

သည် ။

"အင်း"

လွန်းအိမ် ညည်းနေတာမှန်းသိတော့ လူက ထထိုင်ပြီးသား ဖြစ်သွား၏

"လွန်းအိမ်"

လွန်းအိမ် မျက်လုံးလေးဖွင့်ကြည့်ကာ စောင်ကိုအတင်းဆွဲတင်းခြုံနေ၏။ နဖူးစကိုစမ်းကြည့်လိုက်တော့ ကိုယ်တွေခြစ်ခြစ်တောက်ပူနေသည် ။

မိုးမိ၍ လွန်းအိမ် ဖျားလေပြီ၊

မပဟော် ချက်ချင်းထ၍ မီးဖွင့်ကာ အဖျားတိုင်းပြီး ဆေးထိုးဖို့ ပြင်ရင်း... တစ်ယောက်တည်း အလုပ်ရှုပ်သွား၏။

"လွန်းအိမ်"

"ဆေးထိုးရအောင် ဟိုဘက်လှည့်"

"...ဟင့်အင်း"

"မင်း ဖျားနေတယ် ဆေးမထိုးလို့ ရမလား.. . ဟိုဘက်လှည့်"

ဆေးထိုးမှာ ကို လွန်းအိမ်က ငိုလိုက်သေးသည်

"ရော့... ဆေးသောက်"

လွန်းအိမ် ဆေးထသောက်၍ စောင်ထဲမှာ ပြန်ကွေးနေသည်၊

မဟော် လွန်းအိမ်ဘေးနားမှာ ကုလားထိုင် တစ်လုံးနှင့် ထိုင်စောင့်နေကာ လွန်းအိမ် မျက်နှာလေးကို စူးစိုက်ကြည့်နေမိ၏။

အဖျားရှိန်ကြောင့် မျက်နှာပြင်လေးက နီရဲ လျက် မျက်ခုံးတန်းလေးနှစ်ဘက်က တင်းထားသကဲ့သို့ ရှိလေသည်၊

ဤမျှ လှနေသော လွန်းအိမ်အပေါ် သူဘယ်

လိုစိတ်ချနိုင်တော့မလဲ၊ နောက်ဆို ကိုယ်တိုင်ကျောင်းပို့ကျောင်းကြို လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်မိသည် ။

******

# အခန်း (၁၁)

ဒေါ်ရွှေရည့်မျက်နှာမှာ ကလေးကိုပဲ သနား လှချေရဲ့ လို့ တသသပြောဆိုပြီး ဖက်ထားရ တော့မှာ လား။ ရင်ထဲမှာ ဖြစ်တည်ခဲ့ဖူးသည့် ကရုဏာဒေါသများ အတိုင်း ညည်းလျှောက်ခဲ့ တဲ့ လမ်းပဲ ရွှေလွန်းအိမ်ဆိုပြီး ခပ်စိမ့်စိမ့်ကြည့် နေလိုက်ရမှာ ပါ။

ဘာမှ ပြင်ဆင်ခြယ်သမထားဘဲလည်း လှရ က်နိုင်လွန်းသော စိတ်ချမ်းမြေ့မှုမရှိတာ သိ သာစွာ ခပ်ချောင်ချောင်လေးဖြစ်နေတာကိုလ ည်း မြင်နေရသည့် သမီးမျက်နှာလေးကို စူးစို က်ငေးကြည့်ရင်း ဆိုဖာလက်တင်မှာ တင်းကျ

ပ်စွာ ဖိဆုပ်ထားမိ၏။

မျက်ရည်ဝေ့နေရင်း ခံနိုင်ရည်မွေးနေရှာသည့် သမီးမျက်နှာလေးကို ကြာရှည်စွာ ဥပေက္ခာထားဖို့ အတွက် ဒေါ်ရွှေရည်၏ အသည်းနှလုံးက မာကျောနိုင်ခြင်းမရှိခဲ့...

"သမီး... ညည်း ညည်း အခု ... ဘာလုပ်ဖို့ စိတ်ကူးနေသလဲဟင်..."

ခြေရင်းနားမှာ ကျုံ့ကျုံ့လေးထိုင်နေသည့် လွန်းအိမ် မေးဖျားလေးကို ဆွဲမော့၍ မေးမိသည် ။

"မလိမ္မာတဲ့ သားသမီး သွားစမ်းဟဲ့" ဟု သဘောပိုက်၍ အားကိုးတကြီးလှည့်ပြေးလာသည့် သားသမီးကို ကန်ထုတ်ပစ်လိုက်နိုင်သည့် မိဘ ရှိပါ့မလား။

သမီးလေး ဘယ်လောက်ပဲ ဆိုးခဲ့မိုက်ခဲ့ပါစေ 'မေမေ'ဟု တမ်းတ၍ ပြေးဝင်လာချိန်မှ သူ

မဟာ သမီးလေးအတွက် သူရဲကောင်းသာ ဖြစ်ချင်သည် ။

"ဘယ်သူမပြု မိမိမှုဆိုတဲ့ စကား ရှိထားတယ်သမီး... မဟော်က မချစ်တာရော... အခုလို ဇယျုနဲ့ အထင်မြင်လွဲစရာတွေ ဖြစ်ရတာတွေ အားလုံးဟာ...သမီးကြောင့် ပဲ လောကမှာ လိုချင်တိုင်းမရတတ်တာ ဘာလို့ လဲသိရအောင် ကြိုးစားသင့်တဲ့ အချိန်မှာ သမီးက ဘဝနဲ့ ရင်းပစ်လိုက်တော့ အဖြေဟာ အဖြူပဲဖြစ်ဖြစ် အမည်းပဲဖြစ်ဖြစ် သမီးထာဝရ သိမ်းဆည်းထားရတော့မှာ ပဲ၊ တစ်ခုတော့ရှိတယ် မေမေဟာ သမီးရဲ့ အမေ... မေမေ့ ရင်ခွင်ဟာ ထာဝရ သမီးအတွက်ပါ။ သမီးဘဝမှာ အမှန်တွေ အမှားတွေနဲ့ လုံးထွေးနေသရွေ့ မေမေက တည့်မတ်ပေးသွားမှာ ... မေမေ့ကို အားကိုးလို့ မေမေ့ရင်ခွင်ထဲ ပြေးလာတယ်ဆိုရင် သမီး မေမေ့စကားကို နာခံရမယ်..."

"မေမေ... သမီး အခု မေမေ့ဆီကို အပြေးထွက်လာခဲ့တာဆိုရင် ကိုကို့ဆီ ပြန်လွှတ်မှာ ပဲလားဟင်..."

ဒေါ်ရွှေရည်က လွန်းအိမ် မျက်နှာလေးကို ငုံ့မိုးကြည့်၍ ပြုံးလိုက်သည်။

"အဖြေတစ်ခုက အဲဒီလောက်လွယ်လွယ်မရနိုင်ဘူး သမီး၊ ကိုယ့်ရင်ထဲမှာ တောင်ဘာမှန်းမသိသေးဘဲ နောက်ထပ် ပုစ္ဆာတွေထပ်ထုတ်မနေပါနဲ့ သမီး မေမေ မေးတာကိုပဲဖြေ... အခု သမီး မေမေ့ဆီကို အလည်လာတာလား... အိမ်ပေါ်က ဆင်းလာတာလား..."

လွန်းအိမ် မျက်လွှာလေးချသွား၏။

ခြံဝန်းအတွင်းမှ သူမ အလွန်နှစ်သက်သော ပုန်းညက်ပန်းနံ့သင်းသင်းက လေပြေညင်းလေးနှင့် အတူ ခပ်သာသာလေး ရိုက်ပုတ်ကျီစယ်သွား၏။

ငယ်ငယ်တုန်းကဆို မိုးသက်လေ၏ ရန်ကို လွန်းအိမ် ကြိုက်သည်။

အထူးသဖြင့် မိုးသက်လေ၏ ဟူးခနဲ ဖျောခနဲ ဆောင့်တိုးသွားခြင်း နောက်ဆုတ်ရုတ်သိမ်း၍ အေးစိမ့်စိမ့်လေး ဆွတ်ဖြန်းထားခဲ့ခြင်းတို့ အပေါ်မှာ ခံစားမှုလေးတွေများ စွာ ဖြစ်ထွန်းတတ်ခဲ့သည်။

အားလုံးထဲမှာ ဆုံးရှုံးခဲ့ရသမျှ အားလုံးဟာသည် အိမ်ခြံဝန်းကြီးထဲမှာ ပဲဖြစ်ကာ ဘာတစ်ခုမှ ပြန်လည်ချိတ်ဆက်၍ မရနိုင်သော မှန်ကွဲစတွေလို...

"သမီး ဖြေလေ..."

"လွန်းအိမ် မျက်နှာပြန်မော့သည် "

မေမေ့မျက်နှာကိုကြည့်ကာ ခေါင်းခါမိ၏။

"သမီး အိမ်က ဆင်းလာတာမဟုတ်ပါဘူး

မေမေ... ဒါပေမဲ့ သမီး ... သမီး တစ်ခုခု လုပ်ပ
စ်ချင်တဲ့ စိတ်တွေ ဖြစ်နေတယ်... ရင်နာတယ်
ဆိုတဲ့ ဝေဒနာကို ရင်ထဲကနေ သမီး ဆွဲထုတ်ပ
စ်ချင်တယ်"

"နှုတ်လို့ သိမ်းလို့ မလွယ်ကူတာ ဘာလဲဆို
တာကို သင်ခန်းစာတစ်ခုအဖြစ် မှတ်ထားလို
က်ရင်ပဲ သမီး အများကြီး ခံနိုင်ရည်ရှိသွားမှာ
ပါ... မေမေ့ဆီလာလို့ မေမေက ဘာမှ ကူညီနို
င်မှာ မဟုတ်ဘူး ... ဒါပေမဲ့ သမီးစိတ်ထဲမှာ အ
ရမ်းခံစားနေရရင် မေမေ့ဆီမှာ ပဲ နေရမယ်
နောက်ထပ်မှားယွင်းဖို့ အသင့်ရှိနေတဲ့ သမီးရဲ့
အစွန်းရောက်ခံစားချက်တွေကို တိမ်းစောင်းခွ
င့်မပေးနိုင်ဘူး..."

လွန်းအိမ် မျက်ရည်တွေ ဝေ့သီလာပြန်သ
ည် ။ အစွန်းရောက်ခံစားချက်တဲ့ လား မေမေ..
.

အစွန်းရောက်ခံစားချက်တွေ ဖြစ်နေတာ လွန်းအိမ် မဟုတ်ဘူး

အစွန်းရောက်အတ္တတွေ အမုန်းတွေကိုသာ လွန်းအိမ် ရင်စီးခံစားနေရတာပါ။

"သမီးနဲ့ ဇယျနဲ့ ညှိခံပွဲမှာ ဆုံတော့ ဇယျက ရိုးသားခဲ့သလား..."

"ဟင် လွန်းအိမ် မျက်နှာ ကွက်ခနဲပျက်၏ "

ဒေါ်ရွှေရည်က စကားရပ်ပစ်၍ လွန်းအိမ် အဖြေကို စောင့်သည် ။

လွန်းအိမ် အဖြေတစ်ခုအတွက် အံကြိတ်စဉ်းစားနေရင်း

ဇယျပြောခဲ့တာတွေကို မေမေသိလျှင် ကိုကို့လိုပဲ အဲဒါဖောက်ပြန်ခြင်းပဲလို့ စွပ်စွဲဦးမှာလား...

"သမီး ဖြေလေ..."

"သမီးဘက်က လုံးဝရိုးသားပါတယ် မေမေ ... မထင်မှတ်ဘဲ ဆုံဖြစ်ခဲ့ကြပြီး မျှော်လင့်လို့ မ ဟုတ်ဘဲ... သူ့အကြောင်းကို သူပြောပြခဲ့သလို မျိုး လူတွေကြားထဲမှာ ပဲ ပြောဖြစ်ကြတာ... သူပြောလည်း ပြောပြတယ်... ပြန်ပြီးတော့လ ည်း ရုပ်သိမ်းသွားပါတယ်... အားလုံးက ရိုးရိုး သားသားပဲ မေမေ..."

"မရိုးသားတဲ့ စကားကို ရိုးသားစွာပြောလို့ ကို မရဘူး သမီး ရက်စက်ချင်တဲ့ လူဟာ ဖော် ရွေတဲ့ အပြုံးနဲ့ပဲ ချစ်ဟန်ဆောင်ပြနိုင်တာ ရှိ ကောင်းရှိမယ်... ချစ်နေတဲ့ သူတစ်ယောက်က ရက်စက်ဖို့ သရုပ်ဆောင်နိုင်တယ်ဆိုတာ မှား တယ်။ ပါးစပ်က လျှာအရိုးမရှိတိုင်း ပြောလို့ ရ ပေမယ့် မျက်လုံးထဲမှာ ချစ်ရိပ်ချစ်လွှာတွေ တော့ ပြည့်လျှံနေမှာ ပဲ၊ အဲဒီအချိန်မှာ သူ့မျက် လုံးထဲကို မြင်သွားတဲ့ လူက သမီးတို့ ကို ရိုး သားပါတယ်လို့ ပြောမလား..."

လွှန်းအိမ် မျက်ရည်တစ်စက် ပေါက်ခနဲ ကြွေဆင်းသွားသည် ။

ကိုကိုဟာ လွှန်းအိမ် ကောင်းအောင် သည်း ခံနေခဲ့တာတောင်မှ ဘယ်တုန်းကမှ အကောင်းမမြင်ခဲ့သူပါ။

"မင်းဟာ ကလက်တက်တက်နေထိုင်သွား လာတတ်တဲ့ မိန်းကလေး..."

"ရဲက မင်းလို မိန်းမ မဟုတ်ဘူး "

စသော လွှန်းအိမ်နာကျင်ရဆုံး စကားလုံးများ နှင့် လည်း ရက်စက်စွာထိုးနှက် ခဲ့သူ၊ ခုလိုများ သူမဘက်က ပြောဆိုစရာ မှား ယွင်းထားခဲ့တာရှိလျှင် ကိုကို၏ ရက်စက်သော စကားလုံးများ ဟာ

လွှန်းအိမ် နေရာမှ ဖြည်းလေးစွာ ထရပ်လို က်မိသည် ။

"သမီးပြန်တော့မယ်"

"ဟင်"

ဒေါ်ရွှေရည် တအံ့တသြထရပ်လိုက်မိသည်။

သမီးအိမ်ထောင်ရေး ပြင်းထန်စွာ ပေါက်ကွဲလာသည် ဟု ထင်မှတ်ခဲ့သောကြောင့် တဖြည်းဖြည်း ဖျောင်းဖျနားချဖို့ သူမ စကားလုံးတွေ စီနေခဲ့သည်။

ချက်ချင်းပြန်ဖို့ ထဖြစ်သွားခြင်းက နားလည်သဘောပေါက်သွားခြင်း မဖြစ်နိုင်ပါ... စိုးရိမ်စိတ်နှင့် လွန်းအိမ် ပခုံးလေးကို ဆုပ်ကိုင်လိုက်မိသည်။

"ဘယ်ကိုပြန်မှာ လဲ သမီး မေမေ ပြောနေတာတွေကို နားငြီးသွားလို့ လား... တစ်နေရာရာကို ထွက်သွားဖို့ ခြေလှမ်းပြင်တာလား..."

"သမီး ဘယ်မှ မသွားပါဘူး မေမေ... အချိ န်မလွန်ခင် ပြန်မှာ ပါ... ဒါပေမဲ့ သမီး အခု လောလောဆယ် တစ်ယောက်တည်း တစ်နေ ရာရာမှာ တိတ်တိတ်ဆိတ်ဆိတ်လေး ထိုင်နေ ချင်တယ်..."

လွန်းအိမ်သည် ပြောနေရင်း ဒေါ်ရွှေရည်ခါးကို ဖက်၍ မျက်ရည်စက်တွေ စီးသွယ်၍

"သမီးကို နားလည်ပေးပါမေမေ သမီး မေ မေ့စကားတွေကို နားငြီးလို့ မဟုတ်ပါဘူး။ ဒါ ပေမဲ့ ရင်ထဲမှာ ပြည့်ကျပ်နေတာတွေက ဘီလူး ဆိုင်းတီးနေကြတယ်၊ တယောသံဖြစ်ဖြစ် စော င်းသံဖြစ်ဖြစ် ဘာမှ တိုးဝင်နိုင်တော့မှာ မဟု တ်ဘူး ၊ သမီး ခဏလေးလွပ်လပ်ပါရစေ..."

"မဟုတ်သေးဘူး... အဲဒါ မေမေ ခွင့်မပြုနိုင် ဘူး သမီး မေမေ ဘာမှ မပြောတော့ဘဲနေပေး

မယ် မေမေ့ဆီမှာ ပဲ သမီးနေပါ၊ ဒီအိမ်ဒီခြံဝန်း က အကျယ်ကြီးပဲ... သမီး တစ်သက်လုံး ပျော် မွေ့ခဲ့တဲ့ နေရာ... ကြိုက်တဲ့ နေရာမှာ သွားထိုင် နေ... ဒီ့ပြင် ဘယ်မှ မသွားရဘူး"

လွန်းအိမ် ဖက်တွယ်ထားသည့် လက်တွေ ပြုတ်ကျသွားသည် ။

ရှိုက်သံသဲ့သဲ့နှင့် အတူ နောက်ကိုခြေတစ် လှမ်းဆုပ်ရပ်မိ၏။ တောင်းပန်ဟန်တွေရှိသော် လည်း ခေါင်းမာတတ်သည့် အေးစက်ခြင်းတို့ ကို လွန်းအိမ် မျက်ဝန်းလေးထဲမှာ ရှာဖွေတွေ့ ရှိလိုက်သဖြင့် ဒေါ်ရွှေရည် သူမ ဘာလုပ်တော့ မည်ကို နားလည်သွားခဲ့၏။

"သမီး ဒီခြံဝန်းကြီးကိုပဲ ကြောက်နေတာ မေမေ... သမီး ဒီခြံထဲမှာ ပျော်ရွှင်ခဲ့ရသလို ... သမီးဘဝတစ်ခုလုံးဟာ ဒီခြံကြီးထဲမှာ ပျော်ရွှင် အားလုံးနဲ့ အတူ သေဆုံးခဲ့ရတာ... အားလုံး

ဟာ မေမေ ပြောသလို ကိုယ်ပြုခဲ့တဲ့ အမှုပါပဲ... ဒါပေမဲ့ ဒီနေရာမှာ ပဲ သမီး ကြိတ်ခံစားမနေနိုင်ဘူး... ဒီက သွားဖို့ တစ်ခုပဲ သမီးကိုခွင့်ပြုပါ... ခဏလေးနေပြီး ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နိုင်တာနဲ့ သမီး ပြန်သွားမှာ ပါ..."

"အဲဒီ ခဏလေးမှာ ဇယျနဲ့ လည်း ထပ်ဆုံနိုင်တယ်... သမီး တစ်ခုခုကို အထိန်းအကွပ်မဲ့ ဆုံးဖြတ်မိပြီး အမှားတစ်ခုထပ်ကျူးလွန်သွားနိုင်တာလည်း ရှိတယ်။ တိုက်ဆိုင်မှုဆိုတာ တစ်ခါတရံ လူတွေ ဖန်တီးကြတာထက် ဆန်းကြယ်တယ်၊ အံ့သြဖို့ ကောင်းတယ် ... သမီး ပြန်စဉ်းစား..."

လွန်းအိမ်သည် ခေါင်းမာစွာ ရပ်နေဆဲမှာ နောက်ကိုထပ်ဆုပ်လိုက်သည် ။

"အခု ချိန် မှာ အမေတစ်ယောက်လိုမဟုတ်ဘဲ သူငယ်ချင်းတစ်ယောက်လို သမီးအပေါ်မှ

နားလည်လိုက်လျှောပေးပါ မေမေ... သမီးထပ်မမိုက်တော့ဘူးလို့ ကတိပေးပါတယ်"

ဒေါ်ရွှေရည် လက်လျှော့လိုက်ရတော့သည်။

လွန်းအိမ် ခြံဝန်းအတွင်းမှ တစ်လှမ်းချင်းကျောခိုင်းထွက်ခဲ့သည်။

မိုးရေတွေစိုရွှဲနေသော ကိုကို့မျက်နှာကို သတိရလာသည်။

မိုးသည်းထဲမှာ လွန်းအိမ်လက်ကို လာဆွဲသည့် ကိုကို့မျက်ဝန်းမှာ စိုးရိမ်ပူပန်နေသော အရိပ်ကလေးတစ်ရိပ်ကို တွေ့သည်။

ဆုပ်ဖမ်းဖို့ လွန်းအိမ် ကြိုးစားခဲ့ပေမယ့် ကိုကို့ထံမှ တင်းမာရင့်သီးသော ဆက်ဆံမှုများသာ ဆက်တိုက်ကျရောက်လာခဲ့ကာ ဖြစ်ခဲ့သည့် ပြဿနာအတွက် အကင်းမသေသေးသည့် အထင်မြင်သေးခြင်းတွေကို တွေ့ခဲ့ရသည်။

ကိုကိုဆက်ဆံခဲ့သမျှအားလုံးဟာ မလွှဲရှောင်သာသည့် စိတ်နှင့် မတူမတန်ဆက်ဆံခြင်းများ သာ...

ခြေလှမ်းတို့ က ဘယ်ဆီကိုမှန်းမသိဘဲ လူတွေရှုပ်သည့် နေရာကို ဦးတည်သွားလိုက်ကွေ့ရှောင်သွားမိလိုက်...

တစ်ညလုံးအဖျားတက်ခဲ့သည့် အရှိန်နှင့် ရင်ထဲမှာ တုန်လာသည် ။

အဖျားတက်ချင်သလို ပြန်ဖြစ်လာ၏။

သို့သော် အားနည်းတုန်ယင်လာသည့် ခြေလှမ်းတို့ ကို ရပ်ပစ်လိုက်ဖို့ လွန်းအိမ် စိတ်မကူးပါ။

"မင်း...မင်း သွားတော့ ထွက်သွားကွာ..."

ကိုကို့နားမှာ အမြဲနေချင်ခဲ့သည့် စိတ်နှင့်သည်းခံနေခဲ့သော်လည်း ခု လွန်းအိမ် နေ

ကောင်းလာသည် နှင့် 'မိုးရေထဲထွက်ပြီး မင်းငါ့ကို ရှဲ့တာမဟုတ်လား' 'ငါ့ကို တုံ့ပြန်ဖို့ ကြိုးစားတာလား'

စသည် စသော စွပ်စွဲမှုများ နှင့် ကိုကို ရန်ရှာလာတော့မည် ဖြစ်သည်။

ထိုအခါ စာမေးပွဲနီးနေလို့ ဆရာမအိမ်လိုက်သွားပြီး မေးစရာရှိတာတွေ သွားမေးရင်း ကိုကိုသည် သူမကို ရက်စက်စွာ ပြောဆိုဆက်ဆံဖို့ အမြဲအဆင်သင့် ဖြစ်နေတတ်ခဲ့ပြီ

"မင်း ဝေးဝေးမှာ ပဲနေ" ဆိုသော စကားကို မညှာမတာပြောတတ်ခဲ့တာ ခဏခဏ လွန်းအိမ် နားထဲမှာ ဘာမှ မကြား...

မျက်လုံးတွေလည်း ကန်းကုန်ပြီထင်သည်။

ပတ်ဝန်းကျင်ကိုမေ့လျော့ကာ ဘယ်ဆီဘယ်ဝယ် လှမ်းနေခဲ့မှန်း မသိသော ခြေလှမ်းတို့

က စည်းချက်မှန်နေဆဲ...

******

လွန်းအိမ် ဘယ်သွားတာလဲ ဆိုသည့် အတွေးက အထပ်ထပ်ဖြစ်ကာ တစ်နေကုန်ဖြစ်လာတော့ ထိုသို့ တစ်ခါတွေးမိတိုင်း ခေါင်းကို လမ်းကြိတ်စက်နှင့် ဖြတ်ကြိတ်ခံနေရသလို နာနာကျင်ကျင် ဖြစ်လာ၏။

တိမ်းစောင်းသွားသည့် နေရောင်ခြည်သည် မညီညာသော မိုးသားတို့ နောက်မှာ မြုပ်လိုက်ပေါ်လိုက် ဖြစ်နေသော်လည်း နာရီကြည့်မိတိုင်း ဆောက်တည်ရာမရ ဖြစ်လာခြင်းက ဘယ်လိုဝေဒနာနှင့် မတူ...

ထိုစဉ် ကားသံကြားတော့ သူ့မျက်နှာ အိမ်ရှေ့သို့ မူလိုက်၏။

"မင်းတွေ့ခဲ့လား"

ကျော်ကျော် မျက်နှာငံ့ထားပြီး ခေါင်းခါသည်။

"လွှန်းအိမ်နဲ့ ပတ်သက်သမျှ မိန်းကလေးသူငယ်ချင်းတွေ အားလုံးနီးပါး ကျွန်တော် ဖုန်းဆက်ခဲ့သေးတယ်။ မလာဘူးတဲ့ သူတို့ လည်းလိုက်ရှာပေးပါ့မယ်လို့ ပြောကြတယ်"

"ကျွတ်"

မဟော် ပြတင်းပေါက်ဘက်ပြန်လှည့်ကာ တံခါးပေါင်ကိုလက်သီးဆုပ်နှင့် ထုပစ်လိုက်မိသည်။

မိန်းကလေးသူငယ်ချင်းတွေ ကုန်ပြီဆိုတော့ ယောကျ်ားလေးသူငယ်ချင်းတွေဆီကို လိုက်မေးရမှာ လား...

နုငယ်ချောမောသော ဇယျကျော်၏ မျက်နှာ

ကို ဖျတ်ခနဲမြင်သည်။

ထိုသူ၏ သည်းခံမျှော်လင့်ခြင်းကို အထင်သေးလို့ မရ။

အေးစုမြတ်ဆိုသော မိန်းကလေးနှင့် ကွာရှင်းလိုက်သည့် အကြောင်းအရင်းကို နားလည်ကြသူ တချို့၏ ဝေဖန်မှုတွေက သူ့နားထဲမှာ မဆံ့...

"ဇယျက အဲဒီမိန်းကလေးကို သိပ်ချစ်ခဲ့တာ ဆိုပဲ..."

"ကောင်လေးဟာလည်း သံယောဇဉ်ရှိမှာပေါ့ ငယ်သူငယ်ချင်းတွေပဲဟာ..."

"ဟုတ်တယ်... ဇယျတို့ ဘက်က မခံချင်အောင်ပြောတဲ့ စကားတွေကြောင့် ဟိုဆရာဝန်ကို မခံချင်စိတ်နဲ့ ကောက်ယူပစ်လိုက်တာ"

"ရည်းစားဦး ရူးတောင်မမေ့ဘူးတဲ့ ..."

မပေဟာ် ရင်ထဲမှာ ဆွေးမြေ့နေသည် ။

ဒါတွေကို ကြားလာရတဲ့ ငါ့ရင်ထဲကို မင်းဝင်ကြည့်စမ်း လွန်းအိမ်...

ငါ မျိုသိပ်ပြီး ဘယ်လောက်ထိ နေပေးရဦးမှာ လဲ...

မင်းငါ့ကို အသုံးချလိုက်တာ ဟုတ်နေသလားဆိုတဲ့ သံသယစိတ်နဲ့ မင်းပေးဆပ်နေသမျှ ငါ မယုံရဲခဲ့တာ အမိကနာကျည်းသွားတာလား။

သိပ်စိတ်နာသွားတယ်ဆိုလည်း မင်းငါ့ကို ပွင့်ပွင့်လင်းလင်းပြောသွားပါ။

မင်းကိုငါ ပြောဆိုခဲ့တာတွေအတွက် ဘယ်လိုမှ မကျေအေးနိုင်တော့ဘူးဆိုတာ အမူအရာလေးနဲ့ ဖြစ်ဖြစ် ပြခဲ့စမ်းပါ...

ခုတော့... မင်းက ငါ့ဆီက ရသမျှ စုဆောင်း

သွားပြီး အကြောင်းပြကောင်းကောင်း နဲ့ ရင်ခွင်သစ်ရှာဖို့ ကြိုးစားသွားတာလား၊

တွေးနေမိလေ ရင်နာလေ...

သို့သော် သူမနေနိုင်

လွန်းအိမ် မရှိလို့ လုံးဝမဖြစ်တော့သည့် ရင်ထဲမှာ ရေဆာတာထက် အဆများ စွာ ဆိုးဝါးနေသည် ။

ပူလောင်ခြင်းထက် ဆိုးသော ခြောက်သွေ့အက်ကွဲစေသည့် လောက်မြိုက်မှုက အတိုင်းအဆမဲ့စွာ ဖြစ်နေ၏။

ဘယ်လိုပဲဖြစ်ဖြစ်

သူ့ဘက်ကတားဆီးထိန်းချုပ်မှု အားလုံးကို ရက်ရောစွာ လွှင့်ပစ်ရတော့မည်ကို နားလည်လိုက်သည့် နောက်တွင်

"ကျော်ကျော် သူ့အမေဆီက ဖုန်းထပ်လာရ

င် ငါ့ကိုလှမ်းပြော..."

"ဟုတ်ကဲ့..."

ငါးနာရီခွဲနေပြီဖြစ်သည့် အချိန်ကိုငုံ့ကြည့်၍ သူခြေလှမ်းတွေ ကားရှိရာသို့ ရောက်ခဲ့ရပြန်သည်။

အလုပ်ရှိသမျှကို ပစ်ထားခဲ့၍ တစ်ပတ်ပြီး တစ်ပတ် ပတ်နေခဲ့ရသော ကားပေါ်သို့ တတိယအကြိမ် ပြန်ဝင်ရပြန်သည်။

မော်တော်ကားသော စကားပြောတတ်မည်ဆိုလျှင်...

"မင်း မမောပေမယ့် ငါမောတယ်"

ဟု မကြည်ဖြူစွာ ကျိန်ဆဲလေမလား...

ဦးတည်ချက်မဲ့သော လမ်းပေါ်မှာ ပူလောင်စွာကူးခတ်နေရှာသော ကားလေးက တစ်နေရာအရောက်မှာ တုံ့ခနဲရပ်သွား၏။

"လွန်းအိမ်"

သူကားပေါ်က ကပျာကယာဆင်းသည် ။ ခြေသလုံးတစ်ဝက်ခန့်ရှိသော အပြာကွက် ကျင်းစကတ်လေးနှင့် အပြာရောင်ဆွယ်တာ လက်ရှည်လေးဝတ်ထားသည့် လွန်းအိမ်သည် လက်ကလေးပိုက်ကာ မျက်နှာငုံ့၍ တစ်လှမ်းချင်း လျှောက်နေ၏။

ပျော့နွဲ့သော ဆံနွယ်လေးတွေက လမ်းလျှောက်လိုက်တိုင်း ဆံဖျားလေးတွေ နောက်သို့ လွန့်ခါလျက် လမ်းလျှောက်ပုံသည် ဘယ်ကကြည့်ကြည့် ထင်းနေ၏။

သူအနားရောက်သွားသည် အထိ လွန်းအိမ် တစ်ချက်မှ မျက်နှာမမော့...

"လွန်းအိမ်"

စိုးရိမ်ခြင်း ဝမ်းသာခြင်းတို့ နှင့် သူဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်ဘဲ လွန်းအိမ် ပခုံး

လေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲလှည့်ပစ်လိုက်မိသည် ။

"ကိုကို..."

လွန်းအိမ်၏ မျက်ဝန်းလေးများက အံ့သြခြင်းတွေဖြစ်သွားပြီးမှ ထိတ်လန့်ချောက်ချားမှုတို့ နှင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကာ။

"ကိုကို... လွန်းအိမ်..."

"နောက်မှ ပြော..."

သူ လွန်းအိမ်ထံမှ ငြင်းဆန်မှုကို ဘယ်လိုမှ လက်မခံနိုင်ဘဲ ကားထဲထိသွင်းကာ သေချာပိတ်ရှောင်လိုက်ပြီးမှ

"မင်းပြောချင်တာတွေ အိမ်ကျမှ ပြော... မင်းဖြစ်ချင်တာတွေကို ငါစဉ်းစားပေးမယ်၊ အခု ငါ့ရင်တွေ သိပ်ကိုပူလောင်နေလို့ ခဏလေး ငြိမ်ငြိမ်နေပေး ဟုတ်လား..."

သူ ကားကို ခပ်ကြမ်းကြမ်းမောင်းသည် ။

လွန်းအိမ်ကို ပြန်တွေ့လိုက်ရသောကြောင့် ကြည်နူးဝမ်းသာခြင်းနှင့် သူမ ဘာတွေ ဖွင့်ဟ တောင်းဆိုလာမလဲ ဟူသော ပူလောင်ခြင်းကြောင့် ရင်ထဲမှာ အဆမတန်လှု ပ်ရှားနေသမျှ ကားက သူ့အလာအတိုင်း မတ ည်ငြိမ်စွာ ယမ်းခါနေ၏။

******

"ကဲ ပြော... မင်းအတွက် ငါဘာလုပ်ပေးရ မလဲ"

အခန်းတံခါးကို ဂျိမ်းခနဲဆောင့်ပိတ်ပြီး ဒီ ဘက်ပြန်အလှည့်မှာ မေးခွန်းက ထပ်တူကျ လာသည် ။

လွန်းအိမ် ကိုကို့ကို ငေးကြည့်ကာ ကိုကို

ဘာကို လိုချင်လို့ မေးတာလဲဆိုတာကို စဉ်းစား လို့ပမရ။

"ပြောလေ လွန်းအိမ်... မင်းရင်ထဲမှာ ရှိတာ တွေပြောစမ်းပါ..."

လွန်းအိမ် မျက်ရည်တွေ ပြည့်တက်လာသ ည် ။

ပုတ်ခါသိမ်းဆည်း၍ မရတော့သည့် မျက်ရ ည်တွေကို ကိုကိုမမြင်အောင် အောက်သို့ မျက် နှာလွှဲပစ်လိုက်မိ၏။

"မင်း ငါ့ကို မျက်ရည်ခံမထိုးနဲ့ ..." ဟု ကိုကို လက်ညှိုးထိုးမှာ ကို မလိုချင်ပါ။

မျက်နှာလွှဲထားရင်းမှ ကြိုးစားဖျစ်ညှစ်ကာ

"ကိုကိုပဲပြောပါ... ကိုကို့သဘောအတိုင်းပဲ.. . လွန်းအိမ်..."

"ဘာ"

မပောာ် လွန်းအိမ် ရှေ့ကို ဖျတ်ခနဲရောက် လာသည် ။

ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲကာ လွန်းအိမ် မျက်နှာလွှဲနေသည် ကို သူ့မျက်နှာ ရှေ့ရောက်အောင် အတင်းအကျပ်ပြုလျှင် မျက် နှာနှစ်ခုက ထိလုမတတ် ဖြစ်၏။

"မင်းတော်တယ် လွန်းအိမ်၊ ဒီလိုနည်းတွေ နဲ့ ငါ့ဆီက တင်းမာမှုတွေကို စုဆောင်းပြီး လ က်ကိုင်တုတ်ရအောင် ဖန်တီးနိုင်တယ်... မင်း ဘက်ကချည်းပဲ ပေးဆပ်နေရသလိုလို မျက်ရ ည်တွေ ကျမနေစမ်းပါနဲ့ ... ငါ့ရင်ထဲမှာ ဘာ တွေဖြစ်နေသလဲ မင်းသိလား... မင်းကြောင့် ဘယ်လောက်ခံစားနေရသလဲဆိုတာကော နားလည်ရဲ့ လား..."

"နားလည်ပါတယ် ကိုကို... လွန်းအိမ်ကြော င့် ကိုကို သိက္ခာမာနတွေ ကျိုးပဲ့ခဲ့ပါတယ်။ ကို

ကို့ချစ်သူနဲ့ လွဲခဲ့ရတယ်။ ဒါတွေအတွက် ကိုကို လွန်းအိမ်ကို တစိမ့်စိမ့်တွေးပြီး နာကျည်းနေခဲ့ တယ်... အားလုံးဟာ..."

"မင်းထင်တာတွေလား... ရှန်းထွက်လို့ ကောင်းအောင် သက်သက်စွဲချက်တင်နေတာ လား... တစ်ခွန်းပဲပြောစမ်း... နောက်ထပ်ဘာ မှ မပြောနဲ့ "

လွန်းအိမ် ကိုကို့လက်တွေထဲက ရုန်းထွက် ဖို့ ကြိုးစားနေမိသည် ။

တစ်နေရာရာမှာ ပြေးမှောက်ကာ အားပါး တရ ငိုပစ်ချင်နေသည် မို့ ထိန်းချုပ်ရင်း ကိုကို့ လက်ထဲမှာ ပျော့ခွေမတတ်ဖြစ်ခဲ့၏။

"လွန်းအိမ် မင်းဖြေလေ..."

"ဟင့်အင်း မသိဘူး... လွန်းအိမ် မသိဘူး ကိုကို... လွန်းအိမ် သိတာ ကိုကို လွန်းအိမ်ကို မုန်းနေတယ်... အဲဒီအတွက် အမြဲတမ်း အပြစ်

တင်မောင်းမဲနေမယ့်  ကိုကို့ဒေါသနာကျည်းချက်တွေနဲ့ ဝေးဖို့ လွှန်းအိမ် ကြိုးစားချင်တယ်... ဒါပေမဲ့ မရဘူး... လွှန်းအိမ် ကိုကို့နားမှာ ပဲနေဖို့ ပြန်လာတာပါ... ကိုကို မုန်းပါ... ကြိုက်သလို ရက်စက်လို့ ရပါသေးတယ်..."

"အဲဒါ မလိုချင်ဘူး... မင်းဆီက ငါလိုချင်တာ အဖြေတစ်ခုတည်းပဲ မင်းငါ့ဆီက ရုန်းထွက်ဖို့ ကြိုးစားတာဘာလဲ... မင်းဘာဖြစ်ချင်လို့လဲ"

ဇယျကျော်ဆီ သွားချင်လို့ လားလို့ သူဘယ်လိုမှ ပြောမထွက်နိုင်။

ဟုတ်တယ်လို့ ပြန်ဖြေလာမှာ လည်း မကြားချင်။

သို့သော် ရင်ထဲမှာ ဒါကိုပဲ တအုံနွေးနွေးရှိနေသည် မို့

"အဲဒီတစ်ခုကိုပဲဖြေ..."

သူ တုန်ယင်စွာ ထပ်ပြောမိသည် ။

လွန်းအိမ်က ခေါင်းကို ဘယ်ညာ ယမ်းခါပစ်၏။

"ဘာမှ မဖြစ်ချင်ဘူး… လွန်းအိမ် ကွာရှင်းပေးလိုက်ရင် ကိုကို ကျေနပ်သွားမှာ ပဲလို့တွေးမိတယ်… ဒါပေမဲ့ ကွာရှင်းမယ်လို့ လွန်းအိမ် ဘယ်လိုမှ ပြောလို့ မရဘူး… ကိုကိုပဲပြောပါ လွန်းအိမ် ဘာလုပ်ပေးရမလဲ…"

"မင်း…"

သူ မချင့်မရဲနှင့် လွန်းအိမ် ပခုံလေးကို တစ်ချက်ဖျစ်ညှစ်ကာ လက်တွေကို ဖြုတ်ချလိုက်မိသည် ။

ဘေးဘက်သို့ ဆောက်တည်ရာမရ လှည့်ပစ်လိုက်မိပြီးမှ ဖျတ်ခနဲ ပြန်လှည့်ပြန်သည် ။

"လွန်းအိမ် မင်း… မင်း ငါ့ကို ကွာရှင်းပြီး

တစ်ယောက်ယောက်နဲ့ ... ကျွတ်..."

သူ မျက်လုံးတွေမှိတ်ပစ်ကာ ထိုစကားကို စက်စုပ်စွာ ခံစားနေမိပြီး

"အဲဒါ... အဲဒါကိုပဲဖြေ... မင်းမှာ အဲဒီလို စိတ်ကူးတွေရှိသလား..."

လွန်းအိမ် မျက်လုံးတွေ မာနကြောင့် ချက်ချင်းစူးလက်လာ၏။

ကိုကိုက မိန်းမတစ်ယောက်ကို သူ့ဘက်က စတင်ပြတ်စဲပေးလိုက်သည် ဆိုသော အဖြစ်မျိုး မရောက်ရအောင် သူမ၏ ဆန္ဒဖြစ်ဖို့ကို ဆွဲယူနေခဲ့သည် လား...

"လွန်းအိမ်ကို ကိုကိုပဲ အဲဒီလောက်ထိ အထင်သေးတယ်ပေါ့နော်... ကောင်းပါတယ်... လွန်းအိမ် သူ့ကို မျက်ရည်ပြည့်လျှံသော မျက်ဝန်းများ နှင့် စူးစူးစိမ်းစိမ်းကြည့်၏။

ကောင်းပါတယ်ဆိုသော ခေါင်းဆတ်အညိတ်မှာ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

"လွန်းအိမ်ဟာ ရဲသုလွင်ဆိုတဲ့ မိန်းမလောက်မှ သိက္ခာမရှိခဲ့တာ... ကိုကို့အတွက် လွန်းအိမ်ကို ကွာရှင်းပစ်ရတဲ့ ဘက်က နေလိုက်ရမှာ သိက္ခာကျစရာဖြစ်နေရင် အစကတည်းက သိက္ခာမရှိခဲ့တဲ့ လွန်းအိမ်ကပဲ စပြောပါ့မယ်... ကိုကို လွန်းအိမ်ကိုကွာပေးပါ..."

"မင်း... လွန်းအိမ်..."

သူကြောင်ငေးငေးဖြစ်သွားခဲ့စဉ်... လွန်းအိမ်က အခန်းထဲဝင်သွားပြီ ဖြစ်၏။

သူဝင်လိုက်သွားတော့ လွန်းအိမ်သည် မျက်ရည်တွေ အဆက်မပြတ်ကျနေရင်း စလင်းဘက်လေးထဲကို ဘာစာရွက်တွေ စုကြိတ်ထည့်နေမှန်းမသိ။

ပြီးတော့ မျက်ရည်ကိုသုတ်၍ အခန်းဝဆီသို့ ပြေးထွက်၏။

"လွန်းအိမ် မင်း ဒါဘာလုပ်တာလဲ..."

မဟော် လွန်းအိမ်လက်မောင်းလေးကို အမိအရ ဖမ်းဆွဲကာ

"မင်းပြောချင်တာပြောပြီး စွပ်စွဲနေတာကွ တော်ပြီလား..."

"စွပ်စွဲတာ မဟုတ်ဘူး ... ကိုကို ပြောရခက်နေမှာ တွေကို ပြောပေးတာ... လွှတ်ပါ ကိုကို လွန်းအိမ် သွားပါရစေ... ကိုကို ကွာရှင်းစာချုပ် ပို့လိုက်တဲ့ တစ်နေ့ လက်မှတ်ထိုးပေးဖို့ လွန်းအိမ် အသင့်ရှိနေပါ့မယ်..."

"ဘာဖြစ်လို့ ကွာရမှာ လဲ... ငါ့ရင်ထဲမှာ ဘာ ရဲသုလွင်မှ မရှိခဲ့ဘူး... ခုလည်း မရှိဘူး... ဟိုတုန်းက အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ခဲ့တာ ဝတ္တရားအရ မင်းကို လက်ထပ်ပြီး ဒေါ်သတွေနဲ့

မကျေမနပ်ဖြစ်ခဲ့တာတွေက ငါ့ဟာ ပတ်ဝန်းကျင်မှာ ကတိမတည် သိက္ခာမဲ့တဲ့ အလုပ်မျိုး လုပ်ခဲ့တဲ့ သူ ဖြစ်ခဲ့ရလို့ ရှက်နေမိတာ... အဲဒီထဲမှာ မုန်းတာတွေ ကွာချင် ရှင်းချင်တာတွေ ဘာမှ မရှိခဲ့ဘူး... ခုလည်း ကွာရှင်းမပေးနိုင်ဘူး... မင်း ငါ့အရိပ်အောက်က ထွက်သွားဖို့ မကြိုးစားနဲ့ လွှမ်းအိမ် ငါ့ဆန္ဒသက်သက်နဲ့ မင်းကို ဘယ်တော့မှ ဆုံးရှုံးမခံဘူး..."

သူသည် ပြောနေရင်းမှ ရင်ထဲမှာ စူးနင့်သွားခဲ့ပြီး...

"မင်း... အတွက်... ငါ့ရင်ခွင်ထက် အေးမြတဲ့ နေရာသစ်တစ်ခု ရှိနေပြီဆိုရင်သာ..."

သူ လွှမ်းအိမ်မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်၍ စကားလုံးတွေ ရပ်တန့်သွား၏။ ထို့နောက် ပါးပြင်ထက်က မျက်ရည်စတို့ ကို တယုတယသုတ်ပေးမိသည်။

"မင်း မင်းကိုငါ သိပ်ချစ်တယ် လွန်းအိမ်... ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးတဲ့ အချစ်တွေနဲ့ မင်းကို ငါ ချစ်နေခဲ့တယ်"

မယုံဘူး...

လွန်းအိမ် ကိုယ့်နားနဲ့ ကိုယ်တောင်မှ ဘယ်လိုမှ မယုံနိုင်ဘဲ ဖြစ်သွား၏။

သို့သော် နူးညံ့ညို့ရီနေသော ကိုကို့မျက်ဝန်းများမှ သံသယတို့ နှင့် လုံးထွေးသွားသည့် လွန်းအိမ်၏ မယုံနိုင်ခြင်းတွေအားလုံး ဒူးထောက်ညွတ်ကျခဲ့လေသည် ။

မဟော်က လွန်းအိမ် မေးဖျားလေးကို အသာမော့ယူပြီး

"မင်း ပြောခဲ့ဖူးသလို ကိုယ့်တစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတာဆိုတဲ့ စကားတွေကိုပဲ ကိုယ်ယူထားမယ်... ကျန်တာအားလုံး မေ့လိုက်မယ်နော်... မင်းမေ့နိုင်တယ်မို့လား..."

လွန်းအိမ် ဘာဖြေရမှန်းမသိ...

သူမရင်ထဲမှာ ဟိုတုန်းကတည်းက ကိုကိုမှလွဲ၍ တခြားဘယ်မှ မရှိခဲ့ပါ။

မဟော်သည် လွန်းအိမ် မျက်ဝန်းလေးတွေကိုသာ စိုးရိမ်မကင်းစွာ စူးစမ်းရှာဖွေရင်း...

"ကိုယ့်ကို ချစ်တယ် မဟုတ်လားဟင်..."

ဝမ်းသာလွန်းစွာ တုန်ယင်လှုပ်ရှားနေသည့် လွန်းအိမ် နှုတ်ခမ်းသားလေးများမှ မည်သည့်အဖြေစကားမှ တုံ့ပြန်မဆိုနိုင်ဘဲရှိသော်

"ချစ်တယ်နော်"

ကိုကိုက သူ့ဟာသူပဲ ထပ်၍ အတည်ပြုလိုက်ပြီး မဖြေတတ်ခဲ့သော လွန်းအိမ် နှုတ်ခမ်းလေးကို နားလည်သော အနမ်းများ နှင့် နွေးထွေးစေခဲ့၏။

******

# အခန်း (၁၂)

ကိုကို့ဆီက ဖုန်းလာသည် ဟု ပြောကာ ကျော်ကျော့်မျက်နှာက ပြုံးစိစိမို့ လွန်းအိမ် ဘာမှန်းမသိဘဲ ဖုန်းကိုင်လိုက်ရသည်။

"လွန်းအိမ်..."

"ရှင်..."

ဖုန်းထဲမှာ ပေမယ့် ကိုကို့အသံက နူးညံ့နွေးထွေးမှုတွေနှင့် နားထဲမှာ ချိုအီနေသည်။

"လွန်းအိမ် ကိုယ်ပြောတာကို သေချာနားထောင်နော်..."

"ဟုတ်ကဲ့..."

"ဒီညနေ ငါးနာရီထိုးတာနဲ့ လွန်းအိမ် အလှဆုံး ပြင်ဆင်ထားနော်… မင်းပြီးလောက်မယ့် အချိန်ကို မှန်းပြီး ကိုယ်ပြန်လာခဲ့မယ်…"

"ဘာလုပ်မလို့ လဲ ကိုကို…"

"မင်းနဲ့ ကိုယ် မင်္ဂလာပြန်ဆောင်မလို့ …"

"ဟင်…"

လွန်းအိမ် အံ့ဩသွားတာကိုပဲ ကိုကိုကျေနပ်သွားသည့် ပုံရကာ…

"အကြီးအကျယ်တော့ မဟုတ်ဘူး … ဒါပေမဲ့ ကိုယ့်ဘက်က အကြီးအကဲ မိတ်ဆွေအပေါင်းအသင်းတွေ အားလုံးတော့ စုံလိမ့်မယ်… ပြီးတော့ မင်းကို လက်ဆောင်ပေးချင်တယ်… ဒီည မင်းနဲ့ ကိုယ် နှလုံးသားချင်း တရားဝင် လင်မယားဖြစ်ဖို့ လေ…"

"ကိုကိုကလည်း …"

ကိုကိုက သိမ်မွေ့စွာပြောပေမယ့်ဘာကြော င့် မှန်းမသိဘဲ လွန်းအိမ် ရှက်သွားမိသည်။

"ဟော့… ကြားတယ်နော်"

"ဟုတ်"

ဖုန်းချပြီးတော့လည်း ပြုံးရယ်လျက်…

"လွန်းအိမ်…"

"ရှင်"

"နင့်ကိုကို ကြီးမှ ဝက်သက်ပေါက်တော့မ ယ် နားလည်လား မုန်းအောင်ချစ်တော့မှာ "

"ကိုကျော်ကျော်က လာမစ စမ်းပါနဲ့ "

"တကယ်ပြောနေတာ စ စရာလား… အစ ကတည်းက ငါပြောသားပဲ ရွှေလွန်းအိမ်ဆိုတဲ့ ချာတိတ်မလေးကို ငါ့အစ်ကိုလေးက အရမ်းအ လိုလိုက်တော့ မရိုးသားဘူးလို့ …"

"ဟိုတုန်းကဆိုတာတော့ လွန်းအိမ် မယုံရဲ

ပါဘူး... ကိုကိုက ... မမရဲ့ကို ချစ်တာ"

ကျော်ကျော်က မျက်နှာကြီး ရှုံ့မဲ့သွားသည်
။

လက်ကလည်း စားပွဲပေါ်မှာ စာအုပ်တွေ လှန်၍ လိုချင်တာရှာရင်း ရေးမှတ်ပြီး အိတ်ထဲမှာ ထည့်နေကာ စကားပြောလည်း မပြတ်

"မမရဲ့ကို အစ်ကိုလေးကြိုက်ရင် ဟိုတုန်းကတည်းက နှစ်တွေကြာအောင် အချိန်ဆွဲပြီး ရှောင်ပုန်းနေပါ့မလား လွန်းအိမ်ရယ် အစ်ကိုလေးက မမရဲ့ကို မယူနိုင်ဘူးလို့ ငြင်းတာ ဘယ်နှစ်ယောက်မြောက်မှန်းကို မသိတာ အစ်ကိုလေးကို လိုချင်တဲ့ မိန်းမတွေကလည်း ပေါ သားမက်တော်ချင်တဲ့ သမီးရှင်တွေကများ အဘွားကဆို တကယ့်ဒိတ်ဒိတ်ကျဲဆိုတဲ့ မိန်းမတွေနဲ့ ချည်း စေ့စပ်ဖို့ လုပ်တာ... အစ်ကိုလေးကလည်း ဘယ်သူနဲ့ ပြောပြော ငြင်းတာပဲ၊ မမ

ရဲကျတော့ ဘယ်လိုမှ မရှောင်သာတော့ဘဲ စီနီယာဖြစ်သွားရော ... အဲဒါနဲ့ တခြားရှောင်ထွက်သွားခဲ့တာ..."

"ခုကျတော့ရော"

ကျော်ကျော်က ကားသော့ကို ဖြုတ်ယူလိုက်ပြီးမှ မသွားဖြစ်သေးဘဲ ရပ်နေ၏။

"ခုကျတော့ မမရဲက အစ်ကိုလေးကို ရှာဖွေပြီး လိုက်လာတာလေ... မမရဲကလည်း အတ္တကြီးကြီး အစ်ကိုလေးက သူ့ကို ရှောင်ထွက်သွားလို့ ကျန်ခဲ့တာမျိုး အဖြစ်မခံနိုင်တဲ့ သူဒါကြောင့် မရရအောင် ယူဖို့ လိုက်လာတာ... ဒီကျတော့ နင်နဲ့ အထင်လွဲပြီး ဟိုပြောဒီပြောတွေဖြစ်. အစ်ကိုလေးက ငြင်း... လက်ထပ်ဖို့ထိ ဖြစ်ကုန်တာလည်း နင့်ကြောင့် ပဲ မြန်မြန်ဆန်ဆန် ဖြစ်သွားတာ မမရဲက လည်တယ်ဟ.. တစ်ဘက်က ပျော့ကွက်ကို မြင်တယ်...

ချည်ပြီးတုတ်ပြီး ပြောတတ်တယ်... အစ်ကို လေးက မာနကြီးတော့ သူ့ပရိယာယ်ထဲ ဝင်သွားတာပေါ့၊ အဲဒီလို အပြောကြီးထားပြီး နင်နဲ့ ငြိသွားတော့ အစ်ကိုလေး ဘယ်လို ဖြစ် သွားမလဲ စဉ်းစားကြည့်..."

လွန်းအိမ် မျက်လွှာလေးချ၍ ငြိမ်သက်နေ သည်။

ကြားရကြုံရသမျှအားလုံးဟာ အိမ်မက် တွေဖြစ်ကုန်မှာ စိုးလှပါ၏။

"ငါပြောတာကို ယုံလိုက်စမ်းပါ။ အစ်ကို လေးတစ်သက်မှာ ပထမဆုံး အလိုလိုက်ခဲ့အ ရေးပေးခဲ့တဲ့ မိန်းကလေးဆိုလို့ သူ့ညီမပြီးရင် နင်ပဲ။ ဒီသံယောဇဉ်တွေကို သူနင့်အပေါ်မှာ ရှိ သားစွာလား မရှိသားစွာလား မခွဲခြားမိသေး ခင် မမရဲရဲ့ စဉ်းနှက်ချက်တွေနဲ့ ငြိသွားခဲ့တာပဲ ... ခု အားလုံးပြီးသွားပြီ... နင် ပြန်မလာတော့

ဘူးထင်ပြီး မနေ့က အစ်ကိုလေးဖြစ်သွားတဲ့ ပုံ ဘယ်လိုမှ ကို ဟန်မဆောင်နိုင်တော့တာ ငါပြ ချင်တယ်။ တကယ် ယုံလည်း ယုံသွားမိတယ်၊ လူတွေဟာ ချစ်တတ်လာရင် အရူးလိုပဲ ဟန်မ ဆောင်နိုင်တော့ဘူး... ထပ်ထပ်ပြီး ရူးသွပ်ဖို့ လည်း မရှက်တော့ဘူးသိလား... အခုကြည့် ည နေ ညှော်ခံပွဲအတွက် ငါပြင်ဆင်ဖို့ လစ်ရတော့ မယ်"

စကားဆုံးတော့မှ ကျော်ကျော်က ကားဆီပြေးဆင်းသွားခဲ့သည် ။

ကားပေါ်တက်ထိုင်ပြီးတော့မှ လွန်းအိမ်ကို လှမ်းအော်သွားသေးသည် ။

"လွန်းအိမ် နင် ဘာမှ ဝင်ချက်ပြုတ်မနေနဲ့ နော် လူအယောက်သုံးဆယ်စာအားလုံး ဟိုတ ယ်က မှာ ပြီးသွားပြီ... စိတ်ကူးလှလှလေးတွေ နဲ့ အစ်ကိုလေးမှာ တဲ့ အတိုင်းသာ လုပ်ပေ

တော့..."

လွန်းအိမ် ပြုံးနေသည့် နှုတ်ခမ်းလေးတွေ တုန်ယင်ကာ မှန်ရှေ့မှာ ထိုင်လိုက်မိတော့ မျက်ရည်တွေ ပြိုကျလုလု ပြည့်သိပ်နေသည့် မျက်ဝန်းလေးများ နှင့် မှန်ထဲမှ ကိုယ့်ကို ပြန်ကြည့်နေသည့် လွန်းအိမ်တစ်ယောက်...

မှန်ထဲကို ကြည့်ပြီးမှ ကိုယ့်မျက်ဝန်းမှာ မျက်ရည်တွေပြည့်နေသည့် အဖြစ်ကို သတိရမိသည် ။

မျက်တောင်တွေ တဖျတ်ဖျတ်ခတ်ပစ်လိုက်လျှင် မျက်ရည်စက်တို့ သည် ပါးပြင်ထက်သို့ ပူနွေးစွာ ဆင်းသွားကြ၏။

ဝမ်းသာလွန်းလို့ လည်း လွန်းအိမ် ငိုတတ်ခဲ့ပြန်သည် ။

******

ဘွားက စားပွဲရှည်ကြီး၏ ထိပ်ဘက် ညာအစွန်းမှာ ခန့်ညားစွာထိုင်နေသည် ။ ဒီဘက်ထိပ်မှာ တော့ သမားတော်ကြီး ဒေါက်တာဦးထွန်းကြည်

နောက်ထပ်လူတွေအားလုံးသည် အရာရှိ အရာခံ ဆရာဝန် လူကုံထံတွေချည်းဖြစ်ကာ ကိုကို မိတ်ဆက်ပေမယ့် လွန်းအိမ် မမှတ်မိတော့ပါ။

ဟိုတယ်မှ အကောင်းဆုံးအစားအစာများနှင့် တိုက်ပေါ်မှာ ပဲ ညှော်ခံတာပေမယ့် ကျော်ကျော် သေချာပြင်ဆင်ပေးထားသော အခမ်းအနားလေးက ပြည့်စုံနေသည် မို့ ရောင်စုံမီးလုံးကြီးများ နှင့် အသက်ဝင်နေသည် ။

မေမေ နေမကောင်း၍ မလာနိုင်သည် မှန်

သော်လည်း လွန်းအိမ် စိတ်မကောင်းဖြစ်ခဲ့ရသည် ။

ကိုကိုကတော့ သံသယများ နှင့် မကြည့်ခဲ့ပါ။

လူတွေအားလုံးစုံတော့မှ ကိုကိုက လွန်းအိမ်ပခုံးလေးကို ဖက်၍ ထွက်သည် ။ လူတွေအားလုံးနှင့် ထပ်၍ မိတ်ဆက်ပေးကာ ဘွားကိုပါ တောင်းပန်၏။

"ဘွား ကျွန်တော့်ကို ခွင့်လွှတ်ပါ..."

ဒီပြင် လူတွေအတွက် အရင်းအဖျားမရှိတဲ့ စကားပေမယ့် သူမပါးနပ်စွာ သိမြင်တတ်သူဖြစ်သည် ။

သူတို့ အိမ်ထောင်ရေးကို အလုံးစုံနားလည်သည့် တိုင် အိမ်ကို တစ်ကြိမ်တစ်ခါရောက်ခဲ့ဖူးကတည်းက ပုံစံမကျသည့် အနေအထားတို့ကို အကဲခတ်မိပြီးသား

သူ တောင်းပန်စကားဆိုလိုက်သည် နှင့် ပြုံးပြုံးကြီးကြည့်ကာ

"လွှတ်ပါတော် လွှတ်ပါ... ရှင်တို့ ခေတ်ကို လိုက်လို့ မမှီပေမယ့် ဘွားက နားလည်ပေးတတ်ပါတယ်... ဒီမှာ ကျုပ်မြေးမအတွက် လက်ဖွဲ့ "

ရတနာဘူးလေးတစ်ဘူးကို လွှန်းအိမ်လက်ထဲ ထည့်ပေး၍

"အဲဒါ စိန်ဘယက်တစ်ကုံးတည်းပဲ ဒါပေမဲ့ ငါးရာ့ငါးဆယ်ဖိုးအထိရှိတယ်။ အမွေနဲ့ ဘာမှ မဆိုင်ဘူးနော်... ဒါက ဘွား သက်သက်လက်ဖွဲ့တာ..."

လွှန်းအိမ် လက်ဖဝါးလေးကို သူမကိုယ်တိုင် ထွေးဆုပ်ကိုင်တွယ်စေပြီး နဖူးလေးကို ငုံ့နမ်းတော့ အားလုံး လက်ခုပ်တီးလိုက်ကြသည် ။

ကိုကိုက သွားတွေပေါ်အောင် ပြုံးရယ်လျ

က် လွန်းအိမ် ပခုံးလေးကို အမေနဲ့ ဆွဲဖက်သည် ။ ပြီးတော့ အားလုံး ငြိမ်သက်သွားအောင် စောင့်ပြီးမှ

"ဒီနေ့ ကျွန်တော့် မင်္ဂလာပွဲကို ဖိတ်ထားသမျှ တက်ရောက်လာကြတဲ့ ကျွန်တော်မိတ်ဆွေ ဆရာသမားတွေကို အထူးပဲကျေးဇူးတင်ပါတယ် ခင်ဗျား… ကျွန်တော် အရူးထတာတော့ မဟုတ်ပါဘူး၊ အဲ… ဒါပေမဲ့… ရူးသွပ်ခြင်းတစ်မျိုးပါပဲ… ဘာဖြစ်လို့ လဲဆိုတော့ ကျွန်တော်တို့ နှစ်ယောက်က လက်ထပ်ခဲ့ကြပေမယ့် နားလည်မှုတွေလွဲပြီး ကျွန်တော် မိန်းမရဲ့ အချစ်ကို ကျွန်တော် ခုမှ ပိုင်ဆိုင်ခွင့်ရခဲ့တာပါ"

"ကိုကို…"

လွန်းအိမ် ရှက်လွန်းသဖြင့် ကိုကို့ခါးကို နောက်ကအသာတို့ ၍ ဟန့်တားဖို့ ကြိုးစားသ

ည် ။

ကိုကိုက ပြုံး၍ တစ်ချက်သာ ငုံ့ကြည့်ပြီး ဆက်ပြော၏။

"အခမ်းအနား သိပ်မကြီးကျယ်ပေမယ့်... အချစ်များ စွာနဲ့ ထုံမွှမ်းတဲ့ မင်္ဂလာပွဲပါ...

အားလုံးပဲ ချီးကျူးဂုဏ်ပြုတဲ့ အနေနဲ့ အားရပါးရ ပျော်ရွှင်စွာ စားသောက်ကြပါလို့ ပြောကြားပါရစေ"

လက်ခုပ်သံတွေ ဆူညံသွားပြန်သည် ။

တစ်ယောက်က နေရာမှ ထ လာပြီး မဟော့်လက်ကို လာဆွဲသည် ။

"ယုံတယ်... မဟော် မင်းရဲ့ မျက်နှာမှာ ဒီနေ့လောက် ကြည်လင်နူးညံ့နေတာမျိုး မင်းရဲ့ ဆရာဖြစ်တဲ့ ငါတစ်ခါမှ မမြင်ခဲ့သေးဘူး ကွန်ဂရက်ကျူလေးရှင်း"

"ကျေးဇူးတင်ပါတယ် ဆရာ..."

"မဟော် မင်းမျက်နှာ ရှုသိုးသိုးကြီး မနက်ဖြန် ပြန်လုပ်ပြနိုင်ရင် ကြိုက်တာပေးမယ်ကွာ"

တစ်ယောက်က ထပြောသည်။

"ဒါတော့ မလောင်းသင့်တာကို မလောင်းရဘူးလေ... မဟော်က လိုချင်တာရသွားပြီဥစ္စာ မင်းဘာပေးပေး ဒီရုပ်ကြီးကို ပြင်မတဲ့ လား"

ဝေါခနဲ ရယ်သံတွေ ဆူသွားသည်။

ကိုကိုက လွန်းအိမ် ပခုံးလေးကိုကိုင်၍ သူ့ဘက်ဆွဲလှည့်လိုက်၏။

ထိုအခါ အားလုံးတိတ်ဆိတ်သွားကြပြီး မဟော် ဘာလုပ်တယ်ဆိုတာကို ကြည့်ကြသည်။

လှုပ်ရှားမှုတစ်ခုခုလုပ်လိုက်တိုင်း ဗီဒီယို

ကင်မရာက လိုက်ချိန်သည် ။

မာတ်ပုံတွေက ဖျတ်ဖျတ်ရိုက်၏။

"လွန်းအိမ် ကိုကိုကလည်း လက်ဆောင် ပေးမလို့ ရှိတယ်"

သူပြောလိုက်သည် နှင့် ကျော်ကျော်က က တ္တီပါဘူးပြားလေးတစ်ခုကို သူ့လက်ထဲ လာထ ည့်ပေးသည် ။

စိန်တွေပဲ ဖြစ်၏။

"မင်းကို ဘာလက်ဝတ်လက်စားမှ ဝတ်ဖို့ မပြောခဲ့တာ ကိုကို့မှာ အစီအစဉ်ရှိလို့ လေ..."

ပြိုးပြက်ဝင်းလက်နေသည့် စိန်ထည်တွေ ကို လွန်းအိမ်၏ လည်တိုင်၊ လက်ကောက်၊ လ က်စွပ်တွေအဖြစ် အားလုံးနေရာကျအောင် ကို ယ်တိုင်ဝတ်ပေးပြီး နောက်ဆုံး ဘယ်ဘက်ရင် အုံလေးပေါ်မှာ အသည်းနှစ်ထပ်ပုံ ရင်ထိုးလေး

တစ်ခုဖြစ်သည့် အသည်းလေးတွေပေါ်မှာ မ ပေါ့ဟော်နှင့် ရွှေလွန်းအိမ်ဆိုသော နာမည်လေး တစ်ခုစီကို မြန်မာလိုအတိုင်း ခပ်စောင်းစောင်းလေးတွေ ထိုးထားသေးသည် ။

ထိုရင်ထိုးလေးကို ငုံ့ကြည့်ပြီး ပြုံးသွားသ ည့် လွန်းအိမ်ကို မေးဖျားလေးမှ ဆွဲမော့ကြည့် ကာ

"လွန်းအိမ် ကြိုက်လားဟင်"

"သိပ်လှတာပဲ ကိုကို"

"အဲဒါတွေအားလုံး ထောင့်ငါးရာဖိုးတိတိ ကို ထည့်ထားပေးတာ တန်ဖိုးကို သိစေချင်လို့ မဟုတ်ဘူး ... ထောင့်ငါးရာဆိုတဲ့ အချစ်တို့ ကို ရင်ထဲမှာ ရှိသမျှအချစ်တွေအားလုံး မင်းကို ပေးလိုက်တဲ့ သဘောပဲ..."

အားလုံးကြားကြသည် ။

မရယ်နိုင်အောင် ကျေနပ်ပျော်ရွှင်သွားကြတာ လက်ခုပ်သံတွေအဖြစ် သောင်းသောင်းဖျဖျ ထွက်ပေါ်လာသည် ။

လွန်း မျက်နှာကြီးက ပြုံးချိုနေသည် ။

ဟိုတယ်မှာ ကြီးကျယ်ခမ်းနားစွာ မဟုတ်သော်လည်း ထိုညကလေးကို လွန်းအိမ် ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။

စည်ကားစိုပြေစွာ ပြီးဆုံးသွားခဲ့သော မင်္ဂလာပွဲလေးနောက်မှာ အားလုံးအသစ်တွေချည်း ဖန်ဆင်းပစ်လိုက်သော မင်္ဂလာ အိပ်ခန်းထဲမှာ လွန်းအိမ် ရင်ခုန်လှိုက်မောစွာရှိနေဆဲ ကိုကို ဝင်လာသည် ။

"လွန်းအိမ်..."

ရှောင်ပြေးဖို့ ဖြစ်ကာ ခြေလှမ်းမှားနေသည့် လွန်းအိမ်ကို မဟော်က ဆွဲဖက်ထားလိုက်ပြီး...

"ဒီညလေးမှာ ကိုကိုတို့ နှစ်ယောက်ရဲ့ ဘဝအတွက် သာယာပြည့်စုံမှုတွေနဲ့ ပဲ ပြီးဆုံးသွားချင်တယ် ကိုကို့ကို ကြည်ဖြူတယ်မို့လားဟင်... "

"ကို... ကို..."

"ကိုကို့ကို ချစ်လား..."

"ဟိုု..."

မဟော်က ပြုံးလိုက်ပြီး လွှန်းအိမ် လက်ကလေးကို ဆွဲလာကာ မွေ့ရာအစပ်မှာ ထိုင်စေသည် ။

ပြီးတော့ လွှန်းအိမ်ဘေးမှာ ကပ်ထိုင်လိုက်၍

"ပြောလေ... ဟိုတုန်းကတော့ ချစ်တဲ့ စကားတွေ မင်း ပြောခဲ့တာပဲ ချာတိတ်ရာ..."

"ကိုကိုကလည်း သိရင်ပြီးတာပဲဟာ..."

"ဘယ်ဟုတ်မလဲ... ဟိုတုန်းက ကြားနေရတာကို နှလုံးသားထဲထိ ကိုကို အရောက်မခံချင်လို့ တမင်ဟန်ဆောင်နေခဲ့တာ အခုက လိုလိုချင်ချင်တောင့်တောင့်တတ လိုချင်လို့ မေးနေတာ ကိုကိုကလည်း ချစ်တယ် မင်းက ချစ်တာကိုလည်း ခံချင်တယ်... ကဲ... ဖြေ..."

လွန်းအိမ် ကိုကို့ရင်ခွင် တစ်ခြမ်းမှာ မှီနွဲ့ရင်း ကိုကို့ခါးကိုပါ ဖက်ထားလိုက်မိသည် ။ ချစ်စိတ်ကြောင့် တသိမ့်သိမ့်ကြည်နူးခြင်းများ နှင့် မျက်ရည်တို့ လည်း ဝေ့တက်ခဲ့သည် ။

"ကိုကိုရယ် လွန်းအိမ်လေ ခုထိ အိပ်မက်မက်နေတယ်လို့ ထင်နေတုန်းပါပဲ လွန်းအိမ် တစ်သက်လုံး တစ်ဘက်သတ်အချစ်နဲ့ ပဲ အရှုံးပေးသွားရတော့မလို့ ထင်ထားခဲ့တဲ့ ကိုကို့ဆီက အချစ်တွေကို တုံ့ပြန်ရရှိခဲ့တယ်။ ဒီနေ့ဟာ တစ်ဘဝလုံးမှာ ပထမဆုံးနဲ့ နောက်ဆုံးအဖြစ်

အမှတ်တရ ကျန်ရှိနေခဲ့မှာ ပါ ကိုကို့ကို လွန်းအိမ်ရဲ့ တစ်ဘဝလုံးမှာ အချစ်ဆုံး..."

"ပြောတတ်လိုက်တာ လွန်းအိမ်ရယ်... မင်းကို ကိုကို သိပ်ချစ်တယ်..."

ရစ်သိုင်းထွေးပွေ့လာသော ယုယမှုများနေ ၁က^မ၂၁ လွန်းအိမ် မျှော်လင့်ခဲ့သော နူးညံ့နွေးထွေးသည့် အနမ်းတို့ နှင့် ထာဝရ...

လွန်းအိမ်သည် ပန်းနုရောင် ပွင့်ဖတ်လေးတွေ တဖြုတ်ဖြုတ်ဆင်းနေသော နှင်းဆီခင်းထဲမှာ ကတုန်ကယင် လဲပြိုလိုက်မောလျက် ကိုကို ခေါ်ရာနောက်သို့...

******

သိပ်ချစ်သည် ဟု ကိုကိုထံမှ ကြင်နာသော စကားသံနှင့် ယုယမှုများကို ရခဲ့ပြီးသည့် နော

က်မှာ လွှန်းအိမ်ဟာ  တစ်ဘဝလုံးမှာ အပျော်ဆုံးဖြစ်ခဲ့သည် ။

ကျောင်းပို့ကျောင်းကြိုမှာ ကိုကိုပဲ ဖြစ်ကာ ညဘက်မှာ လည်း လွှန်းအိမ်ကို စာသင်ပေးပြီးမှ အိပ်ရာဝင်ဖြစ်သည် ။

"နေကောင်းရဲ့ လား လွှန်းအိမ်... မင်း မျက်နှာချောင်သွားသလိုပဲ...  အစားလည်း  သိပ်မစားဘူး..."

"ကောင်းပါတယ် ကိုကို... လွှန်းအိမ် စိုးရိမ်လွန်ပြီး စာကျက်ချိန်တွေ သိပ်များ နေလို့ ပါ... "

"ဟုတ်တယ် မင်း ညက တစ်ရေးနိုးစာထကျက်တယ် မဟုတ်လား..."

မဟောက်က လွှန်းအိမ်ကို အရိပ်တကြည့်ကြည့်ဖြစ်အောင် ချစ်သည် ။

"လွန်းအိမ်"

"ဘာလဲ ကိုကို..."

ခန်းဆီးလေးတွေ အသစ်လဲနေသည့် လွန်းအိမ် ကိုယ်လေးကို မဟော်က ခွေးခြေပုလေးပေါ်ကနေ ပွေ့ယူလိုက်၏။

"အို... ကိုကိုကလည်း ဒါလေးတပ်ပြီးရင် ပြီးပြီဟာ ပြန်တင်ပေးပါ"

"တင်မပေးနိုင်ဘူး ဒီမှာ ပြောစရာရှိလို့ "

ခန်းဆီးလေးက အပြီးမသတ်သေးဘဲ ကြမ်းပေါ်လျောကျသွား၏။

လွန်းအိမ်ကိုတော့ မဟော်က ပေါင်ပေါ်မှာ တင်လျက်နှင့် ဆိုဖာမှာ ထိုင်ချလိုက်ပြီး ထွေးပွေ့ထား၏။

"လွန်းအိမ်"

လွန်းအိမ် မျက်နှာလေးကို

"မင်းပုံစံလေးတွေ ဘာဖြစ်လို့ ပျောက်ဆုံးကုန်တာလဲဟင် မင်း ကိုကို့ကိုချစ်တာ ကိုကိုသိတယ်။ ဒါပေမဲ့ ကိုကိုလိုချင်တာ ခုလိုမျိုး ဝတ္တရားတွေကျေနေတဲ့ သိမ်သိမ်မွေ့မွေ့ လိမ္မာနေတာမျိုး မဟုတ်ဘူး "

"လွန်းအိမ် မလိမ္မာတော့ ကိုကို မုန်းသွားမှာ "

" မဟုတ်ဘူး လွန်းအိမ်ကို ကိုကိုချစ်ခဲ့တာ ဆိုးပေပေ ဂျစ်ကန်ကန်နေတတ် နေတတ်ပြောတတ်တာလေးတွေကို ခုလည်း ကိုကို့ကို ဟိုတုန်းကလိုပဲ ဆိုးနွဲ့ပါလား ခုတော့ စိတ်ကောက်တာတွေ ဘယ်ရောက်ကုန်ပြီလဲ... မင်း ကိုကို့ကို ဘာဖြစ်လို့ ရိုသေပြနေတာလဲ"

"ရိုသေပြနေတာ မဟုတ်ပါဘူး ကိုကို ကိုကို ငြိုငြင်မှာ စိုးတာပါ... လွန်းအိမ်က ကလက်တ

က်တက် နေတတ်တာ မိန်းမနဲ့ မတူတာကို ကို ကိုပဲ မကြိုက်ဘူးလို့ ပြောခဲ့တာ..."

"မင်း ကိုကို့ကို အဲဒါတွေအတွက် နာကြ ည်းနေခဲ့တယ်ပေါ့"

"မဟုတ်ပါဘူး ကိုကို... ကိုကို နှစ်သက်တဲ့ အတိုင်း ဖြစ်စေချင်တာပါ၊ လွန်းအိမ်ကို ကိုကို မုန်းသွားမှာ လွန်းအိမ် အကြောက်ဆုံးပဲ"

မဟော် လွန်းအိမ်မျက်နှာလေးကို ဟုတ်ရဲ့ လားဆိုသော သံသယများ နှင့် သေချာကြည့် နေဆဲ...

"မင်းလိုပဲ လွန်းအိမ် ကိုကို့ရင်ထဲမှာ လည်း မင်းရဲ့ အချစ်တွေကို အပြည့်အဝ ပြန်ရပ့ါမ လားဆိုတဲ့ မယုံရဲနိုင်သေးတဲ့ အတွေးတွေရှိနေ တယ်... မင်းပဲ ချစ်တတ်တာ မဟုတ်ဘူး ဆို တာကို နားလည်ဖို့ ကော လိုနေပြီ"

"ကိုကိုရယ်..."

"ဘယ်နည်းနဲ့ ပဲဖြစ်ဖြစ်ကွာ... လောဘကြီး တယ်ပဲပြောပြော ကိုကို မင်းအချစ်တွေကို ပြ ည့်ပြည့်ဝဝ လိုချင်တယ်၊ ကိုယ့်ကို မကျေနပ် သေးတာ ကြိတ်ခံစားနေရတာတွေရှိရင် ခုပြော ကိုကို ဖြေရှင်းမယ်... မင်းကျေနပ်တဲ့ အထိ..."

"ကိုကိုရယ် ... ဘာမှ မရှိဘူး အဲဒါတကယ် ပါ... ကိုကို့ကို လွန်းအိမ် သိပ်ချစ်တာ...."

လွန်းအိမ် ကိုကို့လည်တိုင်ကိုဖက်၍ ပါးပြင် ကိုနမ်းမိသည် ။

မဟော်သည် လွန်းအိမ်ကို ခါးလေးမှ ဆွဲဖ က်ကာ နုမွှတ်ရှိရာကြနေသော လွန်းအိမ် လ ည်တိုင်လေးကို ပြန်နမ်း၏။

"ဝမ်းသာလိုက်တာ ချာတိတ်ရယ် မင်းကို ကိုကို မျက်စိအောက်က အပျောက်မခံချင် အောင် ချစ်ချင်တာ... ကျောင်းလေးခိုင်းနေရ

တာတောင် စိတ်မချဘူး... အဲဒါသိလား... မင်းက ကိုကို့ထက် အသက်ငယ်နေတော့..."

"ကိုကိုကလည်း လွန်းအိမ် ပြောဖို့ လည်းထားပါဦး..."

" မဟုတ်ဘူး လွန်းအိမ် ချစ်တတ်တာချင်းတူရင် အသက်ကြီးတဲ့ လူရဲ့ ချစ်ခြင်းမှာ တည်ငြိမ်ရင့်ကျက်မှုတွေ ပိုလိမ့်မယ်၊ ကိုကို မင်းကလွဲပြီး ဘယ်မိန်းမကိုမှ ချစ်ခံဖူးတာ မဟုတ်ဘူး ၊ ကြီးမှ ဝက်သက်ပေါက်တာ မကောင်းဘူးကွ..."

လွန်းအိမ် ရင်ခွင်ထဲမှာ ခေါင်းလေးမှီကာ လက်ဖဝါးချင်း ဆုပ်ကိုင်ထားသည် ။

"ယုံပါ ဆိုတာထက် ယုံအောင် နေပြမှာ ပါ ကိုကို... ကိုကို့ကို လွန်းအိမ် သိပ်ချစ်တယ်ဆိုတာ ကိုကို နောက်တော့ သိမှာ ပါ..."

"ခု သိလို့ မရဘူးလား..."

ရယ်ကျဲကျဲပြော၍ လွန်းအိမ် မျက်နှာလေးကို မော့ယူသလိုက်သဖြင့် ကဗျာကယာ တိမ်းရှောင်ပစ်လိုက်မိသည်။

"ကိုကိုရယ်... ဧည့်ခန်းထဲမှာ "

"ဟင့်အင်း ဖယ်ပါ လွန်းအိမ် အလုပ်ပြီးအောင် လုပ်ချင်လို့ "

"ပြီးမှ ကျော်ကျော့်ကို ခိုင်းမယ် လာ... ထားလိုက် ပြောစရာကျန်သေးတယ်..."

မဟော်က လွန်းအိမ် လက်ဖဝါးလေးကို သေချာဖြန့်ယူပြီးမှ လက်ဖဝါးချင်း ပြန်ဆပ်၍ ဆုပ်ကိုင်သည်။

ပြီးတော့ လက်ဖမိုးနုနုလေးကို နမ်းလိုက်ပြီး...

"ကိုကို့ကို မေမေတို့ ဆီ အလည်သွားကြမယ်နော်..."

"ဟင်... ဘယ်တော့လဲ ကိုကို"

"မင်း ကျောင်းပိတ်မှ ပေါ့"

"လွန်းအိမ် ကြောက်တယ်... တော်ကြာ သဘောမတူ..."

"ဟော့ တော်ပြီ... ဘာပြဿနာမှ ဖြစ်ဖို့ မရှိဘူး၊ အဲဒါတွေ တွေးမနေနဲ့ ... ကျန်သေးတယ် ပြောစကားကို နားထောင်..."

သူပဲပြောလို့ ပြီးတော့ ပြုံး၍ လွန်းအိမ် သက်ပြင်းလေးချမိသည် ။

"ကိုကိုတို့ ကလေးယူမယ်နော်... စောသေးတယ်လို့ ဘယ်လောက်ကြာမှ တို့ တွက်ပြီး တားဆီးတာတွေ မလုပ်ရဘူး... မင်းက ငယ်သေးပေမယ့် ကိုကို့အသက်က ကလေးအဖေ ဖြစ်သင့်နေပြီ ပြီးတော့ ခင်ဗျားလေးကို သူများနောက် ပါမသွားအောင် ဆွဲမိဆွဲရာ ဆွဲထားရမှာ အဲဒါကြိုးတစ်ချောင်းပဲ..."

"ကိုကိုပြောတာတွေက လွန်းအိမ်ကို ချစ်တာနဲ့ မတူတော့ဘူး စော်ကားနေသလိုပဲ လွန်းအိမ် စိတ်ဆိုး လာပြီ သိလား..."

ပြောပြောဆိုဆိုအတင်းထရုန်းတော့ မပော်တ ဟားဟားရယ်ကာ အတင်းအကျပ်ချုပ်ဖက်ထား၏။

"တွေ့လား စိတ်ကောက်တတ် လာပြီ... ခဏခဏ စိတ်ကောက်နေအောင် ခဏခဏ စော်ကားဖို့ အကြောင်းရှာထားဦးမှ ..."

"ရန်ဖြစ်တာကောင်းတယ်ပေါ့..."

"ကောင်းတယ် ရန်ဖြစ်လိုက် ချော့လိုက် ရင်ခုန်သံတွေ အမြဲတမ်း ဆန်းသစ်နေတာပေါ့... တော်ကြာ ခင်ဗျားက ဒီဘူတာကြီးကို ရင်မခုန်တော့ပါဘူးဆိုရင်..."

"ကိုကိုနော်... သွား..."

လွန်းအိမ် ဘာကိုမှန်းမသိဘဲ လှိုက်ခနဲ ဝမ်းနည်းသွားကာ ကိုကို့ကို ထုပစ်ရင်း မျက်ရည်ကျလာမိ၏။

"ဟောဗျာ စိတ်ပဲကောက်စေချင်တာနော်... ငိုတော့မငိုနဲ့ ... ကလေးအငိုတိတ်အောင် ကိုကို သီချင်းမဆိုတတ်ဘူး..."

စတတ် နောက်တတ်လာသော ကိုကို့ရင်ခွင်ထဲမှာ လွန်းအိမ် အရာအားလုံး မေ့နိုင်ခဲ့သည် ...

ချောမွေ့နေသည့် ကိုကို့ကို လူကိုကော အချစ်ကိုပါ ပိုင်ဆိုင်ခဲ့ရပြီးသည့် နောက်မှာ ဘဝသည် ပြည့်စုံချမ်းသာခြင်းများ နှင့် သာ...

******

ကားရပ်လိုက်သည် နှင့် လွန်းအိမ်က တစ်

ဖက်က ဆင်းသည်၊

သူက ဒီဘက်ကဆင်း၍ လွန်းအိမ်ကိုစောင့်ကာ နှစ်ယောက်အတူ အိမ်ပေါ်တက်လာခဲ့ကြသည်။

"အား"

တိုက်ထဲလှမ်းအဝင်မှာ လွန်းအိမ် ယိုင်ခနဲ ခွေကျသွားသည်။

"လွန်းအိမ်"

မဟော် လွန်းအိမ်ကို ဖမ်းပွေ့ထားလိုက်၏။

ကျော်ကျော် ပြေးထွက်လာကာ လွန်းအိမ်ရဲ့ လွယ်အိတ်နှင့် မဟော့်လက်ဆွဲအိတ်ကို ပြောင်းယူလိုက်သည်။

အိပ်ရာပေါ်သို့ အသာချလိုက်တဲ့ အထိ လွန်းအိမ် လုံးဝသတိမရတော့၊ ကျော်ကျော် လို အပ်သမျှ အားလုံးလုပ်ကိုင်ပေး၍ ထိုင်ကြည့်

နေသည်၊

"ကျော်ကျော်"

"ဗျာ"

"မင်း သွားတော့"

"ဟုတ်"

ရင်ထဲမှာ ဗလောင်ဆူနေပြီ။

လွန်းအိမ်ကို သူ စမ်းသပ်တွေ့ရှိချက်က ကမ္ဘာလောကကို ထွက်ပြေးလျှောက်ပိုပစ်ချင်လောက်အောင် ရူးသွပ်သွားစေပြီ

ထိုစဉ် လွန်းအိမ် လူးလွန့်လှုပ်ရှားလာကာ မျက်လုံးလေးတွေ ပွင့်လာ၏။

"ကိုကို လွန်းအိမ် ဘာဖြစ်သွားတာလဲဟင်"

မဟော် အံကြိတ်လျက် လွန်းအိမ် မျက်နှာလေးကို စိုက်ကြည့်နေသည်။

လွှန်းအိမ်က လှဲနေရာမှ ထထိုင်ကာ မ ဟော့်မျက်နှာကို နားမလည်သလိုလေးကြည့် ကာ...

"ကိုကို ဘာဖြစ်လို့ လဲ လွှန်းအိမ်ကို တစ်ခုခု မကျေနပ်လို့ လားဟင်"

"လွှန်းအိမ်"

"ရှင်"

မဟော် ထိုင်ရာမှ ဖြည်းညှင်းစွာ ထရပ်လို က်သည်

"မင်း... မင်းကိုယ်မင်း သိတယ်မဟုတ်လား ပျောက်နေတာ ဘယ်နှစ်လရှိပြီလဲ"

"ရှင်"

လွှန်းအိမ် မျက်လုံးလေးတွေပြူးကျယ်သွား ကာ ကမန်းကတန်း မျက်လွှာချပစ်လိုက်သည် ။

"လွန်းအိမ်"

မပျော့်အသံက ခပ်ကြိတ်ကြိတ်ပေမယ့် တင်းမာခြင်းတို့ ကူးပြောင်းသွားပြီ ဖြစ်၏။

"ပြောစမ်း လွန်းအိမ် မင်း ဘယ်နှစ်လရှိနေပြီလဲ"

"ကိုကိုနဲ့ လက်ထပ်ခဲ့တဲ့ လကတည်းက"

"ဘာ"

တစ်ကိုယ်လုံး ကိုင်ရိုက်ခံလိုက်ရသလို နာကျင်သွားစေသည် ။

လွန်းအိမ်ကို သူ ဇနီးမယားအဖြစ် ပေါင်းသင်းမြတ်နိုးခဲ့တာ ရက်ပိုင်းပဲ ရှိပါသေးသည် ။

လက်ထပ်ပြီးကတည်းက တောက်လျှောက် လွန်းအိမ်ကို သူ လုံးဝမကျူးလွန်ခဲ့တာ ကိုယ့်ကိုယ်ကိုယ်အသိဆုံး

"လွန်းအိမ် မင်း...မင်း ရက်စက်လှချေလား

ဟင်"

လွန်းအိမ် ပခုံးလေးနှစ်ဖက်ကို ခပ်တင်းတင်းဖုတ်၍ ဆွဲထူလိုက်သည်။

"ငါကတော့... ငါ့ကိုချစ်ရှာလွန်းလို့ သိက္ခာမဲ့လောက်အောင် မရမက ယူခဲ့ရှာတာဆိုပြီး ကရုဏာတွေဖြစ် နှောင်တတွေရ မင်းကိုငါ စူးစူးနစ်နစ်ချစ်ခဲ့တာ မင်းကတော့ ငါ့ကို..."

"ကိုကို"

မဟော်က အပြောမခံ။

"တကယ်တော့ မင်းက ငါ့ကို ပညာမျိုးစုံနဲ့ ကျုံးသွင်းခဲ့တာကိုး"

" မဟုတ်ဘူး လွန်းအိမ်ကို ကိုကို ရက်ရက်စက်စက် မပြောပါနဲ့ ၊ လွန်းအိမ် ဘယ်ယောက်ျားနဲ့ မှ မချစ်ခဲ့ မပတ်သက်ခဲ့ဖူးဘူး လွန်းအိမ် ကိုကို့တစ်ယောက်အပေါ်မှာ ပဲ..

."

"တိတ်စမ်း"

မဟောင် လွန်းအိမ် ပခုံးလေးကို မွေ့ရာပေါ် ဆောင့်တွန်းပစ်လိုက်သည်။

"မင်း ငါ့ကို မှန်မှန်ပြောစမ်း ဒါ ဘယ်သူနဲ့ လဲ ဘယ်သူ့ကိုယ်ဝန်လဲ... ဇယျနေလား... မင်း အပျိုတုန်းက မင်္ဂလာဆောင်မှာ ရန်ဖြစ်တဲ့ သဘော်သားလား..."

"ကိုကို"

လွန်းအိမ် မျက်နှာလေးက တစ်ခါမှ မရှိခဲ့ ဘူးသော တင်းမာခြင်းများ နှင့် နီရဲခက်ထန် နေလေသည်၊

"လွန်းအိမ်ကို မကျေနပ်ရင် သေအောင်သ တ်ပစ်လိုက်ပါ ကိုကို၊ ဒီလောက်ယုတ်မာပက်စ က်တဲ့ ဘဝရောက်အောင်တော့ မစွပ်စွဲပါနဲ့ ၊

လွန်းအိမ် အဲဒီလို အကျင့်ပျက်တတ်တဲ့ မိန်းမမျိုး မဟုတ်ဘူး "

"ဘာကွ"

မဟော်က ရင်နာသံနှင့် ခပ်မဲ့မဲ့ ရယ်သည်

"မင်းနဲ့ ငါ ကင်းခဲ့တာ မင်းနဲ့ ငါပဲသိတယ်၊ ဒီသုံးလကျော်နေတဲ့ ကိုယ်ဝန်က ငါ့ကိုယ်ဝန်ပါလို့ မင်းပါးစပ်က ပြောရဲသေးတယ်"

လွန်းအိမ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည် ၊

ဖြစ်ခဲ့ပြီးတဲ့ အကြောင်းတွေကို လွန်းအိမ် ဘယ်လိုရှင်းပြရမလဲ ကိုကို၊ ဒီလိုဒီလို ဖြစ်ခဲ့ပါတယ်လို့ လွန်းအိမ်က ဖွင့်ပြောရမှာ လား

ပြောတော့ရော ကိုကိုယုံကြည်ဦးမှာ လား...

ကိုယ်မှားခဲ့တဲ့ အဖြစ်ကိုမှ ကိုယ်သတိမရခဲ့တဲ့ သူကို လွန်းအိမ် ဘယ်လိုရှင်းပြရမှာ လဲ၊

"ဟိုးတုန်းကတည်းက ယောက်ျားလေးတွေနဲ့ အပေါင်းအသင်းဖြစ် ဟိုမှာ ပြဿနာဖြစ် ဒီမှာ ပြဿနာဖြစ် မင်းကြောင့် ယောက်ျားလေးတွေ တိုက်ကြခိုက်ကြ... ဒါကို မင်းက လုံးဝသန့်ရှင်းပါတယ်လို့ ငါဘယ်လိုယုံကြည်ရမှာလဲ မင်းရဲ့ လှည့်ဖျားမှုတွေအားလုံး ဒီကိုယ်ဝန်က သက်သေပြပြီလေ... ကဲ... မင်း ဘယ်လို အကြောင်းပြမလဲ"

လွန်းအိမ် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်ကာ စကားသံ လုံးဝထွက်မလာတော့။

"မင်းအကြောင်းပြစရာ ရှာမတွေ့တော့ဘူးလား... ရတယ် လွန်းအိမ်၊ ငါကလည်း မေးနေပေမယ့် မင်းဖြေလာမှာ ကို နားမထောင်ရဲဘူး၊ ဘာမှ မဖြေရှင်းနဲ့ တော့ ငါက အများ အ မြ င ် မ ၂ ၁ မင်းရဲ့ ယောက်ျားပဲ၊

ပတ်ဝန်းကျင်မှာ ဒီကိုယ်ဝန်က ပြဿနာမရှိပါဘူး၊ မင်းကြောင့် ငါ့သိက္ခာ ငါ့ကိုယ်ကျင့်တရားတွေ စုတ်ပြတ်သွားခဲ့ရတယ်၊ ခုတစ်ခါ ငါ့နှလုံးသားကို ဒဏ်ရာများ စွာနဲ့ အလူးအလိမ့်ကျဆုံးအောင် မင်း လုပ်ခဲ့ပြန်ပြီ"

မဟော်က တက်ခေါင်း၍ တစ်ဘက်လှည့်သွားသည်၊

"မင်း စိတ်ကြိုက်မောင်းနှင်ဖို့ ငါဟာ နွားပဲဖြစ်ရဖြစ်ရ ကောက်ရိုးပုံစောင့်တဲ့ ခွေးပဲဆိုဆို"

"ကိုကို ကိုကိုတော်ပါတော့၊ လွှန်းအိမ်တောင်းပန်ပါတယ် တော်ပါတော့ ကိုကိုရယ်၊ ကိုကို ဘာမှ မဖြစ်စေရပါဘူး၊ မသတီစရာကောင်းတဲ့ မိန်းမတစ်ယောက်ကို ကိုကိုအောင့်အင်းသည်းခံပေါင်းနေဖို့ လည်း မလိုပါဘူး"

လွှန်းအိမ် ... မျက်ရည်စက်လက်နှင့် ပြေး

ထွက်သွားလေသည် ။ ခါတိုင်းလို ခါတိုင်းလို ဟိုဘက်အခန်း ဒီဘက်အခန်း ပြေးလူးသွားသည့် ထင်သော်လည်း လွန်းအိမ်တစ်ယောက် အိမ်မှာ မရှိတော့မှန်း အိပ်ရာဝင်ချိန်ကျမှ သိခဲ့ရ၏။

ရှုပ်ထွေးသော အိမ်ထောင်ရေး ပဋိပက္ခများကို ကျော်ကျော် နားစွင့်ရင်း... ရင်ထဲမှာ မသက်မသာ ဖြစ်နေမိလေသည် ။

"လွန်းအိမ် ဘယ်ထွက်သွားတာလဲ"

"မသိဘူး အစ်ကိုလေး... အိမ်မှာ မရှိတော့တာတော့ သေချာတယ် တစ်ခြံလုံးနှံ့နေအောင် ရှာပြီးပြီ"

ရွှံ့စရာကောင်းတဲ့ မိန်းမရယ်လို့ လည်း မေ့လို့ မရ...

ဘယ်နေရာကြည့်ကြည့် လွန်းအိမ်ရဲ့ အရိပ်ကလေးတွေပဲ ပြည့်နှက်နေလေသည် ။

လွန်းအိမ်ရဲ့ အသံ ဖြူစင်လွန်းတဲ့ မျက်လုံးလေးများ

မသိစိတ်က လုံးဝ အပြစ်မမြင်နိုင်အောင် ဖြစ်နေမိသည် ။ ဒါပေမဲ့ သူနဲ့ ကိုယ် ကင်းခဲ့တာလည်း ကိုယ်ပဲသိနေသည် ၊

ဒီကိုယ်ဝန်က ဘာကြောင့် ရှိနေခဲ့တာလဲ

ရင်ထဲမှာ အုပ်ခဲနေသော အစိုင်အခဲကသပ်သပ်၊ လွန်းအိမ်ကို မမြင်ရသည် မို့ နေမထိထိုင်မသာ ဖြစ်နေရသည် က တခြား

အိပ်ရာဝင်တော့ ကိုယ့်ရင်ခွင်ထဲမှာ သူမရှိ။

အိပ်ရာက ထလာတော့လည်း လစ်ဟာနေသော ရင်ခွင်ရဲ့ ပူပြင်းလောက်မြိုက်ခြင်း မခံစားနိုင်၊

ချစ်ခြင်းကိုဘယ်လိုအရာနှင့် မှ ချေဖျက်လို့ မရနိုင်ပါလား...

"ဒါဟာ ဒုတိယအကြိမ်ပေါ့"

မေမေ့ မျက်နှာကို ကြည့်နေရာမှ လွန်းအိမ် မျက်လွှာချပစ်လိုက်သည် ။

သူမ ကိုကိုနှင့် လက်ထပ်သွားပြီးသည့် နောက်ပိုင်းမှာ မေမေသည် ကောင်းသည် ဆိုးသည် ကို ပြင်းထန်စွာ ပြစ်တင်ကြိမ်းမောင်းခြင်း မရှိခဲ့သော်လည်း ဟိုတုန်းကနှင့် လုံးဝမတူတော့သည် ကတော့ အမှန်ပဲဖြစ်သည် ။

လွန်းအိမ် ကိုကိုနဲ့ လိုက်ပါသွားခဲ့ရပြီးသည့် နောက် လူချင်းလည်း လိုက်မတွေ့ ဖုန်းလည်း မဆက်၊ လွန်းအိမ်က သွားတွေ့တာတောင် မေမေ့ထံမှ နွေးထွေးမှုများကို တစ်ဝက်ခန့်ထိ ဆုံးရှုံးသွားခဲ့ရသလို ခံစားခဲ့မိသည် ။

မေမေ့ မျက်ဝန်းများ သည် လွန်းအိမ်ကို ဆွေးမြေ့စွာ ကြည့်နေတတ်သလို ယူကျုံးမရသော ဆုံးမ သင်ကြားလိုစိတ်တို့

အင်အားနည်းခဲ့ရသော

တစ်ဦးတည်းသော သမီးလေးမို့လည်း မပြောရက် မဆူရက်နှင့် မပြောချင်လက်စတို့ကို မျိုသိပ်တားဆီးကာ လိုရင်းကို ပြောနိုင်ဖို့သာ ကြိုးစားနေခဲ့သည့် မေမေ့မျက်နှာက ဒဏ်ရာများ စွာနှင့် ငုံ့မိုးကြည့်နေသည့် လမင်းကြီးလိုပါ။

နောက်ဆုံး မေမေသည် ကိုကိုတက်ကြွစွာ စီစဉ်ခဲ့သော မင်္ဂလာပွဲလေးကိုတောင်မှ တက်ရောက်လာခဲ့ခြင်းမရှိ။

ကိုကို့ကို ပိုင်ဆိုင်ရမှုအတွက် ကြိုးစားခဲ့ လွန်းအိမ် တမင်တကာ ကြိုးစားဖန်တီးပစ်လိုက်သလို ဖြစ်ခဲ့ရသော ဆိုးဝါးသည့် ဖြစ်ရပ်များအတွက် မေမေ့ရင်ထဲမှာ တစ်သက်တာ နာကျင်ခဲ့သွားခဲ့သည် လား

မေမေ့ထံမှ နွေးထွေးလိုက်လှဲမှုတို့ ဆုံးရှုံးခဲ့

ရခြင်းအတွက် ဝမ်းနည်းကြေကွဲမိတိုင်း ထိုအတွေးတို့ ကို လွှန်းအိမ် မကြာခဏ တွေးဖြစ်ခဲ့သည် ။

သို့သော်… သူမ အစဖော်မပေးဝံ့သလို မေမေကလည်း ဘာကိုမှ ပြန်လည်တူးဖော်၍ ဆိုဆုံးမခဲ့သည် မရှိ။

ဒီနေ့ဒီအချိန်မှာ တော့ မေမေ တစ်စုံတရာ ပြောဆိုဖို့ အတွက် အားယူနေခြင်းသည် လှုပ်ခပ်ရင်း မျိုသိပ်နိုင်သမျှ မျိုသိပ်ထားဖို့ လည်း ကြိုးစားနေသော နှုတ်ခမ်းများမှာ စုပြုံတိုးကြိတ်နေကြပြီ ဖြစ်၏။

"ဒါဟာ ဒုတိယအကြိမ်ဆိုပေမယ့် မေမေ့ရင်ထဲမှာ ဒဏ်ရာဖြစ်သွားတာကတော့ တတိယအကြိမ် သုံးခါမြောက်ပဲ သမီး"

ပြော၍ ဒေါ်ရွှေရည် နေရာမှ ထသွားသည် ။

အဖြူရောင် တရုတ်ပန်းအိုး တင်ထားသည့် ရှိုးကေ့စ်လေးနားထိ လျှောက်သွားပြီးမှ ကျော ပေးထားသည့် အတိုင်း ရပ်တန့်နေ၍

"လူတစ်ယောက်ဟာ တစ်ကြိမ်ထက်မက တဲ့ အမှားတစ်ခုကို ထပ်တလဲလဲ ကျူးလွန်လာ ခဲ့ရင် ဒီလူဟာ ဆုံးမသွန်သင်ထိုက်တဲ့ သူ မဟု တ်ဘူး လို့ သတ်မှတ်လို့ ရသွားပြီ ဒါပေမဲ့ တို့ မြန်မာလူမျိုးတွေရဲ့ မိဘနဲ့ သားသမီးကြားမှာ တော့ သားသမီးတွေက အကြိမ်ကြိမ်အခါခါ မှားယွင်းဖို့ ကို ဂရုမစိုက်တတ်ကြသလို မိဘ တိုင်းကလည်း ခွင့်လွှတ်နားလည်ခြင်းဆိုတဲ့ ရ င်ခွင်တံခါးကို အမြဲတမ်းဖွင့်ထားခဲ့ကြတာပါပဲ သမီးကို မေမေ စိတ်ဆိုးခဲ့တယ် ငါ့အမှားကြီး မျှော်လင့်ခဲ့တဲ့ သမီးဟာ ငါ့အတွက်မပြောနဲ့ သူ့ ဘဝအတွက်ကိုတောင်မှ တန်ဖိုးမထားခဲ့ပါ လားဆိုပြီး ကြေကွဲခဲ့ရတယ် ဒါပေမဲ့ မေမေ စိ တ်မနာနိုင်ပါဘူး ဘာဖြစ်လို့ လဲဆိုတော့

ညည်းက မေမေ့ ရင်သွေးလေးပဲ တစ်ခုတော့ရှိတယ်"

ဒေါ်ရွှေရည် ခပ်ဖြည်းဖြည်း ပြန်လှည့်လာပြီး လွန်းအိမ် မျက်နှာကို စူးစိုက်ကြည့်သည် ။

"ဒီတစ်ခါ သမီး မေမေ့ကို ကတိတစ်ခုပေးမှ ဖြစ်မယ်"

ဘာများ လဲဆိုသည့် စိုးရိမ်စိတ်လေးနှင့် လွန်းအိမ် မော့ကြည့်နေမိသည် ။

မေမေ့ဆီ သူမရောက်နေတာ သုံးရက်ရှိပါပြီ။

မေမေက အေးစက်ခြင်း နွေးထွေးလိုက်ခဲ၍ နာကျင်ကြေကွဲခြင်း စသော စုပြုံခံစားနေရသည့် မျက်ဝန်းများ နှင့် ရှိနေခဲ့သည့် တိုင် စကားသိပ်များများ မပြောခဲ့ပါ။

လွန်းအိမ် ပြောသမျှကိုသာ နားထောင်ကာ တွေးငေးနေခဲ့သည် ။

ဒီနေ့ မေမေ ပြောတော့ဖို့ ဆုံးဖြတ်လိုက်တာ ဘာစကားတွေဖြစ်မလဲ။

ဒေါ်ရွှေရည်က ဆိုဖာပေါ်မှာ ပြန်ထိုင်လိုက်ပြီး

"သမီးဟာ မိခင်လောင်းတစ်ယောက် ဖြစ်နေပြီ ကိုယ်ကစိတ်ပါလို့ တကယ်မှားခဲ့တာပဲဖြစ်ဖြစ် တိုက်ဆိုင်မှုတွေပေါ်မှာ စွပ်စွဲပြောဆိုခံရတာပဲဖြစ်ဖြစ် ဒါဟာ မှတ်သားတတ်မယ်ဆိုရင် ဘဝရဲ့ မှ င်နီကြက်ခြေခတ်တွေပဲ"

လွန်းအိမ် မျက်ရည်တွေ တအိအိပြည့်တက်လာသည် ။

မေမေ့ကို မော့မကြည့်ဝံ့တော့သည့် မျက်ဝန်းများက ဒူးနှစ်ဖက်ပေါ်မှာ စိုက်ချထားပေမယ့် ဒူးကိုလည်း မမြင် ပေါင်ပေါ်မှာ တင်ထား

သည့် လက်တို့ ကိုလည်း မတွေ့...

မျက်ရည်တို့ ကြောင့် အားလုံးက ဝေဝါးနေကြသည် ။

"ဒီခြေလှမ်းကို စလိုက်ကတည်းက သမီးရဲ့ ခြေ ဖ ဝ ါးမ ၂၁ ဖန်ကွဲစစူးနေခဲ့တာ ခြေရာတိုင်းမှာ သွေးစက်ထင်မှာ ပဲ ဒီဒဏ်ရာနဲ့ လှမ်းနေသမျှ သွေးတိတ်သွားရင်တောင် အနာဖြစ်နေလိမ်မယ့် သွားနေသရွေ့ နာနေမှာ ပဲ ဒီမှာ လွန်းအိမ် ညည်း မေမေ့မျက်နှာကို ကြည့်စမ်း.."

လွန်းအိမ် မျက်နှာမော့ဖို့ ကြိုးစား၍ မျက်တောင်တွေ ပုတ်ခတ်ပစ်လိုက်လျှင် မျက်ရည်စက်တွေ တလိမ့်လိမ့်ကျဆင်းသွားပြီး

မေမေ့ မျက်နှာမှာ နူးညံ့ညင်သာခြင်းကို ရှာမတွေ့။

"ဒဏ်ရာပျောက်သွားတဲ့ အထိ သမီး ထိုင်

နေမလား... ခြေတစ်ဖက်ထော့နဲ့ ပဲ ဆက်သွား မလား... ဒါမှ မဟုတ် အန္တရာယ်ရှိနိုင်တဲ့ လမ်း ကို ဘယ်တော့မှ မသွားတော့ဘူးလို့ ဆုံးဖြတ်ပြီး ကျောခိုင်းမလား..."

သားအမိနှစ်ယောက်

မျက်လုံးချင်းဆုံနေကြစဉ် လွန်းအိမ် နှုတ်ခမ်း သားလေးတွေ တဆတ်ဆတ်တုန်လာသည် ...

"မေမေ့ရဲ့ ရင်ခွင်ဟာ ဒဏ်ရာများ စွာနဲ့ ပြ န်လာတဲ့ မေမေ့သမီးကို ထာဝရခွင့်လွှတ်ခြင်း နဲ့ ကြိုဆိုနေပါတယ်... ဒါပေမဲ့ မိဘရင်ခွင်ကို ဇရပ်ပျက်တစ်ခုလို သဘောထားပြီး..."

"သမီး မဟုတ်ပါဘူး မေမေ... ဒီလို သ ဘောမျိုး တကယ်မရှိခဲ့ပါဘူး... မေမေ့ရဲ့ ရင်ခွ င်ကို သမီး တန်ဖိုးထားတယ်... တမ်းတတယ် ရောက် လာပြီး ပြန်ထွက်သွားခဲ့တာက နှလုံး သားရဲ့ မိုက်မဲမှုသက်သက်ပါ"

"ပြီးခဲ့တာကို မပြောနဲ့ တော့ သမီး... အခု မေမေ မေးနေတာက သမီးရင်ထဲမှာ ဘာရှိနေသလဲ ဆိုတာကိုပဲ"

လွန်းအိမ် မျက်ရည်တွေ မကုန်ခမ်းနိုင်စွာ ကျခဲ့ပြန်သည်။

ဒေါ်ရွှေရည်သည် သမီးဖြစ်သူ တိတ်ဆိတ်စွာ ငိုကြွေးနေခြင်းအပေါ် စူးစိုက်အကဲခတ်နေရာမှ

"ရပြီ... လွန်းအိမ် မေမေ သဘောပေါက်သွားပြီ..."

"မေမေ..."

လွန်းအိမ် ဆိုဖာပေါ်မှ ဆင်းကာ ဒေါ်ရွှေရည်ခြေရင်းမှာ ဒူးထောက်လေး ထိုင်လိုက်၏။

"သမီးကို အထင်မလွဲပါနဲ့ မေမေ... သမီးရင်ထဲမှာ ပြောမပြတတ်အောင် နာကျင်နေမိပါ

တယ်... ဒါဟာ ကံဆိုးခဲ့တဲ့ သမီးရဲ့ ဘဝကို လား... ကိုကို့ကိုလား... သမီး မခွဲခြားနိုင်ခဲ့ဘူး... သမီးရဲ့ တွေဝေနေခဲ့တဲ့ စိတ်ဟာ အားလုံးဟာ ငါ့အပြစ်တွေ ငါက စမှားခဲ့တာဆိုတဲ့ အသိတစ်ခုကြောင့် သာ ... ပြီးတော့ မေမေ့ကို သမီးကြောင့် သောကရှည်တွေလည်း မပေးချင်ဘူး... အမေဆိုတဲ့ အားကိုးစိတ်နဲ့ ပြေးလာခဲ့မိပေမယ့် ဒုက္ခမပေးသင့်ဘူးဆိုတာကို သိနေတယ်... မေမေရယ်... သမီးကြောင့် မေမေ အထပ်ထပ် အရှက်ရခဲ့တာကို သမီး သိပါတယ်..."

ထိုစကားအရောက်မှာ ဒေါ်ရွှေရည်ကကြွေကျလုလုမျက်ရည်တို့ ကို မျက်နှာမော့၍ တားဆီးရင်း မဲ့တဲ့ တဲ့ ပြုံးသည်။

"ဟုတ်တယ်... မေမေ သိပ်ကို မြတ်နိုးယုယပြီး တန်ဖိုးထားခဲ့တဲ့ သမီးလေးဟာ ဒို့ပြင် မိန်းမတစ်ယောက်နဲ့ ယှဉ်ပြီး ယောကျ်ားတစ်ယော

က်ကိုရဖို့ တန်ဖိုးမဲ့စွာ ပေးဆပ်သွားခဲ့ရတာ... အဲဒီနေ့ အဲဒီအခါမှာ မဟော်ရဲ့ ရှုံ့ရှာစက်စုပ်တဲ့ မျက် လုံးတွေ အောက် မှာ ညည်းသိမ်ငယ်စွာ ခေါင်းငုံ့ရပ်နေခဲ့ရတာ ဒီမြင်ကွင်း ဒီခံစားချက် အားလုံးကို မေမေ ဘယ်တော့မှ မေ့လို့ ရမှာ မဟုတ်တော့ဘူး... ဒါကြောင့် သမီး မျက်ရည်စက်တွေနဲ့ ရောက်လာတိုင်း မေမေ့နှလုံးသားကို မီးလောင်ထားတဲ့ သံညှပ်နဲ့ ညှပ်ခံလိုက်သလိုပဲ ..."

"မေမေရယ်..."

"အခ ခ ျစ ်မ ှ၁ အထင်ကြီးခြင်း အထင်သေးခြင်းကလည်း အဓိကကျတယ်... သူဟာ သမီးကို အထင်မြင်သေးစွာနဲ့ စတင်ပတ်သက်ခဲ့တာ သမီးရဲ့ အလှအပပေါ် သာယာတဲ့ စိတ်ဝင်ခဲ့ရင် ခဏပေါ့... သူ အထင်မကြီးခဲ့တဲ့ သမီးရဲ့ စရိုက်အနေအထားတစ်ခုခုကို

ပြောစရာတွေ့လာတာနဲ့ ချိုးဖဲ့ရင့်သီးဖို့ သူ့မှာ အမြဲတမ်း အဆင်သင့် ရှိနေမှာ ပဲ... အဲဒါကို သမီး ယုံလား..."

ယုံပါတယ် မေမေဟု မပြောဖြစ်ပါ...

ကိုကို့ထံမှ နူးညံ့ညင်သာမှုတွေကို ရခဲ့သလို ... မထင်မှတ်စွာ ရင့်သီးပက်စက်သည့် စကားတို့ ကိုလည်း ကိုကို ပြောရက်ခဲ့သည် ။

သို့သော် ရင်ထဲမှာ ဆွေးမြေ့ကြေကွဲနေခဲ့သည် က ကိုယ့်ကိုယ်ကိုယ်ပဲ ဖြစ်နေသည် ။

"ဒီတော့ သမီး စဉ်းစားပါ... ကိုယ့်ကိုယ်ကိုယ် ငါ ဘာတွေလုပ်ခဲ့သလဲ ဆိုတာကို အရင်စဉ်းစား... ပြီးရင် ဘာလုပ်သင့်ပြီလဲဆိုတာ အမှန်ကန်ဆုံးဖြစ်အောင် ဆုံးဖြတ်... အစကတည်းက မေမေ ဖန်တီးပြုပြင်ယူလို့ မရခဲ့တဲ့ သမီး ဘဝကို ခုလည်း ဘာလုပ်ပါ ဘာကိုင်ပါလို့ မေမေ မပြောတော့ဘူး... သမီးဘက်က စဉ်းစားဖို့

က လွယ်ထားရတဲ့ ကလေးအတွက်ပဲ ဒီက လေးရဲ့ အရှေ့မှာ သမီးဟာ ဘဝဆုံးတဲ့ အထိ လင်သားရဲ့ လက်ညှိုးငေါက်ငေါက်ထိုးပြီး တ န်ဖိုးမဲ့စွာ ဆက်ဆံနေမှုကို ခံသွားမှာ လား."

လွန်းအိမ် ဘာမှ မပြောနိုင်။

ဟိုတုန်းက ပြောရဲဆိုရဲနှင့် အလွန်သွက်လ က်၍ ချစ်စရာကောင်းခဲ့သော လွန်းအိမ်ထံမှ ရဲ ရင့်ခြင်းတွေ ဘာဆိုဘာမှ မရှိတော့ဘူးလား...

ထိုအဖြစ်ကို မေမေသည် လည်း ရင်နာစွာ တွေးဖြစ်နေလိမ့်မည်။

လွန်းအိမ်ကို ငုံ့မိုးကြည့်ရင်း စာနာငွေးထွေးသော အပြုံးတစ်ရပ် မေမေ့ နှု တ်ဖျားမှာ ခိုတွဲ လာပြီး အထင်မြင်သေးသော မဲ့ပြုံးတစ်ခုက ဖုံးလွှမ်းသွားခဲ့ပြန်သည် ။

"သူတောင် သူ့သိက္ခာ မာနကို ထိုခိုက်ခဲ့လို့ ခုချိန်ထိ တင်းမာရက်စက်နေခဲ့ရင် သမီးမှာ

ကော မိန်းမ မာနမရှိဘူးလား... မေမေက သမီးကို မပေါင်းပါနဲ့ ပြတ်စဲပါတော့လို့ အမိန့်ပေးနေတာ မဟုတ်ဘူး ... လူဆိုတာ ရှိသင့်တဲ့ မာနတော့ ရှိကိုရှိမှ ဖြစ်မယ် လွန်းအိမ်... ကန်ထဲမှာ ရေခပ်တိုင်း ရနေရင် ပလုတ်ကျင်းမယ်၊ ခြေဆေးမယ်၊ လက်ဆေးမယ်၊ ခွေးခြောက်တာကအစ ရေနဲ့ ခပ်ပက်မယ်။ အဲ... ရေမရှိတော့ဘူးဆိုရင်သာ မရှိမဖြစ်ပါလားဆိုတာကို နားလည်လာမှာ ... ခက်ခက်ခဲခဲကြိုးစားပါမှ တန်ဖိုးကိုသိမှာ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကို သမီး အချစ်တစ်ခုအောက်မှာ ပြားပြားဝပ်နေလိုက်ခြင်းနဲ့ တစ်သက်လုံး ပေးဆပ်မသွားဖို့ ဒီတစ်ခုပဲ မေမေ သတိပေးချင်တယ်"

******

မျက်ဝန်းတွေ မှေးမှိတ်ထားပြီး မေမေ ပု

တီးစိပ်နေသည် ကို လွန်းအိမ် ငေးကြည့်နေမိသည် ။

တီဗီဖွင့်ထားပြီး မျက်ဝန်းတို့ က တီဗီဆီမှာ မရှိခဲ့ဘဲ သူမအတွက် ကြိတ်မှိတ်ကြေကွဲနေခဲ့ရရှာသော မေမေ့မျက်နှာက နွမ်းလျရင့်ရော်သွားခြင်းကိုသာ အထပ်ထပ်တွေးမိရင်း ငေးနေခဲ့မိသည် ။

မေမေသည် အမေတစ်ခု သမီးတစ်ခ ဘဝမှ သမီးလေးတစ်ယောက်ကို တန်ဖိုးမဲ့စွာ ခွဲထုတ်ပေးလိုက်ရခြင်းအတွက် မည်မျှထိကြိတ်မှိတ်ကြေကွဲနေခဲ့မည်လား...

တစ်ယောက်တည်း အထီးကျန်နေခဲ့ရခြင်းကို ခံစားရခြင်းကတစ်ဖက် သမီးဘဝ ဘယ်လောက်ထိ ပေးဆပ်နေရရှာပြီဟု နေ့စဉ်မှန်းဆ၍ ရင်နာနေခြင်းကတစ်ဖက်နှင့် သောကများ နှင့် ရှုပ်ထွေးနေခဲ့ရှာမည်။

သူ ပြန်လာပြန်တော့လည်း မျက်ရည်ဝေ့ဝေ့နှင့် ပွေ့ပိုက်ကြိုဆိုခဲ့ရသည် သာ...

အားလုံးဟာ ဘယ်သူ့ကြောင့် လဲ...

လွန်းအိမ် မျက်ဝန်းတွေ တီဗီဘက်သို့ ပြန်အရောက်မှာ မျက်ရည်တွေ ပြည့်အိုင်နေပြီ ဖြစ်၏။

ထိုစဥ် တံခါးဝဆီမှ ဘဲလ်သံကြားလိုက်သဖြင့် ပုတီးစိပ်နေသည့် မေမေကော လွန်းအိမ်ပါ လှမ်းကြည့်လိုက်မိကြသည် ။

တံခါးတစ်ဘက်မှာ ရပ်နေသူက ဇယျကျော်

လွန်းအိမ် မျက်နှာလေးပျက်ကာ မေမေ့ကို လှမ်းကြည့်လိုက်မိ၏။

ဒေါ်ရွှေရည် မျက်ဝန်းအစုံတို့ သည် ရေခဲပြင်တစ်ခုလို ချက်ချင်းအရောင်ပြောင်းကာ ပု

တီးကို လက်ကောက်ဝတ်မှာ ပတ်သည် ။

ဆိုဖာပေါ်မှာ လှဲနေရာမှ မတ်မတ်ထိုင်၏။

ထို့နောက် နေရာမှ ထကာ အပေါ်ထပ်သို့ တက်သွားလေသည် ။

လွန်းအိမ် နားလည်လိုက်ပါသည် ။

မေမေ့ လှုပ်ရှားမှုများ နှင့် လွန်းအိမ်ကို စေ့ကြည့်သွားသည့် မျက်ဝန်းတို့ က လျှပ်တပြက် ပြောသွားခဲ့သော စကားများ ...

လွန်းအိမ် တံခါးထဖွင့်လိုက်ရင်း ဇယျရှေ့မှာ ပဲ ပိတ်ရပ်နေလိုက်မိသည် ။

"လွန်းအိမ်"

ဇယျသည် လွန်းအိမ်၏ အမူအရာကို အကဲခတ်နေသည် မဟုတ်ဘဲ မျက်ဝန်းတို့ ကိုသာ အမောတကော စူးစိုက်ကြည့်၏။

"လွန်းအိမ် နင်... သူ... သူနဲ့ ကွဲလာတယ်ဆို

..."

"ဘာလဲ နင်က ပွဲလန့်တုန်း ဖျာခင်းချင်လို့လား..."

"ဟာ..."

ဇယျ မျက်နှာ မည်းခနဲ ပျက်ကျသွားကာ ခေါင်းငိုက်စိုက်ကျလေသည် ။ သူသည် လွန်းအိမ် ရှေ့မှာ ခေါင်းငုံ့ရပ်နေရင်း...

"ငါ ဒီလောက်ထိ အောက်တန်းမကျပါဘူး... လွန်းအိမ်ရယ်... အေးစုနဲ့ ဆုံးဖြတ်ပြီး ပြောပြလို့ ငါနဲ့ များ ပတ်သက်တယ်ဆိုပြီး စိုးရိမ်စိတ်နဲ့ ပြေးလာခဲ့တာပါ..."

"ဟုတ်တယ် ပတ်သက်တယ်... နင်နဲ့ တင်မကဘူး... ငါရဲ့ အတိတ် ငါ့ရဲ့ လွတ်လပ်ခြင်းတွေ အားလုံးနဲ့ ပတ်သက်တာ... ဒါပေမဲ့ ဘယ်သူ့ကြောင့် မှ မဟုတ်ဘူး ... ပြန်ပါတော့ ဇယျရယ် ငါ... ငါ့ကို ဘယ်တော့မှ ပတ်သက်ဖို့ မကြိုး

စားပါနဲ့ နော့ လမ်းတွေ့ရင်တောင် နှုတ်မဆက်ပါနဲ့ ..."

"ဘာဖြစ်လို့ လဲ လွန်းအိမ်... ငါတို့ ရင်ထဲမှ ကောက်ကြောင်းတွေ ဘယ်လိုဖြစ်ဖြစ် ငါတို့ ဆက်ဆံခဲ့ကြတာ ဒီလောက်ထိ ဆိုးဝါးသွားနိုင်သလား... ငါ့ဘက်က အသန့်ရှင်းဆုံးဖြစ်အောင် နေပေးခဲ့သမျှ ခုကျတော့..."

"တော်ပါတော့ ဇယျရယ်..."

လွန်းအိမ် ခေါင်းခါရင်း တားဆီးလိုက်မိသည် ။

မျက်ရည်စက်တို့ သည် ဘယ်ဆီဘယ်ဝယ်သို့ လွင့်စင်ကုန်မှန်း မသိသော်လည်း ရင်ထဲက ဝေဒနာအစိုင်အခဲတို့ က လျော့ပါးသွားခဲ့သည် မရှိ။

"နေပါဦး... လွန်းအိမ် နင်တို့ ကိစ္စမှာ ငါနဲ့ ပဲ တိုက်ရိုက်ပတ်သက်နေခဲ့တာရှိတယ်ဆိုရင်

အခု ငါသွားရှင်းပေးမယ်… နင် သိပ်ခံစားနေရရင် သူကျေနပ်တဲ့ အထိ ငါရှင်းပြပေးမယ်… အဲဒါ နင့်အတွက် သပ်သပ်ပါ။ ငါမှန်နေရဲ့ သားနဲ့ တစ်ဘက်မှာ ဒူးထောက်တောင်းပန်ပေးဖို့ အထိ ငါ့မာနတွေကို လွှင့်ပစ်ပြီး ဆုံးဖြတ်ပြောတာ ဘာကြောင့် ဖြစ်တယ်ဆိုတာ နည်းနည်းတော့ပြောပြပါ…"

လွန်းအိမ် ခေါင်းခါနေဆဲ…

"မလိုဘူး ဇယျ… ဒါ ငါ့ပြဿနာ ဘယ်သူ့ကြောင့် မှ မဟုတ်ဘူး လို့ ပြောပြီးပြီပဲ ငါလည်း သူ့ကို ခယတောင်းပန်ဖို့ ဘယ်တော့မှ မကြိုးစားဘူး… ဘဝတွေ မာနတွေ ချစ်ခြင်း မုန်းခြင်း အရှုံးအနိုင် အားလုံးကို ငါကြောက်သွားပြီ နင်ငါ့ကို တကယ်ခင်နေသေးတယ်ဆိုရင် ငါ့ကို ဝေးဝေးကပဲ သတိရချင်ရပါ… မေ့လို့ရရင် မေ့လိုက်ပါ ဇယျ ငါ ကျေးဇူးတင်မှာ ပါ…

"

လွန်းအိမ် တံခါးကို ပြန်ဆွဲပိတ်ပစ်သည် ။

ဇယျ ရပ်နေဆဲဖြစ်သလို သူ ကျောခိုင်းပစ်လိုက်ပေမယ့် ခြေလှမ်းတို့ က မရွေ့လျားနိုင်သေးဘဲ ရှိသည် ။

"မုန်းခိုင်းတိုင်း မုန်းလို့ မရဘူး လွန်းအိမ်... ဖန်တီးနိုင်စေလို့ မရတာ အချစ်နဲ့ အမုန်းပဲ... စိတ်ချပါ ငါ့ကြောင့် နင်သောကဖြစ်ရမယ်ဆိုရင် ငါဘာပဲ လုပ်ပေးရလုပ်ပေးရ လုပ်ပေးမယ်။ ဒီနေ့ကစပြီး နင့် မျက်စိရှေ့ရောက်အောင် ငါဘယ်တော့မှ မလာဘူး... ဒါပေမဲ့..."

လွန်းအိမ် နားနှစ်ဖက်ကို ပိတ်ပစ်မိတော့မတတ် တုန်လှုပ်သွား၏။ ဒါပေမဲ့ အနောက်ကဖွင့်ဆိုချက်တွေကို သူ မကြားချင်တော့။

"နားမထောင်ချင်လည်း နောက်ဆုံးပြောခဲ့ပါရစေ... ငါ့ရင်ထဲမှာ စွဲမြဲခဲ့တဲ့ အချစ်ဟာ အမြဲ

တမ်းခိုင်မြဲစွာရှိနေမှာ ဒါပေမဲ့ နင့်အပေါ်မှာ မပြောင်းလဲတဲ့ သံယောဇဉ်နဲ့ ရိုးသားစွာကူညီဖို့ အမြဲအသင့်ရှိနေတယ်ဆိုတာ မှတ်ထားပေးပါ... နောက်လဆို ငါလည်း သင်္ဘောတက်ရတော့မှာ နှုတ်ဆက်ခဲ့တယ် လွန်းအိမ်"

ဇယျ အကြာကြီးရပ်နေပြီးမှ လှည့်ထွက်သွားသည်။

ခြေသံ အတော်ဝေးကွာသွားသည် နှင့် လွန်းအိမ် တံခါးဝဘက် ဖျတ်ခနဲလှည့်ကာ ပိတ်ထားသည့် ဘာဂျာတံခါးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

ဇယျရယ်

ရင်ထဲမှာ နင့်သီးစွာ ခံစားမိရင်း မျက်ရည်တွေတာတမံကျိုးသလို သွန်ကျလာ၏။ ဒီလောက်ထိ နင် ငါ့ကို မချစ်သင့်ဘူး...

ငါဟာ ငါ့ကို ချစ်ကြသူတိုင်းအပေါ်မှာ သ

စွာမဲ့ခဲ့တဲ့ မိန်းမပါ... သန့်စင်ခိုင်မြဲတဲ့ အချစ်တွေနဲ့ မထိုက်တန်တာ ငါပဲ။

တံခါးကိုဖွင့်၍ ခြံထဲကို တရွေ့ရွေ့လှမ်းဆင်းလာရင်း မီးတိုင်အောက်က ဒန်းလေးနားမှာ ခြေစုံရပ်လိုက်မိသည် ။

ဟိုတုန်းက လွန်လပ်ပေ့ါပါးစွာ ဒီဒန်းလေးပေါ်မှာ သူငယ်ချင်းတွေ တိုးကြိတ်ထိုင်ရင်း သီချင်းတွေဆိုကြ ကကြ နေ့မှန်းညမှန်းပင် မသိခဲ့ကြပါ။

မကောင်းဘူးလို့ မေမေ ပြောတာလည်း နားမဝင်။ ဆင်ခြင်သင့်တာကို ပြောပြဆုံးမလည်း နာခံရမှန်းမသိ။

မိန်းမတစ်ယောက်၏ အနာဂတ်အတွက် အတိတ်ဟာ ဘယ်လောက်ထိ အရေးပါနေသည် မှန်း သေချာစွာ မသိနိုင်ခဲ့သော ဘဝလေးမှာ 'ဘာဖြစ်လဲ သူငယ်ချင်းတွေပဲ

ဟာ' ဆိုသော မာနလေးဖြင့် ဖြူစင်မှုကို ဂုဏ်ယူနေခဲ့သေးသည်။

မိန်းကလေးတစ်ယောက် သိက္ခာမဲ့ခြင်း မမဲ့ခြင်းသည် ရည်းစားများ ခြင်းနှင့် သာ ဆိုင်သည် ဟု ယူဆ၏။

ခုတော့ ဤအရာအားလုံးသည်

"နင်င့ါကို ချစ်တယ်ဆိုတာ ငါစိတ်မဆိုးဘူး ... ဒါပေမဲ့ နင်င့ါကို မမျှော်လင့်စေချင်ဘူး ဇယျာဖြစ်လို့ လဲဆိုတော့ ငါ သူငယ်ချင်းတွေအပေါ် ဘယ်တော့မှ ရင်ခုန်မှာ မဟုတ်လို့ ပဲ"

"ငါကတော့ အမြဲချစ်နေမှာ မျှော်လင့်နေမှာပဲ..."

လွှန်းအိမ် ဒန်းလေးပေါ်မှာ ထိုင်ချလိုက်ရင်း ဟီးခနဲ ငိုကြွေးမိတော့သည် ...

ဇယျာရယ် နင် င့ါကို မေ့ပစ်လိုက်ပါ။ မေ့လို

က်နိုင်ပါစေ။

မချစ်ခဲ့ပေမယ့် သံယောဇဉ်ဆိုသော မီးက သနားကြေကွဲခြင်းကို ဖန်ဆင်းနေကာ လွှမ်းအိမ် ငိုကြွေးနေမိသည် ။

သူမဟာ မကြင်နာသူကိုမှ ချစ်နေခဲ့မိသော

******

# အခန်း (၁၃)

လွှန်းအိမ် မရှိတဲ့ အရပ်သည် အဓိပ္ပာယ်မဲ့နေခဲ့ပြီ။

ညဘက်ရောက်တိုင်း စားပွဲပေါ်မှာ ရမ်ပုလင်းတွေ ကိုယ်တိုင်ယူချကာ မူးလဲသွားအောင်သောက်ပစ်လိုက်ဖို့ စိတ်ကူးနှင့် ထိုင်ဖြစ်သည်။ မှန်းနေသည် ထင်သော်လည်း မေ့လို့ မရ။

"အစ်ကိုလေး"

ကျော်ကျော် မရဲတရဲ လာထိုင်ကာ

"ကျွန်တော် အပြစ်တင်ရင်လည်း ခံပါ့မယ် အစ်ကိုလေးရယ် အစ်ကိုလေးတို့

စကားများကြတာကို ကျွန်တော် နားထောင်မိပါတယ်"

မပေါ်က ရမ်ပုလင်းကိုဖွင့်နေရင်း မျက်မှောင်ကုတ်နှင့် စိုက်ကြည့်နေသည်။

"ကျ... ကျွန်တော် သိထားတဲ့ အကြောင်းတစ်ခုကို ပြောခွင့်ပြုပါ"

"ဘာလဲ..."

အရင်လိုစွာ မေး ဖြစ်၏။

ဖမ်းဆုပ်မရသော ပြဿနာထဲမှာ ဒါဟာ မြက်တစ်ပင်။

"နားနဲ့ မနာ ဖဝါးနဲ့နာပါ အစ်ကိုလေးရယ် ကျွန်တော် သိသလောက်ပြောရရင် လွန်းအိမ်ဟာ အင်မတန် သန့်ရှင်းပါတယ် အခုကိစ္စရဲ့ တကယ့်ကာယကံရှင်ဟာ..."

ကျော်ကျော်က မပော့်ကို မရဲတရဲ မျက်လုံး

ပင့်ကြည့်လိုက်ပြီး

"တကယ့်ကာယကံရှင်ဟာ အစ်ကိုလေးပါပဲ"

"ဘာပြောတယ်"

မဟော် ဝုန်းခနဲ ထရပ်လိုက်သည် ။

"ဟုတ်ပါတယ် အစ်ကိုလေး"

ကျော်ကျော်က မင်္ဂလာဦးညမှာ အခန်းထဲက ငိုယို၍ ဖရိုဖရဲပြေးထွက်လာသည့် မြင်ကွင်းအားလုံးကို သေသေချာချာ ပြောပြသည် ။

"အစ်ကိုလေး အဲဒီညက လူမှန်းသူမှန်းမသိအောင် မူးနေတာပါ၊ မှတ်မှတ်ရရ အဲဒီညက လွန်းအိမ် ဝတ်ထားတာ အစ်ကိုလေးလက်ဆောင်ပေးထားခဲ့တဲ့ ဖောရိန်းရှပ်အင်္ကျီ အဝါလေးပါ"

"ဟင်"

မပေဟာ် ကြက်သီးတွေ တဖျန်းဖျန်းထသွား သည် ။

မထင်မှတ်သော အံ့သြသော ဝမ်းသာကြည် နူးသော... သောများ စွာနှင့် ရင်တွေလည်း လှု ပ်ရှားလာ၏။

အဲဒီညရဲ့ နောက်မနက်မှာ သူနိုးလာတော့ လက်မောင်းအောက်မှာ ဖိမိထားသော လုံးခဲခဲ အရာကို ငုံ့ကြည့်ကောက်လိုက်တာ ရွှေဝါရော င်ကြယ်သီးလေးနှစ်လုံး၊

တစ်လုံးက ခေါင်းအုံးအစပ်နားမှာ တစ်လုံး က သူ့ရင်ခွင်ထဲမှာ

ဒီတုန်းက ဘာကိုမှ အမှတ်တရမတွေးဖြစ် ဘဲ သူကိုယ်တိုင်တောင် ကြယ်သီးလေးတွေကို ကောက်ယူ၍ မှန်တင်ခုံအံဆွဲထဲ ထည့်ထားလို က်သေးသည် ။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှစွာ နေခဲ့မိတဲ့ အဖြစ်

မပော်ဘဲ အိပ်ခန်းထဲပြေးဝင်လာခဲ့မိသည် မှန်တင်ခုံအံဆွဲကို ဖွင့်ကြည့်လိုက်တော့ ကြယ်သီးလေးတွေက ဒီအတိုင်းရှိနေဆဲ

သူ အဝတ်ဗီရိုဆီ ပြေးသည်။

ဗီရိုက သော့ခတ်ပိတ်ထားတာ ဖုန်တွေပင်တက်နေပြီ

မိတ်ကပ်ဘူးတွေ စုထည့်ထားသည့် ကော်ခြင်းလေးက ဗီရိုပေါ်မှာ ဘာတစ်ခုမှ တို့ထိကိုင်တွယ်ခြင်း မပြုခဲ့ပါလား၊

အိပ်ရာရဲ့ ခြေရင်းအောက်မှာ မဲနက်သောသားရေအိတ်ကို တွေ့လျှင် ဆွဲထုတ်ယူလိုက်သည်၊

စောင့်စည်းအပ်တာတွေ မအပ်တာတွေ သူ

နားမလည်နိုင်တော့ဘဲ အိတ်ကို အသင့်ရှိနေသည့် သော့နှင့် ဖွင့်ကာ အထဲမှာ အဝါရောင်အင်္ကျီကို ရှာ၏။

သိပ်ကြာကြာမရှာလိုက်ရဘဲ အိတ်ရဲကဘေးဇစ်ခပ်သေးသေး အိတ်ထဲမှာ သီးသန့်ထည့်ထားတာ တွေ့လေသည် ။

ဆွဲထုတ်လိုက်တော့ အင်္ကျီနှင့် ပတ်ထားသည့် စာအုပ်လေးတစ်အုပ်၊

အင်္ကျီကို အလျင်စလို ဖြန့်ကြည့်လိုက်တော့ ထိပ်ဆုံးမှာ ကြယ်သီးနှစ်လုံးမရှိ၊ ရင်ထဲမှာ လှုပ်ရှားရလွန်း၍ လက်တို့ က ကိုင်ရတာ မမြဲချင်

သားရေဖုံးအညိုလေးနှင့် စာအုပ်ပြာလေးကို မဟော် ဖွင့်ဖတ်လိုက်သည် ။

သူနဲ့ စတင်ဆုံဆည်းခဲ့သော နေ့ရက်များ

"ချောလိုက်တာ ကိုကိုရယ်... ကိုကို့ကားရှေ့

မှ၁ လွန်းအိမ် ပြေးဝင်ပစ်လိုက်တာ အဆင်မသင့်ရင် ကျိုးသွားကန်းသွားနိုင်မှန်း သိပေမယ့် မဆင်ခြင်ခဲ့မိဘူး... ကိုကို့ကိုလေ မြင်မြင်ချင်းကို စွဲလမ်းခဲ့တာ...

ကြည့်စမ်း... ကားရှေ့ကို ရောက်လာတာ တမင်ပြေးဝင်လာတာတဲ့

အံ့ဩစိတ်နှင့် ကြည်နူးခြင်းလည်း ဖြစ်ရပြန်သည်။

ကြားထဲကစာတွေကို သူစိတ်မဝင်စားနိုင်တော့...

လိုချင်တဲ့ နေ့စွဲတစ်ခုကိုပဲ အသည်းအသန်ရှာမိသည်၊

တွေ့ပါပြီ၊

...ရက်စက်လိုက်တာ ကိုကိုရယ်... 'မင်းကိုငါ လုံးဝမချစ်ဘူး'တဲ့ ... 'မင်းကိုငါ မုန်းတယ်'

တဲ့ … မုန်းတဲ့ ပါးပြင်ကို ကိုကို နမ်းတာ… အမုန်းတွေနဲ့ ပေးခဲ့တဲ့ ကိုကို့ရဲ့ ကြမ်းတမ်းရိုင်းစိုင်းမှုတွေကြားမှာ … လွန်းအိမ်ကတော့ ဘဝပျက်ခဲ့ရပါပြီ… လွန်းအိမ် လိုချင်တာ အဲဒီပေးဆပ်ခြင်းတွေ မဟုတ်ဘူး ကိုကို… ကိုကို့ရဲ့ ယုယကြင်နာစွာ ထွေးပွေ့မှု…'

… ကိုကို သိပ်ရက်စက်တတ်တဲ့ သူ…

ဖြစ်ရလေ … လွန်းအိမ်ရယ်

ဝမ်းသာကြည်နူး၍ သနားကရုဏာဖြစ်မိသော မျက်ရည်ကြည်တို့ ဝေ့သီကာ မပေါ်ဟ် ထရပ်လိုက်မိသည် ။

ဒိုင်ယာရီထဲက နောက်ဆုံးစာတမ်းလေးကို ထိခိုက်စွာ သတိရနေမိသည် ။ သူ့အတွက် ကိုယ်ပေးခဲ့သမျှ အရာရာဟာ တန်ဖိုးမဲ့စွာ…

******

လွန်းအိမ်ကို သူ လှမ်းမြင်လိုက်သည် နှင့် ။

လွန်းအိမ်ကလည်း သူ့ကို မြင်မှာ ပဲ ဖြစ်၏။

သို့သော် ဝရန်တာပေါ်ကနေ မျက်နှာမူလျှက်မှ လွန်းအိမ် ချက်ချင်း လှည့်ဝင်သွား၏။

ရှေ့ဆက်လှမ်းမည့် သူမျှား ခြေလှမ်းတွေ ရပ်တန့်ကုန်သည် ။

လွန်းအိမ် သူ့ကို မမြင်တာလား... မြင်ရက်နဲ့ မုန်းတီးနာကျည်းစွာ ကျောခိုင်းသွားတာလား၊ ခြံထဲကို တလှမ်းချင်း လှမ်းဝင်ခဲ့ရင်း ရင်ထဲမှာ စူးရှနာကျင်လာခဲ့သည် ။

"မင်းမှာ မာနတွေ သိက္ခာတွေ ပွန်းပဲ့ကုန်ပါဦးမယ် မဟော်... သမီးကတော့ ကျေနပ်မှာ မဟုတ်ဘူး ... အဲဒါ သေချာတယ်၊ မင်း ဒူးထောက်ချင်ရင် လှည့်ပြန်သွားပေါ့... အားလုံးဟာ

နေသားကျအတိုင်း ရှိနေတာ ကောင်းတယ်..."

သူ့ဘေးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည် ။

ဒေါ်ရွှေရည်က ယူကလစ်ပင်အောက်မှာ ရပ်လျက် သူ့ကို မနှစ်မြို့စွာ စိုက်ကြည့်နေသည် ။

"နေသားတကျ ဟုတ်လား အန်တီ... လွန်းအိမ်ကို ကျွန်တော် ပိုင်ဆိုင်ထားခဲ့ပြီးမှ သူထွက်သွားတာ နေသားတကျလို့ ပြောနိုင်သေးလား... ကျွန်တော့်မိန်းမကို ကျွန်တော် ခေါ်ပါရစေ"

"ငါမထည့်နိုင်ဘူး... ဆိုင်သာဆိုင်တယ် ဆိုပေမယ့်... အခု မင်းကိုယ်တိုင် နှင်ထုတ်လိုက်လို့ ငါ့သမီး ထွက်လာခဲ့ရတာ ဒီဘက်က ဘဝကို ငါပိုင်သွားပြီ မင်း ပြန်ပါတော့"

"မပြန်ဘူး ကျွန်တော် မပြန်နိုင်ဘူး..."

သူ လွန်းအိမ်ရှိရာ အိမ်ကြီးဆီကို လှမ်းမျှော်ကြည့်ကာ

"လွန်းအိမ်... လွန်းအိမ် မင်းကိုကို့ကို တွေ့နေတယ် မဟုတ်လား... ထွက်ခဲ့ပါကွာ... ကိုကိုနဲ့ ပြန်လိုက်ခဲ့ပါ၊ ကိုကို မင်းကျေနပ်အောင် တောင်းပန်ပါ့မယ်... ထွက်ခဲ့ပါ..."

သူ အသံကြားအောင် အော်ခေါ်မှ လွန်းအိမ် မျက်နှာလေး ဝရန်တာမှာ ပြန်ပေါ်လာသည် ။ မျက်နှာကို သေချာသဲကွဲစွာ မမြင်ရသော်လည်း တစ်လှမ်းခြင်း တည်ငြိမ်စွာ လှမ်းလာသည့် ခြေလှမ်းတိုင်းက သူ့အတွက် ကံကောင်းခြင်း လက်ဆောင်တို့ကို ပေးတော့မှာ မဟုတ်တာ သေချာနေခဲ့၏။

"မတောင်းပန်ပါနဲ့ ကိုကို... လွန်းအိမ်ဟာ ကိုကို ခယ တောင်းပန်နေရလောက်အောင် တန်ဖိုးမရှိခဲ့တဲ့ မိန်းမပါ... ထပ်ခါ ထပ်ခါ ချိုးပွဲ

ရိုက်ပုတ်ပေးမယ့် ကိုကိုရဲ့ အထင်သေးစကား တွေကိုလည်း လွန်းအိမ် ရင်မဆိုင်ပါရစေနဲ့ တော့ ကိုကိုပြန်ပါ..."

" မဟုတ်ဘူး လွန်းအိမ်... လွန်းအိမ်... နေပါဦး... ကိုကိုရှင်းပြမယ်... လွန်းအိမ်"

ကျောခိုင်းသွားသည့် လွန်းအိမ်ကို သူ ဒရောသောပါး လိုက်ခေါ်နေမိသည်။

"အစ်ကိုလေး အစ်ကိုလေး"

"ဟင်း"

သူ ဖျတ်ခနဲ နိုးသွားသည်။

သို့သော် အိပ်ရာထဲမှ နိုးထခြင်းမဟုတ်ဘဲ အရင်ပုလင်း ဖန်ခွက်တို့ နှင့် ဖရိုဖရဲ ရှုပ်ပွနေသည့် စားပွဲခုံဘေးမှာ ဖြစ်နေသည်။

သူဟာ အိပ်မက်ဆိုးတစ်ခုအား အရက်ပုလင်းများကို ဖက်တွယ်ရင်း မက်နေခဲ့သည် ပဲ လွ

မ်းလိုက်တာ ကလေးရယ်...

"အစ်ကိုလေး..."

"ဘာလဲ မင်း ဘာလာလုပ်တာလဲ သွား... သွား..."

ကျော်ကျော် တွန့်ခနဲဖြစ်သွားပြီးမှ မျက်နှာမသာမယာနှင့် ရှေ့ကို အနည်းငယ်ကိုင်း၍ တောင်းတောင်းပန်ပန် ဆက်ပြောသည်။

"ကျွန်တော် အစ်ကိုလေး ကယောင်ကတန်းတွေ ပြောနေလို့ လာနှိုးတာပါ..."

"ဟင်..."

သူအိပ်မက် မက်နေတုန်း ကျော်ကျော်လာနှိုးခြင်းက တိုက်ဆိုင်တာ မဟုတ်ဘူး လား၊ ဒါဆို သူဘာတွေ ယောင်ရမ်းပြောနေခဲ့မိသလဲ...

"ကိုယ့်ကိုယ်ကိုယ် ဒီလောက်ထိ မျိုသိပ် ကြိ

တ်မှိတ်မနေပါနဲ့ အစ်ကိုလေးရယ်..."

လွန်းအိမ်က အစကတည်းက အစ်ကိုလေးကို နားလည်သည်းခံပြီး ချစ်ခဲ့တဲ့ ကောင်မလေးပါ၊ ခုလည်း အစ်ကိုလေး ပြန်ချော့လိုက်တာနဲ့ သူပါလာမှာ ပါ..."

"ဩော် ... မင်းက ဒီလိုထင်တယ်ပေါ့"

ချောမွေ့နေတတ်သည့် မဟော် မျက်နှာနီမြန်းမြန်း မို့အစ်အစ်က ဝေဒနာအစိုင်အခဲများ နှင့် ဖျော့ကျသွားလိုက် ရဲတက်လာလိုက်။

ခက်ထန်ရင့်ရော်သွားသယောင်လည်း ရှိနေတတ်ကာ အရောင်တွေ အမျိုးမျိုးပြောင်းလဲနေ၏။

ကျော်ကျော် စိတ်မကောင်းစွာ ရပ်ကြည့်နေမိသည် ။

တစ်သက်လုံး သန့်သန့်ခန့်ခန့်ကြီး နေတ

တ်ခဲ့သော အစ်ကိုလေးဟာ ရဲသုလွင်နှင့် ပတ်သက်သည့် ကိစ္စဖြစ်ခဲ့ပြီး အရှက်ရခဲ့ခြင်းကြောင့် စကာလုံးတွေထဲမှာ သိက္ခာတွေ မာနတွေ ရောမွှေရင်း မညှာမတာပြောခဲ့တာမျိုး ရှိချင်ရှိမည်။

လွန်းအိမ်ကို ညီမလေးလိုကော ဇနီးလေးလိုပါ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာကို သူသိသည် ။ အော်ငေါက်ဆူပူတာမျိုး လုတ်တတ်သော်လည်း ကွယ်ရာကနေ အရိပ်တကြည့်ကြည့် ဖြစ်နေခဲ့တာ သိပ်ခက်ခဲစွာ အကဲစမ်းစရာမလို

ခုလည်း ဒေါသကြောင့် ပြောမှားဆိုမှားတွေ ဖြစ်ခဲ့သည် ။

ပြောပြီးတော့ သူပဲ အရှုံးကြီးတစ်ပိုင်း

အမှန်တရားကို မမြင်မသိဘဲနဲ့ တောင် လွန်းအိမ် မရှိတော့ အရက်တွေသောက်သည် ။ ထင်ရာတွေသွား ပြန်လာတော့သောက်။

မူးတော့ ပြောချင်ရာတွေပြောလာသည်။

"ချစ်တယ် ငါ လွန်းအိမ်ကို သိပ်ချစ်တယ်၊ သူ ဘာဖြစ်ဖြစ် ငါမေ့လို့ မရဘူး... လွန်းအိမ်ရယ် ... မင်း အဲဒီလောက်ထိ ကိုကို့ရင်ထဲ ဝင်ပုန်းနေခဲ့တာသိလား... မင်းဘာဖြစ်လို့ ထွက်သွားတာလဲ...

ကိုကို ခွင့်လွှတ်နိုင်တဲ့ အထိ မင်းဘာဖြစ်လို့ သည်းမခံနိုင်တာလဲ...

အပြစ်ရှိရင် ပြောခံရမှာ ပဲ ဒါကိုမင်း ဘာဖြစ်လို့ မာနတွေ ထားသွားတာလဲ၊ ပြန်လာခဲ့ပါ ကလေးရယ်... မင်း မရှိရင် ကိုကို မဖြစ်ဘူး...

ကိုကို့ကို တစ်လောကလုံး လက်ညှိုးထိုးကြပါစေကွာ... ကိုကို ဂရုမစိုက်တော့ဘူး...

ပြန်လာခဲ့ပါ အချစ်ရယ်..."

ထိုအချိန်မှာ လည်း အစ်ကိုလေးခများ တစ်

ယောက်တည်း မနေတတ်တိုင်း သောက်နေခဲ့တာ နေ့မလင်း ညမလင်း...

ခု အမှန်တရားကို သိတော့လည်း

"ငါ့ကို လွှန်းအိမ် ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်တော့ဘူး အဲဒါ ငါသိတယ်" တဲ့ လွမ်းနေတာကို ကြိတ်မှိတ်လူးလိမ့်ခံစားရင်း အရက်ကိုပဲ ဖယ်တွယ်နေခဲ့သည် ။ ဘာပဲဖြစ်ဖြစ် သူကြည့်မနေရက်ပါ။

"ကျွန်တော်က ဘေးလူပါ အစ်ကိုလေးရယ်... ဒါပေမဲ့ ကာယကံရှင်ထက် ဘေးလူက ပိုပြီး ဝေဖန်တတ်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်နိုင်တဲ့ အမှန်တရားကို တစ်ခါတလေ ဘေးလူက သိနေတတ်တာရှိတယ်... ကျွန်တော်ပြောတာကို
ခဏလေးနားထောင်ပေးပါနော်၊
ဘာအလုပ်ပဲဖြစ်ဖြစ် ထိုင်ပြီးတွေးကြည့်နေ

တာထက် ပြေးကြည့်တာက ပိုမှန်ပါတယ်၊ အစ်ကိုလေးသာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် လွန်းအိမ်ကို..."

"ဟိတ်ကောင် တော်စမ်း..."

မဟော် စားပွဲကို ဖျန်းခနဲပုတ်၍ အော်ပစ်သည် ။

"အိမ်ထောင်ရေးဆိုတာကို မင်း ဘာမှတ်နေသလဲ၊ သမီးရည်းစား စိတ်ကောက်သလို ပန်းကလေးပို့ စာလေးရေးပြီး ချော့လိုက်တာနဲ့ ပြီးသွားမယ်လို့ မင်းထင်နေသလား..."

"ဟုတ်ပါတယ်... ဒါကို ပြေလည်အောင် ကျွန်တော် ဘယ်လိုပဲဖြစ်ဖြစ် ရှင်းပြမယ်... တောင်းပန်မယ် ... သူတို့ သားအမိနဲ့ ကျွန်တော်တို့ စိမ်းခဲ့ကြတာမှ မဟုတ်ဘဲ အစ်ကိုလေးရယ်"

မဟော်က ခေါင်းခါပစ်လိုက်သည် ။

ကျော်ကျော့်ရင်ဘတ်ကို ဖိတွန်းပစ်လိုက်ပြီး ထွက်သွားဖို့ လက်ခါပြ၏။

သူတို့ သားအမိနဲ့ မစိမ်းခဲ့ဘူးတဲ့ ...

ဟွန်း...

သူပြုံးလိုက်မိပေမယ့် မကြည်လင်သော ကြေကွဲပြုံးဖြစ်သည် ။

မင်္ဂလာပွဲလေး သူစီစဉ်ဖို့ လုပ်ခဲ့တုန်းက လွန်းအိမ်က ဖုန်းဆက်သည် ။

သူကတော့ တလေးတစားဖြစ်ရအောင် ကိုယ်တိုင်သွားခေါ်ခဲ့တာပါ။

ဧည့်ခန်းမှာ ငုတ်တုတ်ထိုင်လျက် ပုတီးစိတ်နေသော မျက်နှာသည် ဘာရောဂါဝေဒနာမှ မရှိ။

လောလောဆယ် ထသွားထလာ မလုပ်နိုင်လောက်သော ဝေဒနာအင်အားကို သူ

မတွေ့ပါ။ ဒါပေမဲ့ ဒေါ်ရွှေရည်က မတွန့်ဆုတ်သော ကွယ်ဝှက်လို၍ မလုံမလဲဖြစ်ခြင်းများလည်း ကင်းသော မျက်ဝန်းများ နှင့် သူ့ကို တည့်တည့်ပဲ ကြည့်ပြောခဲ့သည် ။

"သမီးလည်း ဖုန်းဆက်သေးတယ် သား... အန်တီ နေမကောင်းလို့ မလာတော့ဘူးလို့ ပြောလိုက်တယ်လေ"

" မဟုတ်ဘူး အန်တီ ကျွန်တော် အန်တီ့ကို ဒီအတိုင်းလေးပဲဖြစ်ဖြစ် လွန်းအိမ်ဘေးမှာ လာထိုင်ပေးစေချင်တာပါ... သူအားငယ်မှာ စိုးလို့ ..."

"သူ အားမငယ်ပါဘူး... အားငယ်တတ်တဲ့ စိတ်မျိုးရှိရင်လည်း ခုလို နောက်ကျတဲ့ မင်္ဂလာပွဲမျိုး ဖြစ်လာမှာ မဟုတ်ဘူး ..."

ထိုစကားကိုကျတော့ မျက်နှာတစ်ဘက်လှည့်၍ အေးစက်စွာပြောခဲ့သည် ။

ထိုစဉ်က သူမ၏ ဆိုလိုရင်းကို သဘောပေါက်လိုက်ကာ သူမျက်နှာပူ အရှက်ရခဲ့သည် ။

ဒေါ်ရွှေရည်သည် ပြီးခဲ့သော အဖြစ်အပျက်တို့ နှင့် ပတ်သက်သော ဒဏ်ရာတို့ ကို မှတ်သားသိမ်းဆည်းထားခဲ့သည် ။

လွှန်းအိမ်ကို ဥပေက္ခာထား၍ နှလုံးမီးကို ငြိမ်းဖို့ ကြိုးစားနေသူမှန်း ထိုအခါကျမှ သူ ထိတ်လန့်အံ့ဩစွာ သိခွင့်ရခဲ့သည် ။

သူ့မရင်ထဲမှာ သမီးမိုက်လေခြင်းဆိုသည့် ရင်နာစိတ်နှင့် ကြေကွဲနေခဲ့သည် ။ ငါ့သမီးလေး မျက်နှာငယ်စွာ လက်ထပ်ခဲ့ရှာသည် ဟု တသသခံစားရင်း မျိုသိပ်ကြိတ်မှိတ်နေခဲ့သည် ။

ဒီအဖြစ်တွေထဲမှာ သူဟာ ဘယ်နေရာ ဘယ်အခန်းက ပါဝင်နေမလဲ၊ ရင်ထဲမှာ လေးနက်စွာ တွေးဖြစ်ခဲ့ဖူးသည် ။

ဒါပေမဲ့ လွန်းအိမ်ကိုတောင် သူဖွင့်မပြောဖြစ်ခဲ့ပါ။

လွန်းအိမ်ကို ကြင်နာယုယခြင်းများ နှင့် ပေးဆပ်ရင်း အရာအားလုံးကို ချေဖျက်နိုင်မည်ဟု သူတွက်ခဲ့သည် ။

ခုတော့ အတိတ် ပစ္စုပ္ပန် အနာဂတ် အားလ ုံးမ ၂၁ လွဲမှားခဲ့သည့် သူ၏ ဒေါသတစ်ချက်ကြောင့် ဘာဆိုဘာမှ မျှော်လင့်ချက် မရှိတော့။

လွန်းအိမ် ဒေါ်ရွှေရည်လက်ထဲ ပြန်ရောက်သွားခဲ့သော အဖြစ်သည် သူ့အတွက် မျှော်လင့်ချက် မဲ့သွားခြင်းသာ ဖြစ်၏။

သူ လွန်းအိမ်ကို သွားမခေါ်ရဲတော့ပါ။

ခေါ်ဖို့ ကြိုးစားလိုက်တိုင်း ကိုယ့်အပြစ်နဲ့ကိုယ် 'မသွားနဲ့ မရဘူး' ဆိုသည့် အဖြေတစ်ခုသာ မပြောင်းလဲစွာ ထွက်ခဲ့သည် ။

ဒါဟာ မာနကြောင့် မဟုတ်ပါ...

သူမှားခဲ့တာသူသိနေ၍ ဒီအတိုင်းပဲ ခံစားနေသင့်သည် ဟု ယူဆကာ ဒဏ်ခတ်နေခဲ့မိခြင်း ဖြစ်သည် ။

ခံရချက်ကတော့ မသက်သာလှပါ။

ကိုကို ရူးတော့မယ် ချာတိတ်ရယ်...

မချစ်တတ်ခဲ့တဲ့ သူ့ကို ချစ်တတ်စေခဲ့ပြီးမှ မင်း ကိုကို့ကို ပြတ်သားသွားတယ်နော်... မင်း မမှားပါဘူး ... ကိုယ်မှားတာ

အဲဒါ မင်းကို ချစ်လွန်းလို့ ပါ ကလေးရယ် မင်းကို ကိုကိုသိအောင် ပြောခွင့်မရှိတော့ဘူး။ ခုတော့ မယားလည်း ဆုံး... ရင်သွေးလည်း ဆုံး...

ကိုယ့်ရင်သွေးလေးဖြစ်နေပါလျက်နှင့် လွန်းအိမ်ကို သူ လက်ညှိုးထိုး၍ ချိုးပဲ့ပြောဆို

ခဲ့သည် ။ အဆိုးဆုံးမှာ ထွက်သွားတော့လို့ နှင်ထုတ်ခဲ့ဖူးတာလည်း သူပါပဲ

ဒီလိုလူ ကြေကွဲနေရတာ ဆန်းလို့ လား...

ဟုတ်တယ် သေအောင် ခံစားဖို့ သင့်တာပေါ့

"လွှန်းအိမ်က အစကတည်းက အစ်ကိုလေးကို နားလည်သည်းခံပြီး ချစ်ခဲ့တဲ့ ကောင်မလေးပါ" တဲ့ ကျော်ကျော်တောင် သိနေတယ် ။

ငါမသိဘူး...သိလျက်နဲ့ အနိုင်ယူခဲ့မိတာ။

လွှန်းအိမ်အပေါ် သူ နိုင်ကွက်တစ်ခုနဲ့ အမြဲတမ်း ချိုးနှိမ်ဆက်ဆံခဲ့သလို ဖြစ်ခဲ့သလား...

မဟုတ်ဘူး ... လွှန်းအိမ်ကို သူ အစကတည်းက ချစ်ခဲ့တာပါ၊

မင်းကို နိုင်ချင်တာ မဟုတ်ဘူး ၊ ကိုယ့်ကို

ယ်ကိုယ် မကျေနပ်စိတ် တစ်ခုတည်းရှိခဲ့တာ။

သူ့ကို လက်ညှိုးထိုးကာ အလကားယောက်ျားတစ်ယောက်ဖြစ်အောင် ပြောဆိုခဲ့သော ရဲ၏ ပြောစကားများ အောက်မှာ ရှက်ရွံ့သိမ်ငယ်ခြင်းတွေ ခံစားခဲ့ရသမျှ လွန်းအိမ်ကို သူ ရက်စက်စွာ ပြောဆိုဆက်ဆံခဲ့မိခြင်းဖြစ်သည် ။

အချစ်ဟာ အရောင်မကွဲသေးပေမယ့် သံယောဇဉ်ကြိုးက အဲဒီအချိန်မှာ ကတည်းက ခိုင်မာခဲ့ပြီးသားပါ လွန်းအိမ်ရယ်...

မင်းကိုယ့်ကို နာကျည်းသွားမှာ ပါ...

"စိတ်နာပါပြီ ပြတ်သားပါမည်ဟု နှောင်တတွေ ရင်မှာ ပိုက်၍ ခိုဝင်သွားခဲ့သော မိဘအရိပ်အောက်ကနေ အမှားများ စွာနှင့် သူ့ဘက်က ဘယ်လိုအင်အားတွေနဲ့ ဆွဲထုတ်ခေါ်ရမလဲ...

******

"အိမ်မှာ လည်း သောက်လို့ ရတာပဲ အစ်ကို လေးရယ်... တော်ပါတော့ဗျာ... ကျွန်တော် လို အပ်တာ အားလုံးဝယ်ပြီး ကားထဲမှာ ထည့် ထားပြီးပြီ ပြန်ရအောင်နော်"

"ဖယ်စမ်းပါ... ငါ ဒီမှာ ဒီနေ့ အချိန်ဖြုန်းလို့ တမင်ဝင်လာတာ မင်းက ဘယ်လို ရောက်လာ တာလဲ သွား ပြန်တော့"

မဟော်သည် ကော်ဖီရောင် ဘောင်းဘီရှည် အပွနှင့် ရှပ်လက်ရှည်အဖြူကို ကြယ်သီးစုံတပ် ၍ ဝတ်ထားသဖြင့်မင်းသားတစ်ယောက်လို ချောနေသည်။

သို့သော် ကားနားမှာ ခေါင်းစိုက်လုလုဖြစ် နေသည့် မြင်ကွင်းက ဆိုးဝါးလှသည်။

ဖုန်းဆက်ကြည့်လိုက်တော့ အစ်ကိုလေးပြ န်သွားတာ ကြာပြီဟု သိလိုက်ရကတည်းက

သူဒီကို တန်းလိုက်လာခဲ့သည် ။

ထင်သည့် အတိုင်း အစ်ကိုလေး စားပွဲတစ်လုံးနှင့် တစ်ယောက်တည်း မှောက်နေပြီ ဖြစ်၏။

ကုလားထိုင်ကျောမှီမှာ ဂျူတီကုတ်ကို တင်ထားကာ ဘေးအိတ်က စားပွဲပေါ်မှာ ကျော်ကျော်နှင့် တောင် မနေတော့ဘဲ မဟော်ကိုယ်ကြီးကို ဖွတ်တရွတ် ဝင်တွဲသည် ။

"ထနော် အစ်ကိုလေး ကျွန်တော့်ကိုတွဲ..."

"ဟာကွာ... ပြဿနာပဲ ဘာဖြစ်လို့ ငါ့ကို လိုက်နှောင့်ယှက်နေတာလဲ ဖယ်စမ်းပါ"

"မိုးချုပ်သွားမှာ စိုးလို့ ပါ အစ်ကိုလေးရယ်... နေ့လည်က သူ့ဆီက ဖုန်းလာတယ်... ညနေခြောက်နာရီ အစ်ကိုလေးကို ဖုန်းပြန်ဆက်ဖို့ သေချာမှာ သွားတာ အစ်ကိုလေး အိမ်မှာ ရှိမနေရင် ဘွား ရောက်လာမှာ အစ်ကိုလေးရဲ့ ..."

"ဟင်... ဘွား ဖုန်းဆက်တယ်"

"ဟုတ်တယ် အစ်ကိုလေး"

တကယ်က မဟုတ်ပါ။

အစ်ကိုလေး ဒေါသဖြစ်ဖြစ်နှင့် ဆူငေါက်တွန်းထုတ်ပစ်လိုက်မှာ စိုး၍ လေးစားရမည့်သူ တစ်ယောက်နှင့် လှည့်ပြောလိုက်ရခြင်း ဖြစ်သည် ။

ထို့ကြောင့် လည်း အတင်းဖယ်ချနေသည့် မဟော့်လက်တွေ အားလျှော့သွားခဲ့၏။

"စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ... ငါ့မိန်းမ ငါလွမ်းတာတောင် လွတ်လွတ်လပ်လပ် မလွမ်းရဘူး... အေ့ မင်း... မင်း ဘာပြော သွားပြောလိုက်သလဲ ကျော်ကျော်... ဘွားက ဘာလို့ ဖုန်းဆက်လိုက်တာလဲ"

"မပြောပါဘူး အစ်ကိုလေးရယ် ... ဘွား သိ

မှာ တောင် ကျွန်တော်က စိုးရိမ်နေတာပါ၊ အဲဒါကြောင့် အစ်ကိုလေးကို ကျွန်တော် လာခေါ်တာပေါ့"

မဟော့်ကို ကားပေါ်မှာ နေရာတကျဖြစ်အောင် သေချာထည့်ပေးပြီးမှ သူ့မှာ ရင်လေးသွားမိပြန်၏။ အစ်ကိုလေး အရက်မူးပြီး အိမ်ရောက်လို့ တန်းအိမ်သွားလျှင် ပြဿနာမရှိ...

ဒါမှ မဟုတ် အရက်ရှိန်နဲ့ မေ့သွားမလား...

"ခြောက်နာရီထိုးနေပြီ ဘွားလည်း ဖုန်းမဆက်ပါလား" လို့ များ မေးလာလျှင် သူဘယ်လိုဖြေမလဲ။

အစ်ကိုလေး ဒေါသကို သူကြောက်ပါသည်။

အထူးသဖြင့် အစ်ကိုလေးဟာ ညာတာကိုခွင့်မလွှတ်တတ်ဆုံး

သူနောက်ခန်းတံခါးကို ဖြည်းညှင်းစွာ ပြန်ပိတ်ရင်း ငုံ့ကြည့်မိသေးသည် ။

နေရာတကျ ထိုင်လျက်ရှိပေမယ့် မဟော်ကူရှင်ပေါ်မှာ ခွေခေါက်ကျမတတ် မော့လန်နေသည် ။

"အား... ကျွတ်ကျွတ်... အော့..."

ခေါင်းကိုနှိပ်၍ မျက်နှာမဲ့၏

အရက်ကို အလွန်အကျွံသောက်နေရှာသည့် အစ်ကိုလေးသောကကို သူဘယ်လိုမှ မကြည့်ရက်နိုင်။

ထို့ကြောင့် မှသားတွေ သုံးခဲ့မိသည် ။

ဒါဟာ အပြစ်တစ်ခုဖြစ်ခဲ့သည် ဆိုလျှင်ရှိပါစေတော့...

ကျော်ကျော် ရှေ့မှာ သွားဝင်ထိုင်ကာ နတ်သမီး စားတော်ဆက်ရှေ့ကနေ မောင်းထွက်ရ

န် သော့ပေါက်ကို သော့ဖွင့်ဖို့ ထည့်လိုက်မိစဉ် မျက်လုံးတို့ က စားတော်ဆက်နှင့် ကပ်လျက် ပန်းအလှခြင်းလေးတွေရောင်းသည့် ဆိုင်ကြီး ဆီသို့ အမှတ်တမဲ့ ရောက်သွား၏။

"ဟာ... လွန်းအိမ်"

ရင်ထဲမှာ အတိုင်းအဆမရှိ ဝမ်းသာသွားသ ည် ။

ခြေသလုံးတစ်ဝက်သာသာရှိသော နောက် ကွဲနှင့် ရှားရင့်ရောင်စကတ်အကျပ် တီရှပ်အဝါ နုနုလေးနှင့် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထား သည့် လွန်းအိမ်သည် အနီရဲရဲ အပွင့်သေးသေး တွေ အုပ်အုပ်ခဲခဲပါသော ပန်းခြင်းကလေးကို ဆွဲ၍ ဆိုင်ထဲက ထွက်လာနေသည့် အစ်ကို လေးကို ဖျတ်ခနဲ ကြည့်လိုက်မိသည် ။

ဘာဆိုဘာမှ သိလိုမြင်လိုသော ဆန္ဒရှိပုံမရ သည့် အစ်ကိုလေး၏ အင်အားမဲ့နေသော ကို

ယ်ခန္ဓာသည် လွန်းအိမ် ဟိုမှာ ပါလို့ လူပ်ပြော လျှင်တောင် အလွယ်တကူ လက်ခံခေါင်းထော င်ကြည့်ဖို့ မလွယ် ကျော်ကျော် ကားပေါ်မှ ချက် ချင်း ပြေးဆင်းသည် ။

ခြေလှမ်းတို့ က ခလုတ်တိုက်မတတ်ဖြစ် ကာ လွန်းအိမ်နားသို့ ခုန်ပျံရောက်ရှိသွားခဲ့သ လိုပင်

"လွန်းအိမ်..."

စိတ်လောဘကြီး၍ လွန်းအိမ်လက်ကိုပါ သတိလက်လွတ် လှမ်းဆွဲလိုက်မိသောကြောင့် လွန်းအိမ် အထိတ်တလန့် လှည့်ကြည့်သည် ။

"ဟင်... ကိုကျော်ကျော်"

တင်းခနဲ လှည့်ကြည့်သည့် မျက်ဝန်းလေး တွေက သူ့ကိုမြင်တော့ ဝေးခနဲဖြစ်သွားသည် ။

သို့သော် လွန်းအိမ်သည် မျက်နှာကို ချက်ချ

င်းလွဲပစ်ကာ နေရာမှ ထွက်ခွာဖို့ ကြိုးစား၏။

"လွန်းအိမ်... လွန်းအိမ် ခဏနေပါဦး ညီမလေးရယ်၊ ငါ အနူးအညွတ်ကို တောင်းပန်ပါတယ်... အခု နင့်ရဲ့ ရှေ့မှာ ဒူးထောက်ပါဆိုရင် ငါထောက်ပါ့မယ်..."

"အိုး..."

"တကယ်ပြောနေတာပါ နင် ထွက်သွားကတည်းက အစ်ကိုလေး အရက်တွေချည်း သောက်နေတာ ခုထိ လုံးဝခေါင်းမပေါ်ဘူး၊ နင့်ကို အစ်ကိုလေးသိပ်ချစ်တယ်ဆိုတာ ငါသိသလို နင်လည်း သိမှာ ပါ... အပြောဆိုးတတ်တာက ခုမှ မဟုတ်ဘဲ... အကြောင်းစုံကိုလည်း သူသိသွားပါပြီ၊ နင် ပြန်လိုက်ခဲ့ပါဟာနော်..."

"ဟင့်အင်း..."

လွန်းအိမ်က အံကလေးကြိတ်၍ ရှေ့ဆက်လျှောက်ဖို့ ကြိုးစား၏။

ကျော်ကျော်က လိုက်ကာထားပြီး တတွတ်တွတ်တောင်းပန်နေ၏။

ညနေခင်းမို့ လူသွားလူလာတွေက ရှုပ်ယှက်ခတ်နေသည် ။

သူတို့ ကို ငဲ့စောင်းကြည့်သွားကြရင်း ခလုတ်တိုက်မတတ် သမင်လည်ပြန် ကြည့်တဲ့ သူကကြည့်...

"လွန်းအိမ် ငါ ငါ နင့်ရှေ့မှာ ဒူးထောက် ဒူးထောက်ပါ့မယ်"

"အို ... မလုပ်ပါနဲ့ ကိုကျော်ကျော်..."

ကျော်ကျော် တကယ်ဟန်ပြင်နေသဖြင့် လွန်းအိမ် အထိတ်တလန့် ဖြစ်သွားသည် ။ တကယ်ငိုချလိုက်တော့မတတ် ရှိနေသော ကျော်ကျော့်မျက်နှာကို မြင်ရလျှင် ရင်ထဲမှာ နင့်သွား၏။

"ငါ နင့်ကို မညာပါဘူး... ဒီည ခဏလေး ဖြစ်ဖြစ် လိုက်ကြည့်စမ်းပါ... အစ်ကိုလေး ဘာဖြစ်ကျန်ခဲ့သလဲဆိုတာကို မြင်ပြီးမှ နင် မကျေနပ်နိုင်သေးရင် ငါပြန်ပို့ပေးပါ့မယ်"

"လွန်းအိမ် မလိုက်ချင်ဘူး ကိုကျော်ကျော်... တစ်ယောက်သောသူကို အကြိမ်ကြိမ်အခါခါ သည်းခံခွင့်လွှတ်နိုင်ပေမယ့် တစ်ဘက်မှာ အထပ်ထပ်အခါခါ လိမ်ညာနှိပ်စက်သလို ဖြစ်နေတော့မယ်... လွန်းအိမ် အားလုံးကို မေ့ပါရစေ...
."

"သည်းခံခွင့်လွှတ်ခဲ့တယ်ဆိုတာ နင့်ဘက်ကရှိသလို အစ်ကိုလေးဘက်က ငဲ့ညှာကြင်နာခဲ့တာတွေလည်း ရှိခဲ့တာပါပဲ လွန်းအိမ်... သူ့ကိုယ်သူ ဘာမှန်းမသိတဲ့ အချိန်မှာ မှားယွင်းခဲ့တဲ့ အဖြစ်ကို သူမသိသလိုပဲ ယူဆပြီး ဒေါသထွက်တာ၊ ပြောမှားဆိုမှာ ဖြစ်ကုန်တာ... ဒါ

တွေကို နင် ရှိခဲ့ကြတဲ့ သံယောဇဉ်တွေနဲ့ နည်းနည်းလောက် ချေဖျက်ဖို့ ကြိုးစားမပေးနိုင်ဘူးလား... ဟိုတုန်းကတည်းက အစ်ကိုးလေးဟာ လက်ထပ်မယ့် မိန်းမကိုတောင် ဆန့်ကျင်ပြီး နင့်ကို ငဲ့ညှာစောင့်ရှောက်ခဲ့တဲ့ သူပါ"

လွန်းအိမ် လူကြားထဲမှာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည် ။

ကျော်ကျော်က လွန်းအိမ် လက်ကောက်ဝတ်လေးကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ပန်းခြင်းကိုပါ ဆွဲယူလိုက်၏။

"ကားထဲမှာ အစ်ကိုလေးရှိနေတယ် လွန်းအိမ် ခုပဲ ဟိုဆိုင်ထဲမှာ မှောက်နေလို့ ငါတွဲခေါ်လာခဲ့တာ"

"ဟင်"

လွန်းအိမ် အံ့ဩတာလည်း မဆုံးလိုက်

ကိုယ့်ဆန္ဒနဲ့ လည်း မဟုတ်...

သို့သော် ငြင်းဆန်ဖို့ လည်း သတိမရသေးမီ ကားနားထိပါသွားခဲ့၏။

ကျော်ကျော်က မဟော်ရှိနေသည့် နောက်ခန်းတံခါးကို ဆွဲဖွင့်ကာ

"အဲဒါကြည့်... အိမ်ရောက်ရင် နင် ပိုသိမှာပါ၊ အစ်ကိုလေးဟာ ချစ်တတ်ခဲ့တဲ့ သူပါ နင့်ကို သူသိပ်ချစ်တာ... ဆရာဝန်တစ်ယောက်ဖြစ်လျက်နဲ့ မကောင်းတဲ့ အရက်ထဲမှာ သူ့ကိုယ်သူ နစ်မွန်းခဲ့နေတာ မိုက်မဲမှန်း သူ့ကိုယ်သူလည်း သိတယ်၊ နင် သူ့ကို ဒီအတိုင်းပဲ ကြည့်နေတော့မှာ လား... ကြည့်နေရက်သလား"

လွန်းအိမ် ကိုကို့ကို ကြည့်ရင်း မျက်ရည်ကြောင့် အားလုံးက အရိပ်တွေအဖြစ် လှိုင်းထပြာရီကုန်သည် ...

ဒီမြင်ကွင်းကို လွန်းအိမ် မမြင်ပါရစေနဲ့

ဘာဖြစ်လို့ လာကြည့်ခဲ့မိတာလဲ... မျက်ရည်စက်တို့ အတားဆီးမဲ့ သွန်ကျလာချိန်တွင် ကျော်ကျော်က လွန်းအိမ် ပခုံးလေးကိုသာ တွန်းပို့ပြီး တံခါးပိတ်လိုက်သည် ။

ကိုကို့ဘေးမှာ ရှိုက်ငိုလိုက်ပါခဲ့ရင်း လွန်းအိမ်အာရုံထဲမှာ မေမေ မျက်နှာပေါ်လာသည် ၊ ပြီးတော့ ကိုကို့ဒေါသတွေ...

"မင်း သွားတော့ ထွက်သွားစမ်းကွာ..."

မကြားပါရစေနဲ့ ကိုကို့ ဒေါသတွေကို လွန်းအိမ် ထပ်မကြားပါရစေနဲ့ တော့၊

နှားနှစ်ဖက်ကိုပိတ်၍ လွန်းအိမ် ရှိုက်ငိုနေသည် ကို ကားမောင်းရင်း ကျော်ကျော်မြင်နေရသည် ။

တစ်ယောက်က အချစ်ကြောင့် မရှုနိုင်မကယ်နိုင်ဖြစ်ကာ အဆိပ်ကိုအစာအမှတ်နှင့် စားသုံး၍ ခေါင်းငိုက်စိုက်ဖြစ်နေသည် ။

သူ့နံဘေးမှာ ချစ်လျက်မွေ့ဖို့ ရင်း မပြတ် သားနိုင်စွာ ရှိုက်ငိုနေသည့် မိန်းကလေး နှစ် ယောက်လုံး၏ ရင်ထဲမှာ အချစ်တွေ ဖိတ်လျှံပြ ည့်မောက်နေပါသော်လည်း ...

"အား... ခေါင်းတွေ ကိုက်လိုက်တာ ကျော် ကျော်"

"ဗျာ... အစ်ကိုလေး"

မျက်လုံးမဖွင့်ဘဲ မဟော် လူပ်ရှားလာသဖြ င့် လွှန်းအိမ် ငိုရှိုက်နေရာမှ နှုတ်ခမ်းလေးကို လက်ဖဝါးနှင့် ဖိကပ်ပိတ်ပစ်ရင်း မျက်လုံးတွေ ပါ ဝိုင်းဝိုင်းလည်သွား၏။

ကျော်ကျော်က နီနေသည့် မီးပွိုင့်ဆီကို ငုံ့ကြည့်ရင်း နောက်ပြန်လှည့်၏။

"အစ်ကိုလေး ဘာဖြစ်လို့ လဲဟင်"

"မင်း မင်း ဘာလုပ်နေတာလဲ မောင်းစမ်း

မြန်မြန်"

"မီးပွိုင့်မိနေလို့ ပါ အစ်ကိုလေး... ခဏလေးပါ"

ပြောရင်း ကျော်ကျော် ဝမ်းသာသွားသည် ။

အစ်ကိုလေး သတိလက်လွတ် မူးနေပေမယ့် ကားပေါ်မှာ ရှိနေသည့် အဖြစ်ကို သိနေတာကြောင့် လွန်းအိမ်ကို ဝမ်းသာအားရ လှမ်းကြည့်မိ၏။

လွန်းအိမ်က ချောက်ချားသော မျက်ဝန်းများ နှင့် သူ့ကို ကြည့်ကာခေါင်းခါပြ၏။

ကျော်ကျော်က တစ်ချက်ပြုံး၍

"အစ်ကိုလေး အစ်ကိုလေး..."

"ဟင်း"

"မျက်လုံးဖွင့်ကြည့်ပါဦး အစ်ကိုလေးဘေး

မှာ ဘယ်သူလဲလို့ ..."

လှည့်ပြောရင်း မီးပွိုင့်စိမ်းသွားသည် မို့ ကားကိုခပ်ဖြည်းဖြည်း မောင်းထွက်လိုက်သည် ။ မဟော်က မကြားလိုက်၍ လား စိတ်မဝင်စား၍ လားမသိ

တုတ်တုတ်မျှမလှုပ်ဘဲ မျက်ဝန်းတွေကိုလည်း မဖွင့်

ကျော်ကျော်က ဆက်မပြောတော့ဘဲ ကားကို အိမ်သို့ အမြန်ဆုံးရောက်အောင် မောင်းခဲ့သည် ။

ပေါ်တီကိုအောက်မှာ ကားရပ်ပြီး အပြေးအလွှား ဆင်း၍ မဟော်ကို တွဲချ၏။

"အစ်ကိုလေး... အစ်ကိုလေး"

"ဟင်"

"အိမ်ရောက်ပြီ..."

"အင်း… ငါ့ကို … အိပ်ရာထဲ မပို့နဲ့ နော်… ငါ အရက်သောက်ဦးမှာ "

ကျော်ကျော့်လ က်ထဲ မှာ ဒယိမ်းဒယိုင်ပါ လာရင်း မဟော် စကားသံ အာလေးလျှာလေးကြီး ထွက်လာလျှင် လွန်းအိမ် မျက်နှာလေး ငယ်ကျသွား၏။

ကျော်ကျော်က မသာယာသော မျက်နှာနှင့် လှမ်းကြည့်သည် ။

"ကျော်ကျော်"

"ဗျာ"

"ငါပြောတာ … ကြား… လား…"

"ဟုတ်ကဲ့… ကြားပါတယ် အစ်ကိုလေး"

"မင်း အားလုံးဝယ်လာတယ်ဆို"

"ဟုတ်ကဲ့ ဝယ်… ခဲ့ပါတယ်"

"အင်း… မင်းတော်တယ်… အေ့… ငါဒီလော

က်နဲ့ မမေ့သေးဘူး၊ တစ်ညလုံး သူ့ကိုမေ့နေဖို့ ငါမကြိုက်တဲ့ ဒီအရက်ကို အများကြီးမျိုချရဦးမှာ ချစ်တယ်ချာတိတ်ရယ်... အဲဒါသိလား ကလေးကို မုနင့်ပေးချစ်ခဲ့လို့ ... သူက ကလေးသာသာပဲ ရှိသေးတာ၊ ခဏလေးနဲ့ မုန်းနိုင်မေ့နိုင်မှာ ပေါ့... ငါ့မှာ သာ အေ့ ... ရင်ထဲမှာ မီးတွေလောင်နေပြီထင်တယ်"

လွန်းအိမ် နားနှစ်ဖက်ကို ထပ်ပိတ်မိပြန်သည် ။

ဖြစ်နိုင်လျှင် ဤနေရာမှ ထွက်ပြေးသွားချင်သည် ။

ဒါပေမဲ့ သူက မရွှေ့ဖြစ်ခဲ့ပါ။

"လွန်းအိမ်... အစ်ကိုလေးကို ခဏဆွဲထားပါဦး... ငါတံခါးဖွင့်ချင်လို့ ..."

ကျော်ကျော်က ပြော့ပြော့ဆိုဆို မှီတွဲနေသည့် မဟော့ကိုယ်ကြီးကို လွန်းအိမ် ပခုံးလေး

ပေါ် ပုံချလိုက်၏။

ပြီးတော့ တံခါးဖွင့်ရန် တိုက်ဆီလှမ်းသွား၏။

လွန်းအိမ်မှာ သာ ရုတ်တရက် ပြင်ဆင်ချိန် မရလိုက်ဘဲ ပိကျလာသည့် မဟော့် ကိုယ်ကြီးနှင့် ထပ်ကာ ကားဘော်ဒီပေါ် ကျောပြင်လေးနှင့် ကပ်ကျသွား၏။

"အား... ဘယ်လိုဖြစ်တာလဲ မင်းက ငါ့ထက်မူးနေသလား..."

မျက်လုံးတွေကို လေးလံနေသည့် ကြားမှ အားယူဖွင့်ရင်း သူ့ကိုယ်သူ ပြန်၍ ထူမတ်ဖို့ကြိုးစားစဉ်

ဖိဆုပ်လိုက်မိသော နူးညံ့အိစက်နေသည့် လက်မောင်းသားလေးများ နှင့် မျက်နှာချင်း ပွတ်တိုက်ထိခိုက်မိသွားသဖြင့် သူ့အသိအာရုံထဲကို တိုးဝင်လာသော ယဉ်ပါးနေသည့် ကိုယ်သ

င်းနဲ့ လေးကြောင့်

"ဟင်း ... မင်း ..."

မျက်လုံးတွေ ပို၍ ပွင့်လာသည် ။

ဝင်းဝင်းစက်စက်လေးလှနေသည့် မျက်နှာလေးကိုလည်း မြင်လာရ၏။

"လွန်းအိမ်"

နှုတ်ဖျားမှ တိုးတိတ်စွာ ရေရွတ်မိကာ ခေါင်းကို ဆတ်ခနဲခါထုတ်ပစ်လိုက်၏။ ထုံထိုင်းနေသော အာရုံတွေက ပို၍ ပြတ်သားလာသည် ။

"လွန်းအိမ်လား မင်း..."

မဟုတ်ဘူး ... သူ ဘယ်လိုမှ မယုံနိုင်ဘဲ မျက်လုံးတွေကို နာကျင်သွားသည် အထိ တအားဖိပိတ်ပစ်လိုက်မိပြန်သည် ။

ပြီးတော့ ပြန်ဖွင့်၏။

လွန်းအိမ် မျက်နှာလေးက သူ့ရှေ့မှာ ရှိနေ

ဆဲ။

"လွန်းအိမ်"

သေချာသွားပြီကို သိလိုက်သည် ။

သို့သော်... သူ မယုံရဲနိုင်။

ရင်ခွင်ထဲမှာ ငြိမ်သက်စွာ ရှိနေသော ကိုယ်လုံးလေးကို သိမ်းကျုံးပွေ့ပိုက်ထားလိုက်ပြီးမှ . ..

"ဟုတ်တယ်... မင်းပဲ... လွန်းအိမ် မင်း ကိုကို့ဆီကို ပြန်လာတယ်နော် ဝမ်းသာလိုက်တာ ကိုယ်ဝန်းသာလိုက်တာ လွန်းအိမ်ရယ်..."

"အို..."

အတင်းအကျပ် ဖက်ထားလိုက်သဖြင့် လွန်းအိမ် အသက်ရှူကျပ်ကာ ရုန်းဖယ်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ပါ။

"လွန်းအိမ် လွန်းအိမ် ဘာဖြစ်လို့ ကိုကို့ကို

စကားမပြောတာလဲ... ကိုယ် အိမ်မက် မက်နေ
တာလို့ ပဲ ထင်တယ်... စကားပြန်ပြောပါကွာ...
ကိုကိုလို့ ခေါ်တာလေးကို ကိုယ် ကြားချင်တ
ယ် ပြောပါ... ခေါ်စမ်းပါ ကလေးရယ်"

မျက်နှာလေးကို ဆွဲမော့၍ စကားမပြော
သော နှုတ်ခမ်းလေးကို မဟော်
မချင့်မရဲစိုက်ကြည့်ကာ မျက်နှာငုံ့ကျလာလျှင်
လွန်းအိမ် မျက်နှာကို အတင်းငုံ့ချပစ်၏။

"ခြံထဲမှာ ကိုကို... အို..."

ကျော်ကျော် တွဲယူဖို့ မျက်နှာလှည့် လာပြီး
မှ ချာခနဲ ပြန်လှည့်သွား၏။

အလှမ်းမဝေးလှသော ပန်းခင်းကလေးထဲ
မှာ လိပ်ပြာလေးတွေ ဝေ့ဝဲထပျံသွားကြ၏။

******

မပျော် ချစ်ခင်ယုယစွာ ဘယ်လိုပဲ ပွေ့ဖက်နမ်းရှိုက်နေပစေ လွန်းအိမ်သည် အရုပ်ကလေး တစ်ရုပ်လို သက်ဝင်လှုပ်ရှားလာခဲ့ခြင်းမရှိ

"လွန်းအိမ်ရယ် ဒီစကတ်အကျပ်တွေ မင်းဝတ်ဖို့ မသင့်တော့ဘူး... ကိုယ့်ကိုယ်ကိုယ် အပျိုဖျန်းကလေးလို့ မမှတ်နဲ့ နော်... ကလေးအမေဖြစ်တော့မှာ ... စကတ်ကြီးသွားလဲလိုက်ပါကွာနော်... ကိုကို အမိန့်ပေးနေတာမဟုတ်ဘူး ... ချစ်လို့ ပြောနေတာ"

ခုတော့ မပျော်သည် အရက်မူးနေပုံ လုံးဝမရှိတော့သည့် နှယ် လွန်းအိမ်ကို အခန်းထဲထည့်ပိတ်ထားပြီးမှ သူကိုယ်တိုင် ညဝတ်ဂါဝန်အဖြူလေးကို သွားထုတ်လာသည်။

ကန့်လန့်ကာစကို ကိုယ်တိုင်ပဲဆွဲပိတ်ပေးပြီး အနားမှာ ပဲ ကျောခိုင်း၍ စောင့်

နေသည်။

"နောက်ဆို မင်းကို ကိုယ် ဂရုစိုက်တော့မယ်... ချမ်းမြေ့သာယာတဲ့ မိသားစုလေးဖြစ်ရအောင် ကိုယ်ကြိုးစားမယ်... နောင် ဒီလို ကွေကွင်းရတဲ့ ဒုက္ခမျိုးဘယ်တော့မှ မခံစားစေရဘူး"

ကျောခိုင်းရင်း စကားတွေဆိုကာ ဂါဝန်အဖြူလေးလဲပြီးရောက်လာသည့် လွန်းအိမ်ကို မြတ်နိုးမဝသော ချစ်ချင်းများ ဖြင့် စိုက်ကြည့်သည် ...

ပြီးတော့ ဖြူဝင်းသော လက်မောင်းသားလေးနှစ်ဖက်ကို တယုတယဆုပ်ကိုင်ကာ "လွန်းအိမ် ကိုယ့်ကို နားလည်ခွင့်လွှတ်ပြီး ရောက်လာတာ ဟုတ်ရဲ့ လားဟင်... မင်းရဲ့ မျက်ဝန်းတွေမှာ ရှုပ်ထွေးနေသလိုပဲ..."

"ဟုတ်တယ် လွန်းအိမ် ရှုပ်ထွေးနေတယ်

ကိုကို ဒေါသဖြစ်လွယ်တဲ့ ယောကျ်ားနဲ့ အမြဲခွ င့်လွှတ်နေခဲ့တဲ့ မိဘကြားမှာ လွန်းအိမ် ရှုပ် ထွေးနေခဲ့တယ်... ကိုကို လွန်းအိမ်ကို ဘယ် လောက်ပဲ ရက်ရက်စက်စက်ပြောဆိုဆက်ဆံ ပေမယ့် ကိုကိုနဲ့ ပတ်သက်ရင် လွန်းအိမ် မျက် နှာလွှဲမသွားနိုင်လောက်အောင် ကိုကို သက်ညှာစာနာခဲ့တဲ့ သံယောဇဉ်တွေရှိခဲ့ပါတ ယ်၊ ဒါပေမဲ့ မေမေ့မှာ လည်း လွန်းအိမ် မိုက်မဲ သမျှ ရင်စည်းခံစားပြီး အကြိမ်ကြိမ်ကို အရှက် ရကြေကွဲနေခဲ့ရှာတယ်၊ အားလုံးကို မေ့တော့မ ယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ မေမေ့ကို လွန်းအိမ် ကတိတွေ ပေးခဲ့ပြီးပြီ..."

သူမကို အံ့ဩဆွေးမြေ့စွာ ငေးကြည့်နေခဲ့ သော မပော့်ရှေ့မှာ လွန်းအိမ် တောင့်တောင့် လေး ရှိနေဆဲပါ...

ပြောသင့်၍ ပြောရန်ခက်ခဲသော်လည်း

ပြောမှ ဖြစ်မှာ မို့ လွန်းအိမ် မဟော့ မျက်ဝန်းများ နှင့် မဆုံဆည်းမိအောင် ရှောင်တိမ်းနေခဲ့သည်။

"အခု ကိုကို အရက်တွေ ဖိသောက်ပြီး ခံစားနေရတယ်ဆိုတော့ လွန်းအိမ် တွေဝေခဲ့ရပြန်ပြီ..."

ရင်ဆိုင်ပြောမထွက်ဘူးဟု ထင်ခဲ့သော်လည်း ခံစားချက်များ တနင့်တစ်ပိုးဖြစ်လာကာ လွန်းအိမ် ကိုကို့ မျက်နှာကို တည့်တည့်မတ်မတ် မော့ကြည့်လိုက်မိ၏။

"လွန်းအိမ်ကို အထင်မကြီးနိုင်တဲ့ အတွေးတွေနဲ့ ပဲ ဆက်မေ့လိုက်ပါ ကိုကို... ကိုကို နာကျည်းသွားခဲ့ပြီးရင်... နောက်ထပ် အချစ်သစ်ဆိုတာ ရှိလာမှာ ပါ... ကိုကို့ ပတ်ဝန်းကျင်မှာ လွန်းအိမ်ထက် အများကြီးသာတဲ့ မိန်းမတွေ ပြည့်နှက်နေတာ လွန်းအိမ် သိတယ်..."

"လွန်း... အိမ်..."

မဟော့်အသံသည် နှလုံးသားတွင်းမှ ပဲ့တင်ထပ်နေသလို ဖြစ်လျက် နှုတ်ခမ်းဖျားမှ တိုးသဲ့သဲ့သာ ထွက်လာခဲ့သည်။

"မေမေ လွန်းအိမ်ကို ဒီတစ်ခါ နာကျည်းသွားမယ်ဆိုရင် သမီးတစ်ယောက်ကို မေ့ဖို့ ဥပေက္ခာထားသွားနိုင်အောင် ကြိုးစာရင်း အထီးကျန်ဘဝနဲ့ နင့်နင့်သီးသီး အဆုံးသတ်ရတော့မှာ "

ပြောနေရင်း ပခုံးမှာ နာကျင်လာအောင် မချင့်မရဲ ဆုပ်ကိုက်ဖျစ်ညှစ်ထားသည့် မဟော့်လက်တွေကို လွန်းအိမ် ဖယ်ချဖို့ ကြိုးစားနေမိသည်။

"ကိုကို လွန်းအိမ်ဆီက လိုချင်တာကိုယူပါ.. . ကိုကို တမ်းတရင်လည်း လွန်းအိမ် လာပေးပါ့မယ် ပြီးရင်တော့ ပြန်ပါရစေ..."

"ဘာ... မင်း ... မင်း ... ဘာပြောလိုက်တယ်
"

မဟော် ကိုယ့်နားကိုပင် မယုံချင်...

စိတ်ထဲမှာ ရှိသည့် အတိုင်း မေးလိုက်မိပေမယ့် လွန်းအိမ် ဤသို့သော ခံစားချက်များ နှင့် ရောက်လာကာ ဒီစကားတွေပြောဖို့ စုဆောင်းနေခဲ့မည်ဟု ဘယ်လိုမှ မထင်ခဲ့ပေ။

လုံးဝပြောင်းလဲတော့မည်ဟု ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့ ဆုံးဖြတ်ပြီးဖြစ်သော စိတ်တို့ ကထွက်ပြေးဖို့ ပြောလာသည့် စကားများကြောင့် ပြင်းထန်စွာ ပေါက်ကွဲလုလုဖြစ်သွား၏။

"မင်း... မင်း ငါ့ကို စော်ကားလိုက်တာပဲ၊ ဒီစကားမျိုးတွေ မင်း ရင့်ရင့်သီးသီး ပြောထွက်လိမ့်မယ်လို့ ငါ လုံးဝမထင်ခဲ့ဘူး လွန်းအိမ် မင်းအမြင်မှာ ငါက ရမ္မက်ဆန္ဒတွေ သိပ်များနေတဲ့ ကောင် ဖြစ်နေသလား၊ မိန်းမမြင်တိုင်း

ပွေ့ပိုက်သာယာနိုင်မယ့်ကောင်လို့ ထင်နေတာ လား... မင်း ထပ်ပြောလိုက်စမ်း"

သူ တစ်ချက် ဆောင့်ခါလိုက်သဖြင့် လွန်း အိမ်မျက်နှာလေး မော့လန်သွား၏။

နဖူးပေါ်သို့ ဆံစလေးတွေ ဖရိုဖရဲဝဲကျလာ ကာ မျက်ဝန်းလေးမှာ မျက်ရည်တွေ ပြည့်အိုင် လာသည် ကို မြင်လိုက်ရပြီး။

"ကျွတ်"

မဟော် လက်တွေကို လွှတ်ပစ်၍ ခေါင်းခါ လိုက်မိသည် ။

"ဆောရီး... ကိုယ် ဒေါသဖြစ်လိုက်ပြန်ပြီ..."

သူ လွန်းအိမ် ပခုံးလေးကို ပြန်ဆုပ်ကိုင် ကာ မျက်ရည်တွေကို သုတ်ပေးသည် ။

"ကိုကိုတောင်းပန်ပါတယ်၊ ဒေါသဖြစ်လွ ယ်တဲ့ ယောကျာ်းလို့ မင်းပြောနိုင်တယ်၊ တယူ

သန့်တယ် အတ္တကြီးတယ် ကိုယ်ချင်းမစာတတ်ဘူး... ကြိုက်သလောက်ပြောပါ၊ အချစ်ကိုတော့ မစော်ကားပါနဲ့ ၊ သွေးသား ဆာလောင်မှုကို ဖြေဖျောက်ဖို့ က လွယ်ပါတယ် ကလေးရယ်... အချစ်တစ်ခုကို အစားထိုးဖို့ က ခက်တယ်... ကိုယ်သွေးဆာနေတာ မဟုတ်ဘူး ... အချစ်ကို တောင်းတနေတာ မင်းမှ မင်း တမ်းတနေခဲ့တဲ့ စိတ်ကို ဘာနဲ့ မှ ဖျောက်လို့ မရနိုင်လို့ မီးထဲကို ခုန်ချဖို့ ကြိုးစားနေတာ ကိုယ့်ရင်ခွင်ထဲကနေ ဘယ်မှ ထွက်မပြေးပါနဲ့ တော့ လွန်းအိမ်ရယ်... နော်... ကိုယ်ခွင့်မပြုနိုင်ဘူး မင်း ဘယ်မှ သွားလို့ မရတော့ဘူး..."

မဟော်သည် လွန်းအိမ် ကိုယ်လေးကို တယုတယ ပွေ့ယူလိုက်၏။

ပြီးတော့ နှစ်ယောက်အိပ်မွေ့ရာကြီးထက်မှာ ညင်သာစွာချသိပ်၍ တမ်းတမက်မောသော

အနမ်းရှည်တို့ နှင့် ထွေးပိုက်ချော့မြူနေခဲ့သည်
။

လွန်းအိမ် ကိုကို့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက် ရှိနေခဲ့၏။

သို့သော်… စိတ်တို့ သည် ဟိုအရင်ကလို ကိုကို့ထံမှ ယုယသော ချစ်ခြင်းများကို ကြည်ဖြူနှစ်သက်စွာ မဟုတ်ခဲ့ဘဲ ယောက်ယက်ခတ်ပြေးလွှားနေသည့် အာရုံထဲမှာ တွန်းထိုး ငြင်းဆန်ရင်း…

******

တင်းကျပ်စွာ သိမ်းပွေ့ထားသည့် လက်တွေကို ဘယ်လိုဖယ်ချရမှန်းမသိဘဲ လွန်းအိမ် ကြာရှည်စွာ ငြိမ်သက်နေခဲ့မိ၏။

မပျော်သည် လွန်းအိမ် တစ်ကိုယ်လုံးကို

လွတ်ထွက်သွားမှာ စိုးသလိုမျိုး ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားရင်း အိပ်ပျော်သွားခဲ့သည် ။

"လွန်းအိမ် မင်းထွက်မသွားနဲ့ တော့နော်... ကိုယ့်ကို ဒီတစ်ခါ ထားမသွားပါနဲ့ ကလေးရယ်..."

"မင်းကို ကိုယ်သိပ်ချစ်တယ်"

"ကိုယ့်အတွက် နောက်တစ်ယောက်ဆိုတာ ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး "

"ကိုယ့်ရင်ခွင်ထဲမှာ ပဲ နေနော်"

အိပ်မပျော်ခင်ထိ တတွတ်တွတ် ပြောနေခဲ့သည် ။

လွန်းအိမ် မျက်ရည်စက်တွေ မျက်ဝန်းထောင့်မှ နေ၍ ဆံစများကြားထဲသို့ စီးကျတိုးဝင်သွားသည် ။

ခွင့်လွှတ်ပါ ကိုကို... လွန်းအိမ် ရင်ထဲမှာ ကို ကို့ကို ချစ်နေတဲ့ စိတ်ကတော့ အမြဲရှိနေမှာ ပါ ။

ဒါပေမဲ့...

အိပ်ပျော်နေပြီဖြစ်သည့် မဟော့လက်တွေ ကို လွန်းအိမ် အသာလေး ဖယ်ချသည် ။

နှောင်ဖွဲ့ခြင်းမှ ကင်းလွတ်ကာ ငုတ်တုတ် လေး ထထိုင်လိုက်မိသော်လည်း ချက်ချင်းထမ သွားဖြစ်ဘဲ ရှိုက်သံမဲ့သော မျက်ရည်တို့ သာ တသွင်သွင်ကျဆင်းလာခဲ့သည် ...

လွန်းအိမ် ချစ်တတ်ပါသည် ။

သို့သော် ကိုကို့ဒေါသတွေကို ကြောက်သွား ခဲ့သည် ။

နှောင်ဘာတွေ ထပ်ဖြစ်လာဦးမည်မသိနိုင် သော မိမိအနာဂတ်မှာ အရိပ်ကောင်းတစ်ခု

ဟာ မရှိလို့ မဖြစ်ပါ။

လွန်းအိမ် မေမေ့အရိပ်အောက်မှာ ပဲ ထာဝ ရ အေးချမ်းစွာ နေနိုင်အောင် ကြိုးစားဖို့ ဆုံးဖြ တ်ခဲ့ပြီးသား

နောက်ဆုံးအဖြစ် ခိုင်မာရမည်ဟု ဆုံးဖြတ် ကာ ပေးအပ်ခဲ့သောကတိတစ်ခုကို ဒီတစ်ခါ ထပ်၍ ချိုးဖောက်မိမည်ဆိုလျှင်...

လွန်းအိမ် နေရာမှ ခပ်မတ်မတ်ထရပ်လိုက် သည် ...

အစကတည်းက ဒေါသများ နှင့် ဖွဲ့ဆည်း ထားခဲ့သည့် အိမ်ထောင်ရေးမှာ ဒီဒေါသမျိုး ဟာ အချိန်မရွေးပေါက်ကွဲလာမှာ ပဲ ဖြစ်သည် ။

ဖြစ်လာသည့် အခါတိုင်းမှာ ... အင်အားမဲ့စွာ ကျရှုံးရမည့် သူမှာ လည်း သူမ သာဖြစ်သည် ။

လူတစ်ယောက်က အကြိမ်ကြိမ်အခါခါ မှားနေသင့်သလား။

လွန်းအိမ် ညအိပ်ဂါဝန်ကို လဲချကာ အခန်းထဲက ထွက်လိုက်သည် ။

နာရီကို မော့ကြည့်တော့ ညရှစ်နာရီခွဲ

မီးရောင်တွေ ဖွေးနေသော တစ်တိုက်လုံးမှာ ကျော်ကျော့်အရိပ်ကိုတောင် မမြင်ရဘဲ ဖုန်းသံက ဆူညံစွာ ထမြည်လာ၏။

တိတ်ဆိတ်နေသည့် အိမ်ကြီးထဲမှာ ကိုကို နိုးသွားမည်စိုး၍ ဖုန်းကိုင်ဖို့ လွန်းအိမ် ခြေလှမ်းပြင်လိုက်စဉ် ကျော်ကျော် နောက်ခန်းထဲက ပြေးထွက်လာကာ ဖုန်းကိုင်လိုက်၏။

မျက်နှာချင်းဆိုင်မို့ လွန်းအိမ်ကို ကျော်ကျော် မြင်သည် ။

"ဟလို... ဒေါက်တာ မဟော် အိမ်ကပါ... ခ

င်ဗျာ လွန်းအိမ် ဟုတ်လား အန်တီ"

ဖုန်းပြောရင်း လှမ်းကြည့်လိုက်သောအခါ လွန်းအိမ် အနားသို့ရောက်နေပါပြီ။

စကားမဆိုဘဲ လွန်းအိမ်က ကျော်ကျော် လက်ထဲကဖုန်းကို ဆွဲယူလိုက်သည် ။

ထို့နောက်
နေရာတကျပြန်တင်ထားလိုက်ပြီး

"မေမေ မေးတာ မဟုတ်လား ကိုကျော်ကျော်"

"ဟုတ်တယ်လေ... ငါက အားလုံးအတွက် အန်တီ နားလည်သွားအောင် တောင်းပန်ပေးမလို့ ပါ... ဘာဖြစ်လို့ ချပစ်လိုက်တာလဲ..."

ကျော်ကျော် မျက်နှာမှာ နားမလည်နိုင်သည့် ရှုပ်ထွေးမှုတွေ ပြည့်နှက်နေသည် ။

"လင်နဲ့ မယား လျှာနဲ့ သွားဆိုတာ အန်တီ

က နားလည်မှာ ပါ၊ မနက်ကျရင်လည်း အစ်ကိုလေးကို ခေါ်သွားပြီး ကန်တော့လိုက်ကြရင် စိတ်ချသွားမှာ ... ခုလို လုပ်ပစ်လိုက်တာ ဘယ်ကောင်းမလဲ..."

"ကောင်းပါတယ် ကိုကျော်ကျော် လွန်းအိမ် ဒီမှာ ရှိနေတာကို မေမေ မသိဖို့ အတွက် ခုလိုပဲ လုပ်မှ ဖြစ်မှာ ပါ..."

"မိဘကို ညာစရာလား လွန်းအိမ်ရယ်... တစ်သက်လုံး နေသွားကြမယ့်ကိစ္စကို"

လွန်းအိမ် ခေါင်းခါပစ်လိုက်ပြီး

"မနေဘူး ကိုကျော်ကျော် လွန်းအိမ် ခုပဲပြန်တော့မယ်"

"ဘာ..."

******

# အခန်း (၁၄)

အိမ်ပေါ်ကို လှမ်းတက်လိုက်ကတည်းက မျက်လုံးတို့ က လွန်းအိမ်ကို ရှာဖွေပြီးသားဖြစ်သွားခဲ့သည် ။

ပြီးတော့… ဒေါ်ရွှေရည်မျက်နှာကို ကြည့်မိသည် ။

လွန်းအိမ်က မေမေ့ကို ဆုံးရှုံးမခံနိုင်ပါဟု ပြောသွားခဲ့သည်

ဒေါ်ရွှေရည်က သူနှင့် ပြန်လည်ပေါင်းဖက်ခွင့်မပြုခဲ့တာလား… ဒေါ်ရွှေရည်ကလည်း ဝင်လာသူတွေ အများကြီးထဲမှာ မဟော့်ကိုသာ တ

န်းခနဲကြည့်၏ မိုးပြာရောင်ဖျော့ဖျော့မှာ အနက်စက်လေးတွေပါသော
အကောင်းစားချည်ပြောင်ပုဆိုးနှင့်
တိုက်ပုံအဖြူကို ဝတ်ထားသော မဟော့ပုံစံက
ဟိုတုန်းကလိုပဲ သန့်စင်ရည်မွန်လျက်သား...

လှိုင်းတွန့်ရေးရေးထင်သည့် ဆံပင်တွေကို နောက်လှန်ဖြီးထားသဖြင့် ပို၍ ချောမွေ့နေသည် ။

"ကိုကို့ကို လွမ်းအိမ် တစ်ဘက်သတ် ချစ်ခဲ့ရတာ မေမေ..."

ဖွင့်ဟဝန်ခံရင်း မျက်ရည်တွေကျခဲ့ရှာသော သမီးလေး စကားကိုလည်း သတိရမိ၏။ အရုပ်အမူးစွဲလန်းလောက်တဲ့ ရုပ်ရည်ရူမကာမျိုးပါပဲ
၊

ချီးမွမ်းလိုက်မိခြင်းနှင့် တူသော်လည်း သမီးလေး ကြိမ်ဖန်များ စွာ ကျရှုံးခဲ့ရခြင်းတို့ ကို

တွေးမိ၍ နှုတ်ခမ်းမှာ မပီပြင်သော ပြုံးရိပ်ထင်၏ ...

"ထိုင်ကြပါရှင်... ထိုင်ပါ..."

ဒေါ်ရွှေရည်က ဧည့်သည် များကို မူမပျက်ဧည့်ခံသည် ။

ရှေ့ဆုံးမှ ဝင်လာသည့် ဒေါ်မယ်သူကလည်း လူငယ်ချင်းကိစ္စမှာ အမိကကျနေသူဟု မြေးပြောထားသည် မို့ ဒေါ်ရွှေရည့်ကိုသာ စူးစူးစိုက်စိုက်ကြည့်ရင်းထိုင်၏။

နောက်မှာ ပါလာသော ရုပ်ရည်သန့်ပြန့်ရည်မွန်သည့် လူကြီးနှစ်ယောက်နှင့်

"တို့ တွေ ရောက်လာတဲ့ အကြောင်းတော့ ဒီက ညီမသိနေမှာ ပါ"

ဒေါ်မယ်သူက စကားစလိုက်၏။

"ဟုတ်ကဲ့ ရိပ်မိပါတယ်ရှင် ပြောပါ"

ဒေါ်ရွှေရည်က စကားထောက်ပေးလိုက်တော့မှ ဒေါ်မယ်သူက ခေါင်းညိတ်၍ ဆက်ပြောသည်။

"လူငယ်သဘာဝ ချစ်ကြလက်ထပ်ကြတုန်းကတော့ သူတို့ သဘောနဲ့ သူတို့ ဆိုတော့ ညီမတို့ အစ်မတို့ တွေ ဝင်ပါဖို့ မလိုခဲ့ကြဘူးပေါ့..."

ဒေါ်ရွှေရည် ခေါင်းညိတ်လိုက်မိပါသည်။

ဒါ တကယ်ပဲဆိုတာကို ယုံကြည်သည်။

သမီးက မိုက်ပေမယ့် ထိုအချိန်က မဟော်သည် အများ ရှေ့မှာ ခေါင်းငုံ့ဝန်ခံခြင်းဖြင့် သူသာ အပြစ်ရှိသူတစ်ယောက်လို မျိုသိပ်နေပေးခဲ့သည်။

အနေအထိုင်မတတ်ခဲ့သော သမီး၏ တစ်ဘက်သတ်ဆန်ခဲ့သည့် ရယူမှုကို ဘယ်သူမှ မသိလိုက်ပါ။

ထို့ကြောင့် မင်္ဂလာပွဲပြင်ဆင်နေကာမှ မပျော် အားလုံးကို ဆန့်ကျင်ကာ လွန်းအိမ်ကို ချစ်၍ လက်ထပ်ခဲ့သည် ဟု သာ ထင်ခဲ့ကြသည်။

"ခုကျတော့ ကလေးတွေ ကတောက်ကဆဖြစ်ကြတာလေးတွေရှိ လာပြီ တို့ တွေ ဝင်မပါလို့ မရတော့ဘူး... ဟုတ်ရဲ့ လား ညီမ"

ဒေါ်မယ်သူ့စကားသံဖြတ်ဝင်လာမှ ဒေါ်ရွှေရည် ခေါင်းညိတ်ဖို့ သတိရသည်။

"သူတို့ တွေ ဘယ်လိုအထင်မြင်လွဲပြီး ဘာကစဖြစ်ကြမှန်း အမေ မသိပါဘူး။ ဒါပေမဲ့ အိမ်ထောင်တစ်ခုဟာ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူကြီး ပျက်စီးမသွားသင့်ဘူးလို့ ယူဆပြီး လိုက်ခဲ့ရတာ မြေးက ကလေးမကို မြတ်နိုးပါတယ်၊ သူ အရမ်းတန်ဖိုးထားပြီး မြတ်နိုးခဲ့တာလည်း တို့ မြင်တယ် သိတယ်၊ အခု သူ

လွန်တာကို တောင်းပန်မယ်... မိန်းကလေးကို ခေါ်မယ်... မိန်းကလေးမှာ ကိုယ်ဝန်လည်း ရှိနေပြီဆိုတော့ ဒီအိမ်ထောင်ရေးက ပိုပြီးမခိုင်မြဲသင့်ဘူးလား..."

ဒေါ်ရွှေရည် ထပ်၍ ခေါင်းညိတ်ရသည်။

ပြောစရာရှိသမျှ ပြောပါစေ...

နားထောင်ပေးဖို့ ဆုံးဖြတ်ကာ စကားတို့၏ အသွားအလာမှာ တရားမျှတမှုရှိမရှိ ဝေဖန်ရင်း ခေါင်းညိတ်ခြင်းဖြင့် ဆိတ်ဆိတ်နေလိုက်သည်။

ထိုစဉ်မှာ အတူပါလာကြသည့် လူကြီးနှစ်ယောက်ထဲမှ တစ်ယောက်က

"ကျွန်တော်တို့ က မပော့်ရဲ့ ဘကြီး... ဦးလေးဝမ်းကွဲတွေပါ ဒေါ်ရွှေရည် ကလေးတွေ သင့်မြတ်သွားကြဖို့ အတွက် မိဘဆီပြန်ရောက်နေတဲ့ မိန်းကလေးကို တလေးတစား တော

င်းရမ်းဖို့ လိုက်လာခဲ့တာပါ..."

ပြောပြီး မဟော့်ကို ကြည့်လိုက်ကာ

"သူကိုယ်တိုင်က ဒီလိုမျိုး တလေးတစား ပြန်ခေါ်ချင်ပါတယ်လို့ ပြောတာလည်း ပါပါတယ်... တကယ်လို့ ကလေးချင်းနားလည်မှုရှိသွားကြမယ်ဆိုရင် ဒေါ်ရွှေရည်က မိဘတစ်ယောက်အနေနဲ့ ကြည်ဖြူစွာ ခွင့်ပြုနိုင်မလားဆိုတာ ကျွန်တော်တို့ သိချင်ပါတယ်"

ကိုယ့်အလှည့်ရောက် လာပြီမို့ ဒေါ်ရွှေရည်က မျက်နှာကို အနူးညံ့ဆုံးပြုံးလိုက်သည် ။

"သားသမီးတွေ အိမ်ထောင်ကျသွားကြရင် မိဘဆိုတာ ဆိုင်သာဆိုင် မပိုင်တော့ပါဘူးရှင် ကျွန်မ ဒါကိုနားလည်ပါတယ်၊ သမီးလေး ကျွန်မဆီ ပြန်ရောက်နေပေမယ့် ဒီနေ့အထိ ကွာရမယ် ပြတ်ရမယ်လို့ ကျွန်မ တစ်ခွန်းမှ မပြောခဲ့ပါဘူး... အဲ ... မမှားဖို့ ဆုံးမတဲ့ ထဲမှာ

ရှေ့တိုးဖို့ နောက်ဆုတ်ဖို့ အတွက် သတိပေးတာမျိုးတော့ ရှိတာပေါ့..."

မုသားလွတ် စကားကို ဆိုခဲ့သည်။

မပျော်က ဒေါ်ရွှေရည့်ကို တောင်းပန်သလိုကြည့်၍

"ဒါဆိုရင် လွန်းအိမ်ကို ကျွန်တော် တွေ့ပါရစေ အန်တီ... နှစ်ဘက်လူကြီးတွေရှေ့မှာ သူ ကျေနပ်တဲ့ အထိ ကျွန်တော် တောင်းပန်ပါ့မယ်... လွန်းအိမ်ကို ကျွန်တော် ပြန်ခေါ်သွားပါရစေ"

"သူ ကျေနပ်ရင် ခေါ်သွားလို့ ရပါတယ်၊ ဒါပေမဲ့ အခု သမီး မရှိတော့ဘူး"

"ဟင်"

"ဗျာ..."

အားလုံးထဲမှာ မပျော်သည် စိတ်လှုပ်ရှားမှု

များ စွာနှင့် ကိုယ်ကတောင့်ခနဲမတ်သွားခဲ့၏။

"သူ ခရီးထွက်ပါရစေလို့ တောင်းပန်လွန်းလို့ မန္တလေးက သူ့ သူငယ်ချင်းဆီသွားဖို့ အန်တီ ခွင့်ပြုတယ်..."

"ဒါ... ဒါ မိန်းကလေးရဲ့ ဆန္ဒလား ညီမ... ညီမက တမင် အဝေးကို ပို့ပစ်လိုက်တာမျိုးလား"

"ကျွန်မ မလုပ်ဘူး... အချစ်နဲ့ သံယောဇဉ်ကို အလိုအလျှောက် မဟုတ်ဘဲ ဖန်တီးယူလို့ မရဘူးဆိုတာ ကျွန်မ နားလည်ပါတယ်... သူထွက်သွားတာ မနက်ရထားတော့မှိမှာ မဟုတ်ဘူး ဒီညနေ ကားနဲ့ ထွက်ဖြစ်လားမသိဘူး... အိမ်ကိုတော့ ပြန်မလာဘူး..."

မဟော် နေရာမှ ထပ်ရပ်လိုက်မိသည် ။

လူကြီးတွေပါ လှုပ်လှုပ်ရှားရှားဖြစ်ကုန်၏။

******

"ထွက်သွားပြီ ခုနလေးတင်ပဲ" ဆိုသော စကားကို ဆုံးအောင်နားမထောင်နိုင်ပါ၊ လက်မှတ်ရောင်းသည့် စာရေး၏ စာရင်းထဲမှာ နာမည်ပြေးရှာကာ ဆိုင်ကယ်ပေါ် ဘယ်လို ပြေးတက်လိုက်မှန်းမသိ...

"ဟုတ်တယ် နှစ်ရက်ကြိုဖြတ်ထားတဲ့ ခုံပဲ.. . ဒီမှာ ရွှေလွန်းအိမ် တွေ့ပြီ" အရောင်းစာရေးက သေချာရှာပေးသည် ။

လက်စသတ်တော့ လွန်းအိမ်က လက်မှတ်ကြိုဖြတ်ထားခဲ့သည် ပဲ

ထိုကိစ္စကို ဒေါ်ရွှေရည်တောင် သိထားပုံမပေါ်

ညက သူ့နောက်လိုက် လာပြီး ခဏကလေး

မေးစက်၍ ထွက်ပြေးသွားခဲ့သည် ။

သန်းခေါင်ကျော်တစ်ရေးနိုးလာကတည်းက လွန်းအိမ်မရှိတော့မှန်းသိကာ ကျော်ကျော့်ကိုလည်း သူထိုးကြိတ်မိတော့မတတ် ပူလောင်မှုက ပွတ်ပွတ်ဆူသွား၏။

အကြိမ်ကြိမ်အခါခါ မျိုသိပ်ထိန်းချုပ်နိုင်သည့် အင်းအား သူ့မှာ မရှိတော့ပါ၊

ထို့ကြောင့် ဘွားဆီကို ပြေးရသည် ။

ကိုယ်တိုင် ရင်မဆိုင်ဝံ့၍ တော့ မဟုတ်ပါ။

ဒေါ်ရွှေရည်ကိုယ်တိုင် ကျေနပ်လက်ခံပေးဖို့ လိုနေသည် မှန်းသိ၍ ဖြစ်သည် ။

တကယ်တော့ လွန်းအိမ်မှာ သူ့ကို ခွဲခွာထွက်ပြေးဖို့ အစီအစဉ်တွေ ရှိနေခဲ့ပြီးသားပါလား ... ရင်နာမိပေမယ့် သူ လွန်းအိမ်ကို ဘယ်လိုမှ ဆုံးရှုံးမခံနိုင်... "ကိုကို့ကို မုန်းတယ်" လို့ ပြော

လာလျှင်တောင် သူပြန်လှည့်ခဲ့ဖို့ စိတ်ကူးမရှိပါ။ ဘယ်အချိန်ကတည်းက ဘယ်လို ငြိတွယ်မှုများ နှင့် လွန်းအိမ်ကို သူ ဤမျှထိ အရူးအမူးချစ်သွားခဲ့တာလဲဆိုတာ မတွေးတတ်ခဲ့...

ဆိုင်ကယ်ကို အရှိန်ထပ်မြှင့်လိုက်သည် ။

ခုနကပဲ ထွက်သွားသည် ဆိုသောကားကို အဝေးပြေးလမ်းမကြီးပေါ် ရောက်လာသည် အထိ မမြင်ရသေး။

ဘာပဲဖြစ်ဖြစ် လွန်းအိမ် ပါသွားတာ သေချာသည် မို့ သူတဆုံးတစ်စလိုက်ဖို့ ဆုံးဖြတ်ပြီးသား...

ငါးမိနစ်ခန့် ဟူးဟူးရားရား ပြေးနေပြီးမှ အဝေးပြေးကားကြီး၏ နောက်မြီးပိုင်းကို စမြင်လာရသည် ။

အနားရောက်တော့ အရှိန်ပြင်းလွန်းသည့်

ဆိုင်ကယ်ကို အတော်လေးအရှိန်ချနေရသည်
။

နောက်ကနေ သေချာကြည့်ပြီး ထိုင်ခုံစာရင်းမှာ ကြည့်ပြီးခဲ့သည့် အတိုင်း ကား၏ ဘယ်ဘက်ခြမ်းကနေ ကပ်တက်လိုက်သည် ။

ရှေ့ဆုံး၏ ဒုတိယခုံပြတင်းနားမှာ ဘေးမှန်ကို ကပ်မှီလျက် ငေးငိုင်နေသော လွန်းအိမ်ကို မြင်လိုက်ရ၏။

မဟော် ဆိုင်ကယ်စီးဦးထုပ်ကို ပင့်တင်လိုက်သည် ။

"လွန်းအိမ်"

က ၁းဘေ းမ ၂၁ အတူယှဉ်လိုက်ရင်း အော်ခေါ်လိုက်တော့ လွန်းအိမ် ကြားသွား၏ ဖျတ်ခနဲလှည့်၍ ငုံ့ကြည့်သည် ။

နှုတ်ခမ်းလေးအစုံ ခပ်ဟဟပွင့်သွားကာ မျ

က်လုံးလေးပြူးနေသည်။

"လွန်းအိမ် မင်းဆင်းခဲ့ပါ... အန်တီ့ကို ကိုယ်တောင်းပန်ခဲ့ပြီးပြီ... မင်းဆင်းခဲ့စမ်းပါ..."

"အမလေး..."

ကားကိုမှီအောင် ဆိုင်ကယ်ကို အရှိန်သိပ်ချလို့ မရဘဲ စကားတွေအော်ပြောနေရသောကြောင့် တစ်ချက်တစ်ချက် ဦးလည်ကာ ကားကိုပြေးဆောင့်တော့မလိုလို၊ လမ်းဘေးကိုပဲ လိမ့်ထွက်သွားတော့မလိုလို ယမ်းခါနေသည့် ဆိုင်ကယ်ကို မြင်နေပြီး လွန်းအိမ် လန့်အော်မိသည်။

မှန်လုံကားကြီးမို့ အပေါ်ဆုံးတန်းလေးတွေမှာ သာ အပေါက်ရှိသည့် ဘေးမှန်တွေက အသေပိတ်ထားတာ ဖြစ်သည်။

ကိုကိုပြောတာကို လွန်းအိမ် ကြားရပေမယ့် ပြန်ပြောတာကို ကိုကို ကြားရပါ့မလား

သို့သော် မပြောလို့ လည်း မဖြစ်...

ဘေးက ခရီးသည် တွေကို ဂရုမစိုက်နိုင်တော့ဘဲ

"ပြန်ပါ ကိုကို လွန်းအိမ် မဆင်းဘူး ပြန်ပါတော့"

သူမကြားလည်း သိသာစေရန် ခေါင်းကောလက်ပါ ခါပြ၍ ပြန်ပြောလိုက်မိသည် ။

ကိုကို မလာခင်ကတည်းက ငိုနေခဲ့သောလွန်းအိမ်မျက်ဝန်းမှာ မျက်ရည်များ နှင့်

"မင်းတကယ် မဆင်းဘူးလား"

"ဟင့်အင်း"

လွန်းအိမ် ခေါင်းပဲယမ်းပြမိသည် ။

"ရပါတယ် ကိုယ်ကတော့ ကားရပ်သွားအောင် လုပ်ရမှာ ပဲ... မင်းတကယ် မဆင်းဘူးဆိုတာ သေချာသလား... ထပ်ပြောလိုက်"

ကိုကို့မျက်နှာကို လှမ်းမြင်နေရကာ ဘာလုပ်တော့မည်ကို တွေးမိလိုက်သဖြင့် လွန်းအိမ်သေလုမျောပါးထရပ်လိုက်ကာ

"ကိုကို ကိုကို မလုပ်နဲ့ ..."

မှန်ကိုပုတ်၍ တအားအော်လိုက်မိရင်း

"ဒီ... ဒီမှာ ရှင့် ... ကားခဏရပ်ပေးပါ... ကားရပ်ပေးပါ..."

လွန်းအိမ် ရှိုက်သံတစ်ဝက်နှင့် ပြောကာ အပေါ်တန်းမှာ တင်ထားသည့် ကျောပိုးအိတ်လေးကိုပါ ဆွဲချသည် ။

ကားက အရှိန်လျှော့ကျသွားရာမှ တဖြည်းဖြည်းရပ်သွား၏။

စပယ်ယာက လာငုံ့ကြည့်ပြီးရယ်သည် ။

ခရီးသည် တွေက ပြုးစိစိတွေ

လွန်းအိမ် ဘာကိုမှ ဂရုမစိုက်နိုင်...

ကျောပိုးအိတ်လေးကို တစ်ဘက်ကဆွဲ၍ ကားပေါ်က ဆင်းလိုက်သည် ။

ကိုကို ဘယ်မှာ လဲ

သူမ လှည့်ပတ်ရှာနေဆဲ ကားကြီးရှေ့ဆက်ထွက်သွားမှ ကားရပ်ခဲ့သော တစ်ဘက်မှာ မဟော့်ကို တွေ့လိုက်ရ၏။

"လွန်းအိမ်"

"ကိုကို"

မဟော် သူမဆီ ပြေးလာသည် ။

"ကိုကိုရယ်"

လွန်းအိမ် ကိုကို့ရင်ခွင်ထဲ ပြေးဝင်ကာ ဟီးခနဲ ငိုချလိုက်၏။

ကလေးလို ရှိုက်ငိုနေသော လွန်းအိမ်ကို သူ ရတ်တရက်မချော့ဖြစ်သေးဘဲ တင်းကျပ်စွာ ပွေ့ပိုက်ထား၍ တသိမ့်သိမ့်ကြည်နူးနေမိသည်

။

"ကိုကို့ကို ချစ်ရက်သားနဲ့ ကလေးရယ်..." ဟု အပြစ်တင်တာမဟုတ်ဘဲ ဝမ်းမြောက်ကျေနပ်စွာဆို၍ မျက်ရည်တွေကို သုတ်ပေး၏။

"ရက်စက်တယ်နော်... ကလေးနဲ့ ကိုယ့်ကိုလည်း ထပ်ခွဲဦးမယ်... တစ်သက်လုံး ကြိုးစားအောင်မြင်ခဲ့တဲ့ ပညာရေးကိုလည်း ထားပစ်ခဲ့တယ်"

"ကိုကိုရဲ့ အမုန်းတွေကို ထပ်မယူရဲတော့လို့ ပါ... လွန်းအိမ်လေ ကိုကိုမုန်းမှာ ကိုအကြောက်ဆုံးပဲ ... မချစ်ဘဲ နေတာကို သည်းခံနိုင်တယ် မုန်းမှာ ကို ဘယ်လိုမှ ရင်မဆိုင်ရဲဘူး"

"ဘယ်တော့မှ မမုန်းဘူး ဒေါသဆိုတာ လူတိုင်းမှာ ရှိကြတာပဲ ဒေါသဖြစ်လာတိုင်း မုန်းတယ်လို့ ထင်ရလား လွန်းအိမ်ရယ် နောက်ဆို

ကိုကို ဒေါသမထွက်တတ်အောင် ကြိုးစားတော့မယ်... မင်း ကိုယ့်နားက ဘယ်မှ ထွက်မသွားရဘူး ...

ကိုကိုလည်း ပြင်ဆင်ထားရဦးမယ်၊ ခြေထိပ်လေးတစ်ခု ဆောင်ထားပြီး ဒေါသဖြစ်လို့ ထိန်းမရတော့အောင်ဖြစ်ခါနီးရင် မင်းကို အရင်ခြေထိပ်ခတ်ပြီးမှ ရန်ဖြစ်မယ်..."

"ကိုကိုနော် ..."

လွန်းအိမ် သူ့ရင်ဘတ်ကိုထု၍ နှုတ်ခမ်းလေးစူတော့ ဟိုတုန်းက လွန်းအိမ် ပုံစံလေး ပြန်ပေါ်လာသည်

သူ ချစ်ခြင်းများ စွာဖြင့် နဖူးဆံစလေးများကို တယုတယ သပ်တင်ပေးရင်း နမ်းလိုက်မိသည် ။

"တကယ်ပြောတာ လိုအပ်လာရင် လက်ထိပ်ပါ ခတ်သင့်ရင် ခတ်ရဦးမယ်၊ အဲဒါမှ

ထပ်ဆိုးနေရင် တုတ်ကလေးနဲ့ မေးမေးရိုက်မယ်၊ နောက်သွားဦးမလား ဒီခြေထောက် ထွက်ပြေးချင်ဦး ဒီခြေထောက်ဆိုပြီး ..."

"ကိုကို အဲဒါ ပြောင်နေတာ မဟုတ်ဘူး နော် လွှန်းအိမ် မယုံတော့ဘူး ပြန်မလိုက်ဘူး သွား..."

"ဟား ... ဟား ဟား"

မဟော်က အသံထွက်ရယ်ရင်း လွှန်းအိမ် ပခုံးလေးကို သိုင်းဖက်လိုက်၏။

"တွေ့လား အဲဒါကြောင့် ကလေးလို့ ခေါ်ရင် မင်း မကြိုက်ဘူး ချစ်လို့ စတာ ယုံစရာလား. .."

"လွှန်းအိမ် ကြောက်လို့ ပေ့ါ"

"ဘာဖြစ်လို့ ဒီလောက်ကြောက်ရတာလဲ"

"ချစ်လွန်းလို့ ထင်တယ်..."

"အဲဒါကျတော့ လည်သွားပြန်ပြီ ... အချစ်က ဘယ်မှာ လဲ ပြ ..."

"သွား ..."

သူ လွှန်းအိမ် ပခုံးစွန်းလေးကို တစ်ချက်ဖျစ်၍ နားသယ်စပ်လေးနားသို့ ငုံ့နမ်းမိပြန်သည်။

ချစ်လိုက်ရတာလေ ...

******

**အစဉ်လေးစားလျက်**
**လရောင်ကျူးရင့်**